တနင်္ဂနွေ၊ အောက်တိုဘာ (၁)

**ယောရှု ၁း၁-၄**

သု ၁၀း၂၇-၃၂

*"ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် အသက်တာကို ရှည်စေတတ်၏"*

# ယောရှုမှတ်စာ နိဒါန်း

ယောရှုမှတ်စာသည် သမိုင်းစာအုပ်ဖြစ်ပါသည်။ သမိုင်းစာအုပ်များတွင် ဤမှတ်စာသည် ပထမဆုံးစာအုပ်ဖြစ်၍၊ ဧသတာဝတ္ထုသည် နောက်ဆုံးဖြစ်ပါသည်။ "ပညတ္တိ" ကျမ်း ဟုခေါ်သော ပထမဆုံး ကျမ်းငါးကျမ်း အပြီး၌ ဤယောရှုမှတ်စာကို တွေ့ရပါသည်။ ဤကျမ်း၏အဓိက ပုဂ္ဂိုလ်ဖြစ်သော ယောရှုကို အစွဲပြု၍ ယောရှုမှတ်စာဟု ခေါ်ခြင်းဖြစ်ပါသည်။ တောလည်ရာကျမ်း ၁၃း၁၆ အရ၊ ယောရှု၏ဟေဗြဲနာမည်သည် "ကယ်တင်ခြင်း" ဟု အဓိပ္ပါယ်ရသော "Oshea" ဖြစ်သော်လည်း၊ "ယေဟောဝါသည် ကယ်တင်ခြင်းဖြစ်၏" ဟု အဓိပ္ပါယ်ရသော "Jehoshua" ဟု မောရှေက ပြောင်းလဲခဲ့ပါသည်။ ဤနာမည်သည် ယေရှု၏ ဟေဗြဲနာမည်လည်းဖြစ်ပါသည်။ ဤစာအုပ်က ခရစ်တော်သည် ကယ်တင်ရှင် သခင်ဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြလျက်ရှိ၏။ ယောရှုသည် ခရစ်တော်ကို ပုံဆောင်ပါ၏။

**စာရေးသူ**၊ ယောရှုသည် ဤမှတ်စာကို ရေးသားသောသူဖြစ်ပါသည်။ "ယောရှုသည် . . . ထိုစကားကိုလည်း ဘုရားသခင်၏ဓမ္မကျမ်းစာ၌ရေးထား၍၊ ထာဝရဘုရား၏သန့်ရှင်းရာ ဌာနတော်နားမှာ ရှိသော သပိတ်ပင်အောက်၌ ကျောက်ကြီးကို ထောင်လျက်. . ."(ယောရှု ၂၄း၂၅-၂၆)။ ဤမှတ်စာ၌ တွေ့ရသော အဖြစ်အပျက်တို့သည် သူကိုယ်တိုင် မြင်တွေ့ ရေးမှတ်ထားသော အရာများဖြစ်ပါသည်။ အဲဂုတ္တု၌ မွေးဖွားခဲ့သောသူဖြစ်သည် အလျောက်၊ ထွက်မြောက်ရာကျမ်းထဲ၌ တွေ့ရသောအရာတို့သည်လည်း သူ၏မျက်မြင်ကိုယ်တွေ့များဖြစ်ကြပါသည်။ ယောရှု ၅း၁၊ ၆ ထဲတွင် ဤသို့ဖော်ပြထားပါသည် - "ထာဝရဘုရားသည် ဣသရေလ အမျိုးသားတို့ကူးစေခြင်းငှါ၊ ယော်ဒန်မြစ်ရေကို ခန်းခြောက်စေတော်မူသည်အကြောင်းကို၊ ယော်ဒန်မြစ် အနောက်ဘက်၌ နေသော အာမောရိ မင်းကြီးအပေါင်း၊ ပင်လယ်နားမှာ နေသော ခါနနိ မင်းကြီးအပေါင်းတို့သည် ကြားသိသောအခါ၊ ရဲရင့်ခြင်း သတ္တိအလျှင်း မကြွင်း၊ ဣသရေလအမျိုးသားတို့ကြောင့် စိတ်ပျက်ကြ၏. . . အဲဂုတ္တုပြည်မှ ထွက်လာသော စစ်သူရဲအပေါင်း တို့သည် ထာဝရဘုရား၏ စကားတော်ကို နားမထောင်ဘဲနေ၍၊ မသေ မပျောက်မှီ တိုင်အောင် ဣသရေလ အမျိုးသားတို့သည် အနှစ်လေးဆယ် ပတ်လုံးတော၌ လှည့်လည်ရကြ၏။" တော၌ သေပျောက်ခဲ့သောသူများ၏မျိုးဆက်ထဲ၌ ယောရှု နှင့် ကာလက် တို့သည် ပါဝင်ခဲ့ကြသော်လည်း၊ သူတို့နှစ်ဦးသည် မောရှေနှင့်ဘုရားသခင်ကို မပုန်ကန်ခဲ့ကြပါ။ မောရှေ စေလွှတ်ခဲ့သော သူလျှို ဆယ့်နှစ်ဦးထဲတွင် သူတို့နှစ်ဦး ပါဝင်ခဲ့ကြပါသည်။ ယုံကြည်ခြင်းဖြင့် ခါနန်ပြည်ကို ချက်ချင်း ဝင်ရောက်သိမ်းပိုက်ရန် သူတို့နှစ်ဦးကသာလျှင် လူတို့ကို နိုးဆော်ခဲ့ကြ၏။ ထို့ကြောင့် ဘုရားသခင်က သူတို့ကို ခါနန်ပြည်သို့ ဝင်ရောက် နေထိုင်ရခြင်းငှါ ဂတိပေးတော်မူခဲ့ပါသည်။ ထို့ကြောင့် ဤမှတ်စာကို ယောရှုရေးသား နိုင်ခဲ့ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သမိုင်းအကြောင်းအရာတို့သည် သင်စရာ သာဓကများ ဖြစ်ကြပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်အသက်တာကို နောင်မျိုးဆက်သစ်များအတွက် ထိုက်တန်သော သာဓက ဖြစ်စေလိုပါ၏။

တနင်္လာ၊ အောက်တိုဘာ (၂)
**ယောရှု ၁း၁-၄**
ကောလော ၃း၁၄-၁၇

*"စကားပြောသော်ငှင်း၊ အမှုဆောင်ရွက်သော်ငှင်း၊ သခင်ယေရှု၏နာမတော်ကို ထောက်၍ ခပ်သိမ်းသောအမှုတို့ကို ပြုမူလျက် . . . "*

# ယောရှုမှတ်စာ တလုံးတဝဖြစ်ခြင်း နှင့် အချိန်ကာလ

ယောရှုမှတ်စာ အရေးအသား တလုံးတဝဖြစ်ခြင်း နှင့် စုစည်းမှုတို့က တဦးတည်း ရေးသားခြင်းကြောင်း ဖော်ပြလျက်ရှိပါသည်။ မောရှေ၏လက်ရုံးတော်ဖြစ်သော ယောရှုသည် သစ္စာရှိ၍ သတ္တိရှိသောသူ ဖြစ်ပါသည်။ သူသည် ဘုရားသခင်နှင့်နှုတ်ကပတ်တရားတော်၌ ဆက်ကပ်သောသူ ဖြစ်ပါသည်။ မောရှေ၏နေရာ ဆက်ခံသောသူဖြစ်ဖို့ရန် လိုအပ်သော အရည်အချင်းများ ပိုင်ဆိုင်သောသူလည်းဖြစ်ပါသည်။ မောရှေကဲ့သို့ သူသည် ဝိညာဉ်တော်၏နိုးဆော်ခြင်းအားဖြင့် မိမိအကြောင်းကို ရေးသားသောသူ လည်းဖြစ်ပါသည်။ ဤယောရှုမှတ်စာသည် ခေတ်အဆက်ဆက် ကောင်းကြီးမင်္ဂလာယူဆောင်ပေးသော ကျမ်းဖြစ်ပါသည်။

**ယောရှု၏အချိန်ကာလ**၊ ယောရှုသော ထွက်မြောက်ရာကျမ်းကာလ၌ နေထိုင်အသက်ရှင်သောသူဖြစ်သောကြောင့် မောရှေရေးသားသောကျမ်းများနှင့် အချိန်ကာလ အလွန်ကွာခြားမည်မဟုတ်ပါ။ ဤမှတ်စာ၌ဖော်ပြထားသော အဖြစ်အပျက်တို့ကို ပထဝီနေအထားပေါ် အခြေခံလျက် သုံးပိုင်း ပိုင်း၍ ရပါသည်။ ပထမအပိုင်းကို ယော်ဒန်မြစ်နား အဖြစ်အပျက် (ယောရှု ၁-၅)၊ ဒုတိယအပိုင်းကို ခါနန်ပြည် အဖြစ်အပျက် (ယောရှု ၆း၁-၁၃း၇)၊ တတိယအပိုင်းကို ယော်ဒန်မြစ် နှစ်ဖက်ခြမ်းရှိ ဣသရေလ အမျိုး ဆယ့်နှစ်ပါး (ယောရှု ၁၃း၈-၂၄း၃၃) ဟူ၍ ပိုင်းထားပါသည်။ ပထမအပိုင်းတွင်၊ ယောရှုသည် မောရှေ၏နေရာကို ဆက်ခံခဲ့ပါသည်။ သူ ပထမဆုံး ဆောင်ရွက်ရသည့် အမှုမှာ ဣသရေလလူ တို့ကို ဦးဆောင်လျက် ယော်ဒန်မြစ်ကို ဖြတ်ကူးပြီး၊ စစ်တိုက်ရန် ပြင်ဆင်ခြင်း ဖြစ်ပါသည်။

ယောရှုသည် ဘုရားသခင်ပေးတော်မူသော ဉာဏ်အားဖြင့် စစ်ရေးနည်းပညာ ကျွမ်းကျင်သောသူ ဖြစ်ပါသည်။ သူ အားနည်းသောအခါ ဘုရားသခင်သည် မစတော်မူ၏။ ဤသို့ဖြင့်၊ ခါနန်ပြည် တခုလုံးကို သိမ်းပိုက်ခဲ့ပါသည်။ စစ်နည်းဗျူဟာနှင့်အောင်မြင်မှုရခြင်း အကြောင်းကို ဤမှတ်စာထဲ၌ ဖော်ပြထားပါသည်။ ထိုသို့နယ်မြေကို သိမ်းပိုက်တိုင်း၊ ယောရှုသည် ဣသရေလ အမျိုးဆယ့်နှစ်မျိုးထံသို့ စာရေးတံချခြင်းဖြင့် ခွဲဝေခဲ့ပါသည်။ ရုဗင်အမျိုး၊ ဂဒ်အမျိုး နှင့် မနာရှေအမျိုးတဝက်တို့သည် တောင်းဆိုသည့်အတိုင်း ဘုရားသခင် ခွင့်ပြုတော်မူခြင်းဖြင့် ယော်ဒန်မြစ် အရှေ့ဘက်ခြမ်း၌ နယ်မြေရှိခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့နယ်မြေခွဲဝေခဲ့ပြီးမှ ယောရှုသည် ယော်ဒန်မြစ် နှစ်ဖက်ခြမ်း၌ သုံးမြို့စီဖြင့် ခိုလှုံရာမြို့ ခြောက်မြို့ကို သတ်မှတ်ခဲ့ပါသည်။ နယ်မြေ ပိုင်ဆိုင်မှု မရှိသော လေဝိအမျိုး တို့သည် ကျန်အမျိုးများနယ်မြေရှိ မြို့ပေါင်း လေးဆယ့် ရှစ်မြို့၌ နေထိုင်ကြရ၏။ ထိုသို့ ဘုရားသခင်၏အမိန့်တော်အတိုင်း ပြုခဲ့ပါသည်။ ဤအမှုတို့သည် ၁၄၀၅ ဘီစီမှ ၁၃၉၀ ဘီစီ အတွင်း၊ ၁၅ နှစ်ကြာ ဖြစ်ပျက်သော အရာများဖြစ်ပါသည်။ ယောရှုသည် နှစ်ပေါင်း ၁၁၀ အသက်ရှင်ပြီး၊ ထိုနောက်ဆုံးနှစ်၌ ကွယ်လွန်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် အမိန့်ပေးတော်မူသောအရာတိုင်းသည် သေချာမှုရှိ၏။
**ဆုတောင်းချက်**- အဖဘုရား၊ ယောရှုကဲ့သို့ အကျွန်ုပ်ကို ဉာဏ်ပညာနှင့်ရဲရင့်ခြင်း ပေးသနားတော်မူပါ။

*“ဝိညာဉ်ပကတိအတိုင်းကျင့်သောငါတို့သည်၊ တရား၌ပါသောပညတ်တို့ကို စောင့်ရှောက်မည် အကြောင်းတည်း”*

# ယောရှုမှတ်စာထဲမှ ခရစ်တော်

ယောရှု၏နာမနှင့် ပြုသောအမှုတို့သည် ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်ပါသည်။ ယောရှုနှင့် ယေရှု ဟူသောနာမည်တို့သည် တူညီသော မူရင်းစကားလုံးမှ လာကြ၏။ သူသည် များစွာသောလူ တို့ကို ဘုန်းတော်ခံစားစေမည့်သူဖြစ်ပါသည်။ ခါနန်ပြည်ကို ကောင်းကင်နိုင်ငံနှင့် ခိုင်းနှိုင်းခဲ့ကြပါ သည်။ ယေရှုပြုတော်မူသော အမှုကို ဟေဗြဲသြဝါဒစာ ရေးသောသူက ဤသို့ ဖော်ပြထားပါသည် - “အကြောင်းမူကား၊ များစွာသော သားတို့ကို ကယ်တင်၍၊ ဘုန်းစည်းစိမ် စံစားရာသို့ ပို့ဆောင်သော အရှင်သည်၊ ဒုက္ခဝေဒနာအားဖြင့် စုံလင်ခြင်းသို့ ရောက်ရမည် အကြောင်း၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်း၍ အုပ်စိုးတော်မူသော ဘုရားသည် စီရင်တော်မူအပ်၏” (ဟေ ၂း၁၀)။ ယောရှုသည် ဣသရေလလူတို့ကို ခါနန်ပြည်သို့ ခေါ်ဆောင်ခဲ့သော ခေါင်းဆောင်ဖြစ်သောကြောင့်၊ ဆုံးဖြတ်ချက်ချင်း နှင့် အရာရာ၌ သူ့ကို ချည်းကပ်ခဲ့ကြ၏။ ထို့ပြင်၊ သူသည် လူထုနှင့် ဘုရားသခင် အကြား၌ သံတမန် ဖြစ်ခဲ့ပါသည်။ ယောရှုသည် ကျွန်တော်တို့ကဲ့သို့ လူသားဖြစ်သော်လည်း၊ ဘုရားသခင် ရှေ့တော်၌ ဣသရေလလူတို့ကို ကိုယ်စားပြုသောသူ အဖြစ် အထူးသော ကောင်းကြီး မင်္ဂလာ ခံစားခဲ့ပါသည်။ ယောရှု၏ခေါင်းဆောင်မှုပြုခြင်းက ခရစ်တော် ပြုသောအမှုကို ကောင်း ကောင်း ဖော်ပြခဲ့ပါသည်။ တိုက်သော စစ်ပွဲ၌ သူသည် အောင်မြင်သောသူ ဖြစ်၏။ ခရစ်တော်၌ တည်သောအောင်မြင်မှုကို ပြသလျက်ရှိ၏ - ရှင်ပေါလုက “ငါတို့ကို ချစ်တော်မူသောသူ၏ ကျေးဇူးတော်ကြောင့်၊ ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကို ခံစဉ်တွင်ပင် အထူးသဖြင့် အောင်မြင်ကြ၏” (ရောမ ၈း၃၇) ဟုဆိုခဲ့ပါသည်။ ယောရှုသည် မောရှေ၏ခေါင်းဆောင်နေရာကို ဆက်ခံလျက်၊ ဣသရေလလူတို့ထံ ခါနန်ပြည်ကို ခွဲဝေပေးဖို့ရန် ဘုရားသခင် အလိုတော်ရှိသည် ဖြစ်သောကြောင့် အောင်မြင်မှုကို အမှန်ရရှိမည်ဖြစ်ပါသည်။

ခရစ်တော်သည် မောရှေ၏ပညတ်တော်ကို ဆက်ခံခဲ့ပါသည်။ ယောဟန် ၁း၁၇ ထဲတွင်၊ ပညတ်တရားတော်ကို မောရှေလက်တွင် ပေးတော်မူ၏၊ ကျေးဇူးတရားနှင့် သစ္စာတရားမူကား ယေရှုခရစ်တော်အားဖြင့် ဖြစ်သတည်း၊ ဟုဖော်ပြခဲ့ပါသည်။ ယောရှု၌ ဤအချက်ကို များစွာတွေ့ရပါသည်။ ပညတ်တော်နှင့်ယှဉ်သော ခရစ်တော်ပြုခဲ့သော အမှုများကိုလည်း များစွာ တွေ့ရပါသည်။ ယောရှု ၅း၁၃-၁၅ ၌တွေ့ရသော၊ “ထာဝရဘုရား၏ဗိုလ်ခြေကို အုပ်စိုးသော ဗိုလ်မှူး” ဟု မိမိကိုယ်ကို ခေါ်သောသူသည် ခရစ်တော် လူ့ဇာတိ မခံမီ၊ မိမိကိုယ်ကို ကိုယ်ထင်ပြခြင်း ဖြစ်သည်ဟု သတ်မှတ်ခဲ့ကြပါသည်။ ယောရှုသည် ခရစ်တော်ကို သိမြင်ခဲ့ပါသည်။ ရာခပ်ထံ သူလျှိုနှစ်ဦးပေးခဲ့သော ကြိုးနီသည် ခရစ်တော်၏အသွေးတော်ကို ပုံဆောင်ပါ၏။ ထို့ပြင်၊ ရာခပ်သည် ခရစ်တော် မွေးဖွားရာ မျိုးရိုးစဉ်ဆက်၌ ပါဝင်ခဲ့ပါသည် (မသဲ ၁း၅)။ ယောရှုမှတ်စာထဲ၌ ခရစ်တော်ကို ကောင်းစွာ ပုံဆောင်တွေ့ရပါသည်။ ယောရှုသည် မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါသည်။ တရားဟောရာကျမ်း၏အကြောင်းအရာကို သူ ဆက်၍ ရေးသားဖော်ပြခဲ့ပါသည်။ သူသည် ကယ်တင်ခြင်းပုံရိပ် ဖြစ်ပါ၏။

**ဆင်ခြင်ရန်** - ပို၍ကြီးမြတ်တော်မူသော ယောရှုကို ကျွန်တော် သိပါသလား။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏အစေခံကျွန်တို့သည် ယောရှုကဲ့သို့သော စိတ်သဘော ရှိကြမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၄)
**ယောရှု ၁း၁-၉**
တော ၂၇း၁၅-၂၃

*“ဝိညာဉ်တော်ကိုရသော နုန်၏သား ယောရှုကို ခေါ်၍၊ သင်၏လက်ကို သူ့အပေါ်မှာ တင်လော့”*

# ယောရှုကို တာဝန်ပေးအပ်ခြင်း

ဘုရားသခင်သည် မောရှေထံ စကားပြောတော်မူသည် အတိုင်း၊ ယောရှုထံ ပြောတော်မူ၏။ မောရှေ ကွယ်လွန်ပြီးနောက်၊ ဘုရားသခင်က မောရှေနေရာကို ဆက်ခံဖို့ရန် ယောရှုကို ခန့်ထားတော်မူ၏။ ဘုရားသခင်သည် ယောရှုထံ စကားပြောတော်မူလျက် ဆောင်ရွက်ရမည့် အမှုကို မိန့်တော်မူ၍ ကြီးလေးသောတာဝန်ကို ပေးတော်မူခဲ့ပါသည်။ ထိုတာဝန်မှာ၊ ဣသရေလလူမျိုးကို ခေါ်ဆောင်၍ ခါနန်ပြည်၌ နေရာချပေးရန်ဖြစ်ပါသည်။ ဘုရားသခင်က ဣသရေလထံ ထိုပြည်ကို ပေးမည်အကြောင်း ထပ်၍ ကတိပေးတော်မူခဲ့ပါသည်။ ယောရှုအား ရဲရင့်ခြင်းရှိ၍ ပညတ်တရားကို ဆုပ်ကိုင်ခြင်းငှါ တိုက်တွန်းတော်မူခဲ့ပါသည်။ ထိုသို့အားဖြင့် မိမိ၏တာဝန်ကို စုံလင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မောရှေသည် မောဘပြည်၊ နေဗောတောင်၌ကွယ်လွန်ခဲ့ပါသည် (တရား ၃၄း၅)။ ဣသရေလကို ဦးဆောင်ရမည့်တာဝန်သည် ယောရှု အပေါ်ကျရောက်ခဲ့ပါသည်။ မောရှေသည် ဘုရားသခင်မှာထားတော်မူသည် အတိုင်း၊ ယောရှုကို ခေါ်၍ ယဇ်ပုရောဟိတ် ဧလာဇာ ရှေ့၌ထားသည်၊ သူ့အပေါ်မှာ လက်ကိုတင်၍ မှာထားတော်မူခဲ့ပါသည်။ ထိုအချိန်မှစ၍ ယောရှုသည် ဣသရေလလူမျိုးကို ဦးဆောင်မည်အကြောင်း ပြင်ဆင်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုအခါ ဘုရားသခင်က ယောရှုကို ဤသို့မိန့်တော်မူ၏ - “ငါ၏ကျွန်မောရှေသည် အနိစ္စရောက်လေပြီ၊ သို့ဖြစ်၍ သင်နှင့် သင်၌ပါသော ဤလူအပေါင်းတို့သည် ယခုထ၍ ယော်ဒန်မြစ်တစ်ဖက်သို့ ကူးကြလော့၊ ဣသရေလအမျိုးသားတို့အား ငါပေးသောပြည်ကို ဝင်စားကြလော့” (ယောရှု ၁း၂)။ အဦးဆုံး ပြုရမည့်အမှုသည် ယော်ဒန်မြစ်ကို ကူးခြင်းဖြစ်ပါသည်။ မောဘပြည်သည် ခါနန်ပြည်၏ အရှေ့ဘက်တွင် တည်ရှိပါသည်။ ပုံမှန်အားဖြင့်၊ ဣသရေလသည် ခါနန်ပြည်သို့ အနောက်ဘက်မှ ဝင်ရောက်ရမည်ဖြစ်၏။ သို့သော်လည်း နှစ်ပေါင်းလေးဆယ် တောလည်ခြင်းဖြင့် အရှေ့ဘက်သို့ ရောက်ခဲ့ခြင်းဖြစ်ပါသည်။ တဘက်တွင်၊ ထိုအရှေ့ဘက်၌ ရှိသော လူမျိုးအပေါင်းတို့သည် အဲဂုတ္တုပြည်မှ ဣသရေလ ထွက်လာသောအချိန်မှစ၍ ဘုရားသခင် ပြုတော်မူသော အမှုများကို သိခဲ့ကြ၏။ ယောရှုသည် လူသားဖြစ်သောကြောင့် သွေးဆောင်ခြင်းခံရမည့်လည်း ခဲ့ဖြစ်ရာ မဟုတ်ပါ၊ အာရုန်သည် သွေးဆောင်ခြင်းကို မခံနိုင်ဘဲ၊ လူထု၏သဘောကို လိုက်၍ ရွှေနွားရုပ်တုကို ပြုလုပ်ခဲ့ပါသည်။ သို့သော်လည်း၊ ယောရှုသည် ဘုရားသခင်၏ ကတိတော်ကို မှတ်ထားသောကြောင့် မယိုင်မလဲ ယုံကြည်နိုင်ခဲ့ပါသည်။ သူသည် ဦးဆောင်ခြင်း၌ အမှားမပြုဘဲ သစ္စာရှိသောသူ ဖြစ်ခဲ့ပါသည်။ ဘုရားသခင်က ယောရှုကို အထူးပြင်ဆင်တော်မူ ခဲ့ပါသည်။ လူတို့သည် အမှုတိုင်း၌ ယောရှု၏ စကားကို နာခံခဲ့ကြပါသည်။ ဘုရားသခင်သည် သူနှင့်အတူ ရှိတော်မူ၏။

**ဆင်ခြင်ရန်** - ခေါင်းဆောင်များကို ယနေ့ ဘုရားသခင် မည်သို့ပြင်ဆင်တော်မူသနည်း။
**ဆုတောင်းချက်**- အဖဘုရား၊ ယောရှုကဲ့သို့ ဦးဆောင်မည်အကြောင်း အကျွန်ုပ်ကို မစတော်မူပါ။

**ယောရှု ၁း၁-၉**
ဆာလံ ၃၇း၃-၇

*"ထာဝရဘုရားရှေ့မှာ ငြိမ်ဝပ်စွာနေ၍ ကိုယ်တော်ကို ငံ့လင့်လော့"*

---

# ယောရှုအား ဘုရားသခင် ထပ်၍ဂတိပေးတော်မူ၏

ဘုရားသခင်သည် လေးနက်စွာမိန့်တော်မူခဲ့ပါသည်။ ဤသို့ဂတိထားတော်မူ၏ - "မောရှေအား ငါ ဂတိရှိသည့်အတိုင်း သင်တို့ ခြေနင်းသမျှသောနေရာကို သင်တို့အား ငါပေးမည်" (ယောရှု ၁း၃)။ ဘုရားသခင်က "ထိုပြည်ကို သင်တို့အား ငါအမှန်ပေးမည်" ဟုဆိုခြင်းဖြစ်ပါသည်၊ နယ်နိမိတ်အချို့ကို လည်း ဖော်ပြတော်မူခဲ့ပါသည်။ ယနေ့ခေတ် နယ်နိမိတ် သတ်မှတ်ခြင်းနှင့် တူညီမှုရှိပါသည်။ ဘုရားသခင်သည် အရှေ့ အနောက် တောင်နှင့်မြောက် နယ်နိမိတ်တို့ကို သတ်မှတ်တော်မူခဲ့ပါသည်၊ လေဘနုန်မှစ၍ ဥဖရတ်မြစ်အထိ ဟိတ္တိပြည်နှင့် အနောက်ဘက် ပင်လယ်ကြီးတိုင်အောင် ဖြစ်ပါသည်၊

ထိုသို့နယ်နိမိတ်သတ်မှတ်စဉ်၊ ဘုရားသခင်သည် ယောရှုအား သင်ရှေ့၌အဘယ်သူမျှ ရပ်တည်နိုင်မည် မဟုတ်ကြောင်း ဂတိထားတော်မူ၏။ ယောရှု ပိုင်စရာလိုသိမ်းပိုက်၍ ဣသရေလလူတို့ပေးမည့် ပြည်သည် လူမနေသော ပြည် မဟုတ်ပါ၊ သူတို့ နေထိုင်သည့် အရပ်က သူတို့မြို့တို့သည် မြင့်သော မြို့ရိုးရှိကြပြီး၊ လူတို့သည်လည်း သန်မာ၍ အကောင်ကြီး ကြ၏။ သူတို့သည် သယ်ကို လှန်ယမ်း၍ ခုခံမြေနေရာလုပ်ကြပါသည်၊ ထို့ကြောင့် သူတို့၏ပြည်ကို ဣသရေလလူတို့အား အလကား ပေးမည် မဟုတ်ပါ၊ ထို့ကြောင့် စစ်တိုက်ဖို့ရန် ယောရှုသည် ရဲရင့်ခွန်အား ရှိမည့်အကြောင်း အားပေးနိုးဆော်ခြင်း လိုအပ်ခြင်းဖြစ်ပါသည်။ ဘုရားသခင် အတူပါရှိတော်မူမည် ဖြစ်သော်လည်း၊ အောင်မြင်ခြင်းသည် အလိုလိုရောက်လာမည် မဟုတ်ပါ၊ ယောရှုအား ဘုရားသခင်၏ တိုက်တွန်းနိုးဆော်ခြင်း၊ စကားများ "သင့်အသက်ရှင်သည် ကာလပတ်လုံး၊ သင့်ရှေ့မှာ အဘယ်သူမျှ မခံမရပ်နိုင်ရာ။ မောရှေနှင့်အတူ ငါရှိသကဲ့သို့ သင်နှင့်အတူ ငါရှိလိမ့်မည်။ ငါသည် သင့်ကို မစွန့်၊ သင့်ကို ပစ်၍မထား။ အားယူ၍ ရဲရင့်ခြင်းရှိလော့။ ဘိုးဘေးတို့အား ပေးမည်ဟု ငါကျိန်ဆိုသော ပြည်ကို သင်သည် ဤလူတို့အား ဝေ၍ အမွေပေးရမည်" (ယောရှု ၁း၅-၆)။ ယောရှုသည် သူရဲဘောကြောင်သောသူ မဟုတ်ပါ။ ဘုရားသခင်၏စကားကို ယုံကြည်ခဲ့ပါသည်။ သူသည် စစ်ရေးဗျူဟာ ကျွမ်းကျင်သောသူ ဖြစ်ပေမယ့်၊ စစ်ပွဲတိုင်း၌ အောင်မြင်ခြင်းသည် စိတ်ပိုင်းဆိုင်ရာ ရဲရင့်ခြင်းမှ စတင်နေပါသည်။ ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုလိုအပ်ပါ၏၊ ရဲရင့်ခြင်းရှိခြင်းသည် စစ်ပွဲ တဝက်အောင်မြင်ပြီဖြစ်ပါသည်။ ယောရှုသည် ဘုရားသခင်ထံမှ ရဲရင့်ခြင်း ခွန်အားကို ရရှိခဲ့ပါသည်။ စစ်ပွဲ၏ဒုတိယအပိုင်းသည် လက်တွေ့တိုက်ခိုက်ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အောင်နိုင်ခြင်းနှင့်ရဲရင့်ခြင်း အရင်းအမြစ်ဖြစ်တော်မူ၏။
**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်တာဝန်ကို ပုံမှန်ဆောင်ရွက် ပြီးစီးမည်အကြောင်း တာဝန်သိစိတ် ပေးသနားတော်မူပါ။

*“အကျွန်ုပ်တို့ကိုးကွယ်သော ဘုရားသခင်သည်
မီးလောင်လျက်ရှိသော မီးဖိုထဲက အကျွန်ုပ်တို့ကို
ကယ်လွှတ်နိုင်တော်မူ၏။ . . . ကယ်လွှတ်တော်မူလိမ့်မည်။”*

# ဘုရားသခင်က ယောရှုအား ရဲရင့်ခြင်းရှိရန် တိုက်တွန်းတော်မူ၏

စစ်မြေပြင်၌ စစ်သားတိုင်းအတွက် သေမလား၊ ရှင်မလား၊ ဤနှစ်ခုမှအပ အခြား ရွေးချယ်စရာ မရှိပါ။ ထို့ပြင်၊ နှစ်ဘက်စစ်သားတို့တွင် သေသောသူရှိခြင်းသည် ပုံမှန်တရားသဘောဖြစ်ပါသည်။ သို့သော်လည်း၊ ယောရှု ကိုမူ ဘုရားသခင်က လုံးဝအောင်မြင်ခြင်းရ၍ သေသောသူ ရှိမည် မဟုတ်ကြောင်း ဂတိထားတော်မူ၏။ သမ္မာကျမ်းစာထဲတွင် ဥပမာတခု တွေ့ရသည်မှာ၊ ယောနသန် (ရှောလု၏သား) နှင့်သူ၏လုလင်သည် စစ်အင်အားဖြင့် မဟုတ်ဘဲ၊ နည်းပရိယာယ်အားဖြင့် ရန်သူကို မောင်းထုတ်၍ အချို့ကို သတ်နိုင်ခဲ့ပါသည် (၁ ရာ ၁၄း၁-၁၄)။ ထိုသို့သောဉာဏ်ပညာသည် ဘုရားသခင်ထံမှ လာခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် မိမိ၏အကြံအစည်ကို စုံလင်စေခြင်းငှါ မိမိ၌ နည်းမျိုးစုံရှိပါသည်။ ထို့ကြောင့်၊ ဘုရားသခင်က ယောရှုကို ဂတိပေးလျက်၊ အားပေးစကားဆိုသောကြောင့် ယောရှုသည် သံသယမရှိဘဲ ချီတက်ရမည်ဖြစ်ပါသည်။ ဘုရားသခင် အတူပါရှိတော်မူလျှင် အောင်မြင်ခြင်းသည် သေချာပါ၏။

ယောရှုထံ ဘုရားသခင် အပ်တော်မူသော၊ အရေးကြီးဆုံးလက်နက်မူကား၊ ပညတ္တိကျမ်းပင်ဖြစ်ပါသည်။ သမ္မာတရားနှင့်ရဲရင့်ခြင်းသည် လက်တွဲလျက်ရှိပါသည်။ ဘုရားသခင်က ယောရှုအား မောရှေအားဖြင့် မိန့်တော်မူသော ပညတ်တရားကို လိုက်လျှောက်ရန် တိုက်တွန်းခဲ့ပါသည်။ သွားလေရာရာ၌အောင်မြင်ခြင်းရမည်အကြောင်း ထိုတရားလမ်းမှ လွဲမသွားခြင်းငှါ သေချာမှာထားတော်မူ၏။ ယေရှုက မိမိသည် သမ္မာတရားဖြစ်တော်မူ၏ဟု မိန့်တော်မူ၏။ ဘုရားသခင်၏ ပညတ်တော်သည် သမ္မာတရားဖြစ်ပါသည်။ ယောရှု၏အောင်မြင်ခြင်းသော့ချက်သည် ဘုရားသခင် မိန့်တော်မူသော ဤတရား၌တည်ပါသည် - “ထိုပညတ္တိကျမ်း၌ ရေးထားသမျှအတိုင်း ကျင့်မည်ဟု စောင့်ရှောက်ခြင်း အလိုငှါ ကျမ်းစာကို မဘတ်မရွတ်ဘဲ မနေ၊ နေ့ညမပြတ် ကြည့်ရှုဘတ်ရွတ်ရမည်၊ သို့ပြုလျှင် သင်သည် အကြံထမြောက်၍ အောင်မြင်လိမ့်မည်” (ယော ၁း၈)။ ဤသည်ကား အောင်မြင် ခြင်းတိုင်း အတွက် နိယာမဖြစ်ပါသည်။ ယောရှုသည် မိမိတာဝန်ကို ကျေပွန်စွာ ထမ်းရွက်ဖို့ရန် ထိုသို့ ပြင်ဆင်ခဲ့ပါသည်။

ယောရှုသည် ထိုက်တန်သော ခေါင်းဆောင်ဖြစ်ကြောင်း မိမိကိုယ်ကို သက်သေပြခဲ့ပါသည်။ သူသည် မောရှေထံမှ များစွာသင်ယူခဲ့ပါသည်။ သူသည် ဘုရားသခင်၏စေခံကျွန်ဖြစ်သကဲ့သို့ ဘုရားသခင် မှာထားတော်မူသောအရာများကို တွန့်ဆုတ်ခြင်း မရှိဘဲ၊ စွဲကိုင်ခဲ့ပါသည်။ ထို့ကြောင့် သူသည် အောက်မြင်သောသူဖြစ်ခဲ့ပါသည်။ ကယ်တင်ရှင်ကို ချဉ်းကပ်ပါလော့၊ သို့ပြုလျှင် သင့်အသက်တာ၌ သူသည် ကြီးမြတ်သော အမှုကို ပြုတော်မူမည် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ယုံကြည်သူတိုင်း ဘုရားသခင်အတွက် ဆောင်ရွက်ရန်အမှု ရှိပါ၏။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏အမှုတော် ဆောင်ရွက်ခြင်း၌ အကျွန်ုပ်ကို ကျေနပ်ရောင့်ရဲခြင်း ပေးသနားတော်မူပါ။

**ယောရှု ၁း၁၀-၁၇**

ဆာလံ ၁၆

*"ထာဝရဘုရားသည် ငါ့အမွေခံရာ . . .
အဘို့ဖြစ်တော်မူ၏"*

## ခါနန်ပြည်သို့ဝင်ရောက်ဖို့ရန် ယောရှုပြင်ဆင်ခဲ့ပါသည်

ယောရှုသည် ထိုသို့ တာဝန်ပေးအပ်ခြင်းခံရပြီးနောက်၊ ခါနန်ပြည်သို့ ဝင်ဖို့ရန် ဣသရေလ ခေါင်းဆောင်အနေဖြင့် သူသည် ပြင်ဆင်မှုပြုခဲ့ပါသည်။ သူသည် ယော်ဒန်မြစ် အနောက်ဘက်၌ရှိသော အမျိုးတို့ကို အမိန့်ပေးလျက် မိမိတာဝန်ကို စတင် ဆောင်ရွက်ခဲ့ပါသည်။ ယော်ဒန်မြစ် အရှေ့ဘက်၌ ရှိသော အမျိုးတို့သည်လည်း ခါနန်ပြည်တွင် သူတို့၏ညီအစ်ကိုများ နယ်မြေ သိမ်းပိုက်ခြင်း၌ မောရှေထံ ဂတိပေးခဲ့ကြသည်အတိုင်း အကူအညီပေးကြရပါမည်။ သူတို့အားလုံးသည် စည်းလုံးမှုရှိ၍ ယောရှု၏စကားကို နာခံခဲ့ကြပါသည်။ ထို့ကြောင့်၊ သူတို့ စောင့်ဆိုင်းလျက်နေခဲ့သော ထိုပြည်ကို ဝင်ရောက်သိမ်းပိုက်ဖို့ရန် သူတို့သည် ပြင်ဆင်ခဲ့ကြ၏။ ဘုရားသခင်သည် မိမိ၏ဂတိတော်ကို ယခု စတင်စုံလင်စေလျက်ရှိတော်မူ၏။ ဤလူမျိုး နှစ်ရှည်ကြာမြင့်စွာ စောင့်စား ခဲ့သော မျှော်လင့်ချက် စုံလင်စေခြင်း၌ ယောရှုသည် အသုံးတော်ခံဖြစ်ခဲ့ပါသည်။ သူ၏ယုံကြည်ခြင်းသည် ခိုင်မာခြင်းရှိပါသည်။

**ယောရှုသည် ဣသရေလအမျိုးတို့ကို မိန့်တော်မူ၏**၊ ဤအမျိုးသည် ခါနန်ပြည်ကို ဆက်လက် ဝင်ရောက် သိမ်းပိုက်မည့် အမျိုး ရှစ်မျိုးနှင့် တဝက်ဖြစ်ကြပါသည်။ အကြောင်းမှာ၊ ရုဗင်၊ ဂဒ်နှင့် မနာရှေအမျိုး တဝက်တို့သည် ယော်ဒန်မြစ် အရှေ့ဘက်၌ နယ်မြေပိုင်ဆိုင်ခဲ့ကြပြီးဖြစ်ပါသည်။ ထို့ပြင်၊ လေဝိအမျိုးသည် အဘယ်အမွေမှ ပိုင်ရမည် မဟုတ်ဘဲ၊ အခြားအမျိုးများ ပိုင်ဆိုင်သော နယ်မြေ၌ရှိသော လေးဆယ့်ရှစ်မြို့၌ နေထိုင်ကြရမည်ဖြစ်ပါသည်။ ယော်ဒန်မြစ်ကို မဖြတ်ကူးမီ သုံးရက် အလိုတွင် ယောရှုသည် ဗိုလ်မင်းများအား လူထုထံ အသိပေးလျက် အဆင်သင့်ရှိဖို့ရန် ထိုသို့ မိန့်တော်မူခြင်းဖြစ်ပါသည်။ ဤသည်ကား၊ ခါနန်လူတို့ကို တိုက်ခိုက်ဖို့ရန် လူထုကို နိုးဆော်ခြင်းပင်ဖြစ်ပါသည်။ ဣသရေလသည် ထိုပြည်ကို စစ် မတိုက်ဘဲ သိမ်းပိုက်၍ မရကြောင်း သိခဲ့ပါသည်။

ထွက်မြောက်ရာကျမ်း၌ မောရှေလက်အောက်တွင်၊ ဣသရေလလူတို့သည် အာမလက်လူမျိုးနှင့် အမောရိလူမျိုးတို့ကို တိုက်ခိုက်ခဲ့ပါသည်။ သူတို့သည် အောင်နိုင်ခဲ့သဖြင့်၊ သူတို့၏ပြည်ကို ဣသရေလအမျိုး နှစ်မျိုးနှင့်တဝက်ထံ ပေးခဲ့ကြပါသည်။ စစ်တိုက်ရသည့်အပြင်၊ သူတို့သည် မိမိတို့၏ဇနီး သားသမီးတို့ကိုလည်း ကျွေးမွေးစောင့်ရှောက်ကြဖို့လိုပါသည်။ မောရှေ လက်အောက်၌ ယေသရော၏အကြံပေးချက်အတိုင်း ဣသရေလလူတို့သည် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ပိုင်ဆိုင်ခဲ့ပါသည် (ထွက် ၁၈)။ ထို့ကြောင့်၊ ယောရှုသည် လွယ်ကူစွာ အဆင့်ဆင့် အမိန့်ပေးနိုင်ခဲ့ပါသည်။ သူတို့သည် ဘုရားသခင် ပေးတော်မူသော ပြည်ကို သိမ်းပိုက်ဖို့ရန် ယော်ဒန်မြစ်ကို ဖြတ်ကူးကြမည်ဖြစ်ပါသည်။ သူတို့၏ခရီး မဆုံးသေးသောကြောင့် ဘုရားသခင်သည် သူတို့နှင့်အတူ ပါရှိတော်မူလျက်၊ လမ်းပြ၍ အမှုပြုတော်မူမည် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် ခန့်ထားတော်မူသော ခေါင်းဆောင်သည် ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း ရှိတတ်ကြပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏အမှုတော် ဆောင်ရွက်ခြင်း၌ ကျွန်တော်အစဉ် ကြိုးစားအားထုတ် လိုပါသည်။

*"ကိုယ်တော် ကျွန်အပေါင်းတို့မှုကား . . .
လက်နက် ကိုင်လျက် ထာဝရဘုရားရှေ့တော်၌
စစ်တိုက်ခြင်းငှါ ကူးသွားပါမည်"*

# ယောရှုက အမိန့်ထုတ်ခဲ့ပါသည်

ဘုရားသခင်က မန္နမုန့်ဆက်လက် ချပေးသနားတော်မူသည်ဖြစ်၍ သူတို့သည် မနက်တိုင်း ကောက်ယူခဲ့ကြပါသည်။ ထို့ပြင် အဲဂုတ္တုပြည်မှ ထွက်သွားချိန်မှစ၍ ယနေ့တိုင်၊ နှစ်ပေါင်းများစွာ သူတို့၏ အဝတ်အစားနှင့်ဖိနပ်တို့သည် ဟောင်းနွမ်း ပျက်စီးခြင်း မရှိဘဲနေ၏။ ဘုရားသခင်သည် သူတို့၏လိုအပ်ချက်များကို ထောက်ပံ့မစ ကျွေးမွေးတော်မူ၏။ ဤအချက်က သူတို့၏ခရီးသည် ဘုရားသခင်၏ အစီအစဉ်ဖြစ်ကြောင်း သက်သေပြလျက်ရှိပါသည်။

ဣသရေလလူတို့သည် ဘုရားသခင်ခန့်ထားတော်မူသော ခေါင်းဆောင်တို့၏စကားကို နားခံ ကြရပါမည်။ ယောရှုသည် လမ်းခရီး၌ ဘုရားသခင်နှင့်မောရှေကို ဆန့်ကျင်ခဲ့ကြကြောင်း တွေ့မြင်ခဲ့ ဖူးပါသည်။ ထို့ကြောင့် ထိုသို့သော ဆန့်ကျင်ခြင်း ရှိလာနိုင်သည်ကို သတိပြုလျက်၊ ယောရှုသည် မိမိ၏ခေါင်းဆောင်ဖြစ်ခြင်းကို အရာရာတိုင်း၌ ဖော်ပြခဲ့ပါသည်။ ဗိုလ်မှူးတို့ကို အမိန့်ပေး၍ သူတို့ သည် လိုက်နာခြင်းရှိ၏။ ယောရှုသည် အရာရာတိုင်း၌ ဘုရားသခင် စေခိုင်းသည်အတိုင်း ပြုရမည် ဖြစ်ပါသည်။ ထို့အတွက် ယောရှုသည် အဆင်သင့်ရှိခဲ့ပါသည်။

**ယောရှုက ယော်ဒန်မြစ် အရှေ့ဘက်ရှိ အမျိုးများကို အမိန့်ပေးတော်မူ၏၊** ယောရှုသည် မောရှေ ထားခဲ့သောတာဝန်ကို ဆက်လက် ထမ်းဆောင်ရမည်ဖြစ်ပါသည်။ ယော်ဒန်မြစ် အရှေ့ဘက် ၌ နယ်မြေရရှိခဲ့သော ဣသရေလ အမျိုး နှစ်မျိုးနှင့်တဝက် တို့ကို သူတို့ဂတိထားခဲ့သည် အတိုင်း ဆက်လက်၍ ကျန်အမျိုးတို့နှင့်တကွ ဆက်လက် ချီတတ်၍ စစ်တိုက်ရန် ယောရှုက အထူး မှာထားခဲ့ ပါသည်။ ထိုသို့ ယောရှု နှင့် ယဇ်ပုရောဟိတ်ဧလောဇာ ရှေ့၌ မောရှေထံ ပေးခဲ့သော ဂတိစကားကို ရှောင်လွှဲ၍ မရပါ။ ထိုသို့ ယော်ဒန်မြစ်ကို ဖြတ်ကူးဖို့ရန် ယောရှု အမိန့်ပေးသောအခါ၊ ထိုအမျိုးတို့အား သင်တို့၏ဂတိစကားကို လက်တွေ့ဆောင်ရွက် ကြပါဟု ဆိုခဲ့ပါသည်။ ဤအမိန့်သည် စစ်တိုက်နိုင် သောသူများကို အဓိကရည်ရွယ်ခြင်းဖြစ်ပါသည်။ ထိုသို့ ခါနန်ပြည်သို့ ဝင်ရောက် စစ်တိုက်ရန် အမိန့်တော်သည် ဘုရားသခင် ခိုင်းစေ စီစဉ်သော အမှုဖြစ်ပါသည်။

အဲဂုတ္တုပြည်မှ ထွက်ခွါဖို့ရန် ဘုရားသခင် မိန့်တော်မူသော အချိန်တွင်၊ ဣသရေလ၌ စစ်တပ် စနစ်တကျ မရှိခဲ့ပါ။ မောရှေသည် စစ်ရေးအတွေ့အကြုံ မရှိသောသူ ဖြစ်သော်လည်း၊ သူသည် ဘုရားသခင်အသုံးတော်ခံ ဖြစ်၍ သူတို့အတွက် အမှန် တိုက်ခိုက်ပေးသောသူသည် ဘုရားသခင် ကိုယ်တိုင်ဖြစ်တော်မူခဲ့၏။ ဣသရေလလူတို့သည် အင်အားကြီးသော အဲဂုတ္တု စစ်သူရဲများ ပင်လယ်နီ ထဲ၌ နစ်မြုပ် သေဆုံးခဲ့ကြသည်ကို မြင်တွေ့ခဲ့ရ၏။ ဟေဗြဲ ၁၁ ထဲ၌ ဤအမှုတို့သည် ယုံကြည်ခြင်းအားဖြင့် ဖြစ်ပျက်ခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။

**ဆင်ခြင်ရန်** - ရဲရင့်ခြင်းနှင့်ဖြောင့်မတ်ခြင်းက ခေါင်းဆောင်မှုကို မြဲမြံစေပါသည်။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်အဘို့ အမှုတော် ဆောင်ရွက်စဉ် အကျွန်ုပ်အား ရဲရင့်ခြင်း ပေးတော်မူပါ။

*“ခရစ်တော်၏နာမတော်အားဖြင့် ကျွန်တော်တို့ တောင်းလျှောက်သောအရာတိုင်းကို ကိုယ်တော်ပြုတော်မူလိမ့်မည်”*

# ယောရှုက လူ့တာဝန်ဝတ္တရားအကြောင်း သင်ပေးခဲ့ပါသည်

ထိုသို့ ဘုရားသခင်၏တန်ခိုးလက်တော်ဖြင့် လမ်းပြပို့ဆောင်တော်မူခဲ့ခြင်းများကို ယောရှုသည် လူထုအား ပြန်လည်အမှတ်ရကြခြင်းငှါ တဖန်ပြန်၍ပြောပြခဲ့ပါသည်။ ဣသရေလသည် မိမိ၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျှင် ဘုရားသခင်ကလည်း မိမိ၏ဂတိတော်အတိုင်း အောင်မြင်ခြင်းကို ပေးတော်မူမည်အကြောင်း ယောရှုက ပြောကြားခဲ့ပါသည်။

ခါနန်ပြည်သည် အလွန်ကျယ်ပြန့်သည်ဖြစ်၍ ဣသရေလအမျိုးတိုင်းသည် မိမိတို့ပိုင်ဆိုင်မည့်နယ်မြေ၌ ဝင်ရောက်နေထိုင်ကြရမည်ဖြစ်ပါသည်။ ယောရှု ပြုရမည့်အမှုသည် အလွန်ကြီးမြတ်လှပါသည်။ ဣသရေလ၏လူဦးရေသည် နှစ်သိန်းခန့်ဖြစ်မည်ဟု ခန့်မှန်းရပါသည်။ ယော်ဒန်မြစ်အရှေ့ဘက်၌ နယ်မြေရရှိပြီးသော အမျိုးတို့သည်လည်း ကျန်အမျိုးများ နယ်မြေပိုင်ဆိုင်ကြသည့်အချိန်အထိ မိမိတို့၏မိသားစုများကို ထားခဲ့ပြီး စစ်ကူတိုက်ပေးကြရမည်ဖြစ်ပါသည်။ ဣသရေလအမျိုး၏စည်းလုံးမှုကို ပြသကြရမည်ဖြစ်၏။ ထိုသို့ အားလုံးစုစုစည်းစည်း စစ်တိုက်ကြခြင်းသည် မလွဲမသွေ အောင်မြင်မှုရရန် မိမိတို့၏တာဝန်ကျေပွန်မှုကို ပြသခြင်းလည်းဖြစ်ပါသည်။ သမ္မာကျမ်းစာထဲ၌ ဘုရားသခင်၏အဆုံးစွန်အာဏာရှိခြင်းနှင့် လူတို့ပြုရမည့်တာဝန်ဝတ္တရားအကြောင်းကို တွေ့ရပါသည်။ လူထုသည် အမိန့်ကို နာခံ၍ မိမိတာဝန်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ယောရှုသေချာမှာခဲ့ပါသည်။ ထို့ကြောင့် သူတို့သည် လက်တွေ့လုပ်ဆောင်ကြဖို့လိုပါသည်။

**ဣသရေလလူအပေါင်းတို့သည် ယောရှု၏အမိန့်ကို နာခံခဲ့ကြ၏**၊ ယောရှုမိန့်တော်မူသည် အတိုင်း သူတို့ ပြုမည်အကြောင်း ဆိုခဲ့ကြပါသည်။ နာမခံသောသူသည် သေဒဏ်ခံရမည်ဟု ကျိန်ဆိုခဲ့ ကြပါသည်။ ဤအချက်က သူတို့၏စည်းလုံးမှုကို ပြသခဲ့ပါသည်။ ဆန့်ကျင်သောသူတို့သည် ပြင်းထန် စွာ ဒဏ်ခတ်ခြင်းခံခဲ့ကြကြောင်း သူတို့သိမှတ်ခဲ့ကြ၏။ သူတို့သည် ယောရှုကို အားပေးစကား ဆိုလျက်၊ စတင်လှုပ်ရှားခြင်းငှါ အဆင်သင့်ဖြစ်ခဲ့ကြပါသည်။

ခါနန်ပြည်သို့ဝင်ရောက်ရန် ရောင်နီသန်းလာခဲ့ပါပြီ။ ယောရှု၏တာဝန်သည် ပို၍အရေးကြီးလာခဲ့ပါသည်။ သူသည် ဘုရားသခင်၏ပညာဉ်တော်ကို ခံရ၍ ဘုရားသခင် ပေးအပ်သော တာဝန်ကိုဆောင်ရွက်ရန် အဆင်သင့်ဖြစ်ခဲ့ပါသည်။ ဘုရားသခင်သည် နှစ်လေးဆယ် ကြာပြီဖြစ်သော အမှုကို ယခု စတင် စုံလင်စေလျက်ရှိပါသည်။ ဘုရားသခင်လမ်းပြတော်မူလျှင် ကြိုးစားမှုတိုင်း၌ အောင်မြင်မှုရှိ၏။ ကျွန်တော်တို့သည် ခရစ်တော်၏နာမတော်အားဖြင့် ဘုရားသခင်ထံတောင်းလျှောက်လျှင်၊ တောင်းလျှောက်သောအရာတိုင်းကို ဘုရားသခင်သည် ပြုတော်မူလိမ့်မည် (ယောဟန် ၁၆း၂၃)။

**ဆင်ခြင်ရန်** - ဘုရားသခင်၏လူတို့သည် နာခံခြင်းရှိသောအခါ အောင်မြင်ခြင်းဖြစ်ပေါ်လာ၏။

**ဆုတောင်းချက်**- အဖဘုရား၊ ကယ်တင်ခြင်းသို့ သူတပါးကို ခေါ်ဆောင်ခြင်းငှါ ယောရှုကဲ့သို့ ရဲရင့်ခြင်း ရှိမည်အကြောင်း မစတော်မူပါ။

**ယောရှု ၂**
ဟေဗြဲ ၁၁း၁၀-၃၁

"ရာခပ်သည် သူလျှိုတို့ကို အဆွေဖွဲ့၍ လက်ခံသောကြောင့်"

# ယောရှုသည် ခါနန်ပြည်သို့ဝင်ဖို့ရန် အသင့်ဖြစ်ခဲ့ပါသည်

ခါနန်ပြည်သို့ ဝင်ရောက်ဖို့ရန် အရာအားလုံးပြင်ဆင်ပြီးသောအခါ၊ ပထမဆုံး သိမ်းပိုက်ရမည့် မြို့သည် ယေရိခေါမြို့ဖြစ်ပါသည်။ ယောရှုသည် သူလျှိုနှစ်ဦးကို ထိုမြို့သို့ စေလွှတ်ခဲ့ပြီး၊ သူတို့သည် မမျှော်လင့်သော လူတဦး၌ ဘုရားသခင် ယုံကြည်ခြင်းကို တွေ့ခဲ့ကြ၏။ ထိုသူသည် ရာခပ် အမည်ရှိသော ပြည်တန်ဆာ တဦးဖြစ်ပါသည်။ သူသည် သူလျှိုတို့ကို ဝှက်ထားခဲ့ပြီး၊ ဣသရေလ၏ဘုရားသခင်ကို မိမိယုံကြည်ကြောင်း ဖော်ပြခဲ့ပါသည်။ သူတို့အကြား၌ အချင်းချင်းသဘောတူညီမှု တခု ပြုခဲ့ကြပါသည်။ သူတို့က ယေရိခေါမြို့ကို သိမ်းပိုက်သောအခါ၊ သူမနှင့်သူမ၏မိသားစုကို ကွယ်ကာကြမည်ဟု ဂတိပေးခဲ့ကြပါသည်။ ထိုသူလျှိုတို့သည် ယောရှုထံပြန်လာ၍ သူတို့၏တာဝန် အောင်မြင်ခဲ့ကြောင်း ပြောကြားခဲ့ကြ၏။ ဤသည်ကား၊ သူတို့၏ ပြင်ဆင်ခြင်းအကြောင်းဖြစ်ပါသည်။

**ရာခပ် နှင့် ယေရိခေါမြို့** ယောရှုသည် စစ်မှုကျွမ်းကျင်သောသူဖြစ်၍ ရန်သူနယ်မြေအကြောင်းအရာကို သိတင်းကို စုဆောင်းခဲ့ပါသည်။ စစ်ရေး အောင်မြင်ဖို့ရန် ပထမဆုံးလိုအပ်သောအရာသည် ရန်သူတို့၏စိတ်၌ အကြောက်တရားရှိစေခြင်းပင်ဖြစ်ပါသည်။ ဤသည်ကား၊ သူလျှိုနှစ်ဦးစေလွှတ်ခြင်း၏ရည်ရွယ်ချက်ဖြစ်ပါသည်။ သူတို့သည် ယေရိခေါမြို့သို့ဝင်၍ ရာခပ်၏အိမ်သို့ရောက်ခဲ့ကြပါသည်။ သူမသည် လေးစားခြင်းမခံရသောသူဖြစ်ပါသည်။ သို့သော်လည်း ထိုသူ၌ ဘုရားသခင်၏ကျေးဇူးတော် ထင်ရှားခဲ့ပါသည်။ သူမသည် ဘုရားသခင်ကို ယုံကြည်၍ ပြောင်းလဲခဲ့ပါသည်။ သူလျှိုများ ဝင်ရောက်လာခဲ့ကြောင်း ယေရိခေါ ဘုရင်သည် ကြားသိခဲ့၏။ ထို့ကြောင့် သူတို့ကိုဖမ်းဆီးခြင်းငှါ အမိန့်ထုတ်ခဲ့ပါသည်။ ထိုအခါ၊ ရာခပ်သည် ထိုသူလျှိုတို့ကို မိမိ၏အိမ်မိုးပေါ်၌ ဝှက်လျက်၊ ပိုက်ဆန်ရိုးတို့ဖြင့်အုပ်ထားခဲ့ပါသည်။ ရှင်ဘုရင် စေလွှတ်သောသူတို့အား သူမက သူလျှိုတို့သည် အမှန်လာခဲ့ကြသော်လည်း၊ မြို့တံခါး ပိတ်ချိန်၌ ထွက်သွားခဲ့ကြပြီဖြစ်ကြောင်း ပြောခဲ့ပါသည်။ သူမ၏စကားဟူမူကား၊ "ကျွန်မဆီသို့ လူရောက်သည်မှန်ပါ၏။ သို့ရာတွင် အဘယ်အရပ်ကလာသည်ကို မသိပါ။ မိုးချုပ်၍တံခါးပိတ်ချိန် ရှိသောအခါ သူတို့သည် ထွက်သွား ကြပါ၏။ အဘယ်အရပ်သို့ ထွက်သွား ကြသည်ကို မသိပါ၊ အလျင်အမြန် လိုက်ကြလော့၊ မီကောင်းမီပါလိမ့်မည်ဟု ပြန်ပြော၏" (ယောရှု ၂း၄-၅)။ သူမသည် ဘုရင့် လူတို့အား သူလျှိုတို့ကို လိုက်ဖို့ရန် လမ်းမှား ညွှန်ပြခဲ့ပါသည်။ သူတို့သည် သူမကို ယုံသဖြင့် သူလျှိုတို့ကို မတွေ့ခဲ့ရပါ။ ဤသည်ကား၊ စစ်ပရိယာယ် တမျိုးဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိရွေးကောက်တော်မူသော သူအပေါင်းတို့အား ကျေးဇူးပြုတော်မူ၏။

**ဆုတောင်းချက်**- အဖဘုရား၊ အချိန်ကိုက် ပြောဆို တတ်မည်အကြောင်း အကျွန်ုပ်ကို သွန်သင်တော်မူပါ။

## ရာခပ်၏ဝန်ခံချက်နှင့်တောင်းဆိုချက် (၁)

ရာခပ်သည် မုသာစကားပြောခဲ့သော်လည်း (ယောရှု ၂း၄)၊ သူသည် ရှုတ်ချခြင်း မခံခဲ့ရပါ။ မုသာ မပြောဖို့ရန် ပညတ်တော် ဆယ်ပါးထဲ၌ ရှင်းလင်းစွာ တားမြစ်ထားပါသည် (ထွက် ၂၀း၁၆)၊ သို့သော်လည်း ရာခပ်သည် ထိုပညတ်တရားကို မသိခဲ့ပါ။ သမ္မာကျမ်းစာ ဖော်ပြသည်မှာ ဣသရေလ ၏ဘုရားသခင် အပေါ် သူမ၏ယုံကြည်ခြင်းပင်ဖြစ်ပါသည်။ သူလျှိုတို့ ဆောင်ရွက်သော အမှုသည် အောင်မြင်ခဲ့ပါသည်။

ထိုခေတ်ကာလတွင် ဆက်သွယ်ရေး ခေတ်နောက်ကျသေး သော်လည်း၊ သူလျှိုတို့သည် အတတ်နိုင်ဆုံး ကြိုးစားခဲ့ကြပါသည်။ သူတို့သည် သူလျှိုသင်တန်း မတတ်ခဲ့ကြသော်လည်း၊ ယောရှု မိန့်တော်မူသည် အတိုင်း ပြုခဲ့ကြပါသည်။ ထိုအခါ၊ သူတို့သည် ကြီးမားသော အောင်မြင်မှုကို ရခဲ့ကြပါသည်။ သူတို့ပြုသောအမှုသည် ခါနန်ပြည်ကို သိမ်းပိုက်ဖို့ရန် ဘုရားသခင်၏အစီအစဉ်၌ ပါဝင်ပါ၏။

ရာခပ်သည် သူလျှိုတို့အား ယေရိခေါနှင့် ခါနန်ပြည်၌ရှိသော လူအပေါင်းတို့သည် ဣသရေလလူတို့ကို ကြောက်ရွံ့လျက်ရှိကြကြောင်း ပြောပြခဲ့ပါသည်။ သူမ၏အိမ်သို့ သူလျှိုနှစ်ဦး ဝင်ရောက်ရခြင်း အကြောင်းရင်းကို မဖော်ပြခဲ့ပါ။ အရေးကြီးသောအရာကား၊ သူတို့သည် သူမ၏ ဘုရားသခင် ယုံကြည်ခြင်း ကိုမြင်တွေ့ခဲ့ကြခြင်းပင်ဖြစ်ပါသည်။ ဤယုံကြည်ခြင်းကို ဟေဗြဲသြဝါဒ စာစောင်ထဲ၌ ချီးမွမ်းခဲ့ပါသည်။ "ပြည်တန်ဆာ ရာခပ်သည် သူလျှိုတို့ကို အဆွေဖွဲ့၍ လက်ခံသော ကြောင့်၊ မယုံကြည်သူတို့နှင့်အတူ မပျက်စီးဘဲ၊ ယုံကြည်ခြင်းအားဖြင့် ချမ်းသာရ၏" (ဟေဗြဲ ၁၁း၃၁)။ သူမသည် မိမိ၏ယုံကြည်ခြင်းကို ဤသို့ဖော်ပြခဲ့ပါသည် - "ထာဝရဘုရားသည် သင်တို့အား ဤပြည် ကို ပေးတော်မူကြောင်းကိုင်၊ သင်တို့ကို ငါတို့ ကြောက်လန့်အားကြီး၍ သင်တို့ကြောင့် ပြည်သူ ပြည်သားအပေါင်းတို့သည် စိတ်ပျက်ကြောင်းကိုင် ကျွန်မ သိပါ၏။ သင်တို့သည် အဲဂုတ္တုပြည်မှ ထွက်လာသောအခါ ဧဒုံ ပင်လယ်ရေကို ထာဝရဘုရား ခန်းခြောက်စေတော်မူကြောင်းကိုင်၊ ယော်ဒန်မြစ် တဘက်၌နေ၍ သင်တို့ ရှင်းရှင်းပျက်ဆီးသော အာမောရိ ရှင်ဘုရင် ရှိဟုန်နှင့် ဩဃ တို့၌ သင်တို့ ပြုသောအမှုကိုင် အကျွန်ုပ်တို့ ကြားရကြပြီ။ ထိုသတင်းကို ကြားသောအခါ အကျွန်ုပ် တို့သည် စိတ်ပျက်၍ သင်တို့ကြောင့် တစ်စုံတယောက်သောသူ၌မျှ ရဲရင့်ခြင်း သတ္တိအလျှင်း မကျန် ကြွင်းပါ၊ အကြောင်းမူကား သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် အထက် ကောင်းကင်ဘုံ၌ငင်၊ အောက်အရပ် မြေကြီး၌ငင်၊ အစိုးရသော ဘုရားသခင်ဖြစ်တော်မူ၏" (ယောရှု ၂း၉-၁၁)။ ဤ ဝန်ခံချက်သည် သူလျှိုတို့အတွက် ခွန်အားဖြစ်ခဲ့ပါသည်။ ဣသရေလသည် အောင်မြင်မှု ရမည် အကြောင်း ပေါ်လွင်ခဲ့ပါသည်။ ဣသရေလတို့ အောင်နိုင်ခဲ့သော အာမောရိ ရှင်ဘုရင်တို့သည် ယော်ဒန်မြစ် တဘက်၌ရှိသော၊ ယေရိခေါ၏ အိမ်နီးချင်းများဖြစ်ကြပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိ၏အမှုတော်၌ လိုအပ်သောအချိန်တွင် မိတ်ဆွေ အဆက်အသွယ် ပေးသနားတော်မူ၏။

**ဆုတောင်းချက်**- အဖဘုရား၊ လိုအပ်သောအချိန်၌ အကျွန်ုပ်ကို ကိုယ်တော် မစတော်မူပါ။

**ယောရှု ၂**
ယာကုပ် ၂း၂၄-၂၆

*"ပြည်တန်ဆာ ရာခပ်သည်၊ . . . အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်သည် မဟုတ်လော။"*

# ရာခပ်၏ဝန်ခံချက်နှင့်တောင်းဆိုချက် (၂)

ယေရိခေါလူတို့သည် ယော်ဒန်မြစ်အရှေ့ဘက်၌ရှိသော ရှင်ဘုရင်တို့သည် အင်အားကြီးကြောင်း သိခဲ့ကြပါသည်။ သို့သော်လည်း သူတို့သည် မောရှေ ဦးဆောင်ခဲ့သော ဣသရေလလူတို့ကို မယှဉ်နိုင်ခဲ့ကြပါ။ ယခုတွင်၊ ထိုရန်သူ ယေရိခေါလူတို့၏ အကြောက်တရားကို သူလျှိုတို့သည် သိခဲ့ကြရ၏။

ရာခပ်သည် ဘုရားသခင်အပေါ် မိမိ၏ယုံကြည်ခြင်းကို ပြသသည်သာမက၊ ထိုသူလျှိုတို့အား တောင်းဆိုမှုတခု ပြုခဲ့ပါသည်။ သူမသည် သူတို့အား ကောင်းမွန်စွာ ဆက်ဆံခဲ့သောကြောင့် ဘုရားသခင်သည် ယေရိခေါမြို့ကို သူတို့လက်သို့ ပေးသောအခါ၊ မိမိ၏မိသားစုကို အရှင်ထား၍ ကယ်တင်ဖို့ရန် တောင်းဆိုခဲ့ပါသည်။ ဘုရားသခင်သည် ဤမြို့ကို သူတို့ထံ ပေးတော်မူမည်ဟု သူမ ယုံကြည်ခဲ့ပါသည်။ ထို့ကြောင့် သူမသည် လုံခြုံမှုလိုအပ်ပါ၏။ သူလျှိုတို့ကလည်း သူမ၏ တောင်းဆိုမှုကို သဘောတူခဲ့ကြပြီး၊ သက်သေ အမှတ်အသားတခု ပေးခဲ့ကြပါသည်။

**ကယ်တင်ခြင်း ကြိုးနီ**၊ စိုးရိမ်စရာ မရှိသောအခါ၊ ရာခပ်သည် သူတို့ကို အိမ်ခေါင်မိုးပေါ်မှ ဆင်းစေခဲ့ပါသည်။ ထိုသို့ ထွက်ခွါ မသွားမီ၊ သူတို့က ရာခပ်နှင့်သူမ၏မိသားစုအား ဤမြို့ကို ဘုရားသခင် ပေးတော်မူသောအခါ၊ ကွယ်ကာမည်အကြောင်း ကျိန်ဆိုလျက် ဂတိပေးခဲ့ကြပါသည်။ ထိုအခါ၊ ရာခပ်သည် သူတို့ကို မြို့ရိုး ပြူတင်းပေါက်မှ ကြိုးဖြင့် ချပေးခဲ့ပါသည်။ သူတို့ကို လိုက်ဖမ်းသောသူများ ပြန်လာသည် အထိ၊ တောင်ပေါ်၌ ပုန်းနေကြခြင်းငှါ ရာခပ်က မှာထားခဲ့ပါသည်။ သတို့ကလည်း သူမကို ကြိုးနီတခု ပေးလျက်၊ ထိုကြိုးနီကို ပြူတင်းပေါက်၌ ချည်ထားရန် မှာထားခဲ့ကြပါသည်။ ထို့ပြင် ဤမြို့ သိမ်းပိုက်ခြင်းခံရသောအခါ၊ သူမ၏မိသားစုအပေါင်းသည် ထိုအိမ်ထဲ၌ နေကြရမည်ဟု ဆိုခဲ့ကြပါသည်။ ထိုအခါ၊ သူတို့သည် သေခြင်းမှ လွတ်မြောက်ကြမည်ဖြစ်ပါသည်။ ဤကြိုးနီသည် အမှတ်အသားတခု သာမက၊ ခရစ်တော် အသွေးတော်၏ ကယ်တင်ခြင်းကို ညွှန်ပြလျက်ရှိပါသည်။ ထို့ကြောင့် အနီရောင်ကို အမှတ်အသားအဖြစ် ထားခဲ့ခြင်းဖြစ်ပါသည်။ ထွက်မြောက်ရာကျမ်းထဲတွင်၊ ဣသရေလလူတို့သည် သိုးသငယ်ကို သတ်၍ အသွေးကို သူတို့၏ အိမ်တံခါး တိုင်နှစ်ဘက်နှင့် အပေါ်တန်း၌ သုတ်ရမည်ကြောင်း ဘုရားသခင်မှာထားခဲ့ပါသည်။ ထိုအခါ၊ ကောင်းကင်တမန်သည် ထိုအသွေးကို မြင်လျှင် ထိုအိမ်ကို ကျော်သွားမည်ဖြစ်ပါသည်။ ယနေ့တွင် ခရစ်တော်သည် မိမိ၏အသွေးတော်ကို သွန်းလောင်းခဲ့ပြီးဖြစ်သောကြောင့်၊ ထိုခရစ်တော်ကို ယုံကြည်သောသူအပေါင်းတို့သည် ကယ်တင်ခြင်းရ၍ ထာဝရအသက်ကို ပိုင်ဆိုင်ကြ၏။

**ဆင်ခြင်ရန်** - "အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ" (ဟေဗြဲ ၉း၂၂)။
**ဆုတောင်းချက်**- အဖဘုရား၊ ခရစ်တော် အသွေးတော်၏တန်ခိုးတော်ကြောင့် ကျေးဇူးတင်ပါ၏။

*" စာလမုန်သည် မိမိခင်ပွန်း ရာခပ် တွင်မြင်သောသား ဗောဇ။ ဗောဇသည် မိမိခင်ပွန်း ရုသ တွင်မြင်သောသား ဩဗက်။ ဩဗက် သား ယေရှဲ။"*

# အမှုပြီးမြောက်ခြင်း

သူလျှိုများ လုံခြုံစွာ ပြန်ရောက်လာနိုင်ခြင်းသည် အလွန်အရေးကြီးလှပါ၏။ သူတို့သည် သုံးရက်လုံးလုံး တောင်ပေါ်မှာ ပုန်းခဲ့ကြသောကြောင့် ဖမ်းဆီးခြင်း မခံခဲ့ရပါ။ သူတို့သည် ယောရှုထံ ပြန်လာခဲ့ကြပြီး၊ သူတို့၏အောင်မြင်အမှုကို ပြောကြားခဲ့ကြ၏။ ယေရိခေါမြို့နှင့် ခါနန်ပြည်၌ ရှိသော လူအပေါင်းတို့သည် စိတ်ပျက်လျက်ရှိကြကြောင်း ပြောခဲ့ကြပါသည်။ ဘုရားသခင်သည် ထိုပြည်ကို မိမိတို့ထံ အမှန် ပေးတော်မူပြီဖြစ်ကြောင်း ဆိုခဲ့ကြပါသည်။ ရာခပ်၏လုံခြုံမှုကိုလည်း သူတို့တာဝန်ယူမည်ဟု ဂတိပေးခဲ့ကြကြောင်း အသိပေးခဲ့ပါသည်။ သူမသည် ထိုသူလျှိုနှစ်ဦးထဲမှ တဦးဖြစ်မည်ဟုထင်ရသော စာလမုန်နှင့် လက်ထပ်ခဲ့ပါသည်။ ရာခပ်၏နာမည်သည် ခရစ်တော်၏ဆွေစဉ်မျိုးဆက်တွင် ပါဝင်ခဲ့ပါသည်။

ခါနန်ပြည်သို့ဝင်ရောက်ဖို့ရန် ပထမခြေလှမ်း လှမ်းရမည့်အချိန် ရောက်ရှိလာခဲ့ပါသည်။ ပထမဆုံး တိုက်ခိုက်သိမ်းပိုက်ရမည့် မြို့မှာ ယေရိခေါ ဖြစ်ပါသည်။ ဤအမှုဖြစ်လာခြင်းသည် မောရှေထံ ဘုရားသခင် ပေးတော်မူသော ဂတိတော် ကြောင့်ဖြစ်ပါသည်။ ပြန်လည် မတိုက်ခိုက်ရဲလောက်အောင်၊ ထိုမြို့၌နေသောသူများ၏စိတ်နှလုံး ထဲ၌ ကြောက်လန့်ခြင်း ရှိစေတော်မူသောသူသည် ဘုရားသခင်ဖြစ်ပါသည်။ ဘုရားသခင်ယုံကြည်ခြင်းနှင့် ကြားဝင်ဖြန်ဖြေခြင်း အမှုကို ပြုတော်မူသော ခရစ်တော်ယုံကြည်ခြင်းသည် ကယ်တင်ခြင်း အရင်းအမြစ်ဖြစ်ပါသည်။ Matthew Henry က ဤသို့ ရှင်းပြခဲ့ပါသည် - "ရာခပ်သည် သူမ၏ရှင်ဘုရင်နှင့်တိုင်းပြည်ကို ဆန့်ကျင်လျက် ထိုသူတို့ကို လက်ခံခဲ့ပါသည်။ ထိုအမှုသည် ကောင်းသောအမှုဖြစ်ကြောင်း ကျွန်တော်တို့ သိမှတ်ကြပါသည်။ တမန်တော်ကလည်း ထိုသို့ ဆိုခဲ့ပါသည်၊ ယာကုပ် ၂း၂၅။ သူမသည် လူကို မကြောက်ဘဲ၊ ယုံကြည်ခြင်းဖြင့် ပြုခဲ့ခြင်းဖြစ်ပါ၏။ ဘုရားသခင်အတွက် ကြိုးစားလုပ်ဆောင်သောသူ၊ ဘုရားသခင်၏လူတို့နှင့် တလုံးတဝတည်းဖြစ်ခြင်းကို ခံယူသောသူသည် စစ်မှန်သော ယုံကြည်သူဖြစ်ကြ၏။ ထိုသူလျှိုတို့သည် ဘုရားသခင်၏ လမ်းပြ ကွယ်ကာ မစခြင်းကို ခံရလျက်၊ ရာခပ်သည်လည်း မကောင်းသော အကြံဖြင့် မဟုတ်ဘဲ၊ ဘုရားသခင်နှင့် ဣသရေလကို အလေးထားသောကြောင့် သူတို့ကို လက်ခံကူညီခဲ့ခြင်းဖြစ်ပါသည်။ ရာခပ်၏အမှား၌ ဆင်ခြေများပေးတတ်ကြသော်လည်း၊ ထိုဆင်ခြေတို့သည် အရာမရောက်ပါ။ သူမသည် ဘုရားသခင်၏ပညတ်တရားများကို များများ သိခဲ့လိမ့်မည်မဟုတ်ပါ။ ပညတ်တရားကောင်းကောင်းသိသောသူတို့က အဘယ်အကြောင်းကြောင့်ဖြစ်ဖြစ် ဤသို့သော အမှားကို ကျူးလွန်ခဲ့လျှင်၊ ကြီးလေးသော ပြစ်ဒဏ်ခံသင့်ပါ၏။"

**ဆင်ခြင်ရန်** - "ယုံကြည်ခြင်းသည် လောကီအမှုကို အောင်နိုင်တော်မူ၏။"
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏ ကယ်တင်ခြင်းအမှုကို ကျွန်တော် အစဉ်ယုံကြည်စိတ်ချရပါ၏။

စနေ၊ အောက်တိုဘာ (၁၄)

**ယောရှု ၃**

ဆာလံ ၄၄း၁-၄

*"အို ဘုရားသခင်၊ . . . ယာကုပ်အမျိုး၏ ကယ်တင်ခြင်းအကြောင်းကို စီရင်တော်မူပါ။"*

# ယော်ဒန်မြစ်ကိုဖြတ်ကူးဖို့ရန် နောက်ဆုံးပြင်ဆင်ခြင်း

ယော်ဒန်မြစ်ဖြတ်ကူးခြင်းသည် အံ့ဘွယ်အမှုတခုဖြစ်ပါသည်။ ခါနန်ပြည်ကို သိမ်းပိုက်ဖို့ရန် နောက်ဆုံးလှုပ်ရှားမှုလည်းဖြစ်ပါသည်။ ဘုရားသခင်သည် မိမိ၏ဂတိတော်ကို စုံလင်စေကြောင်း ဣသရေလသမိုင်း၌ ထင်ရှားခဲ့ပါသည်။ နောက်ဆုံးတွင်၊ သူတို့သည် ပြင်ဆင်၍ ခါနန်ပြည်သို့ ဝင်ရောက်ခဲ့ကြပါသည်။ ယောရှုသည် လူထုအား ပြုရမည့်အမှုကို မိန့်တော်မူလျက်၊ ဘုရားသခင်သည် မိမိ၏ဂတိတော်ကို စတင်စုံလင်စေကြောင်း ခွန်အားပေးခဲ့ပါသည်။ ခါနန်ပြည်ကို သိမ်းပိုက်ခြင်းသည် လွယ်ကူသောအမှု မဟုတ်၊ စစ်တိုက်ဖို့လိုပါ၏။ ဣသရေလသည် အဆင်သင့်ရှိပါသည်။

ဣသရေလသည် နောက်ဆုံးစခန်းချသော အရပ် ရှိတ္တိမ်မြို့မှ ထွက်သွား၍ ယော်ဒန်မြစ်ကမ်း၌ စခန်းချခဲ့ပါသည်။ ယောရှုက လူထုကို အမိန့်ပေးမည့် တပ်မှူးများ ခန့်ထားခဲ့ပါသည်။ သုံးရက် ပြည့်သောအခါ၊ တပ်မှူးတို့သည် လူထုအား ချီတတ်ဖို့ရန် အမိန့်ပေးခဲ့ကြ၏။ လူထုသည် အလွန်များသောကြောင့် ဤအမှုသည် သေးငယ်သောအမှု မဟုတ်ပါ။ မောဘပြည်၌ လူဦးရေ ရေတွက်ချက်အရ (တောလည် ၂၆) လူထုအရေအတွက်သည် နှစ်သိန်းလောက်ဖြစ်ပါသည်။ အမျိုးတိုင်း လူဦးရေ တူညီသည်ဟု ယူဆလျှင်၊ ယော်ဒန်မြစ်ကို ဖြတ်ကူးသော အမျိုး ကိုးမျိုးနှင့် တဝက်တွင်၊ လူမျိုးတမျိုးသည် တသိန်း ငါးသောင်း လောက်ဖြစ်ကြပါလိမ့်မည်။ ဤလူဦးရေ အရေအတွက်သည် အတိကျ မဟုတ်၊ အလွန်များလှကြောင်း ခန့်မှန်းခြေဖော်ပြခြင်း သာဖြစ်ပါသည်။ ထိုသို့ ဖြတ်ကူးခြင်းသည် အမှန်မှာ တစ်ရက်၊ နှစ်ရက် လောက်ကြာနိုင်ပါသည်။ တပ်မှူးတို့သည် ယောရှု ပေးသော အမိန့်ကို လူတို့ထံ ပြန်ပြောဖို့ရန် အသင့် ရှိနေကြပါသည်။

လူထုသည် ပဋိညာဉ်သေတ္တာကို သယ်ဆောင်ကြသော ယဇ်ပုရောဟိတ်နှင့် လေဝိအမျိုးများ နောက်မှ လိုက်ပါ ချီတတ်ကြရမည်ဖြစ်ပါသည်။ သူတို့သည် သေတ္တာတော်နှင့် မီတာ တစ်ရာလောက် ကွာဝေး နေကြရပါမည်။ ယောရှုသည် ချီတတ်ရန် အစီအစဉ်ကို သေးစိတ် အမိန့်ပေးတော်မူခဲ့ပါသည်။

အမှုတိုင်း၌ ပြင်ဆင်မှုနှင့် နာခံမှု လိုအပ်ပါသည်။ ဣသရေလသည် ဘုရားသခင်၏ လက်တော်ကို ယုံကြည်ကိုးစားခြင်းရှိသဖြင့်၊ အဆင်သင့်ရှိခဲ့ပါသည်။ သူတို့သည် နှစ်ပေါင်း လေးဆယ်လုံးလုံး ဘုရားသခင်ပြုတော်မူသော အံ့ဘွယ်အမှုတို့ကို သိခဲ့ကြပြီးဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ထာဝရဘုရားသည် ဂတိတော်ကို စောင့်တော်မူသော ဘုရားသခင်ဖြစ်တော်မူ၏။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏ဂတိတော်တို့သည် အကျွန်ုပ်၌ နေ့စဉ်ပြည့်စုံတော်မူပါစေ။

တနင်္ဂနွေ၊ အောက်တိုဘာ (၁၅)
**ယောရှု ၃**
ဆာလံ ၄၆း၇-၁၁

*“ငြိမ်ဝပ်လျက် နေကြလော့။ ငါကား ဘုရားသခင် ဖြစ်သည်ဟု သိမှတ်ကြလော့။ လူမျိုးတို့တွင် ငါသည် ဘုန်းပွင့်မည်။”*

# လူထုထံ ယောရှု မိန့်တော်မူသောစကား

ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်းသည် မောရှေ၏ခေါင်းဆောင်မှုကို ဆက်ခံပြီးနောက် ပထမဆုံး ဆောင်ရွက်ရမည့် ယောရှု၏ ကြီးလေးသောတာဝန် ဖြစ်ပါသည်။ လူထုအား ကိုယ်ကိုကိုယ် သန့်ရှင်း စေကြရန် မိန့်တော်မူ၏။ ဘုရားသခင်သည် သန့်ရှင်းတော်မူသည် ဖြစ်သောကြောင့်၊ ချဉ်းကပ် သောသူအပေါင်းတို့သည် သန့်ရှင်းခြင်းရှိရပါမည်။ ထို့ကြောင့် လူထုအား သန့်ရှင်းတော်မူသော ဘုရားသခင် ရှေ့တော်၌ ရှိနေကြကြောင်း ယောရှု အသိပေးခဲ့ခြင်းဖြစ်ပါသည်။ ဘုရားသခင်နှင့် သူတို့အကြား၌ ဘယ်အရာကမှ မခြားဖို့ရန် ယောရှု သတိပြုခဲ့ပါသည်။

သူတို့နှင့် ဘုရားသခင် အတူရှိတော်မူကြောင်း ကိုယ်စားပြုပြသော အဓိကအရာသည် ပဋိညာဉ်သေတ္တာတော် ပင်ဖြစ်ပါသည်။ သေတ္တာတော်ကို ထမ်းရွက်သော ယဇ်ပုရောဟိတ်တို့သည် ယော်ဒန်မြစ်နားသို့လာ၍ ရေထဲ၌ ရပ်နေကြရပါမည်။ ထိုသို့ပြုဖို့ရန် ယောရှုက ညွှန်ကြားခဲ့ပြီး၊ ဖြစ်လာမည့်အရာကို ဘုရားသခင်အား မျှော်လင့်ကြရန် ဖြစ်ပါသည်။ ဘာဖြစ်လာမည်ကို မသိကြသောကြောင့် သူတို့သည် စွန့်စားကြရပါမည်။ ယနေ့ ယုံကြည်သူတို့သည်လည်း ဝိညာဉ် စစ်ပွဲကို တိုက်နေကြရသည် ဖြစ်၍၊ ဤအမှုသည် လွယ်ကူသောအမှု မဟုတ်ပါ။ အသွေးအသား ရှိသောသူနှင့် မဟုတ်ဘဲ၊ ဝိညာဉ်ဆိုးများနှင့် တိုက်ခိုက်နေခြင်းဖြစ်ပါသည် (ဧဖက် ၆း၁၀)။

**ယောရှုထံ ဘုရားသခင်၏စကားတော်**၊ ဤအချိန်၌ ဘုရားသခင်သည် ယောရှုထံ စကား ပြောတော်မူခဲ့ပါသည်။ မိန့်တော်မူသောစကား ဟူမူကား၊ “ငါသည် မောရှေနှင့်အတူ ရှိသကဲ့သို့ သင်နှင့်အတူ ရှိသည်ကို ဣသရေလအမျိုးသား အပေါင်းတို့သည် သိကြမည်အကြောင်း၊ သူတို့ မျက်မှောက်၌ သင့်ကို ယနေ့ ငါချီးမြှင့်စပြုမည်။ ပဋိညာဉ်သေတ္တာကို ထမ်းသော ယဇ်ပုရောဟိတ်တို့သည် ယော်ဒန်မြစ်ရေ နားသို့ ရောက်သောအခါ၊ ယော်ဒန်မြစ်၌ ရပ်နေရမည်အကြောင်း ဆင့်ဆိုလော့ဟု မိန့်တော်မူ၏” (ယောရှု ၃း၇-၈)။ လူထုက ဘုရားသခင်သည် ယောရှုကို အမှန် ရွေးချယ်ခဲ့ကြောင်း သိခဲ့ကြ၏။ ယဇ်ပုရောဟိတ်တို့သည် ဘယ်နေရာ၌ရပ်ရမည်ကို ဘုရားသခင်က ယောရှုအား ဆင့်ဆိုစေတော်မူခဲ့ပါသည်။ ဤအဖြစ်အပျက်သည် ပင်လယ်နီ ဖြတ်ကူးခြင်းနှင့် တူညီသည့် အပိုင်းရှိပါသည်။ ထိုအဖြစ်အပျက်နှစ်ခုတွင် ရေသည် ရပ်တံ့ကြပြီး၊ ဣသရေလလူတို့သည် မြေပေါ်မှ ဖြတ်လျှောက်ခဲ့ကြ၏။ သူတို့သည် ဘုရားသခင်၏ကယ်တင်ခြင်းကို မြင်တွေ့ ခဲ့ကြ၏။ ယဇ်ပုရောဟိတ်တို့သည် မိန့်တော်မူသည်အတိုင်း ပြုကြပြီး၊ ဂတိတော်အတိုင်း စုံလင်စေတော်မူမည့် ဘုရားသခင်ကို စောင့်မျှော်ခဲ့ကြပါသည်။ ကောင်းကင်မှ ထိုသို့သော စကားတော်သည် ယောရှုကို အလွန် ခွန်အားရှိစေခဲ့ပါသည်။ ထို့ကြောင့် သူသည် ယုံကြည်ခြင်း အပြည့်ဖြင့် လူထုကို မိန့်တော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိအလိုအတိုင်း မိမိအချိန်၌ အံ့ဘွယ်အမှုတို့ကို ပြုတော်မူ၏။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်ကို အစဉ် ယုံကြည်ကိုးစားမည်အကြောင်း ကိုယ်တော် ပြုတော်မူသောအရာတို့က အကျွန်ုပ်ကို ယုံကြည်စိတ်ချမှု ပေးတော်မူ၏။

တနင်္လာ၊ အောက်တိုဘာ (၁၆)
**ယောရှု ၃**
ဆာလံ ၃၁း၁-၈

*"အကျွန်ုပ်၏ကျောက်၊ အကျွန်ုပ်၏ရဲတိုက်ကား ကိုယ်တော်ပေတည်း။ နာမတော်အဘို့အလို့ငှါ လမ်းပြ၍ သွန်သင်ပဲ့ပြင်တော်မူပါ။"*

# လူထုထံ ယောရှု၏ဂတိစကား

ယောရှုက လူထုအား ဘုရားသခင်၏စကားကို လာနားထောင်ဖို့ရန် ဖိတ်ခေါ်ခဲ့ပါသည်။ ဘုရားသခင်သည် ယောရှုကို နှုတ်သတ္တိပေးတော်မူသည်ဖြစ်၍ သူသည် ပြောရမည့်စကားကို ရှင်းလင်းစွာ ဟောပြောနိုင်ခဲ့ပါသည်။ ဣသရေလက သူနှင့်အတူ ဘုရားသခင်အတူပါရှိတော်မူကြောင်း သိလျက်၊ သူတို့ရှေ့မှ ခါနန်လူတို့ကို ဘုရားသခင် မောင်းထုတ်တော်မူမည်အကြောင်း သိဖို့ရန် ယောရှု မိန့်တော်မူခဲ့ပါသည်။

ယခုအချိန်၌ ခါနန်လူတို့သည် ဣသရေလလူတို့ကို ကြောက်သဖြင့် မြို့ရိုးနောက်ကွယ်၌ ပုန်းနေကြရ၏။ ထိုအကြောင်းတရားကို ရာခပ်က ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဘုရားသခင်၏ တန်ခိုးတော်သည် ဣသရေလကို တိုက်ခိုက်သော လူမျိုးတို့၏ အကြားအမြင်ကို ပြောင်းလဲပစ်ခဲ့ပါသည်။ ခါနန်လူတို့ကို မည်သို့မောင်းထုတ်တော်မူမည်ကိုမူ နောက်မှ သိမြင်ရမည်ဖြစ်ပါသည်။ ပဋိညာဉ်သေတ္တာတော် ထမ်းသွားသော ယဇ်ပုရောဟိတ်တို့နှင့် အတူ လိုက်သွားမည့်သူများကို ဣသရေလ အမျိုးတမျိုးမှ တစ်ဦးစီ ရွေးချယ်ကြရမည်ဖြစ်ပါသည်။ ထိုယဇ်ပုရောဟိတ်တို့၏ခြေသည် ရေကို နင်းသောအခါ၊ မြစ်ရေသည် ရပ်တန့်လိမ့်မည်ဖြစ်ပါသည်။

**ဣသရေလသည် ယော်ဒန်မြစ်ကို ဖြတ်ကူးခဲ့ပါသည်**၊ ယော်ဒန်မြစ်ရေသည် အလွန်အားကြီးသည်ဖြစ်သော်လည်း၊ ရပ်တန့်နေခဲ့ပါသည်။ လူထုသည် ထိုမြစ်ကို မြေပေါ်မှ ဖြတ်ကူးခဲ့ကြ၏။ သူတို့ဖြတ်ကူးသော နေရာသည် ယေရိခေါမြို့ တည့်တည့် ဖြစ်ပါသည်။ လူအပေါင်း ဖြတ်ကူးပြီးသည်အထိ ယဇ်ပုရောဟိတ်တို့သည် မြစ်ထဲ၌ ရပ်နေကြ၏။ ဤသို့ဖြင့် လူထုအပေါင်းတို့သည် ယော်ဒန်မြစ်ကို ဖြတ်ကူးခဲ့ကြပါသည်။

ခါနန်ပြည်ကို သိမ်းပိုက်မည့် မျှော်လင့်ချက်ဂတိတော်သည် စတင်စုံလင်လာခဲ့ပါသည်။ ဤအချက်က ဘုရားသခင်သည် အလုံးစုံတတ်စွမ်းနိုင်တော်မူကြောင်း ဖော်ပြလျက်ရှိ၏။ ဤဘုရားသခင် ပြုတော်မူသော အံ့ဘွယ်အမှုများကို ပြောကြားနေခဲ့ကြသော်လည်း၊ လူတို့သည် မယုံကြည်လိုကြပေ၊ ဆန့်ကျင်ခြင်းသာ ပြုကြ၏။ ထိုသို့ဖြစ်ခြင်းမှာ စာတန်သည် လူတို့၏စိတ်နှလုံးကို ခိုင်မာစေသောကြောင့် ဖြစ်ပါသည်။ သို့သော်လည်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ထာဝရတည်ပါ၏။ ဘုရားသခင်၏ဂတိတော်စကားများကို ယုံကြည်ကြပါစို့။

**ဆင်ခြင်ရန်** - ဖန်ဆင်းခံလူသားများ မပြုနိုင်သောအမှုကို ဖန်ဆင်းရှင် ပြုတော်မူနိုင်၏။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်ကို ငံ့လင့်လျက်နေသော အကျွန်ုပ်အဖို့ ယနေ့ကို ကြီးမြတ်သောနေ့ ဖြစ်စေတော်မူပါ။

*"တန်ခိုးရှိသောလက်ရုံးနှင့် ပြည့်စုံတော်မူ၏။
လက်တော်သည် အားကြီး၍၊
လက်ျာလက်တော်သည် မြင့်ပါ၏။"*

## ကျောက်တဆယ်နှစ်လုံး၏ နိမိတ်လက္ခဏာ

ယော်ဒန်မြစ်ဖြတ်ကူးခြင်းသည် ဣသရေလသမိုင်း၌ မှတ်သားစရာတခု ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် ယောရှုကို မိန့်တော်မူလျက်၊ အမျိုးတမျိုးစီမှ လူတစ်ဦးစီ ရွေးချယ်စေခဲ့ပြီး၊ သူတို့အား မြစ်ကူးဖြတ်ရာ နေရာမှ ကျောက်ခဲများကို ယူစေခဲ့ပါသည်။ ထိုသို့ လူဆယ့်နှစ်ဦး ရွေးချယ်စေခြင်းမှာ စည်းလုံးခြင်းနှင့် ကိုယ်စားပြုခြင်းကို ရည်ညွှန်းပါသည်။ ထိုကျောက်များသည် သူတို့အတွက်ဘဲ မဟုတ်၊ နောင်လာနောက်သားများအတွက် ဘုရားသခင်ပြုတော်မူသော အမှုကို အမှတ်ရဖို့ရန် အောက်မေ့ဘွယ် ကျောက်တိုင်ဖြစ်ပါသည်။ ဘုရားသခင် မိန့်တော်မူသည် အတိုင်း၊ သူတို့သည် ထိုကျောက်များကို ခါနန်ပြည်၌ သူတို့ ပထမဆုံး စခန်းချရာအရပ်သို့ ယူဆောင်ခဲ့ကြ၏။ ထိုဆယ့်နှစ်ဦးတို့က ကျောက်များကို ယဇ်ပုရောဟိတ်များ ရပ်သော ယော်ဒန်မြစ်ထဲမှ ယူခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက်၊ ထိုကျောက်များကို သူတို့ ပထမဆုံး စခန်းချရပ်နားရာ ဂိလဂါလ မရပ်၌ စိုက်ထူခဲ့ကြပါသည်။ ယောရှုသည် မောရှေကဲ့သို့ ဣသရေလလူအပေါင်းရှေ့၌ ချီးမြှောက်ခြင်း ခံရပါသည်။ သူတို့သည် ယော်ဒန်မြစ်ကို ဖြတ်ကူးခဲ့ကြပြီး၊ ခါနန်၌ အခြေချရန် အဆင်သင့် ဖြစ်ကြပါသည်။

ရုဗင်အမျိုး၊ ဂဒ်အမျိုးနှင့် မာနရှေ အမျိုး တဝက်တို့သည် ယော်ဒန်မြစ် အရှေ့ဘက်ကမ်း၌ အမွေရခဲ့ကြပြီ ဖြစ်သော်လည်း၊ သူတို့သည် ခါနန်ပြည်ကို သိမ်းပိုက်ခြင်း၌ ညီအစ်ကိုတို့နှင့် ဆက်လက် ချီတတ်ခဲ့ကြပါသည်။ ဤအချက်က သူတို့အပေါင်းသည် လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ပြည် ဖြစ်ကြကြောင်းကို ဖော်ပြလျက်ရှိပါသည်။

ထိုကျောက် ဆယ့်နှစ်လုံးကို စိုက်ထူဖို့ရန် ယောရှု ပြင်ဆင်နေစဉ်၊ ဘုရားသခင်၏စကားကို လူထုထံ ထပ်မံပြောကြားခဲ့ပါသည်။ ဣသရေလ၏ များပြားသော လူဦးရေ အရ၊ ထိုသို့ ယော်ဒန်မြစ်ဖြတ်ကူးခြင်း၌ တစ်ရက် လောက်ကြာခဲ့မည်ဟု ထင်ရပါသည်။ နောက်ဆုံးတွင်၊ သူတို့သည် ခါနန်ပြည်သို့ ရောက်ရှိခဲ့ကြပြီဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "အို ထာဝရဘုရား၊ ကိုယ်တော်၏သစ္စာတော်သည် ကြီးမြတ်လှပါ၏။"
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်ပြုတော်မူသောအမှုတို့သည် ကြီးမြတ်တော်မူသည် ဖြစ်၍၊ ကျွန်တော် အစဉ် ပြောကြား သက်သေခံပါမည်။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၁၈)
**ယောရှု ၄း၁၁-၁၈**
ဆာလံ ၃၁း၁-၈

*“အကျွန်ုပ်၏ကျောက်၊ အကျွန်ုပ်၏ရဲတိုက်ကား ကိုယ်တော်ပေတည်း။ နာမတော်အဘို့အလို့ငှါ လမ်းပြ၍ သွန်သင်ပဲ့ပြင်တော်မူပါ။”*

# ယောဒန်မြစ် ဖြတ်ကူးခြင်းအံ့ဘွယ်အမှု

ဣသရေလသည် စနစ်တကျ ချီတတ်ခဲ့ပါသည်။ ကျမ်းစာဖော်ပြချက်အရ၊ ရုဗင်အမျိုး၊ ဂဒ်အမျိုး နှင့် မာနာရှေ အမျိုး တဝက် လူဦးရေသည် လေးသောင်း ဖြစ်ပါသည်။ ကျန်အမျိုး လူဦးရေသည်၊ သူတို့၏ဇနီးများနှင့်သားသမီးများ အပါအဝင်၊ ပို၍ အလွန်များပြားမည်ဖြစ်ပါသည်။ သို့သော်လည်း၊ စနစ်တကျ လှုပ်ရှား ချီတတ်ခဲ့ကြပါသည်။ အမျိုးတိုင်းသည် သူတို့ နေရာနှင့် သူတို့ ရှိကြပြီး၊ လူတစ်ထောင်အုပ်စု မှစ၍ တစ်ဆယ်အုပ်စု အထိ ခေါင်းဆောင်ကိုယ်စီ ရှိကြသည်အတိုင်း၊ လူတိုင်း၌ တာဝန်ကိုယ်စီရှိကြ၏။ လူတိုင်း မိမိနေရာ၌ရှိကြပြီး၊ ခေါင်းဆောင်တိုင်းက မိမိအထက်က ခေါင်းဆောင်ထံ သတင်းပို့ကြပါသည်။

တောလည်ရာကျမ်း၌ ဤစနစ် အလွန်ကောင်းမွန်ကြောင်းကို တွေ့ရပါသည်။ မောရှေ လက်ထက်၌ ဤစနစ် အလွန်အသုံးဝင်ခဲ့ပြီး၊ ယောရှုက ဆက်လက်၍ အကျိုးရှိစွာ အသုံးပြုခဲ့ပါသည်။ ယခုအချိန်တွင်၊ အရေးကြီးဆုံးသောအရာမှာ ဘုရားသခင်၏လမ်းညွှန်မှုကို မည်သို့စုံလင်စွာ ဖော်ဆောင်ရမည်နည်း ဟူသောအချက်ပင်ဖြစ်ပါသည်။ ရုဗင်၊ ဂဒ်နှင့် မာနာရှေ အမျိုး တဝက်တို့ သည် မောရှေထံ ပြုခဲ့သော ဂတိတော်အတိုင်း ယော်ဒန်မြစ်ကို ညီအစ်ကိုတို့နှင့် ဖြတ်ကူး၍ ခါနန်ပြည် ကို သိမ်းပိုက်ဖို့ရန် ချီတတ်ခဲ့ပါသည်။ ဤအချက်က စည်းလုံးမှုကို ပြသလျက်ရှိပါသည်။ ယခုအခါ၊ ဣသရေလသည် ယေရိခေါ လွင်ပြင်တွင် ရောက်ရှိလျက်ရှိ၍ ယောရှု၏အမိန့်ကို စောင့်လျက်ရှိကြပါ သည်။ အရာရာတိုင်းသည် စီစဉ်ခဲ့သည်အတိုင်း အဆင်ပြေချောမောလျက်ရှိပြီး၊ ဘုရားသခင်၏ ဂတိတော်ကို စုံလင်စေဖို့ရန် ဣသရေလ အမျိုး ဆယ့်နှစ်မျိုး၌ စည်းလုံးခြင်းရှိကြောင်း တွေ့ရပါသည်။ သူတို့သည် ကောင်းသော သင်ခန်းစာ ရခဲ့ကြပြီး၊ ဘုရားသခင် မိန့်တော်မူသည်အတိုင်း ပြုဖို့ရန် အဆင်သင့်ရှိခဲ့ကြပါသည်။

ကျောက်တိုင်စိုက်ထူခြင်းအကြောင်းကို Matthew Henry က ဤသို့ရှင်းပြခဲ့ပါသည် - “ဘုရားသခင်ပြုတော်မူသောအမှုသည် အောက်မေ့ခြင်းနှင့်ထိုက်တန်သည်ဖြစ်သောကြောင့်၊ ကျွန်တော်တို့နှင့်သားသမီးတို့သည် ဘုရားသခင်၏ဘုန်းတော်နှင့်ကျွန်ုပ်တို့၏ကောင်းကျိုးအတွက် အောက်မေ့ရပါမည်။ အောက်မေ့ဘွယ်ကျောက်တိုင်ပြင်ဆင်ဖို့ရန် ဘုရားသခင် မိန့်တော်မူ၏။”

ဘုရားသခင်က ဣသရေလလူတို့၌ အံ့ဘွယ်အမှုပြုခဲ့သော်လည်း၊ ယော်ဒန်မြစ်ဖြတ်ကူးခြင်း ၌ ယောရှုအား ခေါင်းဆောင်အဖြစ် ခန့်ထားတော်မူခြင်းနှင့် သူ၏ခေါင်းဆောင်နိုင်မှုစွမ်းရည်ကို တွေ့ရပါသည်။ ထိုသို့ဖြတ်ကူးပြီးနောက်၊ ယော်ဒန်မြစ်သည် ပုံမှန်အတိုင်း ပြန်လည် စီးဆင်းခဲ့ပါသည်။ ဣသရေလလူတို့သည် မောရှေကဲ့သို့ ယောရှုကိုလည်း ကြောက်ရွံ့ခဲ့ကြပါသည်။ ဤအမှုသည် မောရှေ၏နေရာကို ဆက်ခံပြီးနောက် ယောရှု မြင်တွေ့ရသော ပထမဆုံးသော အံ့ဘွယ်အမှုဖြစ် ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ထိုက်တန်သော ခေါင်းဆောင်ကို ပြုစုပျိုးထောင်လျက်၊ အသုံးပြုတော်မူ၏။

**ဆုတောင်းချက်**- အဖဘုရား၊ သစ္စာရှိ၍ ထိုက်တန်သောခေါင်းဆောင်များကို အကျွန်ုပ်တို့အား ပေးသနားတော်မူပါ။

**ယောရှု ၄း၁၁-၁၈**
သု ၁၆း၁-၉

*"လူကျင့်သောအကျင့်တို့ကို ထာဝရဘုရားသည် နှစ်သက်သောအခါ ထိုသူ၏ရန်သူကိုပင် သူနှင့် သင့်တင့်စေတော်မူ၏"*

# ဘုရားသခင်သည် ယောရှုကို ချီးမြှောက်တော်မူ၏

ယောရှု ဆောင်ရွက်ရမည့်အမှုသည် လွယ်ကူသောအမှု မဟုတ်ပါ၊ အတွင်း အပြင် တိုက်ခိုက်မှုများ ရှိနိုင်သောကြောင့်၊ သူသည် အဆင်သင့်ရှိရပါမည်။ ဘုရားသခင်သည် သူ့ကို ခန့်ထားတော်မူကြောင်း ဣသရေလလူတို့သည် သေချာသိခဲ့ကြသောကြောင့်၊ သူ့ကို ကြောက်ရွံ့ ရိုသေခဲ့ကြပါသည်။ ယောရှု၏စကားကို ဘုရားသခင်ထံမှလာသောစကားဟု မှတ်ယူခဲ့ကြပါသည်။

ဣသရေလ လုပ်ဆောင်ရမည့်အမှုသည် ခါနန်ပြည်ကို သိမ်းပိုက်ရန် ဖြစ်ပါသည်။ အရင်က သူလျှိုတို့သည် ခါနန်ပြည်ရှိ မြို့တို့မှာ မြင့်သောမြို့ရိုးကာရံထားသောကြောင့် လွယ်ကူစွာ သိမ်းပိုက်နိုင်မည် မဟုတ် ဟုဆိုခဲ့ဖူးပါသည်။ ထို့ပြင်၊ သူတို့သည် လူကောင်ထွားၡ၍ အလွန် ကြီးမားကြသောကြောင့်၊ ဘုရားသခင် အတူမရှိလျှင်၊ ဣသရေလသည် အောင်မြင်မှု ရနိုင်မည် မဟုတ်ပါ။ ယောရှုသည် ထိုသလျှိုတို့တွင် တစ်ဦးဖြစ်၍ သူနှင့်ကာလက် ကသာလျှင် လူထုအား အားပေးလျက် ထိုပြည်ကို ဝင်ရောက်သိမ်းပိုက်ရန် တိုက်တွန်းခဲ့ကြ၏။ ထိုအခါ၊ သူလျှို အများစု၏ စကားကို နားထောင်ကြသောကြောင့်၊ ခါနန်ပြည် သိမ်းပိုက်ခြင်းသည် နောက်ကျခဲ့ခြင်းဖြစ်ပါသည်။

ဖြစ်နိုင်သည်ဟု ယောရှု ယုံကြည်ခဲ့သောအမှု စုံလင်ရမည့်အချိန် ရောက်လာခဲ့ပါပြီ။ ဣသရေလလူတို့သည် မိမိကိုယ်ကို မကိုးစားဘဲ၊ ဘုရားသခင်၏လမ်းညွှန်မှုကို စောင့်ကြရပါမည်။ ယော်ဒန်မြစ် ဖြတ်ကူးခြင်း အံ့ဘွယ်အမှုက ယောရှု၏စကားကို နာခံရမည်ဟု သူတို့ကို သတိပေးလျက်ရှိပါသည်။ ယောရှုသည် သူလျှိုနှစ်ဦး၏ သတင်းစကားကြောင့်လည်း စိတ်ခွန်အားရခဲ့ပါသည်။ ခါနန်ပြည်သူပြည်သားတို့သည် ကြောက်လန့်ခြင်းရှိကြကြောင်း ယေရိခေါမြို့သို့ သွားခဲ့သော သူလျှိုနှစ်ဦးက ပြောကြားခဲ့ပါသည်။ ယောရှုသည် ဘုရားသခင်ကို မကိုးစားခဲ့လျှင် ထိုပြည်ကို သိမ်းပိုက်ဖို့ရန် ကြိုးစားခဲ့မည် မဟုတ်ပါ။

ယောရှုသည် ခေါင်းဆောင်ကောင်းဖြစ်၍ ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့ပါသည်။ ဘုရားသခင်၏အမိန့်နှင့်ဂတိတော်ကို တခါမျှ မေးခွန်း မထုတ်ခဲ့ပါ။ သူ၏ယုံကြည်ခြင်းနှင့်အသက်တာသည် နောင်လာနောက်သားများအတွက် သင်ခန်းစာဖြစ်မည်ကို သူသိခဲ့ပါသည်။ ခါနန်ပြည်ကို နင်းသော အချိန်ကတည်းက သူသည် ဘုရားသခင်မိန့်တော်မူသည်အတိုင်း ပြုခဲ့ပါသည်။ သူသည် ယုံကြည်ခြင်းဖြင့် ရှေ့ဆက် လျှောက်လှမ်းခဲ့ပါသည်။

ယခုအချိန်၌ ဣသရေလသည် စည်းလုံးခြင်းရှိ၏၊ တောလည်ရာကျမ်းထဲ၌ တွေ့ရသော ဆန့်ကျင်ခြင်း စိတ်သဘော မရှိတော့ပါ။ သူတို့သည် ပြောင်းလဲခဲ့ပါသည်။ သူတို့သည် ယောရှု၏စကားကို နာခံလျက်၊ ခါနန်ပြည်၌ အသစ်သောဘဝကို စတင်ရန် အသင့်ဖြစ်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - သစ္စာရှိခြင်းကို လူနှင့်ဘုရားသခင် နှစ်သက်တော်မူ၏။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏အမှုတော် ဆောင်ရွက်သောကျွန်ုပ်တို့ကို စည်းလုံးခြင်း စိတ်သဘော ပေးသနားတော်မူပါ။

သောကြာ၊ အောက်တိုဘာ (၂၀)

**ယောရှု ၄း၁၉-၂၄**

ယောဟန် ၈း၃၁-၃၆

*"သမ္မာတရားကိုလည်း သိကြသဖြင့်၊ ထိုတရားသည် သင်တို့ကို လွတ်လိမ့်မည်"*

# ဂိလဂါလအရပ်၌ စိုက်ထားသောကျောက်တိုင်၏အဓိပ္ပါယ်

ဂိလဂါလသည် ခါနန်ပြည်တွင် ဣသရေလ ပထမဆုံး စခန်းချရာနေရာဖြစ်ပါသည်။ ဂိလဂါလသည် ယော်ဒန်မြစ်နှင့် ယေရိခေါမြို့အကြား၌ ရှိသောမြို့ဖြစ်ပါသည်။ ထိုနေရာ၌ ဣသရေလ စခန်းချသော အချိန်သည် ပထမလ၏ ဆယ်ရက်နေ့ ဖြစ်ပါသည်။ "ဂိလဂါလ အမည်၏ အဓိပ္ပါယ်မှာ လှိမ့်ပတ်ခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဣသရေလသည် အလွန်ကြာမြင့်စွာ စောင့်ထိန်းခဲ့သော အရေဖျားလှီးခြင်းကို ထိုအရပ်၌ ပြု၍ သူတို့၏ အရှက်တရားကို လှိမ့်ပတ် ပျောက်ကွယ်စေသောကြောင့်ဖြစ်ပါသည်" (Davis Dictionary of the Bible)။

ယောရှုသည် ထိုအရပ်၌ ကျောက် ဆယ့်နှစ်လုံးကို ပုံထားခဲ့ပါသည်။ ဘုရားသခင်၏အမိန့်အားဖြင့် ထိုသို့ပြုခဲ့ခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် အရင်အချိန်၌ ပင်လယ်နီကို ခန်းခြောက်စေသကဲ့သို့ ယော်ဒန်မြစ်ကိုလည်း ခန်းခြောက်စေတော်မူကြောင်း နောင်လာနောက်သားများ သိစေရန် ရည်ရွယ်လျက် သက်သေအဖြစ် ထိုသို့ပြုစေခြင်းဖြစ်ပါသည်။ ယောရှုက ဤသို့ဆိုခဲ့ပါသည် - "နောင်ကာလ၌ သင်တို့၏ သားသမီးတို့က၊ ဤကျောက်တို့သည် အဘယ်သို့ ဆိုလိုသနည်းဟု အဘတို့အား မေးမြန်းလျှင်၊ သင်တို့က၊ ဣသရေလ လူတို့သည် မြေပေါ်မှာ ရှောက်သကဲ့သို့ ဤယော်ဒန်မြစ်ကို ကူးလာကြသည်ဟု သားသမီးတို့အား ကြားပြောရကြမည် . . . ငါတို့သည် ဧဒုံပင်လယ်ကို ကူး၍ ကမ်းတဘက်သို့ မရောက်မှီ တိုင်အောင်၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် ငါတို့ရှေ့မှာ ပင်လယ်ရေကို ခန်းခြောက်စေတော်မူသည်နည်းတူ၊ သင်တို့သည် ယော်ဒန်မြစ်ကို ကူး၍ ကမ်းတဘက် သို့ မရောက်မှီတိုင်အောင်၊ သင်တို့ ရှေ့မှာ မြစ်ရေကို ခန်းခြောက် စေတော်မူသည်" (ယောရှု ၄း၂၁-၂၂)။

ဤအဖြစ်အပျက်ကို နောင်လာနောက်သားများထံ ပြောကြားကြရပါမည်။ ထိုအခါ သူတို့သည် ဘုရားသခင်နှင့်ပြုတော်မူသောအမှုကို ပိုသိကြပါလိမ့်မည်။ ဤကျောက်တိုင်အားဖြင့် နောင်သားသမီးတို့သည် ဘုရားသခင်အကြောင်း သင်ယူရလိမ့်မည်။ ဤအရာက ဘုရားသခင် ပြုတော်မူခဲ့သော အံ့ဘွယ်အမှုများကို အမှတ်ရစေမည်ဖြစ်ပါသည်။

ဟေဗြဲသြဝါဒစာစောင်ထဲ၌ ဖော်ပြသည်အတိုင်း၊ ဘုရားသခင်၌ များစွာသောသက်သေများ ရှိပါသည်။ ကျွန်ုပ်တို့ထံ ပေးသနားတော်မူသော ကယ်တင်ခြင်းသည် ကျွန်တော်တို့ကို အိမ်တော်သို့ ပို့ဆောင်တော်မူလိမ့်မည်။ ယေရှုက လူအပေါင်းတို့ကို မိမိထံ လာ၍ ခိုနားခြင်း ချမ်းသာ ခံရဖို့ရန် ဖိတ်ခေါ်လျက်ရှိပါသည် (မသဲ ၁၁း၂၈-၃၀)။ မိမိလူတို့အဖို့ နေစရာအိမ် ပြင်ဆင်ပေးလျက်၊ မိမိထံ နေရကြဖို့ရန် ခေါ်ဆောင်မူလိမ့်မည်အကြောင်း ဂတိထားတော်မူ၏ (ယောဟန် ၁၄း၁-၃)။ ယေရှုထံ ယနေ့ လာ၍ အသက်ရှင်ခြင်းတည်းဟူသော၊ ပေးသနားတော်မူသော ထာဝရအသက်ကို ခံယူပါလော့။

**ဆင်ခြင်ရန်** - ကျောက်တိုင်သည် ဖြစ်ပျက်သောအရာ မှန်ကန်ကြောင်း သက်သေခံလျက်ရှိ၏။ ထိုမှန်ကန်သောတရားကို ယနေ့တွင် သမ္မာကျမ်းစာ၌ တွေ့ရပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ ကျွန်တော်လည်း သမ္မာတရားကို သက်သေခံသောသူ ဖြစ်လိုပါ၏။

စနေ၊ အောက်တိုဘာ (၂၁)

**ယောရှု ၅**
ဆာလံ ၂၆း၁-၈

*"အကျွန်ုပ်သည် ထာဝရဘုရားကိုခိုလှုံ၍ ရွေ့လျော့ခြင်းနှင့် ကင်းလွတ်ပါလိမ့်မည်"*

# ခါနန်ပြည်သို့ရောက်ရှိခြင်းနှင့်အရေဖျားလှီးခြင်းမင်္ဂလာ

ဣသရေလသည် ယခု ခါနန်ပြည်သို့ ရောက်ရှိသည်ဖြစ်၍ ခါနန်လူအပေါင်းတို့သည် ထိုအကြောင်းကို ကြားသိ၍ ကြောက်လန့်ခြင်းရှိကြ၏။ ဂိလဂါလ၌ သူတို့ စခန်းချစဉ် ခါနန်ပြည် ရှင်ဘုရင်တို့သည် ဘုရားသခင်က ယော်ဒန်မြစ်ကို ခန်းခြောက်စေခဲ့ကြောင်း သိခဲ့ကြပါသည်။ ယောရှု ၅း၁ တွင်၊ ထိုရှင်ဘုရင်တို့သည် ရဲရင့်ခြင်း အလျှင်း မရှိ၊ စိတ်ပျက်ခဲ့ကြကြောင်း ဖော်ပြခဲ့ပါသည်။ မိမိကိုယ်ကို နည်းအမျိုးမျိုးဖြင့် ကွယ်ကာရန်မှအပ ပြုနိုင်သော အမှုတခုမျှ မရှိကြပါ။ ဣသရေလ ဘုရားသခင်ကို မဆီးတားနိုင်မှန်း မသိဘဲ၊ သူတို့သည် သူတို့၏ စစ်သူရဲများနှင့် မြို့ရိုးများကို အားကိုး ခဲ့ကြပါသည်။

ခါနန်လူတို့သည် ကြောက်လန့်ခြင်းရှိကြသော်လည်း၊ ဘာလုပ်ရမည်ကိုမူ မသိခဲ့ကြပါ။ ဘုရားသခင်၏တန်ခိုးတော်ကို သူတို့ သိမြင်ရမည့်အချိန် ရောက်လာခဲ့ပါသည်။ ထိုတန်ခိုးတော်ကို အဘယ်သူကမှ မဆီးတားနိုင်ပါ။ တဘက်တွင်၊ ဣသရေလသည် ဘုရားသခင်၏ပညတ်တရားတော် ကို လိုက်လျှောက်ရမည်ဖြစ်ပါသည်။ ဘုရားသခင်၏စကားကို နာခံလျက်၊ မိန့်တော်မူသည်အတိုင်း ပြုရမည်သာဖြစ်ပါသည်။ ခါနန်လူတို့သည် ဘုရားသခင်ကို ဆန့်ကျင်၍ မကောင်းသောအကျင့် ကျင့်ကြသောကြောင့်၊ ဣသရေလကို အသုံးပြု၍ ဆုံးမခြင်းလည်း ဖြစ်ပါသည်။

ယောရှုသည် တောထဲတွင် မွေးဖွားခဲ့သော၊ အဲဂုတ္တုပြည်မှ ထွက်လာ ကတည်းက အရေဖျား လှီးခြင်း မခံရသေးသော သားယောကျ်ားအပေါင်းတို့ကို ဂိလဂါလ၌ အရေဖျားလှီးခြင်း မင်္ဂလာခံစေ ခဲ့ပါသည်။ အရေဖျားလှီးခြင်း၏ ဝိညာဉ်အကျိုးကို ယောရှု သိခဲ့ပါသည်။ တောထဲ၌ နှစ်ပေါင်း လေးဆယ် လုံးလုံး ဤ မင်္ဂလာကို မခံခဲ့ကြရပါ။ အရေဖျားလှီးခြင်း ပဋိညာဉ်သည် အသွေးသွန်းခြင်း ပါသော အပြင်ပိုင်း လက္ခဏာ ဖြစ်၍၊ အတွင်း ဝိညာဉ်ပိုင်း အကျိုးရှိသော မင်္ဂလာဖြစ်ပါသည်။

အရေဖျားလှီးခြင်းကို ဘုရားသခင်က အာဗြဟံ လက်ထက်ကတည်းက မိန့်တော်မူခဲ့ပါ သည်။ အဲဂုတ္တုပြည်သို့ ဝင်ရောက်ခဲ့သော ယာကုပ် မိသားစုသည်လည်း ထိုပဋိညာဉ်၌ ပါဝင်ခဲ့ကြ ပါသည်။ အရေဖျားလှီးခြင်းသည် ဘုရားသခင်နှင့် ပဋိညာဉ်အားဖြင့် ဆက်နွယ်မှုကို ပြသော တံဆိပ် လက္ခဏာ ဖြစ်ပါသည်။ ဤမင်္ဂလာသည် ယနေ့ ခရစ်ယာန် အသင်းတော်၏ ရေဗတ္တိဇံ မင်္ဂလာနှင့် အတူတူပင်ဖြစ်ပါသည်။ ရေဗတ္တိဇံမင်္ဂလာသည် အတွင်းပိုင်း၌ ဖြစ်ပွားသော ဒုတိယမွေးဖွားခြင်းကို သိမှတ်ဖော်ပြ ပေါ်လွင်စေခြင်းဖြစ်၍ ဘုရားသခင်၏ မိသားစုဝင်ဖြစ်ကြောင်း ကြေငြာခြင်းလည်း ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ရည်ရွယ်ချက် ပြည့်စုံမည့်အချိန် အမှန်ရောက်ရှိပါလိမ့်မည်။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏အလိုတော်ကို သိမြင်လျက်၊ ပညတ်တော်တို့ကို နာခံ လိုက်လျှောက်လိုပါ၏။

တနင်္ဂနွေ၊ အောက်တိုဘာ (၂၂)
**ယောရှု ၅**
တမန် ၂း၂၂-၂၄

*"ဘုရားသခင် ပြဋ္ဌာန်းတော်မူသော အလိုတော် အားဖြင့်၎င်း၊ အနာဂတံသ ဉာဏ်တော် အားဖြင့်၎င်း၊ အပ်နှံခြင်းကို ခံသော ထိုယေရှု . . . "*

## ခါနန်ပြည်၌ ပထမဆုံး ပသခါပွဲကျင်းပခြင်း

အရေဖျားလှီးခြင်း ခံပြီးနောက်တွင်၊ ဣသရေလလူတို့သည် ပသခါပွဲကို ခံခဲ့ကြ၏။ "ပသခါပွဲကို ခံပြီးမှ နက်ဖြန်နေ့၌ ခါနန်စပါးဖြင့် လုပ်သော တဆေးမဲ့မုန့်နှင့် ပေါက်ပေါက်ကို တနေ့ခြင်းတွင် စားရကြ၏။ ခါနန်ပြည်စပါးကို စား၍ နက်ဖြန်နေ့၌ မန္နပြတ်လေ၏" (ယောရှု ၅း၁၁-၁၂)။ ဘဝသစ်စတင်သည် ဖြစ်၍ ယောရှု ရှေ့ဆက် လုပ်ဆောင်ရမည့်အမှုသည် ကြီးမားလှပါသည်။

အရေဖျားလှီးခြင်းမင်္ဂလာနောက်တွင် ပသခါပွဲသည် ဒုတိယအရေးကြီးဆုံးသော မင်္ဂလာဖြစ်ပါသည်။ အဲဂုတ္တုပြည်မှ ထွက်ခွါမည့်ညတွင် ပြုလုပ်ရန် ဘုရားသခင် မိန့်တော်မူခဲ့သော ပွဲဖြစ်ပါသည်။ ထွက်မြောက်ရာကျမ်း ၁၂ ထဲ၌ တွေ့ရသော ဘုရားသခင်၏ဒဏ်ခတ်တော်မူခြင်း ဆယ်ခုမြောက် ကိုအောက်မေ့သတိရခြင်းလည်း ဖြစ်ပါသည်။ ထို့ကြောင့် ဤပသခါပွဲကို နှစ်တိုင်း ခံဖို့ရန် ဘုရားသခင်က မိန့်တော်မူခဲ့ပါသည်။ တောလည် ၉း၁-၁၄ ၌တွေ့ရသည်အတိုင်း၊ သိနတောင်၌ ဤပွဲကို ခံခဲ့ကြပါသည်။ ယခု ပွဲခံခြင်းသည် တတိယအကြိမ် ဖြစ်ပါသည်။

ဤပသခါပွဲသည် ခရစ်တော်သေခြင်းကို ပုံဆောင်သည်ဖြစ်၍ ဓမ္မသစ်ကျမ်း အသင်းတော်တွင် ပွဲတော်မင်္ဂလာက ကိုယ်စားပြုပါ၏။ သခင်ယေရှုကို အပြစ် အညစ်အကြေးနှင့် ကင်းစင်သော သိုးသငယ် ဟုဖော်ပြထားပါသည် (၁ ပေ ၁း၁၉)။ အချိန်ရောက်လာသောအခါ၊ ဘုရားသခင်၏ စီမံ ခွဲခန့်တော်မူခြင်းအားဖြင့် သူသည် ပူဇော်ခြင်းကို ခံရ၏ (တမန် ၂း၂၃)။ ပေါလုက တိကျစွာ၊ "ခရစ်တော်တည်းဟူသော ငါတို့ ပသခါ သိုးသငယ်သည် ငါတို့အဘို့ ယဇ်ပူဇော်ရာဖြစ်၏" (၁ ကော ၅း၇) ဟုဖော်ပြခဲ့ပါသည်။

ယောရှုသည် ပသခါပွဲ၏ အရေးပါမှုကို သိခဲ့ပါသည်။ မောရှေအားဖြင့် ဘုရားသခင် မိန့်တော်မူသည် ဖြစ်သောကြောင့်၊ ယောရှုကလည်း ထိုပွဲကို ခံရန် အမိန့်ပေးခဲ့ပါသည်။ ခါနန်ပြည်သို့ ရောက်ရှိလာသော အချိန်၌ ဤအမှုသည် သူတို့အတွက် အထူးအရေးပါလှပါ၏။ ဤပွဲတွင်၊ မိသားစုတိုင်းသည် အပြစ်အနာဆာ ကင်းသော တစ်နှစ်သား သိုးသငယ် (သို့) ဆိတ်သငယ်ကို သတ်ကြရပါမည်။ ဤပွဲခံခြင်းသည် ဘုရားသခင်၏အမိန့်တော်ကို စုံလင်စေသည်သာမက၊ ဣသရေလလူတို့အတွက် ရှင်းလင်းလှသော သင်ခန်းစာဖြစ်ပါသည်။ ခရစ်တော်အားဖြင့် ရောက်ရှိလာမည့် ရွေးနှုတ်ကယ်တင်ခြင်းကို သူတို့သည် မျှော်ကြည့်ခဲ့ကြ၏။ ဤသို့ဖြင့်၊ ဣသရေလလူတို့သည် ခါနန်ပြည်ကို သိမ်းပိုက်ရန် အသင့်ဖြစ်ခဲ့ကြပါသည်။ ဘုရားသခင်၏လမ်းညွှန်မှုကို စောင့်လျက်နေခဲ့ကြပါသည်။

ယနေ့၊ ခရစ်ယာန် အသင်းတော်တွင်၊ ကျွန်တော်တို့သည် စုံလင်ပြီဖြစ်သော ခရစ်တော်၏ ယဇ်ပူဇော်ခြင်းကို နောက်ပြန်လှည့်ကြည့်လျက်၊ ပွဲတော်မင်္ဂလာခံခြင်း အားဖြင့် အောက်မေ့သတိရခြင်း ကိုပြုခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - ပသခါပွဲသည် ဘုရားသခင်၏ရွေးနှုတ်ကယ်တင်ခြင်း အစီအစဉ်ကို ဖော်ထုတ်လျက်ရှိပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ ခရစ်တော်၏စတေးခြင်း ယဇ်ပူဇော်ခြင်းကို အမှတ်ရစေသော မင်္ဂလာ ပြဋ္ဌာန်းတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။

*"ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော ထာဝရဘုရား၏နာမတော်အားဖြင့်၊ ငါတို့သည် မစခြင်း ကျေးဇူးကို ခံရကြသတည်း"*

# မန္နမုန့်ပြတ်၍ ဣသရေလလူတို့သည် စပါးကိုစားကြ၏

ဘုရားသခင်သည် ဣသရေလလူတို့အား ခါနန်ပြည်သို့ ပို့ဆောင်မည်အကြောင်း မိမိ၏ ဂတိတော်ကို စုံလင်စေတော်မူ၏။ ထိုပြည်သည် နို့နှင့်ပျားရည် စီးသောပြည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဤသည်ကား ထိုပြည်၌ရှိသော အစားအစာအပေါင်း၊ အလွန်အရသာရှိကြကြောင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ဂတိတော်ပြည်သို့ ဣသရေလရောက်ပြီး နောက်တနေ့တွင် မန္နမုန့် ပျက်လေ၏။

ထိုနှစ်တွင် ဣသရေလလူတို့သည် ခါနန်ပြည်၏အသီးအနှံနှင့်စပါးကို စားရကြ၏။ တဆေးမဲ့မုန့် နှင့် ပေါက်ပေါက်ကို စားခဲ့ကြပါသည်။ နှစ်ပေါင်းလေးဆယ်လုံးလုံး နေထိုင်ခဲ့သော အခြေအနေသည် ယခုပြောင်းလဲခဲ့ပါသည်။ မန္နမုန့်ကို ဆာလံ ၇၈း၂၅ ထဲတွင်၊ "ကြီးမြတ်သူတို့၏ အစာ" ဟုဖော်ပြခဲ့ပါသည်။ ဤသည်ကား၊ ဥပမာအားဖြင့်ဖော်ပြခြင်းဖြစ်၍ ထိုအစာ၏ကြီးမြတ်မှုကို ဖော်ပြခြင်းဖြစ်ပါသည်။ တော၌မွေးဖွားသောသူတို့သည် မန္နမုန့်ကိုစား၍ ကြီးပြင်းကြသည်ဖြစ်သော ကြောင့် အခြားသော အစားအစာကို မသိခဲ့ကြပါ။ ထိုမုန့်ကို နှစ်ပေါင်းလေးဆယ် စားခဲ့ကြရ၏။ ယခုတွင်၊ သူတို့သည် ခါနန်ပြည်သို့ ရောက်ရှိကြပြီဖြစ်သောကြောင့် ဘုရားသခင်သည် ထိုမုန့်ကို ချမပေးတော့သဖြင့်၊ ထိုပြည်၏အသီးအနှံကို စားခဲ့ကြပါသည်။

ဓမ္မသစ်ကျမ်းထဲတွင်၊ ယေရှုက မုန့်ကို များပြားစေခြင်းဖြင့် လူထောင်အပေါင်းကို ကျွေးမွေးခဲ့ ကြောင်း နှစ်ကြိမ်တွေ့ရပါသည်။ လူတို့သည် တကြိမ်သာ စားသုံးခဲ့ကြသော်လည်း၊ ထိုအမှုတို့သည် အံ့ဘွယ်အမှုများဖြစ်ကြပါသည်။ နှစ်ပေါင်းလေးဆယ်လုံးလုံး မန္နမုန့်စားသုံးခဲ့ကြခြင်းသည် အလွန် ကြီးမားသော အံ့ဘွယ်အမှုဖြစ်သည် မဟုတ်လော။ ဘုရားသခင်၏တန်ခိုးတော်သည် အဆုံးမဲ့ဖြစ် တော်မူ၏၊ သူသည် ဖန်ဆင်းရှင်ဖြစ်တော်မူ၏။

ဤအချိန်၌ ထာဝရဘုရား၏ဗိုလ်ခြေကို အုပ်စိုးသော ဗိုလ်မှူးသည် ယောရှုထံ ကိုယ်ထင်ပြခဲ့ပါသည်။ သူသည် ဓါးကို လက်ထဲ၌ စွဲကိုင်ခဲ့ပါသည်။ ယောရှုက သူ့ကို မိမိတို့ဘက်၌ နေသောသူလော (သို့) ဆန့်ကျင်သောသူလော ဟုမေးခဲ့ပါသည်။ သူသည် မိမိကိုယ်ကို အသိပေးတော်မူခဲ့ပါသည်။ ထိုအခါ၊ ယောရှုသည် မြေပေါ်၌ပြပ်ဝပ်လျက် ကိုးကွယ်ခဲ့ပါသည်။ သူသည် လူ့ဇာတိ မခံမီ ကိုယ်ထင်ပြတော်မူသော ခရစ်တော်ဖြစ်တော်မူကြောင်း ယောရှုသိခဲ့ပါသည် (ယောရှု ၅း၁၄-၁၅)။ ဤအချက်က ယောရှုကို အလွန်အားရှိစေခဲ့ပါလိမ့်မည်။ ဘုရားသခင်သည် မောရှေကဲ့သို့ ယောရှုကို စကားပြောတော်မူခဲ့ပါသည်။

ဣသရေလသည် စစ်တိုက်ဖို့ရန် အသင့်ရှိခဲ့ပါသည်။ သူတို့သည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းရှိခဲ့ကြပါသည်။ ဘုရားသခင်သည် မိမိ၏ဂတိတော်၌ သစ္စာရှိသောသူဖြစ်ပါသည်။ သူ့ကို ချဉ်းကပ်ပါလျှင်၊ သူသည် သင့်ကို ကယ်တင်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်နှင့် အတူရင်းနှီးစွာ လျှောက်လှမ်းခြင်းသည် ယုံကြည်စိတ်ချမှုကို ဖြစ်စေပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ ခြေလှမ်းတိုင်း ကိုယ်တော်နှင့်အတူ လျှောက်လှမ်းလိုပါ၏။

# ခါနန်ပြည် သိမ်းပိုက်ခြင်း စတင်ခြင်း

ခါနန်ပြည်သိမ်းပိုက်ခြင်း စစ်ပွဲကို ဣသရေလစတင်ခဲ့ပါသည်။ သူတို့ ခါနန်ပြည် ဝင်ရောက်ခြင်းသည် အမှန်မှာ စစ်ကြေငြာခြင်းပင်ဖြစ်ပါသည်။ ခါနန်လူတို့သည် ဣသရေလ၏အောင်မြင်မှုနှင့် ဘုရားသခင်ပြုပေးတော်မူသောအမှုများကို သိခဲ့ကြပါသည်။ သူတို့၏အိမ်နီးချင်းဖြစ်သော၊ ယော်ဒန်မြစ် အရှေ့ဘက်ရှိ မောဘပြည်၏ရှင်ဘုရင်နှစ်ပါးနှင့်သူတို့၏ပြည်ကို ဘုရားသခင်သည် ဣသရေလထံ ပေးတော်မူခဲ့ကြောင်း သိခဲ့ကြပါသည်။ မိမိတို့၏ပြည်ကိုလည်း ဣသရေလထံ ဘုရားသခင်ပေးတော်မူမည်အကြောင်း သိခဲ့ကြပါသည်။ သူတို့သည် စစ်ရေးအရ ဣသရေလထက် ပို၍အင်အားကြီးသော်လည်း ကြောက်လန့်ခြင်း ရှိခဲ့ကြပါသည်။ သူတို့၌ ခိုင်ခံ့သော မြို့များအပြင်၊ သံဖြင့်ပြုလုပ်ထားသော မြင်းလှည်းများလည်း ပိုင်ဆိုင်ခဲ့ကြပါသည်။ လူဦးရေ၌လည်း သူတို့သည် ဣသရေလထက် ပိုများပါသည်။ ဘုရားသခင်၏ဂတိတော်သာ မရှိခဲ့လျှင် ဤခါနန်လူတို့ကို ဣသရေလ တိုက်ခိုက်ခြင်းသည် မိုက်မဲရာကျပါလိမ့်မည်။ သို့သော်လည်း ဤဣသရေလလူတို့၏အခွင့်အရေးကို သူတို့သည် သိခဲ့ကြပါသည်။

ယောရှု ၅ ထဲ၌တွေ့ရသည်အတိုင်း၊ ထိုပြည်ကို သိမ်းပိုက်ရန် ပြင်ဆင်ခြင်း၌ သူတို့သည် ဘုရားသခင်ကို ကိုးကွယ်ခဲ့ကြပါသည်။ သူတို့သည် အလွန်အရေးကြီးသော မင်္ဂလာနှစ်ပါးဖြစ်သည့် အရေဖျားလှီးခြင်းနှင့် ပသခါပွဲကို ခံယူခဲ့ကြပါသည်။ ဘုရားသခင်သည်လည်း ယောရှုထံ ကိုယ်ထင်ပြလျက် ခွန်အားပေးတော်မူခဲ့ပါသည်။ ယခုတွင် သူတို့သည် ဂိလဂါလ လွင်ပြင်၌ စခန်းချလျက်ရှိကြပါသည်။ သူတို့၌ ခိုင်ခံ့သောအကာအကွယ် မရှိပါ။ ဘုရားသခင်သည် ဣသရေလအတွက် ပြုတော်မူမည့်အမှု၌ ချီးမြောက်ခြင်းခံမည်ဖြစ်ပါသည်။ ခါနန်လူတို့သည် ဣသရေလလူတို့ကို မဆီးတားနိုင် လောက်အောင် သူတို့စိတ်ထဲ၌ ဘုရားသခင်က ကြောက်လန့်ခြင်းရှိစေတော်မူ၏။

ယောရှုသည် ဘုရားသခင်၏ညွှန်ကြားချက်ကို စောင့်နေခဲ့ပါသည်။ ဘုရားသခင်သည် စစ်မှုရေးရာ ကျွမ်းကျင်သောသူဖြစ်ပါသည်။ ရန်သူတို့၏ ခိုင်ခံ့သောမြို့များကို ပစ်မှတ်ထားခဲ့ပါသည်။ အရင်က မောရှေ စေလွှတ်ခဲ့သော သူလျှိုတို့က အလွန်အရေးပါသော သတင်းကို ပြောခဲ့ကြပြီဖြစ်ပါသည်။ ခါနန်လူတို့သည် ဣသရေလလူတို့ထက် ခန္ဓာကိုယ် ပိုကြီးမားခဲ့ကြပါသည်။ သို့သော်လည်း၊ ဘုရားသခင်က သူတို့ကို ဣသရေလ၏လက်ထဲသို့ ပေးသနားတော်မူမည်ဟု ဂတိပေးတော်မူခဲ့ပါသည်။ ယောရှုသည် ထိုဂတိတော်ကို အမှီပြု၍ ချီတတ်ခဲ့ပါသည်။ ဘုရားသခင်သည် ဣသရေလဘက်၌ ရှိတော်မူသည် ဖြစ်သောကြောင့်၊ အောင်မြင်ခြင်းသည် သေချာပါ၏။

**ဆင်ခြင်ရန်** - “ပညာရှိတို့နှင့် တိုင်ပင်ပြီးမှ စစ်မှုကို ပြုရ၏” (သု ၂၄း၆)။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်ကို ကိုးစားလျက် ကျွန်တော် အမှုပြုလိုပါသည်။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၂၅)
**ယောရှု ၆း၆-၂၇**
ဇဖက် ၆း၁၀-၁၈

*"ဘုရားသခင် ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့"*

# ယေရိခေါကို သိမ်းပိုက်ရန် လမ်းညွှန်ချက်များ

ယေရိခေါမြို့ရိုး အံ့ဘွယ်ပြိုလဲခြင်းအမှု၌ ဘုရားသခင်သည် ယောရှုအား လမ်းညွှန်ချက်များ ပေးတော်မူခဲ့ပါသည်။ ဘုရားသခင် မိန့်တော်မူသောအချက်များကို ယောရှုက ယဇ်ပုရောဟိတ်များ နှင့်စစ်သူရဲများကို ပြောကြားခဲ့ပါသည်။ သူတို့သည် နာခံခဲ့ကြသောကြောင့်၊ ထိုမြို့ကို ဘုရားသခင် ပေးတော်မူခဲ့ပါသည်။ ဣသရေလသည် မြို့ထဲသို့ဝင်၍ အသက်ရှင်လျက်ရှိသောသူအပေါင်းတို့ကို သတ်ခဲ့ကြပါသည်။ ရာခပ်နှင့်သူ့မိသားစုသာလျှင် လွတ်မြောက်ခဲ့ရ၏။

ထိုမြို့သိမ်းပိုက်ခြင်း အဆင့်ဆင့်ကား အောက်ပါအတိုင်းဖြစ်ပါသည်။ ယေရိခေါမြို့သည် ဣသရေလကို ကြောက်သောကြောင့် မြို့တံခါးများကို ပိတ်ထားခဲ့ပါသည်။ ခိုင်ခံမြင့်မားသောမြို့ရိုး တို့သည် ထိုခေတ် လူတို့၏လုံခြုံမှု ဖြစ်ပါသည်။ မြို့ရိုးသည် မြင့်မားလှပြီး၊ တံခါးတို့ကို ပိတ်ထားခဲ့ပါ သည်။ ယောရှုနှင့်ဣသရေလလူတို့၌ ထိုမြို့ရိုးကို ဖျက်ဆီးနိုင်သောခွန်အား မရှိပါ။ ဘုရားသခင်သည် သူတို့၏ခွန်အား ဖြစ်တော်မူ၏။ ဘုရားသခင်က ယောရှုအား ဤမြို့၊ ဘုရင်နှင့်စစ်သူရဲများကို သူ့လက် ထဲသို့ ပေးတော်မူကြောင်း မိန့်တော်မူ၏။ ယောရှု ပြုရမည့်အရာကား၊ ဘုရားသခင်၏လမ်းညွှန်ချက် များကို လိုက်နာရန်သာဖြစ်ပါသည်။ သူတို့သည် မြို့ကို တနေ့ တကြိမ် လှည့်ပတ်ရမည်ဖြစ်ပါသည်။ ပဋိညာဉ်သေတ္တာတော်ကို ထမ်းလျက်၊ စစ်သူရဲများ ခြံရံလျက် ယဇ်ပုရောဟိတ် ခုနစ်ပါးတို့သည် တံပိုးကို မှုတ်ခဲ့ကြပါသည်။ သူတို့သည် ထိုသို့ ခြောက်ရက်လုံးလုံး ပြုကြရပါမည်။ ခုနစ်ရက်မြောက် နေ့တွင်၊ သူတို့သည် မြို့ကို ခုနစ်ကြိမ် လှည့်ပတ်ကြရပါမည်။ ထိုနေ့သည် ဒီ-ဒေး ဖြစ်ပါသည်။ ခုနစ်ကြိမ် လှည့်ပတ်ပြီးနောက်၊ ယဇ်ပုရောဟိတ်တို့သည် တံပိုးကို မှုတ်၍ လူထုအပေါင်းသည် အော်ဟစ်ကြသောအခါ၊ မြို့ရိုးသည် ပြိုလဲမည်ဖြစ်ပါသည်။ ထိုအခါ၊ စစ်သူရဲတို့သည် မြို့ထဲသို့ ဝင်၍ လူတို့ကို သတ်လျက် သိမ်းပိုက်ကြမည်ဖြစ်ပါသည်။

ဤရှင်းလင်းသော လမ်းညွှန်ချက်များကို ဘုရားသခင်က ပေးတော်မူခဲ့ပါသည်။ ယောရှုက လူထုအား ဘုရားသခင်၏မိန့်တော်မူချက်ကို ဆင့်ဆိုခဲ့ပါသည်။ လူ့အတွေးအခေါ် အားဖြင့် စဉ်းစား လျှင်၊ ထိုသို့သော စစ်ပြင်ဆင်ခြင်းသည် အကောင်းဆုံးမဟုတ်ခဲ့ပါ။ သို့သော်လည်း၊ ဘုရားသခင်၏ အမိန့်တော်ဖြစ်၍ ယေရိခေါမြို့ကို ဣသရေလလက်ထဲသို့ မည်သို့ပေးတော်မူမည်ကို သိတော်မူ၏။ ယောရှုက ဘုရားသခင်၏စကားတော်သည် အတည်ဖြစ်၍ စုံလင်မည်အကြောင်း သိခဲ့ပါသည်။ သူသည် ကောင်းကင်နှင့်မြေကြီးတခုလုံး၏ ဘုရားသခင်ဖြစ်တော်မူပြီး၊ ဂတိတော်များကို လူ့ဉာဏ် မမှီသော နည်းလမ်းဖြင့် စုံလင်စေတော်မူလိမ့်မည် ဖြစ်၏။ ယောရှုသည် လိုက်နာရန် အသင့် ရှိခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် မိန့်တော်မူသော တိုက်ပွဲသည် အမှန်အောင်နိုင်ခြင်းရမည် ဖြစ်ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်ဘဝ၏ ဝိညာဉ်တိုက်ပွဲတိုင်း၌ ကိုယ်တော် အတူပါရှိတော် မူပါ။

*“အကျွန်ုပ်သည် ထာဝရဘုရားကိုခိုလှုံ၍
ရွှေ့လျော့ခြင်းနှင့် ကင်းလွတ်ပါလိမ့်မည်”*

# ယောရှုသည် ယဇ်ပုရောဟိတ်များနှင့်စစ်သူရဲတို့ကို မိန့်တော်မူ၏

ယောရှုက ယဇ်ပုရောဟိတ်တို့အား ပဋိညာဉ်သေတ္တာကိုထမ်းဖို့ရန်နှင့် ယဇ်ပုရောဟိတ်ခုနစ်ပါးသည် တံပိုးတို့ကို ကိုင်ဆောင်ဖို့ရန် မိန့်တော်မူ၏။ လူထုသည် သွား၍ မြို့ကို လှည့်ပတ်ကြရပါမည်။ လက်နက်ကိုင်ဆောင်သောသူတို့သည် ပဋိညာဉ်သေတ္တာတော်ရှေ့၌ သွားကြရပါမည်။ ထိုသို့ ခြောက်ရက်လုံးလုံး လုပ်ဆောင်လျက်၊ စခန်းသို့ပြန်သွားကြရပါမည်။

ထိုအချိန်၌ ယေရိခေါမြို့သည် တံခါးပိတ်သဖြင့် ဘယ်သူမှ ဝင်ထွက်သွားလာခြင်း မပြုနိုင်ပါ။ ထိုသို့ခြောက်ရက် လုံးလုံး လှည့်ပတ်ချီတတ်စဉ်၊ မြို့ထဲ၌ မည်သို့ဖြစ်နေသည်ကို ခန့်မှန်းသိနိုင်ပါ၏။ အချိန်တိုင်း မကောင်းမှု ကျရောက်နိုင်ကြောင်း ကြောက်လန့်စွာ စောင့်စားနေခဲ့ကြပါလိမ့်မည်။ ရာခပ်သည်လည်း မိမိ၏မိသားစုကို အိမ်ထဲသို့ ခေါ်၍ သူလျှိုများ ပေးထားခဲ့သော ကြိုးနီကို ပြူတင်းပေါက်၌ အမှတ်အသားအဖြစ် ချည်ထားမည်ဖြစ်ပါသည်။ ကျန်လူအပေါင်းတို့သည် ဘာဖြစ်လာမည်ကို စိုးရိမ်တကြီးဖြင့် စောင့်စားနေကြမည်ဖြစ်ပါသည်။ ခိုင်ခံ့သော မိမိတို့၏မြို့ရိုးကို ကိုးစားလျက်ရှိသောသူများလည်း ရှိကြပါလိမ့်မည်။ သို့သော်လည်း၊ လူအများစုသည် စိတ်ပျက်လျက်၊ အဆိုးဆုံးဖြစ်လာမည့်အရာကို ရင်တထိတ်ထိတ်ဖြင့် စောင့်လျက် နေကြရပါလိမ့်မည်။

ဣသရေလသည် ထိုသို့နေ့တိုင်း ပြုလုပ်၍ ယေရိခေါ မြို့သူမြို့သားတို့သည် ထိတ်လန့်ခြင်းကို ခံစားနေရကြပါသည်။ သူတို့၏မင်းကြီးသည် ထိုအချိန်၌ အဘယ်အမှု ပြုသည်ကို မဖော်ပြထားပါ။ ထိုအချိန်၌ ယေရိခေါမြို့ထဲတွင် စိုးရိမ်ထိတ်လန့်ခြင်း ကိန်းအောင်းလျက်ရှိပါသည်။ ဣသရေလလူတို့သည်လည်း ဘယ်အမှုဖြစ်လာမည်ကို မသိခဲ့ကြပါ။ သို့သော်လည်း၊ ဘုရားသခင်သည် ဂတိတော်အတိုင်း ယေရိခေါမြို့ကို မိမိတို့လက်ထဲသို့ ပေးတော်မူမည်အကြောင်း သူတို့ ယုံကြည်ခဲ့ကြပါသည်။

ခါနန်ပြည် သိမ်းပိုက်ခြင်းကို စတင်ခဲ့ကြပြီဖြစ်ပါသည်။ ခုနစ်ရက်မြောက်နေ့တွင်၊ ယဇ်ပုရောဟိတ်များနှင့် စစ်သူရဲတို့သည် မြို့ကို ခုနစ်ကြိမ်လှည့်ပတ်၍ တံပိုးကို မှုတ်ခဲ့ကြပါသည်။ ခုနစ်ကြိမ်မြောက်တွင်၊ ယဇ်ပုရောဟိတ်များ တံပိုးသောအခါ လူတို့သည် အော်ဟစ်ကြရပါမည်။ ထိုအခါ၊ ယေရိခေါ မြို့ရိုးသည် ပြိုလဲမည်ဖြစ်ပါသည်။ ယောရှု ၆း ၂၀ တွင် ဤသို့ဖော်ပြထားပါသည် - “ထိုသို့နှင့်အညီ တံပိုးကိုမှုတ်၍၊ လူများတို့သည် ကြွေးကြော်ကြ၏။ တံပိုးသံကို ကြား၍ ကျယ်သောအသံနှင့် ကြွေးကြော်ကြသောအခါ၊ မြို့ရိုးသည် အကုန်အစင်ပြိုလဲ၍ . . . ။” ဤသို့ဖြင့် ဘုရားသခင်သည် မိမိ၏ဂတိတော်ကို စုံလင်စေတော်မူခဲ့ပြီး၊ ခိုင်ခံ့သော ယေရိခေါမြို့ကို ဖျက်ဆီးခဲ့ပါသည်။

**ဆင်ခြင်ရန်** - “ယုံကြည်ခြင်းသည် ဤလောကကို အောင်နိုင်သောအရာ ဖြစ်ပါသည်။”
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်သည် စစ်ပွဲတိုင်း၌ အောင်နိုင်သူဖြစ်တော်မူ၏။

သောကြာ၊ အောက်တိုဘာ (၂၇)
**ယောရှု ၆း၁၆-၂၇**
ဆာလံ ၆၇

*"ဘုရားသခင်သည် ငါတို့ကို ကောင်းကြီးပေးတော်မူဦးမည်။ မြေကြီးစွန်း အပေါင်းတို့သည်လည်း ဘုရားသခင်ကို ကြောက်ရွံ့ကြလိမ့်မည်"*

# ယောရှုက နောက်ဆုံးညွှန်ကြားချက် ပေးခဲ့ပါသည်

ရာခပ်နှင့်သူ၏မိသားစုကို မသတ်ဖို့ရန် ယောရှုက ညွှန်ကြားခဲ့ပါသည်။ သူမသည် သူလျှိုများကို ဝှက်ထားခဲ့ပြီး၊ သူတို့ကလည်း သူမှနှင့်သူမ၏မိသားစုကို သေခြင်းမှ ကာကွယ်ပေးမည်ဟု ကျိန်ဆိုလျက် ဂတိပေးထားခဲ့ပါသည်။

ထို့ပြင် ယောရှုသည် မသန့်ရှင်းသောအရာကို မထိကြဖို့ရန် မိန့်တော်မူခဲ့ပါသည်။ ထို့ကြောင့်၊ မြို့ထဲရှိ အသက်ရှိသမျှသောအရာကို သတ်ကြရမည်ဖြစ်ပါသည်။ ရွှေထည်၊ ငွေထည်၊ ကြေးနီနှင့် သံထည်များကိုသာ ချန်၍ ဘုရားသခင်အဘို့ သန့်ရှင်းစေကြရမည်ဖြစ်ပါသည်။ ဘုရားသခင်သည် လူ့စိတ်နှလုံးထဲ၌ရှိသော လိုချင်တပ်မက်ခြင်းကို သိတော်မူခဲ့၏။ ထို့ကြောင့် ဘယ်အရာမျှ မယူဖို့ရန် သတိပေးတော်မူခဲ့ပါသည်။ ရှေ့ရှောက် အမှုတော်အတွက် သူတို့သည် မိမိကိုယ်ကို သန့်ရှင်းစေကြရမည်ဖြစ်ပါသည်။ ယေရိခေါမြို့၌ရှိသော အသက်ရှင်သောအရာမှန်သမျှကို ဖျက်ဆီးကြရမည်ဖြစ်၏။

ဣသရေလလူတို့သည် ထိုလမ်းညွှန်မှုများအပေါင်းကို နာခံလိုက်လျှောက်ခဲ့ကြပါသည်။ ဤပထမဆုံးမြို့ ပြိုလဲခြင်းသည် ယောရှုလက်ထက်တွင် ယော်ဒန်မြစ် ခန်းခြောက်ခြင်းနောက် ဘုရားသခင် ပြုတော်မူသော ဒုတိယ အံ့ဘွယ်အမှု ဖြစ်ပါသည်။ ယောရှု၏ခေါင်းဆောင်မှုကို ချီးမြှောက်ခြင်းလည်းဖြစ်၏။

ယေရိခေါမြို့ ဣသရေလ လက်ထဲသို့ ပြိုလဲကျရောက်ခြင်း ပြည့်စုံခဲ့ပါသည်။ ယေရိခေါမြို့၌ရှိသော အသက်ရှိသည့်အရာအပေါင်းတို့သည် ဖျက်ဆီးခြင်းခံရကြ၏။ ရာခပ်နှင့်သူမ၏မိသားစု၊ မိဘ၊ ညီအစ်ကိုများတို့သည် လွတ်မြောက်ခဲ့ကြပါသည်။ (ဖော်ပြခဲ့သည်အတိုင်း၊ ရာခပ်သည် နောက်၌ အိမ်ထောင်ပြုခဲ့ပြီး၊ ယေရှုခရစ်တော်၏ မျိုးစဉ်မျိုးဆက်တွင် ဖော်ပြခံခဲ့ရပါသည်)။ ဤမြို့သည် မီးရှို့ခြင်း ခံရ၍ လုံးဝပျက်စီးခဲ့ရပါသည်။ ယောရှုက ဤမြို့နှင့်ပတ်သက်ပြီး ကြေငြာချက်ထုတ်ပြန်၍၊ ပြန်လည်တည်ထောင်ခြင်းအမှုကို ဆန့်ကျင်သတိပေးခဲ့ပါသည်။ ယောရှု၏သတင်းသည် ခါနန်ပြည်တလျှောက် ပျံ့နှံ့ ကျော်ကြားခဲ့ပြီး၊ ခါနန်လူတို့သည် ဣသရေလကို ကြောက်လန့်ခဲ့ကြ၏။

စစ်ပွဲ၌ဘုရားသခင် အတူပါရှိတော်မူလျှင် အောင်မြင်ခြင်းသည် သေချာပါ၏။ ဘုရားသခင်သည် မိမိတန်ခိုးတော်ကို ပြသလျက်၊ ယေရိခေါကို ဣသရေလထံသို့ ပေးတော်မူခဲ့ပါသည်။ ယေရိခေါမြို့သိမ်းပိုက်ခြင်းသည် ဘုရားသခင်လူတို့ထံ ဂတိတော်ပြည် ပေးတော်မူခြင်း အစဖြစ်ပါသည်။ ဘုရားသခင်သည် အဆုံးကို အစကတည်းက သိတော်မူ၏။ သူသည် အဆုံးစွန်အာဏာရှိတော်မူ၏။ ယေရှုကို ယုံကြည်ကိုးစားခြင်းရှိလော့၊ အောင်မြင်ခြင်း ရလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏စစ်ပွဲသည် လူ့လက်နက်များ၌ အမှီမပြုပါ။
**ဆုတောင်းချက်**- အဖဘုရား၊ လူများတို့သည် ကယ်တင်ခြင်းရ၍ ထာဝရအသက်ရကြပါစေ။

စနေ၊ အောက်တိုဘာ (၂၈)
**ယောရှု ၇**
ဂလာ ၁း၆-၉

*"သင်တို့ကိုခေါ်တော်မူသောသူနှင့် ဤမျှလောက် မြန်မြန်
ခွါ၍ သင်တို့သည် အခြားသော ဧဝံဂေလိတရားကို
ခံယူကြသော ကြောင့် ငါသည် အံ့သြခြင်းရှိ၏"*

# ဧက္ကသရေလ တပ်တွင်း၌ အပြစ်တွေ့ရပါသည်

ဘုရားသခင်၏ဦးဆောင်မှုဖြင့် ယေရိခေါမြို့ကို သိမ်းပိုက်ခဲ့ပြီးနောက် ဣသရေလ အတွက် ဝမ်းနည်းစရာ အဆိုးအတားတခု ရှိခဲ့ပါသည်။ တပ်တွင်း၌ အပြစ်တွေ့ရပါသည်။ ဤအပြစ်သည် အာဣမြို့ကို သွားတိုက်၍ မအောင်မြင်သောအချိန်၌ ပေါ်လွင်လာခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ အခြေအနေ ပြောင်းလဲသွားသည်ကို နားမလည်နိုင်လောက်အောင် ဖြစ်၍ စိတ်ပျက်ခဲ့ရကြ၏။

ယောရှုနှင့် ဣသရေလလူကြီးတို့သည် ဘုရားသခင်ကို ချဉ်းကပ်သောအခါ၊ ဣသရေလ၌ အပြစ်ရှိကြောင်းနှင့် ထိုအပြစ်ကို ချက်ချင်း ပယ်ရှင်းရမည်အကြောင်း မိန့်တော်မူခဲ့ပါသည်။ ယောရှုသည် စုံစမ်းခြင်းကို ပြု၍ အပြစ်ကျူးလွန်သောသူကို ဖော်ထုတ်ခဲ့ပါသည်။ ထိုသူသည်လည်း မိမိအပြစ်ကို ဝန်ခံခဲ့ပါသည်။ သူ့ကို သေဒဏ်ပေးခဲ့ကြပြီး၊ ဣသရေလသည် ချမ်းသာခြင်း ရခဲ့၏။

ဣသရေလ တပ်တွင်း၌အပြစ်ရှိသောအခါ၊ ဆိုးကျိုး ခံစားခဲ့ရပါသည်။ သူတို့သည် ကျိန်အပ်သောအရာကို ယူလျက် အပြစ်လွန်ကျူးခဲ့ပါသည်။ ယေရိခေါမြို့ကို မတိုက်မီကတည်းက မြို့ထဲရှိ အသက်ရှိသောအရာ မှန်သမျှကို သတ်ရမည်အကြောင်းနှင့် ဘယ်အရာမှ မယူဖို့ရန် မိန့်တော်မူခဲ့ပြီဖြစ်ပါသည်။ ရွှေ၊ ငွေ၊ ကြေးနီနှင့် သံထည်များ ကိုသာ ဘုရားသခင်အတွက် သန့်ရှင်းစေကြရပါမည်။ သို့သော်လည်း၊ အာခန်သည် မိမိ၏စိတ်နှလုံးတပ်မက်ခြင်းကို မထိန်းနိုင်ခဲ့ပါ။ သူသည် ဘုရားသခင်၏ကျိန်အပ်သောအရာ ဖြစ်သည့်၊ အလွန်တန်ဖိုးကြီးသော ဗာဗုလုန် ဝတ်လုံကို ယူခဲ့ပါသည်။ ဤအပြစ်က ဣသရေလအပေါ်၌ ဘုရားသခင်ကို အမျက်ထွက်စေခဲ့ပါသည်။

ထို့ကြောင့် ဣသရေလလူတို့သည် ဒဏ်ခတ်ခြင်းကို ခံရကြမည်ဖြစ်ပါသည်။ သားသည် အပြစ် လွန်ကျူးသောအခါ၊ အမျက်ထွက်သော ဖခင်၏ ပြစ်ဒဏ်ပေးခြင်းကို ခံရမည်ဖြစ်သောကြောင့် ထိတ်လန့်ခဲ့ရပါသည်။ ဘုရားသခင်သည် ထိုအပြစ်ကို သိမြင်၍ ဣသရေလကို သင်ခန်းစာပေးခြင်း ဖြင့် ဒဏ်ခတ် ဆုံးမခဲ့ပါသည်။

ခါနန်ပြည်ကို သိမ်းပိုက်ရန် အလွန်အရေးကြီးသောအချိန်၌ အာခန်သည် အပြစ်ကို ကျူးလွန်ခဲ့ပါသည်။ ယောရှုသည် မိမိ၏ခေါင်းဆောင်တာဝန်ကို ထမ်းရွက်ခဲ့ပါသည်။ ယေရိခေါကို သိမ်းပိုက်ပြီးနောက်၊ သူတို့သည် ယုံကြည် စိတ်ချစွာ ဆက်လက် ချီတတ်ခဲ့ကြပါသည်။ ယောရှု ထံမှ ညွှန်ကြားချက်ကို သူတို့သည် စောင့်မျှော်လျက် ရှိခဲ့ကြပါသည်။ သို့သော်လည်း၊ အဘယ် အပြစ်ကိုမျှ ဖုံးအုပ်ထား၍ မရပါ။ အပြစ်၏ နောက်ဆက်တွဲ ဆိုးကျိုးကို ခံရမည်ဖြစ်ပါသည်။ ဘုရားသခင်သည် ထိုအပြစ်ကို ဖော်ထုတ်လေ့ရှိ၏။

**ဆင်ခြင်ရန်** - အပြစ်သည် စိုစွတ်သော မြေထဲ၌ ဝှက်ထားသော မျိုးစေ့ကဲ့သို့ဖြစ်၍၊ ကြီးထွား ပေါ်ထွက် လာပါလိမ့်မည်။

**ဆုတောင်းချက်**- အဖဘုရား၊ အပြစ်၏ အညစ်အကြေးတိုင်းမှ ကျွန်ုပ်ကိုလွတ်စေတော်မူပါ။

တနင်္ဂနွေ၊ အောက်တိုဘာ (၂၉)

**ယောရှု ၇း၁-၁၂**

ယာကုပ် ၄း၁၇

*"ထို့ကြောင့်၊ ကောင်းသော အကျင့်ကို သိလျက် အကျင့်ဘဲနေသောသူသည် အပြစ်ရှိ၏"*

# အပြစ်သည်အကျိုးယုတ်စေ၏

အာဣမြို့ကို တိုက်ခိုက်ရန် ပြင်ဆင်သောအားဖြင့်၊ ယောရှုသည် ယေရိခေါမြို့မှ အာဣမြို့ကို လေ့လာဖို့ရန် သူလျှိုများ စေလွှတ်ခဲ့ပါသည်။ သူလျှိုတို့ကလည်း မိန့်တော်မူသည့်အတိုင်း ပြုကြ၏။ ထို့နောက် ယောရှု ထံပြန်လာ၍ အာဣမြို့အကြောင်းကို သတင်းပို့ခဲ့ကြပါသည်။

သူလျှိုတို့က ယောရှုအား အာဣမြို့သည် လူဦးရေ နည်းသည်ဖြစ်၍ တိုက်ခိုက်ရန် ခက်ခဲမည် မဟုတ်သောကြောင့်၊ မိမိလူအားလုံး စေလွှတ်ဖို့ လိုမည် မဟုတ်ကြောင်း ပြောကြားခဲ့ကြပါသည်။ လူ နှစ်ထောင်၊ သုံးထောင် မျှသာ စေလွှတ်ရန် အကြံပြုခဲ့ကြပါသည်။ ထို့ကြောင့် ယောရှုသည် လွယ်ကူစွာ အောင်မြင်မှုရမည်ဟု ယုံကြည်လျက် လူ သုံးထောင် စေလွှတ်ခဲ့ပါသည်။ အောင်မြင်မှု ရမည်ဟု လုံးဝ ယုံကြည်ခဲ့ကြပါသည်။

သို့သော်လည်း၊ ဣသရေလသည် အရှုံးခဲ့ရပါသည်။ အာဣ လူတို့သည် သူတို့ကို လိုက်သတ်သဖြင့်၊ ထွက်ပြေးခဲ့ရကြ၏။ အာဣ လူတို့သည် ဣသရေလလူ သုံးဆယ့် ခြောက်ယောက်လောက် အသတ်ခံခဲ့ရပါ သည်။ ထို့ပြင် မြို့တံခါးမှ ရှေဗရိပ် အရပ်တိုင်အောင် လိုက်လံမောင်းထုတ်ခဲ့ကြပါသည်။ ထိုအခါ၊ ဣသရေလလူတို့၏စိတ်နှလုံးသည် အရည်ပျော်လျက် ထိတ်လန့်ခဲ့ကြပြီး၊ ခါနန်ပြည်၌ ဖမ်းဆီးခြင်းခံရသောသူ ကဲ့သို့ မိမိကိုယ်ကို မှတ်ယူခဲ့ကြပါသည်။ ဆက်လက် အသက်ရှင်ရသောအခွင့် မရှိဟု ထင်မှတ်ထားကြ၏။ ဤအခြေအနေမှ မည်သို့ လွတ်မြောက်ရမည်အကြောင်း ယောရှုသည် အဖြေသိပါသည်။ ဘုရားသခင်သာလျှင် သူတို့၏မြော်လင့်ချက်ဖြစ်တော်မူ၏။

**ယောရှု နှင့် ဣသရေလလူကြီးတို့သည် ဘုရားသခင်ထံ ဆုတောင်းခဲ့ကြပါသည်၊** ယခု အဖြစ်အပျက်သည် အလွန် ရင်နာစရာကောင်းသော်လည်း၊ ဤအမှုကို ဘုရားသခင်ထံ ဖော်ပြခြင်း သည်သာ အဖြေဖြစ်ကြောင်း သူတို့သိခဲ့ကြပါသည်။ ဤသို့ ဆုတောင်းခဲ့ပါသည် - "အိုအရှင် ထာဝရဘုရား၊ ကိုယ်တော်သည် ဤလူအပေါင်းတို့ကို အာမောရိ လူတို့လက်သို့ အပ်၍ ဖျက်ဆီးစေခြင်းငှါ ယော်ဒန်မြစ် တဘက်သို့ အဘယ်ကြောင့် ဆောင်ခဲ့တော်မူသနည်း။ အကျွန်ုပ်တို့သည် ရောင့်ရဲသောစိတ်ရှိ၍ ယော်ဒန်မြစ် အရှေ့ဘက်၌ နေကြပါစေသော။ အို ဘုရားရှင်၊ ဣသရေလ အမျိုးသားတို့သည် ရန်သူတို့ ရှေ့မှာ ကျောကို လှည့်ရကြသည်ဖြစ်၍ အကျွန်ုပ်သည် အဘယ်သို့ ပြောရပါမည်နည်း" (ယောရှု ၇း၇-၈)။ ဘုရားသခင်၏နာမတော် ဘုန်းထင်ရှားစေရန် တောင်းလျှောက်ခဲ့ကြ၏။ ဤအဖြစ်အပျက်သည် ယောရှုနှင့် ဣသရေလလူကြီးများအတွက် ဝိညာဉ်ရေးရာ ကြီးထွားစေရန်ဖြစ်ကြောင်း ဘုရားသခင်သိတော်မူ၏။ ဤဝမ်းနည်းစရာ အဖြစ်အပျက်ကြောင့် သူတို့သည် ဘုရားသခင်၏စကားကို ပို၍ ကြားနာလိုခြင်းနှင့် နာခံခြင်းရှိကြပါလိမ့်မည်။ ယောရှု၏ တောင်းလျှောက်ခြင်းသည် အကြောင်းမဲ့ မဟုတ်ပါ။ သူတို့သည် ကောင်းမွန်သောအဖြေ ရရှိကြမည် ဟု မျှော်လင့်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - အခက်အခဲတိုင်း၌ ဘုရားသခင်ထံချဉ်းကပ်ခြင်းသည် ပြုအပ်သောအမှုဖြစ်ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ လိုအပ်သောအချိန်၌ အကျွန်ုပ်ကို မစတော်မူခြင်းငှါ ကြွလာတော်မူပါ။

တနင်္လာ၊ အောက်တိုဘာ (၃၀)

**ယောရှု ၇း၁၃-၁၈**

ဆာလံ ၆၆း၁၆-၂၀

*"ငါသည် စိတ်နှလုံးထဲမှာ ဒုစရိုက်ကို ငဲ့ကွက်လျှင်၊ ဘုရားရှင်သည် နားထောင်တော်မမူ။"*

---

# ယောရှု၏တောင်းလျှောက်မှုကို ထာဝရဘုရား နားညောင်းတော်မူ၏

ဘုရားသခင်က ဣသရေလတပ်တွင်း၌ အပြစ်ရှိကြောင်း ဖော်ပြတော်မူခဲ့ပါသည်။ ယောရှုအား၊ ထလော့ ဟုမိန့်တော်မူ၏။ ထို့နောက် ဣသရေလသည် မိမိပြုတော်မူသော ပဋိညာဉ် ကို ချိုးဖောက်ခြင်းဖြင့် အပြစ်ပြုခဲ့ကြောင်း ဘုရားသခင် ဖော်ပြခဲ့ပါသည်။ သူတို့သည် ဘုရားသခင်၏ ပညတ်တရားကို မလိုက်လျှောက်ခဲ့ကြပါ။

ကျိန်အပ်သောအရာကို သူတို့ယူခဲ့ကြကြောင်း လူထုကို အသိပေးတော်မူခဲ့ပါသည်။ ဘုရားသခင်က ထိုကျိန်အပ်သောအရာသည် သူတို့အလယ်၌ ရှိကြောင်း မိန့်တော်မူ၏။ ထို့နောက် လူထုအား သန့်ရှင်းစေခြင်းငှါ အမိန့်ပေးခဲ့ပါသည်။ ဤအပြစ်ကြောင့် ဣသရေလလူတို့သည် မိမိရန်သူကို မအောင်နိုင်ခြင်းဖြစ်ပါသည်။ တခုတည်းသော သူတို့လွတ်မြောက်ရာလမ်းသည် ထိုကျိန်အပ်သောအရာကို ဖျက်ဆီးခြင်းပင်ဖြစ်ပါသည်။

ဣသရေလသည် ဤပြဿနာကို ဖြေရှင်းဖို့လိုပါသည်။ ဘုရားသခင်က သူတို့အား ရန်သူရှေ့၌ သူတို့ မရပ်တည်နိုင်ခြင်းသည် ထိုကျိန်အပ်သောအရာကြောင့် ဖြစ်သည်ဟု ပြောကြားခဲ့ပါသည်။ သူတို့အသက်ရှင်ဖို့ရန် ထိုအရာကို ဖျက်ဆီးဖို့လိုပါသည်။ ဣသရေလ၌ သန့်ရှင်းခြင်း ပြန်လည်ရှိဖို့ရန် ယောရှုထံ ဘုရားသခင် မိန့်တော်မူသောအချက်သည် ဤသို့ဖြစ်ပါသည် - "ထ၍ လူများတို့ကို သန့်ရှင်းစေလော့။ နက်ဖြန်နေ့အဘို့ ကိုယ်ကိုကိုယ် သန့်ရှင်းစေကြဟု ဆင့်ဆို လော့။ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားသခင် မိန့်တော်မူသည်ကား၊ အို ဣသရေလအမျိုး၊ ကျိန်အပ်သောအရာသည် သင်တို့ အထဲ၌ ရှိ၏။ ထိုအရာကို သင်တို့ အထဲက မပယ်မရှင်းမှီတိုင်အောင် ရန်သူတို့ရှေ့မှာ မခံမရပ်နိုင်ကြ" (ယောရှု ၇း၁၃)။

ယောရှုသည် စုံစမ်းစစ်ဆေးခြင်းကို ပြုခဲ့ပါသည်။ နက်ဖြန်နေ့တွင်၊ ဣသရေလလူအပေါင်းတို့သည် မိမိတို့၏အမျိုးအလိုက် စုရုံးကြရမည်ဖြစ်ပါသည်။ ဤသို့ဖြင့် အမျိုးတိုင်း၌ စစ်ဆေးခြင်းကို ပြု၍ များ မကြာမှီ သံသယရှိသူကို ဖော်ထုတ်နိုင်ခဲ့ကြပါသည်။ ယုဒအမျိုးကို မှတ်တော်မူပြီးနောက် ထိုအမျိုးထဲမှ အိမ်ထောင်အသီးသီးကို မှတ်ပြီး စစ်ဆေးရာတွင်၊ ယုဒအမျိုး၊ ဇေရ၊ ဇာဗဒိ၊ ကာမိ တို့မှ ဆင်းသက်သော အာခန်ကို မှတ်တော်မူခဲ့ပါသည်။ ဤဖော်ထုတ်မှုသည် ဘုရားသခင် ပြုတော်မူသောအမှု ဖြစ်ပါသည်။ ယောရှုက အာခန်ကို ခေါ်ထုတ်လျက်၊ ပြုခဲ့သောအမှုကို ဝန်ခံရန် ပြောကြားခဲ့ပါသည်။

**ဆင်ခြင်ရန်** - မမှန်သောအရာတိုင်းကို မှန်အောင်ပြင်ဆင်ပြုပြင်ဖို့လိုပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ အမှုတော်ဆောင်ရွက်ခြင်း၌ စည်းကမ်းရှိမည်အကြောင်း မစတော်မူပါ။

**ယောရှု ၇း၁၅-၂၆**
ယောရှု ၆း၁၀

*"ထို့ကြောင့်၊ သူတို့ကို ရန်ဘက်ပြု၍ စစ်တိုက်တော်မူ၏"*

# အာခန်၏ဝန်ခံချက်

ယောရှုရှေ့၌ ပြုသော အာခန်၏ဝန်ခံချက် ဟူမူကား၊ "ဟုတ်ပါ၏။ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရားကို ကျွန်တော်ပြစ်မှားပါပြီ။ ကျွန်တော် ပြုမိသောအမှုဟူမူကား၊ လုယူသော ဥစ္စာတို့တွင် မြတ်သော ဗာဗုလုန် ဝတ်လုံ၊ ငွေနှစ်ပိဿာ၊ ရွှေတုံး အကျပ်ငါးဆယ်ကို ကျွန်တော်မြင်သဖြင့် တပ်မက်၍ သိမ်းယူမိပါပြီ၊ ကျွန်တော်တဲအတွင်း မြေ၌မြုပ်လျက် ငွေသည် အောက်ဆုံးရှိပါသည်" (ယောရှု ၇း၂၀-၂၁)။ ဤသည်ကား ပြဿနာ၏အကြောင်းတရား အမှန်ဖြစ်ပါသည်။ အပြစ်လွန်ကျူးသောသူသည် ဝန်ခံသော်လည်း သည်အတိုင်း လွတ်ငြိမ်းခြင်း ခံရမည် မဟုတ်ပါ။ အပြစ်၏နောက်ဆက်တွဲ ဆိုးကျိုးကို ခံရမည်ဖြစ်ပါသည်။

ယောရှုသည် အာခန်၏တဲသို့ လူတို့ကို စေလွှတ်၍ သူတို့သည် ထိုကျိန်အပ်သောအရာကို တွေ့ခဲ့ကြပါသည်။ သူတို့သည် ယောရှုနှင့်ဣသရေလအပေါင်းတို့ထံ ယူလာ၍ ဘုရားသခင်ရှေ့၌ ထားခဲ့ကြပါသည်။ အာခန် ခံရမည့်ပြစ်ဒဏ်သည် မြင်သာလှပါသည်။ သူ၏မိသားစုအပေါင်းနှင့် သူပိုင်ဆိုင်သောအရာအားလုံးကို အာခေါ်ချိုင့်သို့ ခေါ်ဆောင်ပြီးမှ ယောရှုသည် ပြစ်ဒဏ်ကို ဖော်ပြခဲ့ပါသည်။ "ဣသရေလ အမျိုးသားအပေါင်းတို့သည် ကျောက်ခဲနှင့်ပစ်ကြ၏။ ကျောက်ခဲနှင့် ပစ်ကြပြီးမှ မီးရှို့ကြ၏" (ယောရှု ၇း၂၅-၂၆)။ ထိုအရပ်ကို အာခေါ်ချိုင့်ဟုခေါ်ခဲ့ကြပါသည်။ ဤပြစ်ဒဏ်သည် ပြင်းထန်လှပါသည်။ သို့သော်လည်း လိုအပ်ခဲ့၏။ သို့မှသာ နောက်လူတို့သည် အပြစ် မပြုရဲဘဲနေ၍၊ ဣသရေလလူတို့သည် ခါနန်ပြည်၌ ငြိမ်းချမ်းစွာ နေရကြမည်ဖြစ်ပါသည်။

ဤပြစ်ဒဏ်ကို အာခန်မိသားစုကသာ ခံခဲ့ပါသည်။ ယခုအချိန်သည် ဣသရေလ စစ်တိုက်နေသော ကာလဖြစ်ပါသည်။ ထို့ကြောင့် သေးငယ်သောအမှားသည် ပင်လျှင် များစွာသော လူတို့ကို ဒုက္ခရောက်စေနိုင်ပါသည်။ တိုင်းပြည် ဒုက္ခရောက်နေသောကာလ၌ လူအားလုံးတို့သည် အမိန့်ကို နာခံကြရမည်ဖြစ်၏။ လူတိုင်း အမိန့် နာခံကြရပါမည်။ အချိန်တိုင်း သတိထားကြရပါမည်။ ယောရှုသည် ခေါင်းဆောင်ဖြစ်သော်လည်း၊ စစ်တိုက်ဖို့ရန် အမိန့်ပေးတော်မူသောသူသည် ဘုရားသခင်ဖြစ်တော်မူ၏။ ဣသရေလလူအပေါင်းတို့သည် ဘုရားသခင်၏စကားကို နာခံကြရပါမည်။ စိတ်နှလုံး အကြွင်းမဲ့နာခံခြင်းကို ဘုရားသခင် အလိုရှိတော်မူ၏။

အပြစ်၏အခကား သေခြင်းဖြစ်သည် ဟူသော တရားသည် အစဉ်မှန်ကန်ပါသည်။ ဣသရေလလူအပေါင်းတို့သည် လူတဦးကြောင့် ဒုက္ခရောက်ခဲ့ကြရ၏။ အပြစ်ကို ဖယ်ရှား၍ ကျူးလွန်သောသူသည် ပြစ်ဒဏ်ခံခဲ့ရပါသည်။ သင်၏အပြစ်များ ခွင့်လွှတ်ခြင်း ခံရမည်အကြောင်း ဘုရားသခင်၏ ကျေးဇူးတော်ကို တောင်းလျှောက်ပါလော့။

**ဆင်ခြင်ရန်** - အပြစ်သည် ဝိညာဉ်၏အဦးဆုံးသောရန်သူ ဖြစ်ပါသည်။ ထို့ကြောင့်၊ အပြစ်ကို ဖယ်ရှားရပါမည်။

**ဆုတောင်းချက်**- အဖဘုရား၊ ယေရှုသည် အကျွန်ုပ်၏အပြစ်တို့ကို ဖယ်ရှားပေးတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။

*"ထာဝရဘုရားသည် ငါ၏အသက် ခိုလှုံရာ ဖြစ်တော်မူ၏။ ငါသည် အဘယ်သူကို ကြောက်လန့်ရအံ့နည်း"*

# အာဣမြို့ကို သိမ်းပိုက်ခြင်း၌ ထာဝရဘုရား၏ဂတိတော်

အာဣမြို့ကို သိမ်းပိုက်လိုခဲ့သော်လည်း၊ အာခန်၏အပြစ်ကြောင့် ဣသရေလသည် အောင်မြင်မှု မရခဲ့ပါ။ ယောရှုက အပြစ်သားကို ပြစ်ဒဏ်ပေးခဲ့ပြီးနောက်၊ ဣသရေလသည် သန့်ရှင်းခဲ့ပါသည်။ ထိုအခါ အာဣမြို့ကို ဒုတိယအကြိမ် တိုက်ခိုက်ဖို့ရန် ပြင်ဆင်ခဲ့ကြပါသည်။ ဘုရားသခင်၏အောင်မြင်ခြင်း ဂတိတော်အတိုင်း ယောရှုသည် နည်းဗျူဟာကို ရေးဆွဲခဲ့ပြီး၊ အမှန် အောင်မြင်ခြင်း ရခဲ့ပါသည်။ ဣသရေလသည် ထိုမြို့ကို သိမ်းပိုက်၍ မီးရှို့ခဲ့ပါသည်။

စစ်တိုက်ခြင်း၌ ပြင်ဆင်ခဲ့သောအချိန်၌ ဘုရားသခင်သည် ယောရှုကို အားပေးတော်မူခဲ့ပါသည်။ ထိတ်လန့် ကြောက်ရွံ့ခြင်း မရှိဖို့ရန် တိုက်တွန်းခဲ့ပါသည်။ ထိုသို့သော အားပေးမှု ယောရှုလိုအပ်ကြောင်း ဘုရားသခင် သိတော်မူ၏။ ယောရှုသည် ဣသရေလ၏ခေါင်းဆောင်ဖြစ်သော်လည်း၊ စစ်တိုက်ဖို့ရန် အမိန့်ပေးသောသူသည် ဘုရားသခင်ဖြစ်တော်မူ၏။ ယောရှုသည် ဘုရားသခင်၏စကားကို နာခံလိုက်လျှောက်ခြင်းသာဖြစ်ပါသည်။ ဘုရားသခင်က စစ်တိုက်နိုင်သောသူ အပေါင်းတို့ကို စုရုံးဖို့ရန် မိန့်တော်မူခဲ့ပါသည်။ သူတို့အပေါင်းသည် စစ်တိုက်ကြရမည်ဖြစ်ပါသည်။ ထို့ပြင် ဘုရားသခင်က အာဣမင်းကြီးနှင့်သူ့လူများကို သူ့လက်ထဲသို့ ပေးတော်မူပြီဖြစ်ကြောင်း မိန့်တော်မူခဲ့ပါသည်။ ဆိုလိုသည်မှာ ဣသရေလသည် အောင်မြင်မှု အမှန်ရမည်ဟူ၍ ဂတိပေးခြင်းဖြစ်ပါသည်။ အာဣမြို့သည် ယေရိခေါမြို့ ကဲ့သို့ဖြစ်ပါလိမ့်မည်။

ဤအောင်မြင်မှု အစအကြောင်းအရာကား၊ "တဖန် ထာဝရဘုရားကလည်း၊ သင်သည် မကြောက်နှင့်၊ စိတ်မပျက်နှင့်။ သင်၌ပါသော စစ်သူရဲအပေါင်းတို့ကို ခေါ်၍ အာဣမြို့သို့ ထသွားလော့။ အာဣမင်းကြီးနှင့် သူ့လူများ၊ သူ့မြို့၊ သူ့မြေကို သင့်လက်၌ ငါအပ်မည်" (ယောရှု ၈း၁)။ ယေရိခေါမြို့ကဲ့သို့ မဟုတ်ဘဲ၊ အာဣမြို့ကို ရိုးရှင်းသော စစ်နည်းဗျူဟာအားဖြင့် လွယ်ကူစွာ သိမ်းပိုက်ခဲ့ပါသည်။ အာဣမြို့သည် ဗေသလမြို့အနီး၊ ယေရုရှလင်မြို့မှ ဆယ်ငါး ကီလိုမီတာ လောက်သာ ကွာဝေးပါသည်။ ဤမြို့သည် ဗယ်ာမိန်အမျိုးဆက်ခံသောအမွေ ဖြစ်လာခဲ့ပါသည်။

ယေရိခေါမြို့သိမ်းပိုက်စဉ်၊ ဘုရားသခင်သည် ဘယ်အရာမှ မယူစေဘဲ၊ အသက်ရှိသမျှကို သတ်စေခဲ့ပါသည်။ သို့သော်လည်း၊ အာဣမြို့ကို သိမ်းပိုက်သောအခါ၊ မိမိတို့အတွက် ပစ္စည်းဥစ္စာနှင့် တိရစ္ဆာန်များကို ယူခွင့်ပြုခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် မိန့်တော်မူသောစကားကို လူတို့သည် နာခံကြရပါမည်။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏စကားကို အစဉ်သေချာ နားထောင်လိုပါသည်။

ကြာသပတေး၊ နိုဝင်ဘာ (၂)
**ယောရှု ၈း၁၀-၂၉**
ဆာလံ ၆

*"ငါ့ရန်သူအပေါင်းတို့သည် ရှက်ကြောက်၍ ဆုံးရှုံးခြင်းရှိကြလိမ့်မည်"*

# အာဣမြို့ကို သိမ်းပိုက်ခြင်းငါ ဒုတိယအကြိမ်ကြိုးစားခြင်း

အာဣမြို့ကို သိမ်းပိုက်ဖို့ရန် ယောရှုသည် နည်းဗျူဟာရေးဆွဲခဲ့ပါသည်။ ဤသည်ကား ဒုတိယအကြိမ်ကြိုးစားခြင်းဖြစ်၍ အောင်မြင်မည်ဟု ယောရှု သေချာသိခဲ့ပါသည်။ ခေါင်းဆောင်ဖြစ်သကဲ့သို့ သူသည် သေချာစွာ အစီအစဉ်ဆွဲ၍ အမိန့်ပေးခဲ့ပါသည်။

သူသည် စစ်သူရဲသုံးသောင်းကို ရွေးချယ်၍ မြို့အနောက်ဘက်သို့ စေလွှတ်ခဲ့၏။ သူတို့သည် ကင်းထိုးအဖွဲ့ဖြစ်ကြပါသည်။ ယောရှုသည် ကျန်လူများနှင့် နေခဲ့ပြီး၊ တိုက်ခိုက်မည့် အဖွဲ့ကို အမိန့်ပေးရန် ပြင်ဆင်ခဲ့ပါသည်။ ယောရှု ဦးဆောင်သော အဖွဲ့သည် မြို့ကို ရှေ့မှ တိုက်ခိုက်ကြမည်ဖြစ်ပါသည်။ ယောရှု၏အစီအစဉ်သည် အောင်မြင်မှုရရန်ဖြစ်ပါသည်။ ပထမအကြိမ် တိုက်ခိုက်သောအချိန်၌ ဘုရားသခင်သည် သူတို့နှင့်အတူ မပါသောကြောင့် သုံးဆယ့်ခြောက်ဦး အသတ်ခံခဲ့ရပါသည်။ ထို့ကြောင့် ယောရှုသည် ပြန်လည်စဉ်းစားသုံးသပ်လျက်၊ ဣသရေလ၌ သန့်ရှင်းခြင်းလိုအပ်ကြောင်း တွေ့ခဲ့ပါသည်။

အရာရာတိုင်း ကောင်းမွန်စွာ ယောရှု ပြင်ဆင်ပြီးနောက်တွင်၊ ဘုရားသခင်သည် ယောရှုကို ဉာဏ်ပညာနှင့် အောင်မြင်ခြင်း ဂတိပေးခဲ့ပါသည်။ ယခုအချိန်တွင်၊ မြို့၏အနောက်ဘက်၌ ကင်းထိုးအဖွဲ့ကို ထားခဲ့ပါသည်။ မြို့အရှေ့ဘက်မှ အယောင်ပြ တိုက်ခိုက်သောသူတို့ကို အာဣလူတို့သည် မြို့ပြင်ထိထွက်၍ လိုက်တိုက်ကြပါလိမ့်မည်။ ပထမအကြိမ်တွင်၊ သူတို့သည် ထိုသို့လိုက်၍ ဣသရေလလူတို့ သတ်နိုင်ခဲ့ကြသောကြောင့်၊ ယခုအခါ သူတို့သည် ပို၍ ရဲရင့်ကြပါလိမ့်မည်။ သို့သော်လည်း၊ ယခု ဒုတိယအကြိမ်တွင်၊ ယောရှုက အာဣလူတို့ကို မြို့ပြင်သို့ ခေါ်ထုတ်ရန် ကြံရွယ်ခြင်းဖြစ်ပါသည်။ ဣသရေလ စစ်သူရဲတို့သည် အာဣလူတို့က လိုက်ကြသောအခါ ထွက်ပြေးကြရမည်ဖြစ်ပါသည်။ ရည်ရွယ်ချက်ကား၊ ထိုသူအပေါင်းတို့သည် မြို့ပြင်သို့ထွက်လာ၍ မြို့တံခါးမပိတ်ဘဲ ထားခဲ့မည်အကြောင်း ဖြစ်ပါသည်။ ဤသို့ဖြင့် မြို့သည် အကွယ်အကာ မဲ့ပါလိမ့်မည်။

ထိုသို့ အာဣလူအပေါင်း ထွက်လာခဲ့ပြီးနောက်တွင်၊ ကင်းထိုးသော အဖွဲ့သည် မြို့ထဲသို့ ဝင်လာ၍ မီးရှို့ကြမည်ဖြစ်ပါသည်။ ထိုသို့ မြို့ကို ဖျက်ဆီး၍ ပစ္စည်းများ သိမ်းကြမည်ဖြစ်၏။ ဘုရားသခင်က အမိန့်ပေးတော်မူ၍ သူတို့သည် ထိုအကြံအစည်ကို နာခံလိုက်လျှောက်ခဲ့ပါသည် (ယောရှု ၈း၇-၉)။ သူတို့သည် အစီအစဉ်အတိုင်း လိုက်လုပ်ပြီး၊ မြို့ကို သိမ်းကြရမည်ဖြစ်ပါသည်။

ဤအဖြစ်အပျက်က ဘုရားသခင်၏အဆုံးစွန်အာဏာရှိတော်မူခြင်းနှင့် လူ့တာဝန် ဝတ္တရားကို ရှင်းလင်းစွာ ပြသလျက်ရှိပါသည်။ အောင်မြင်မှုရမည်အကြောင်း သေချာသော်လည်း၊ ယောရှုသည် ကြိုးစားလုပ်ရှားဖို့လိုပါသည်။

**ဆင်ခြင်ရန်** - ကျေးဇူးတော်ကြောင့် ကျွန်တော် ကယ်တင်ခြင်းခံရ၏၊ ထို့ကြောင့် သန့်ရှင်းသော အသက်တာဖြင့် ကျွန်တော် အသက်ရှင်ရပါမည်။

**ဆုတောင်းချက်**- အဖဘုရား၊ ကျွန်ုပ်၏ ဝိညာဉ်ဆိုင်ရာဝတ္တရားများကို ကျေပွန်စွာ ထမ်းရွက်မည် အကြောင်း မစတော်မူပါ။

သောကြာ၊ နိုဝင်ဘာ (၃)
**ယောရှု ၈း၁၀-၂၉**
သု ၁၆း၁-၄

*"ကိုယ်ပြုသောအမှုတို့ကို ထာဝရဘုရား၌ အပ်လော့။ သို့ပြုလျှင် သင်၏အကြံအစည်တို့သည် တည်ကြလိမ့်မည်"*

# အာဣမြို့သိမ်းပိုက်အောင်မြင်ခြင်း

စစ်ပွဲသမိုင်းတွင်၊ အလွန်သဲထိတ်ရင်ဖိုစရာကောင်းသောအကြောင်းများ တွေ့ရပါသည်။ သို့သော်လည်း၊ ယခု အကြောင်းအရာ၌ အောင်မြင်ခြင်း၏အရင်းအမြစ်သည် သုတ္တံ ၁၆း၃၃ တွင် ဖော်ပြထားသောအချက်ပင်ဖြစ်ပါသည် - "စာရေးထံတို့ကို အိတ်ထဲ၌ လောင်းလျက် ရှိရာတွင် ခွဲဝေစီရင်ခြင်း အမှုကို ထာဝရဘုရား ပိုင်တော်မူ၏။" နည်းဗျူဟာအကုန်လုံး ချမှတ်ထားခဲ့ပြီး၊ ယောရှုသည် လက်တွေ့အကောင်အထည်ဖော်ရန်ဖြစ်ပါသည်။

ဘုရားသခင်က ယောရှုအား သူ့လုံ့ကို အာဣမြို့သို့ ရှယ်ရန် မိန့်တော်မူခဲ့ပါသည်။ ဤသည်ကား အာဣမြို့ကို သိမ်းပိုက်ရန် လိုအပ်သော တန်ခိုးကို ဘုရားသခင်က ယောရှုအား ပေးတော်မူကြောင်း လက္ခဏာပင်ဖြစ်ပါသည်။ ယောရှုသည် နည်းဗျူဟာအတိုင်း လက်တွေ့လုပ်ဆောင်မည်သာဖြစ်ပါသည်။ အာဣလူတို့သည် ရုတ်တရက် တိုက်ခိုက်ခြင်းကို ခံခဲ့ရကြ၏။ သို့သော်လည်း၊ သူတို့သည် အရင်၌ အောင်မြင်ခြင်းရခဲ့သောကြောင့် ရဲရင့်ခြင်းရှိခဲ့ကြပါသည်။ ဘုရားသခင်က အာဣမင်းကြီးနှင့် သူ့လူတို့ကို သူ့ထံပေးတော်မူခဲ့ပြီဖြစ်ကြောင်း ယောရှုအား မိန့်တော်မူခဲ့ပါပြီ။ ယောရှု၏အမိန့်အတိုင်း ဣသရေလလူတို့သည် ရဲရင့်စွာ ချီတက်ခဲ့ကြပါသည်။ ကင်းထိုးအဖွဲ့က မြို့ကို မီးရှို့ခဲ့ကြသောအခါ၊ အာဣလူတို့သည် နောက်ပြန်ကြည့်လျက် သူတို့၏မြို့မှ ထွက်သောမီးခိုးကို တွေ့ခဲ့ကြပါသည်။ ထိုအခါ ကင်းထိုးအဖွဲ့သည် သူတို့ကို လိုက်လာလျက်၊ အယောက်ပြ ထွက်ပြေးသော ဣသရေလလူတို့သည်လည်း ပြန်လှည့်လာ၍ သူတို့ကို တိုက်ခိုက်ခဲ့ကြပါသည်။

ထိုအခါ အာဣလူတို့သည် ကြားညှပ် တိုက်ခိုက်ခြင်း ခံရခဲ့ပါသည်။ ဤသို့ဖြင့် သူတို့အားလုံး အသေသတ်ခြင်း ခံခဲ့ကြရ၏။ "ထိုနေ့၌ တသောင်း နှစ်ထောင်ခန့်မျှ ရှိသော အာဣမြို့သား ယောကျ်ား မိန်းမ အပေါင်းတို့သည် သေကြ၏" (ယောရှု ၈း၂၅)။ အာဣမင်းကြီးကို အရှင် ဖမ်းလျက်၊ ယောရှုထံ ခေါ်လာခဲ့ကြပါသည်။ နောက်၌ သူ့ကို ဆွဲကြိုးချ သတ်ခဲ့ကြပြီး၊ အလောင်းကို ကျောက်ခဲများဖြင့် ဖုံးအုပ်ခဲ့ကြပါသည်။ ဘုရားသခင် အခွင့်ပေးတော်မူသည်အတိုင်း၊ ဣသရေလလူတို့သည် ထိုမြို့မှ ပစ္စည်းများနှင့် တိရစ္ဆာန်များကို သိမ်းယူခဲ့ကြပါသည်။ အာဣမြို့ သိမ်းပိုက် ဖျက်ဆီးခြင်းသည် ခါနန်ပြည်၌ ဣသရေလ ဒုတိယအကြိမ် အောင်မြင်မှုရခြင်းဖြစ်ပါသည်။

ဣသရေလလူတို့သည် သန့်ရှင်းခြင်းရှိခဲ့ကြသောကြောင့် အာဣမြို့ကို သိမ်းပိုက် အောင်မြင်ခြင်းဖြစ်ပါသည်။ ထိုမြို့ကို ဣသရေလထံ ပေးခဲ့ပါသည်။ ဤမြို့ကို ချက်ချင်း ပြန်လည် မတည်ဆောက်ဘဲ၊ ပစ္စည်းဥစ္စာများကို ဣသရေလလူတို့က အသုံးပြုခဲ့ကြပါသည်။ ဘုရားသခင် အတူပါရှိတော်မူလျှင် အောင်မြင်ခြင်းသည် သေချာပါ၏။

ဘုရားသခင်၏စစ်ဝတ်တန်ဆာကို သင်ယူတင်ဝတ်ဆင်ပြီးပြီလား။ စာတန်ကို သင်အနိုင်ယူခဲ့ပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အကြံအစည်တို့သည် အစဉ်စုံလင်သည်ဖြစ်၍ လိုက်လျှောက်ရန် လွယ်ကူကြပါ၏။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်ကို အစဉ် ကိုးစားလိုပါသည်။

*"ကိုးကွယ်သောသူမှန်သမျှတို့သည် ခမည်းတော်ကို
နံဝိညာဉ်နှင့်ဝှင်း၊ သစ္စာတရားနှင့်ဝှင်း၊ ကိုးကွယ် . . .
ထိုသို့ကိုးကွယ်သောသူတို့ကို ခမည်းတော်သည် အလိုရှိတော်မူ၏"*

# ဣသရေလသည် ချီးမွမ်းခြင်းနှင့်တကွ ကိုးကွယ်ခြင်းပြု၏

အာဣမြို့အပေါ် အောင်မြင်မှုရကြသောကြောင့် ယောရှုနှင့်ဣသရေလလူတို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းဖို့လိုပါသည်။ ဤအောင်မြင်မှုသည် ခါနန်ပြည်ကို သူတို့ထံ ပေးမည်ဟူသော ဘုရားသခင်၏ဂတိတော် ဆက်လက်ပြည့်စုံခြင်းလည်း ဖြစ်ပါသည်။ ဤဒုတိယ မြို့ကိုလည်း ဘုရားသခင်က ပေးတော်မူခြင်းဖြစ်ကြောင်း သေချာလှပါသည်။ မောရှေ၏ ပညတ်တော်၌ မိန့်တော်မူသည်အတိုင်း၊ ယောရှုသည် ယဇ်ပလ္လင်ကို တည်၍ ယဇ်ပူဇော်ခဲ့ပါသည်။ ပညတ္တိကျမ်း၌ရေးမှတ်ထားသောစာကို ထိုယဇ်ပလ္လင်ကျောက်ပေါ်၌ ကူးယူခဲ့ပါသည်။ ထို့ပြင် ပညတ္တိကျမ်းစာကို ဖတ်ရွတ်၍ မောရှေရေးမှတ်ခဲ့သောစကားများကို တလုံးမျှ မချန်ခဲ့ပါ။ လူအပေါင်းတို့သည် ထိုစကားများကို ကြားခဲ့ရကြပါသည်။

ဤအောင်မြင်ခြင်းရပြီးနောက် ယောရှု၏စိတ်ထဲ၌ ပထမဆုံးပေါ်လာသောအရာသည် ဘုရားသခင်အား ဝတ်ပြုရန်ဖြစ်ပါသည်။ သူသည် ဧဗလတောင်ပေါ်၌ ဘုရားသခင်အတွက် ယဇ်ပလ္လင်တည်ဆောက်ခဲ့ပါသည်။ ဤတောင်သည် ရှေခင်မြို့နှင့် မဝေးဘဲ၊ ဂေရိဇိမ်တောင်နှင့် သေးငယ်သောချိုင့်ဝှမ်း တခုကသာ ခြားထားပါသည်။ ခရစ်တော် ကြွလာတော် မမူသေးသောကြောင့်၊ ဤအချိန်တွင် ယဇ်ပူဇော်ခြင်းသည် အမွန်မြတ်ဆုံးသော ကိုးကွယ်ခြင်းဖြစ်ပါသည်။ ဤဝတ်ပြု ကိုးကွယ်ခြင်းကို ယောရှုက ဦးဆောင်၍ မောရှေ၏ပညတ်တရားအတိုင်း ယဇ်ပလ္လင်ကို ပြုလုပ်ခဲ့ပါသည်။ မထွင်းထုထားသော ကျောက်များဖြင့် ယဇ်ပလ္လင်ကို တည်ဆောက်ခဲ့ပါသည်။ ထိုယဇ်ပလ္လင်တွင် ဘုရားသခင်ထံ မီးရှို့ရာယဇ်နှင့် မိဿဟာယယဇ်တို့ကို ပူဇော်ခဲ့ကြပါသည်။

ထိုအချိန်တွင်၊ ဣသရေလလူတို့သည် တနေရာ၌ တစုတဝေးတည်း နေခဲ့ကြပါသည်။ စစ်သူရဲတို့သည် ယောရှု၏အမိန့်အောက်၌ ရှိခဲ့ကြပါသည်။ သူတို့၏အဓိကရည်ရွယ်ချက်မှာ ဘုရားသခင် ပေးတော်မူသော ခါနန်ပြည်ကို အကုန်လုံးသိမ်းပိုက်လျက် အမျိုးတိုင်းထံ အမွေခံစေရန် ဖြစ်ပါသည်။ ဤဝတ်ပြုခြင်းအားဖြင့် ဘုရားသခင်သည် မိမိတို့နှင့်အတူ ရှိတော်မူကြောင်းကို ဣသရေလသည် အစဉ်အောက်မေ့မည်ဖြစ်ပါသည်။ ယောရှုသည် အားလုံးအပေါ်၌ ခေါင်းဆောင်ဖြစ်၍ ယဇ်ပုရောဟိတ်များနှင့် လေဝိလူတို့သည် ဝိညာဉ်ရေးရာ ဦးဆောင်သောသူများ ဖြစ်ကြပါသည်။

ထို့ပြင် လူထုထံ သတင်းဆင့်ဆိုသော၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ခေါင်းဆောင်များလည်း ယောရှုက ခန့်ထားခဲ့ပါသည်။ သူတို့အပေါင်းသည် မိမိတို့တာဝန်၌ အချင်းချင်း စည်းလုံးမှု ရှိခဲ့ကြ၏။ ဣသရေလသည် နုနယ်သောအရွယ်ဖြစ်သောကြောင့်၊ ဘုရားသခင်၏ ဦးဆောင်မှုကို လိုအပ်လျက် ရှိပါသည်။

**ဆင်ခြင်ရန်** - အမှုတိုင်း၌ ဘုရားသခင်၏အမှုတော်ကို အစဉ် ဦးစားပေးရပါမည်။
**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်ကို ဝိညာဉ်နှင့်ဝှင်း၊ သစ္စာတရားနှင့်ဝှင်း၊ ကိုးကွယ်ပါမည်။

**ယောရှု ၈း၃၀-၃၅**
နေဟ ၈း၁-၈

*"ဘုရားသခင်၏ ပညတ္တိ ကျမ်းစာကို သေချာစွာ ဖတ်ရွတ်၍ အနက်ကို ပြန်သဖြင့် . . ."*

## ယောရှုနှင့်ဣသရေလက ပဋိညာဉ်ကိုဖတ်ရွတ်ကြ၏

ဣသရေလ ပြုသောအမှု၌ ဘုရားသခင်၏သဘောတူညီမှု လိုအပ်၍ သူတို့သည် ဘုရားသခင်နှင့် သင့်မြတ်ဖို့ လိုပါသည်။ ဘုရားသခင်အတူပါရှိတော်မူခြင်းနှင့် အပြစ်သည် လုံးဝ သက်ဆိုင်မှု မရှိပါ။ ထို့ကြောင့် အပြစ်ကို ဖယ်ရှားဖို့ရန် ယဇ်ပူဇော်ခြင်း လိုအပ်ရခြင်းဖြစ်ပါသည်။ အပြစ်ခွင့်လွှတ်တော်မူသောသူသည် ဘုရားသခင်ဖြစ်သော်လည်း၊ လူ့အနေဖြင့် နောင်တရခြင်းနှင့် ယဇ်ပူဇော်ခြင်းကို ပြုရမည်ဖြစ်ပါသည်။ ဤအမှု၌ ယောရှုသည် ခေါင်းဆောင်ဖြစ်၍ ဣသရေလ လူတို့အား မိမိတို့၏တာဝန်ကို ဆောင်ရွက်စေခဲ့ပါသည်။ အရာရာတိုင်းကို ဘုရားသခင်၏ ညွှန်ကြားချက်များအတိုင်း မှန်ကန်စွာ ပြုလုပ်ဆောင်ရွက်ကြရပါမည်။

ဤပဋိညာဉ်၌ လူထု ပါဝင်ပတ်သက်မှုကို တွေ့ရပါသည်။ ယောရှုသည် မောရှေ၏ ပညတ္တိ ကျမ်းစကားများကို ကျောက်ပေါ်၌ ကူးယူခဲ့ပါသည်။ ထိုအချိန် ကတည်းမှ ဘုရားသခင်၏နှုတ်ကပတ် တရားတော် ရေးသားခြင်း၏အကျိုးကို တွေ့ရပါသည်။ ဤမှတ်စာအစ၌ ဘုရားသခင်သည် ယောရှု အား ပညတ္တိကျမ်းစာများကို အစဉ်အောက်မေ့ ဆင်ခြင်တွေးတောရမည်အကြောင်း မှာထားခဲ့ပြီဖြစ်ပါ သည် (ယောရှု ၁း၈)။ သို့ပြုလျှင် အောင်မြင်မှုရမည်ဖြစ်ပါသည်။ ကျောက်ပေါ်၌ ကူးယူစဉ် ယောရှုသည် ဣသရေလလူတို့အား ထိုစကားလုံးများ၏တန်ဖိုးကို သိစေလိုခဲ့ပါသည်။ ထို့ကြောင့် သူတို့ ရှေ့၌ ကူးယူခဲ့ပါသည်။ သူတို့အထဲက ဘယ်နှစ်ယောက်က ထိုစကားလုံးများကို ဖတ်နိုင်သည် မှာ ကျွန်တော်တို့ မသိပါ။ သို့သော်လည်း၊ ဖတ်ကြားသောအကြောင်းကို သူတို့အားလုံး ကြားနာခဲ့ကြပါ သည်။ ဘုရားသခင် မိန့်တော်မူချက်သည် အဆုံးစွန်အာဏာရှိတော်မူကြောင်း သိခဲ့ကြ၍၊ ထိုစကားများကို အလွတ် ကျက်မှတ် ကြရပါမည်။

ထိုအခါ၊ ဣသရေလလူအပေါင်းတို့သည် (လူကြီးများ၊ တပ်မှူးများနှင့်တရားသူကြီးများ) ပဋိညာဉ် သေတ္တာတော်၏ထဘက်တွင် ရပ်နေခဲ့ကြပါသည်။ တဘက်တွင်၊ ဘုရားသခင်၏ပဋိညာဉ် သေတ္တာတော်ကို ထမ်းရွက်ခဲ့သော ယဇ်ပုရောဟိတ်များနှင့် လေဝိအမျိုးများ ရပ်နေခဲ့ကြပါသည်။ သူတို့နှင့်အတူ နေခဲ့ကြသော တကျွန်းတနိုင်ငံသားများလည်း ပါဝင်ခဲ့ကြပါသည်။ မောရှေ မိန့်တော်မူ ခဲ့သော လမ်းညွှန်မှုများကို လိုက်လျှောက်ခဲ့ကြပြီး (တရား ၃၁း၁၂)၊ ယောရှုသည် နာခံလျက် ခါနန်ပြည်၌ ပထမဆုံးပြုလုပ်သော ဝတ်ပြုခြင်းကို ဦးဆောင်ခဲ့ပါသည်။ သူတို့သည် ဧဗလတောင်နှင့် ဂေရိဇိမ်တောင်တွင် တဝက်စီ ရပ်ခဲ့ကြပါသည် (တရား ၁၁း၂၉၊ ၂၇း၁၁-၂၆)။ သူတို့သည် ပညတ္တိ ကျမ်း၌ ရေးထားသော မင်္ဂလာစကားနှင့် ကျိန်ခြင်းအမင်္ဂလာစကားများကို ဖတ်ရွတ်ခဲ့ကြပါသည်။ ယောရှုသည် ပညတ္တိကျမ်းကို လေ့ကျက်သည်ဖြစ်၍ အကုန်အစင် ဖတ်ကြားခဲ့ပါသည်။ ပညတ္တိကျမ်း သည် ဘုရားသခင်၏အသံတော်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်တရားတော်သည် ခေတ်အဆက်ဆက်တည်လျက်ရှိ ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏စကားကို နာခံလိုက်လျှောက်ခြင်းငှါ ကိုယ်တော်၏ ပညတ်တရားသည် အကျွန်ုပ်ကို လမ်းပြပါစေသော်။

တနင်္လာ၊ နိုဝင်ဘာ (၆)

**ယောရှု ၈း၃၀-၃၅**

ဆာလံ ၁၁၉း၁၀၅-၁၁၂

*"နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေ ရှေ့ မှာ မီးခွက်ဖြစ်၍၊ အကျွန်ုပ် လမ်းခရီးကို လင်းစေပါ၏"*

## ပညတ္တိကျမ်းကို အကုန်အစင်ဖတ်ရွတ်ခဲ့ကြ၏

ပညတ္တိကျမ်းသည် ဣသရေလထံ ဘုရားသခင်ပြုတော်မူသော ပဋိညာဉ်ဖြစ်ပါသည်။ ထိုလမ်းညွှန်ချက်များ လိုက်လျှောက်ခြင်းသည် ဣသရေလအတွက် ထိုပဋိညာဉ်ကို ပြန်လည်အမှတ်ရဆန်းသစ်စေခြင်းပင်ဖြစ်ပါသည်။ ထိုရည်ရွယ်ချက်ဖြင့် ယောရှုသည် ဤဝတ်ပြုခြင်းကို ပြုလုပ်ခြင်းဖြစ်ပါသည်။ ဤအမှုသည် ဣသရေလအတွက် အလွန်အရေးကြီးလှပါသည်။ ယောရှုသည် ဘုရားသခင်၏အမိန့်တော်ကို နာခံသည်ဖြစ်၍ ဣသရေလသည် ဤဝတ်ပြုခြင်းကို အလေးထားရပါမည်။ ဘုရားသခင်နှင့် မိသာဟာယဖွဲ့သောအချိန်လည်းဖြစ်၏။ ယောရှုသည် ကိုယ်စားပြုဆောင်ရွက်ခဲ့သော်လည်း လူတိုင်း ပါဝင်ကြရမည်ဖြစ်ပါသည်။ ဤအမှုသည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းဖြစ်သောကြောင့် ဘုရားသခင်ကို ချီးမွမ်း ချီးမြှောက်ကြရမည်ဖြစ်ပါသည်။ ဝတ်ပြုကိုးကွယ်ခြင်းသည် အလွန်မွန်မြတ်သောအမှုဖြစ်ပါသည်။

ပညတ္တိကျမ်း ဖတ်ရွတ်ခြင်းက အဓိကနေရာယူခဲ့ပါသည်။ ယောရှုက မင်္ဂလာစကားနှင့် ကျိန်ခြင်းအမင်္ဂလာစကားများကို ဖတ်ခဲ့ပါသည်။ ပညတ္တိကျမ်း၌ရေးထားသမျှသည် သူတို့ လိုက်လျှောက်ရမည့်တရား ဖြစ်ပါသည်။ ဤသည်ကား သမ္မာကျမ်းစာ မှတ်ယူလက်ခံခြင်းအစ ဖြစ်ပါသည်။ ထိုအချိန်က သမ္မာကျမ်းစာသည် ဤပထမဆုံးကျမ်း ငါးကျမ်းဖြစ်သော၊ ပညတ္တိကျမ်းပင်ဖြစ်ပါသည်။ ဣသရေလလူတို့အား မောရှေ မိန့်တော်မူခဲ့သောစကားများကို ယောရှုသည် အကုန်အစင် ဖတ်ရွတ်ခဲ့ပါသည်။ နားထောင်သောသူတို့တွင် လူကြီးများ၊ မိန်းမများ၊ ကလေးများနှင့် တကျွန်းတနိုင်ငံသားများ ပါဝင်ခဲ့ကြပါသည်။ ဤပညတ္တိကျမ်းသည် ဣသရေလလူများအဖို့ ဝိညာဉ်အသက်ဖြစ်ပါသည်။

ဤကျမ်းစာ ဖတ်ရွတ်ခြင်း ကြားနာသောသူတို့သည် ပညတ္တိကျမ်းကို နားလည်ခဲ့ကြပါသည်။ ယနေ့တွင်၊ ကျွန်ုပ်တို့၌ စုံလင်သော ဘုရားသခင်၏နှုတ်ကပတ်တော်၊ ဓမ္မဟောင်းနှင့်ဓမ္မသစ်၊ ကျမ်း ၆၆ကျမ်း ရှိပါသည်။ ဤသမ္မာကျမ်းစာသည် ဘုရားသခင်၏မှုတ်သွင်းတော်မူသော စကားတော်ဖြစ်၍ အမှား ကင်းပြီး၊ ယုံကြည်ကိုးစားထိုက်ပါ၏။ ဤသမ္မာကျမ်းစာကို ဘုရားသခင်က ယနေ့တိုင် ထိန်းသိမ်း ကွယ်ကာစောင့်ရှောက် တော်မူခဲ့ခြင်းဖြစ်ပါသည်။ ယုံကြည်သူ ကျွန်တော်တို့သည် ရှေးက သမ္မာကျမ်းစာကို ယနေ့၌လည်း ကိုင်တွယ် မြင်တွေ့ ဖတ်ရွတ် ရသောအခွင့်ရကြ၏။

ကိုးကွယ်ခြင်းနှင့် ရေးသားထားသော ဘုရားသခင်၏စကားတော်ကို သီးခြား ခွဲထား၍ မရပါ။ ဘုရားသခင်သည် သမ္မာကျမ်းစာအားဖြင့် လူတို့ထံ စကားပြောလျက်ရှိပါသည်။ ဤနှုတ်ကပတ်တရားတော် နေ့စဉ် ဖတ်ရွတ်ခြင်းသည် ဖန်ဆင်းရှင်နှင့် မိသာဟာယဖွဲ့ခြင်း တမျိုးဖြစ်ပါသည်။ ယနေ့၌ သင်သည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်၍ နှုတ်ကပတ်တရားတော်ကို ကြားနာနားလည်ခြင်း ရှိပါသလား။

**ဆင်ခြင်ရန်** - ခရစ်ယာန်ဘာသာတရားသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သော၊ သမ္မာကျမ်းစာ၌ တည်လျက်ရှိပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်အား ကြားနာသောနားနှင့် နာခံသောစိတ်နှလုံး ပေးသနားတော်မူပါ။

*"အထက်က ငါတို့သည် ပညာမဲ့သောသူ၊ နားမထောင်သောသူ၊ မှားယွင်းသောသူ . . . ဖြစ်ကြ၏"*

## ဂိဗောင်မြို့သားတို့နှင့် ဣသရေလ၏မှားယွင်းမှု

အာဣမြို့ကို ဣသရေလသိမ်းပိုက်ပြီးနောက်၊ နောက်ဆက် ဖြစ်ပေါ်လာသောပြသနာမှာ ခါနန်ပြည် တခုလုံး ရုတ်ရုတ်သဲသဲဖြစ်လာခြင်း ဖြစ်ပါသည်။ မြို့အသီးသီး၏မင်းကြီးများတို့သည် ဣသရေလကို တိုက်ခိုက်ဖို့ရန် စုစည်းခဲ့ကြပါသည်။ ဣသရေလလူတို့ကြောင့် သူတို့သည် အလွန်ကြောက်ရွံ့ခြင်း ရှိခဲ့ကြ၏။ ဣသရေလ ဆက်လက်တိုက်ခိုက်မည့် မြို့မှာ ဂိဗောင်မြို့ပင်ဖြစ်ပါသည်။

ဂိဗောင်မင်းများတို့သည် ကျရောက်လာမည့် စစ်ပွဲကို ထူးခြားစွာ တုန့်ပြန်ခဲ့ပါသည်။ သူတို့သည် စစ်ရေးဖြင့် မတုန့်ပြန်ဘဲ၊ သံတမန်နည်း၊ လှည့်ဖြားခြင်းနည်းကို အသုံးပြုခဲ့ကြပါသည်။ သူတို့၏ လှည့်ဖြားခြင်းနည်းသည် အရာရောက်၍ သူတို့ကို ဒုက္ခ မပေးဘဲနေဖို့ရန်၊ ဣသရေလ အသက်ကြီးသူတို့နှင့် မိသာဟာယဖွဲ့နိုင်ခဲ့ပါသည်။ သူတို့သည် ဣသရေလ၏အစေကို ခံမည်ဟု ပြောခဲ့ကြပါသည်။ ဤအမှု၌ ဘုရားသခင်၏ရည်ရွယ်ချက်ရှိမည်ဟု ယုံကြည်ရပါသည်။ ဘယ်အမှုကိုမျှ ဘုရားသခင်ကို တိုင်ပင်ခြင်း မပြုဘဲ၊ မပြုလုပ်၊ မလုပ်ရှား ရမည်အကြောင်း ယောရှုအတွက် သင်ခန်းစာ ဖြစ်ပါသည်။ ထိုအဖြစ်အပျက်ကား ဤသို့ဖြစ်ခဲ့ပါ၏။

ခါနန်လူတို့သည် အာဣမြို့ကို ဣသရေလ သိမ်းပိုက်ကြောင်း သိခဲ့ကြပြီး၊ ခါနန်မင်းကြီးများသည် ယောရှုကို ရင်ဆိုင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ယောရှုနှင့်ဣသရေလကို တိုက်ခိုက်ဖို့ရန် သူတို့အပေါင်းသည် စည်းလုံးခဲ့ကြပါသည်။ သူတို့၏အသက်ရှင်မှုအတွက် ဤသို့ပြုခြင်းသည် သဘာဝကျပါသည်။ အဲဂုတ္တုပြည်မှ ထွက်လာကတည်းက ဣသရေလအတွက် ဘုရားသခင် ပြုတော်မူသောအမှုများကို သူတို့သည် သိခဲ့ကြပါသည်။ သို့သော်လည်း၊ သူတို့၏စုပေါင်းအင်အားဖြင့် အနိုင်ရမည်ဟု ထင်မှတ်ခဲ့ကြ၏။ အာဣမြို့၏ပထမအကြိမ် အောင်မြင်မှုရခြင်းကြောင့် သူတို့သည် အားယူ၍ အဆုံးထိ တိုက်ခိုက်ဖို့ရန် အသင့်ပြင်ခဲ့ကြပါသည်။ သို့သော်လည်း၊ သူတို့ထဲမှ မင်းကြီးတပါး၌မူ ခြားနားသောအတွေးအမြင် ရှိခဲ့ပါသည်။

ဂိဗောင်မြို့သားတို့၌ ထူးခြားသောစိတ်ကူး ရှိခဲ့ပါသည်။ စစ်တိုက်ခြင်းထက် ငြိမ်းချမ်းစွာ ပြေလည်ခြင်းသည် ပို၍ကောင်းသည်ဟု မှတ်ယူခဲ့ကြပါသည်။ ယေရိခေါမြို့နှင့် အာဣမြို့ အပေါ် ယောရှု ပြုခဲ့သောအရာကို သူတို့သိခဲ့ကြပါသည်။ သူတို့သည် ငြိမ်းချမ်းရေးကို လိုလား၏။ သို့သော်လည်း၊ ဣသရေလထံ မိမိတို့၏သံတမန်များကို ပရိယာယ်ဖြင့် စေလွှတ်ခဲ့ကြပါသည်။ ဆိုလိုသည်မှာ၊ ဣသရေလ၏လက်ခံခြင်းကို ရဖို့ရန် မုသားကို အသုံးပြုခဲ့ကြပါသည်။ သူတို့သည် ရုပ်ဖျက်၍ အလွန်ဝေးလှသောပြည်မှ လာသကဲ့သို့ ဟန်ဆောင်လျက်၊ ဣသရေလနှင့် မိသာဟာယဖွဲ့လိုကြောင်း ဆိုခဲ့ကြပါသည်။ သူတို့သည် ဂိလဂါလသို့ ယောရှုထံ လာ၍ ငြိမ်းချမ်းရေးအတွက် သူတို့သည် ဣသရေလ၏ အစေကို ခံမည်ဟု တောင်းလျှောက်ခဲ့ပါသည်။ သူတို့သည် ယောရှုနှင့် အသက်ကြီးသူတို့ကို သူတို့နှင့် မိသာဟာယဖွဲ့ဖို့ရန် စည်းရုံးနိုင်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - အရေးကြီးသောဆုံးဖြတ်ချက်ကို လွယ်ကူ၊ ပေါ့ဆစွာ၊ မပြုရပါ။
**ဆုတောင်းချက်**- အဖဘုရား၊ ဆုံးဖြတ်ချက်ချမည့်အချိန်တိုင်း၌ ကိုယ်တော်၏အလိုတော်ကို ကျွန်တော် သိလို ပါသည်။

*"ပညာရှိတို့နှင့် တိုင်ပင်ပြီးမှ စစ်မှုကို ပြုရ၏။
အကြံပေးနိုင်သောသူများစွာ ရှိလျှင်
ဘေးလွတ်တတ်၏"*

# လှည့်ဖြားခြင်းအတွက် တခုတည်းသောအဖြေ

ဤသို့သောအခြေအနေအတွက် လမ်းညွှန်ချက်ကို ဘုရားသခင်က မောရှေနှင့်ယောရှုအား ပေးတော် မမူခဲ့ပါ။ သူတို့သည် မိမိတို့၏ အသိဉာဏ်နှင့် အခြေခံသဘောတရားများကို အသုံးပြုကြရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့်၊ ဇလောဖဒ် သမီးတို့သည် အမွေ ကိစ္စကြောင့် မောရှေကို ချဉ်းကပ်ခဲ့ကြပါသည်။ ထိုအမှုအတွက် ဆုံးဖြတ်ချက် ချဖို့ရန် မောရှေ၌ ရည်ညွှန်းစရာ မရှိခဲ့ပါ။ ထို့ကြောင့် ဘုရားသခင်အား မေးလျှောက်ခဲ့ပါသည် (တော ၂၇း၁-၇)။ မောရှေအား ထိုသို့ ချဉ်းကပ်ခဲ့သောအချိန်၌ ယောရှုသည်လည်း အတူရှိခဲ့သည်ဖြစ်သောကြောင့်၊ ထိုနည်းတူ ယောရှုသည် ဘုရားသခင်ကို မေးလျှောက်ခဲ့သင့်ပါ၏။ သို့သော်လည်း၊ ဂိဗောင်လူတို့သည် အမှန်ပြောခဲ့ကြသည်ဟု ယောရှု မှတ်ယူခဲ့ပါသည်။ စုံစမ်းမှု မပြုခဲ့ပါ။ ပရိယာယ်ဖြင့် ချဉ်းကပ်ခဲ့သော ဂိဗောင်လူတို့က အနိုင်ရခဲ့ပါသည်။

ဂိဗောင်လူတို့သည် ဣသရေလ ဘုရားသခင်၏နာမတော်ကြောင့် လာခဲ့ကြခြင်းဖြစ်ပါသည်။ အဲဂုတ္တုပြည်နှင့် ယော်ဒန်မြစ် တဘက်ကမ်းရှိ မောဘပြည်၌ ဘုရားသခင် ပြုတော်မူခဲ့သော အမှုများကို သိခဲ့ကြကြောင်း သူတို့ ဆိုခဲ့ပါသည်။ ရာခပ်ကလည်း ထိုနည်းတူ သူလျှိုတို့ထံ ဆိုခဲ့ပါသည်။ ဣသရေလအတွက် ဘုရားသခင် ပြုတော်မူသော အမှုများကို ခါနန်ပြည်သူပြည်သားအပေါင်းတို့သည် သိခဲ့ကြပြီး၊ ကြောက်လန့်ခြင်း ရှိခဲ့ကြပါသည်။ ထိုအကြောင်းအားလုံးကို ဂိဗောင် သံတမန်များက ယောရှုထံ ပြောကြားခဲ့ကြပါသည်။ သူတို့တောင်းဆိုသောအရာကား ဣသရေလနှင့် မိသာဟာယ ဖွဲ့ရန် ဖြစ်ပါသည်။ သို့သော်လည်း၊ မိမိတို့၏ ဇာတိအမှန်ကို ဖုံးကွယ်ခဲ့ကြပါ၏။ သူတို့သည် ဣသရေလ စခန်းချရာ နေရာ၊ ဂိလဂါလ အနီး၌ နေထိုင်သောသူဖြစ်ကြသော်လည်း၊ ဝေးလံသောပြည်မှ လာသည်ဟု ဆိုခဲ့ကြပါသည်။

ယောရှုနှင့် ဣသရေလမင်းတို့သည် ဘုရားသခင်ကို မတိုင်ပင်ဘဲ၊ သူတို့ပြောစကားကို ယုံကြည်ခဲ့ကြပါသည်။ ဂိဗောင်လူတို့သည် ဝေးလံသော ခရီးနှင်ခဲ့သောသူများ ကဲ့သို့ ရုပ်ဖျက်ခဲ့ကြပါသည်။ "ထို့ကြောင့် အကျွန်ုပ်တို့၌ အသက်ကြီးသောသူတို့နှင့် ပြည်သူပြည်သား အပေါင်းတို့က၊ လမ်းခရီး ရိက္ခာကိုယူ၍ သူတို့ကို ခရီးဦးကြိုပြုခြင်းငှါ သွားကြလော့၊ ငါတို့သည် သူတို့၏ကျွန် ဖြစ်ကြောင်းနှင့် မိသာဟာယဖွဲ့ရပါမည်အကြောင်းကို လျှောက်ထားကြလော့ဟု မှာလိုက်ပါပြီ။ ကိုယ်တော်ထံသို့ ရောက်အံ့သောငှါ ထွက်လာသောနေ့၌ ခရီးရိက္ခာဖို့ ကိုယ်အိမ်မှ ဆောင်ယူခဲ့သော ဤမုန့်သည် ပူနွေးလျက်ရှိပါ၏။ ယခု ကြည့်ပါ။ အောက်လျက် မှိုတတ်လျက် ရှိပါ၏" (ယောရှု ၉း၁၁-၁၂) ဟု ဆိုခဲ့ကြပါသည်။ ထို့ပြင် စပျစ်ရည် ထည့်သော သားရေဘူး၊ အဝတ်နှင့်ခြေနင်းဖိနပ်တို့ကိုလည်း သက်သေအဖြစ် ပြခဲ့ကြပါသည်။ ဣသရေလကို မည်သို့ချဉ်းကပ်မည်အကြောင်း ကြိုတင်ပြင်ဆင်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - တွေးတောဆင်ခြင်ခြင်း မရှိဘဲ သူတပါးကို ယုံကြည်ကိုးစားခြင်းသည် အန္တရာယ်ကြီးလှပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ ဆုံးဖြတ်ခြင်းအမှု၌ ကိုယ်တော်၏အလိုတော်ကို ကျွန်တော်သိရှိလိုပါသည်။

**ယောရှု ၉**
မသဲ ၅း၁၃-၁၆

*"သင်တို့သည် ဤလောက၏ အလင်းဖြစ်ကြ၏။ တောင်ထိပ်၌ တည်သော မြို့ကို အကွယ်နိုင်"*

# ဂိဗောင်မြို့သားတို့ပြုသောအမှု၌ ဘုရားသခင်၏လက်တော်

ဂိဗောင်လူတို့ပြုသောအမှုကို Matthew Henry သည် ဤသို့မြင်ခဲ့ပါသည် - "ဣသရေလအကြောင်းကို အခြားလူမျိုးတို့သည် ကြားကြသောအခါ၊ တိုက်ခိုက်ဖို့ရန် ပြင်ဆင်ခဲ့ကြပါသည်။ သို့သော်လည်း၊ ဂိဗောင်လူတို့သည် သူတို့နှင့် ငြိမ်းချမ်းရေး လုပ်လိုခဲ့ကြပါသည်။ ထို့ကြောင့်၊ သတင်းကောင်းတရား၌ ဘုရားသခင်၏ဘုန်းတော်နှင့်ကျေးဇူးတော် မြင်တွေ့ခြင်းသည် အချို့လူတို့အတွက် အသက်ရှင်ခြင်းနှင့်ဆိုင်သော အသက်ရနံ့ဖြစ်သော်လည်း၊ အချို့လူတို့အတွက်မူ သေခြင်းနှင့်ဆိုင်သော သေခြင်း ရနံ့ဆိုးဖြစ်ပါသည် (၂ ကော ၂း၁၆)။ နေရောင်သည် ဖယောင်းကို ပျော့ပျောင်း စေ၍၊ ရွှံ့စေးကို မာကျော စေပါသည်။ ဂိဗောင်လူတို့၏ အမှားကို လက်ခံ၍ မရပါ။ ကောင်းသောအရာ ဖြစ်လာဖို့ရန် မကောင်းမှုကို ကျွန်တော်တို့ မပြုရပါ . . . တခါ မုသား ပြောလျှင် နောက် နှစ်ကြိမ်၊ သုံးကြိမ် မွေးဖွားလာလိမ့်မည်။ အပြစ်သည် ကျဆုံးခြင်းကို ဖြစ်စေပါသည်။ သို့သော်လည်း၊ သူတို့၏ယုံကြည်ခြင်းနှင့် ပါးနပ်မှုကိုမူ ချီးကျူးရပါမည်။ ဣသရေလထံ ချဉ်းကပ်ခြင်းသည် ထိုဣသရေလ၏ဘုရားသခင်ထံ ချဉ်းကပ်ခြင်းဖြစ်၍၊ ရုပ်တုဆင်းတု ကိုးကွယ်ခြင်းကို စွန့်လွှတ်ခဲ့ကြသည်ဟု မှတ်ယူနိုင်ပါသည်။ ကောင်းမြတ်တော်မူသော ဘုရားသခင်၏ဂရုဏာတော်သို့ မိမိကိုယ်ကို ဆက်ကပ်ခြင်းထက် ပို၍ကောင်းသောအရာ ရှိပါမည်လော။ ထိုသို့ပြုခြင်း၌ စီရင်ခြင်း မခံရအောင် နောင်တရခြင်းဖြင့် တိုးဝင်ရပါမည်။ ဤဂိဗောင်လူတို့ကဲ့သို့ ကျွန်တော်တို့လည်း နောင်တရလျက် ဘုရားသခင်ထံတိုးဝင်ချဉ်းကပ်၍ ငြိမ်းချမ်းမှု ရှာကြပါစို့။ သို့ပြုလျှင်၊ အပြစ်ကြောင့် ကျွန်တော်တို့သည် ပျက်စီးခြင်းသို့ ရောက်မည် မဟုတ်ပါ။ ကျွန်ုပ်တို့၏ မြတ်လှသော ယောရှုတည်းဟူသော၊ ယေရှုထံ ကျွန်ခံလျက်၊ အသက်ရှင်ခြင်း အခွင့်ခံယူကြပါစို့။"

ယောရှုသည် ဂိဗောင်လူတို့နှင့် မိသာဟာယဖွဲ့လျက်၊ သူတို့ကို အသက်ချမ်းသာပေးခဲ့ပါသည်။ လူထုမင်းများတို့သည် သူတို့ထံ ကျိန်ဆိုခြင်းပြုခဲ့ကြပါသည်။ ဣသရေလလူတို့က ထိုသူတို့၏ ဇာတိအမှန်ကို နောက်ကျမှ သိခဲ့ကြ၏။ သို့သော်လည်း၊ သူတို့အား အသက်ချမ်းသာပေးမည်ဟူသော ကျိန်ဆိုချက်ကိုမူ သူတို့သည် စောင့်ကြရပါမည်။ သူတို့အား ထင်းခုတ်သောသူ၊ ရေခပ်သောသူ အဖြစ် ဣသရေလက တာဝန်ပေးခဲ့ပါသည်။ သူတို့သည် နိမ့်ကျသော ကျွန်များဖြစ်ကြရပါမည်။ သူတို့သည် ကြောက်လန့်ခဲ့ကြသောကြောင့် မိမိကိုယ်ကို ဆက်ကပ်ခဲ့ကြပြီး၊ ပေးအပ်သော တာဝန်ကို လက်ခံခဲ့ကြပါသည်။

သင်ယူရမည့် သင်ခန်းစာ နှစ်ခုမှုကား၊ (၁) အရေးကြီးသော ဆုံးဖြတ်ချက်ကို အလျင်စလို မပြုပါနှင့်၊ (၂) သင် ကျိန်ဆိုသောစကားကို အလေးထားပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အဆုံးစွန်အာဏာတော်ကို လူတို့ ပြုသောအမှုတိုင်း၌ တွေ့ရပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ မှန်ကန်သောသူ ဖြစ်ခြင်းဖြင့် ကိုယ်တော်၏အမှုကို သက်သေခံသောသူ ဖြစ်လိုပါ၏။

*"ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏"*

# ဂိဗောင်မြို့သည် က္ကသရေလကို အားကိုးခဲ့ပါသည်

ခါနန်ပြည်တွင် နိုင်ငံမြို့ငယ်များစွာ တည်ရှိပါသည်။ မြို့များကို ဘုရင်များက အုပ်စိုးထားပါသည်။ က္ကသရေလလူတို့သိမ်းပိုက်ခဲ့သောမြို့ နှစ်မြို့သည် ခါနန်လူတို့ အတွက် ကျော်ကြားသော မြို့ဖြစ်ကြပါသည်။ ထိုမြို့တို့အပေါ် က္ကသရေလ ပြုသောအမှုကို သူတို့ သိကြပါသည်။ သူတို့ထဲမှ မြို့ကြီး တမြို့ဖြစ်သော ဂိဗောင်သည် က္ကသရေလနှင့် ငြိမ်းချမ်းရေးယူခဲ့ပါသည်။ ထို့ကြောင့် ယေရုရှလင် မင်းကြီးသည် ကြောက်ရွံ့ခြင်းရှိပါသည်။ သူသည် အခြားမြို့များကို စည်းရုံးလျက်၊ က္ကသရေလ ဆက်လက် မချီတတ်နိုင်ရန် ဆီးတားဖို့ ကြိုးစားခဲ့ပါသည်။

ဂိဗောင်မြို့သားတို့သည် စုပေါင်းတပ်က သူတို့ကို တိုက်ခိုက်ရန် ပြင်ဆင်ကြောင်း ယောရှုထံ အသိပေးလျက်၊ အကူအညီ တောင်းခဲ့ပါသည်။ ယောရှုသည် တုန့်ပြန်၍ စစ်တိုက်ရန် သွားခဲ့ပါသည်။ ဘုရားသခင်က ယောရှုအား ကြောက်ရွံ့ခြင်း မရှိဖို့ရန်နှင့် မိမိသည် သူတို့ကို တိုက်တော်မူမည်အကြောင်း မိန့်တော်မူ၏။ ဘုရားသခင်၏လူတို့သည် ခါနန်လူတို့ကို အနိုင်တိုက်ဖို့ရန် အချိန် ပို၍ လိုအပ်ခဲ့ပါသည်။ ထို့ကြောင့်၊ အပြီးတိုက်ခိုက်သည်အထိ တနေ့လုံး နေနှင့်လကို ဘုရားသခင်က ရပ်တန့် စေတော်မူခဲ့ပါသည်။ ဤသို့ဖြင့်၊ နယ်မြေကို ထပ်မံသိမ်းပိုက်ခဲ့ရကြ၏။

အရင်အောင်မြင်မှုကြောင့်၎င်း၊ ဂိဗောင်လူတို့နှင့် မိသာဟာယဖွဲ့သောကြောင့်၎င်း၊ ခါနန်မင်းများတို့သည် ကြောက်လန့်ခြင်း ရှိခဲ့ကြ၏။ သူတို့အပေါ် အဘယ်အမှုဖြစ်လာမည်ကို မသိခဲ့ကြပါ။ ဂိဗောင်မြို့သည် မြို့ကြီးဖြစ်သောကြောင့် ကြောက်ခဲ့ကြ၏။ ယောရှုကို တိုက်ခိုက်ဖို့ရန် ယေရုရှလင်မင်းကြီးသည် အခြား ခါနန်မင်းကြီးများကို စည်းရုံးခဲ့ပါသည်။ ဂိဗောင်မြို့သည် က္ကသရေလကို တိုက်ခိုက်ဖို့ရန် အင်အားကြီးသောမြို့ဖြစ်ကြောင်း သိခဲ့ကြပါသည်။ သို့သော်လည်း၊ ဂိဗောင်သည် မိသာဟာယ ဖွဲ့ခဲ့ပါသည်။

အခြားခါနန်မြို့များတို့က ဂိဗောင်လူတို့ကို သစ္စာဖောက်ဟု မြင်၍ တိုက်ခိုက်ဖို့ရန် ဆုံးဖြတ်ခဲ့ကြ၏။ က္ကသရေလကို မတိုက်မှီ ရှေးဦးစွာ ဂိဗောင်ကို တိုက်ခိုက်ရန် ကြိုးစားခဲ့ကြပါသည်။ က္ကသရေလနှင့်ဂိဗောင်လူတို့၏ မိသာဟာယ ဖွဲ့ခြင်း၌ စစ်တိုက်သောအခါ ပူးပေါင်းရန်လည်း ပါဝင်ပါသည်။ သို့သော်လည်း၊ ဘုရားသခင်အပေါ် ထားရှိသော က္ကသရေလ၏ယုံကြည်ခြင်းသည် ယောရှုနှင့်က္ကသရေလကို မိမိတို့၏ရည်ရွယ်ချက်ဖြစ်သော နယ်မြေသိမ်းပိုက်ခြင်းအမှု ဆောင်ရွက်ဖို့ရန် ယုံကြည်ခြင်းအပြည့်ဖြင့် ရှေ့ဆက် ချီတတ်စေတော်မူ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ယုံကြည်ကိုးစားသောသူတို့သည် ကြီးသောအမှုကို ပြုကြလိမ့်မည်။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်ကို ခွန်အားနှင့် အစဉ်ပြည့်ဝစေတော်မူပါ။

*"ဣသရေလအမျိုးသည် ယခုအခါမှ စ၍၊
ကာလအစဉ်မပြတ် ထာဝရဘုရားကို မြော်လင့်ပါစေ"*

## မကျေနပ်သောရှင်ဘုရင်တို့သည် ယောရှုကို တိုက်ခိုက်ခဲ့ကြပါသည်

ခါနန်ပြည်ရှိ မင်းကြီးများတို့သည် စည်းလုံးမှုရှိသောအခါ၊ ယောရှုကို ရန်စခဲ့ကြပါသည်။ ဣသရေလနှင့် မိဿဟာယဖွဲ့ခဲ့သော ဂိဗောင်မြို့ကို တိုက်ဖို့ရန် ယေရုရှလင်မင်းကြီးသည် မြို့ငါးမြို့၏မင်းကြီး ငါးပါးကို စည်းရုံးခဲ့ပါသည်။ သူတို့သည် ဣသရေလ ဆက်လက်ပြုမည့် အမှုကို ကြောက်လန့်ခဲ့ကြပါသည်။ ယောရှုသည် သူတို့၏ပြည်ကို တိုက်ခိုက်သိမ်းပိုက်ရန် ရည်ရွယ်ကြောင်း သူတို့သိခဲ့ကြပါ၏။

ထိုမင်းကြီးတို့သည် မိမိကိုယ်ကို ကာကွယ် ကြရပါမည်။ သူတို့သည် ဂိဗောင်မြို့ကို သစ္စာဖောက် ဟုသတ်မှတ်ခဲ့ကြပါသည်။ ထိုမင်းကြီးတို့သည် ဣသရေလကို အောင်နိုင်ဖို့ရန် အချိန်ယူဆွေးနွေးခဲ့ကြပါလိမ့်မည်။ ယောရှု ၁၀း၃-၅ ထဲတွင်၊ ယေရုရှလင်မင်းကြီး၏ လှုပ်ရှားမှုကို ဤသို့ဖော်ပြခဲ့ပါသည် - "ထိုအခါ ယေရုရှလင်မင်းကြီး အဒေါနိဇေဒက်သည်၊ ဟေဗြုန်မင်းကြီး ဟောဟံ၊ ယာမုတ်မင်းကြီး ပိရံ၊ လာခိရှ မင်းကြီး ယာဖျာ၊ ဧဂလုန် မင်းကြီး ဒေဗိရ တို့ထံသို့ စေလွှတ်၍၊ ဂိဗောင်မြို့သည် ယောရှု မှစ၍ ဣသရေလ အမျိုးသားတို့နှင့် မိဿဟာယ ဖွဲ့သောကြောင့်၊ ထိုမြို့ကို လုပ်ကြံခြင်းငှါ ငါ့ထံသို့ လာ၍ ငါနှင့်အတူ ကူညီကြပါဟု နှိုးဆော်သည်အတိုင်း၊ ယေရုရှလင်မင်းကြီး၊ ဟေဗြုန်မင်းကြီး၊ ယာမုတ် မင်းကြီး၊ လာခိရှ မင်းကြီး၊ ဧဂလုန် မင်းကြီး တည်းဟူသော အာမောရိ မင်းကြီး ငါးပါးတို့သည် စည်းဝေး၍ မိမိတို့ ဗိုလ်ပါစစ်သည် အပေါင်းတို့နှင့်တကွ စစ်ချီ၍၊ ဂိဗောင်မြို့ ရှေ့မှာ တပ်ချလျက် စစ်တိုက်ကြ၏။" သူတို့၏စစ်တပ်အင်အားသည် ကြီးမားသောကြောင့် ဂိဗောင်မြို့နှင့် ဣသရေလကို အောင်နိုင်မည်ဟု ထင်ခဲ့ကြပါသည်။ ဣသရေလနှင့် မိဿဟာယဖွဲ့သောကြောင့် ဂိဗောင်မြို့ကို သူတို့သည် ရန်သူဟု သတ်မှတ်၍ ဦးတည်တိုက်ခိုက်ခဲ့ကြ၏။ ထိုမြို့တို့သည် အိမ်နီးချင်းဖြစ်ကြသောကြောင့် စစ်တိုက်ဖို့ရန် လွယ်ကူစွာ စုစည်းနိုင်ခဲ့ခြင်းဖြစ်ပါသည်။ လူ့အမြင်၌ သူတို့၏ ညွန့်ပေါင်း စစ်တပ်အင်အားသည် ကြီးမားလှပါသည်။ သို့သော်လည်း ဣသရေလ ဘုရားသခင်၏ လက်တော်သည် အံ့ဘွယ်အမှု၊ ထူးခြားသောအမှုကို ပြုနိုင်သောကြောင့်၊ အောင်မြင်မှု အဆုံးအဖြတ်သည် ဘုရားသခင်၏လက်တော်၌ ရှိပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဘုရားသခင် ဘက်၌ ရပ်တည်ပါသလား။
**ဆုတောင်းချက်**- အဖဘုရား၊ ဆုံးဖြတ်ချက်တိုင်း၌ ကိုယ်တော် ဘက်၌ ကျွန်တော် ရပ်တည်လိုပါသည်။

**ယောရှု ၁၀း၁-၂၁**
မသဲ ၅း၁၃-၁၆

*"သင်တို့သည် ဤလောက၏ အလင်းဖြစ်ကြ၏။ တောင်ထိပ်၌ တည်သော မြို့ကို အကွယ်နိုင်"*

# မင်းကြီးငါးပါးနှင့် ယောရှု စစ်တိုက်ခဲ့ပါသည်

ဂိဗောင်လူတို့သည် ယောရှုအား သူတို့၏မြို့ကို မင်းကြီးငါးပါးတို့သည် တိုက်ခိုက်မည် အကြောင်း ကြားပြော၍ အကူအညီတောင်းခဲ့ကြပါသည်။ သူတို့နှင့် မိသာဟာယဖွဲ့ခဲ့သည် ဖြစ်သော ကြောင့်၊ ကူညီဖို့ရန် ဣသရေလ၌ တာဝန်ရှိပါသည်။ ထို့ကြောင့် သူတို့သည် စစ်တိုက်ခဲ့ကြပါသည်။ တဘက်တွင်၊ ဂိဗောင်လူတို့ကို ကာကွယ်ခြင်းဖြစ်သော်လည်း၊ တဘက်၌ ဘုရားသခင် ပေးသနားတော် မူသောပြည်ကို ပိုင်ဆိုင်ဖို့ရန် တိုက်ခိုက်ခြင်းဖြစ်ပါသည်။

ဘုရားသခင်က ယောရှုအား ထိုမင်းကြီးများကို မိမိလက်ထဲသို့ အပ်မည်အကြောင်း မိန့်တော်မူခဲ့ပါသည်။ ထို့ကြောင့် ယောရှုသည် ယုံကြည်ခြင်းအပြည့်နှင့် တိုင်ခိုက်ခဲ့ပါသည်။ ဘုရားသခင်သည် ရန်သူများကို ဣသရေလရှေ့၌ ကျဆုံးစေခဲ့ပါသည်။ သူတို့သည် ဂိဗောင်မြို့၌ များစွာ အသတ်ခံရကြပြီး၊ ဗေသောရုံမြို့၊ အဇေကာမြို့နှင့် မက္ကဒါမြို့တိုင်အောင် လိုက်သတ်ခြင်း ခံခဲ့ကြပါ၏။ ထိုအခါ၊ ဘုရားသခင်သည် ကြီးစွာသော မိုးသီးများကို ချတော်မူခဲ့ပါသည်။ ထိုမိုးသီး တို့သည် လူကို သေစေနိုင်ပါ၏။ ဣသရေလ၏ဒါးဖြင့် သေသောသူထက်၊ မိုးသီးကြောင့် သေသောသူ ပို၍ များပါသည်။

ဘုရားသခင်၏အံ့ဘွယ်အမှုသည် ဆက်လက် ထင်ရှားခဲ့ပါသည်။ "ထိုသို့ အာမောရိလူတို့ ကို ဣသရေလအမျိုးသားတို့၌ အပ်တော်မူသော နေ့မှာ၊ ယောရှုသည် ထာဝရဘုရားကို ဆုတောင်း ပြီးလျှင်၊ အို နေ၊ သင်သည် ဂိဗောင်မြို့၌ငင်း၊ အို လ၊ အာယလုန် ချိုင့်၌ငင်း ငြိမ်ဝပ်စွာ နေလော့ဟု ဣသရေလအမျိုးသားများ ရှေ့တွင် မြွက်ဆိုသည်အတိုင်း၊ ဣသရေလလူတို့သည် ရန်သူတို့အား အပြစ်ဒဏ် မပေးမှီတိုင်အောင် နေသည် ငြိမ်ဝပ်စွာ နေ၍ လသည် ရပ်လေ၏။ ယာရှာ၏စာ၌ ပါသည်ကား၊ မိုးကောင်းကင်အလယ်၌ နေသည် ရပ်နေ၏။ ဝင်မြဲဝင်အံ့သောငှါ တနေ့လုံး အလျင် မပြုဟု ပါသည် မဟုတ်လော" (ယောရှု ၁၀း၁၂-၁၃)။ ဣသရေလကို ဘုရားသခင် လက်တွေ့ ကူညီ ခဲ့သည့်အပြင်၊ ပြုတော်မူသော ဤအံ့ဘွယ်အမှုက ယောရှုကို ထပ်၍ ယုံကြည်မှု ပေးခဲ့ပါသည်။ သူသည် ခါနန်လူတို့ကို လိုက်လံ တိုက်ထုတ်ခဲ့ပါသည်။ ဘုရားသခင်သည် မိမိ၏ဂတိတော်ကို စုံလင် စေတော်မူလျက် ရှိ၏။ ဤပြည်ကို မိမိတို့ နောက်ဆုံးတွင် ပိုင်ဆိုင်မည်အကြောင်း စိတ်ချ ယုံကြည်မှု နှင့် စခန်းသို့ ပြန်သွားခဲ့ကြပါသည်။

ယောရှုသည် နောက်အောင်ပွဲများအတွက် ဘုရားသခင်၏လမ်းပြပို့ဆောင်မှုကို ရှာဖွေ စောင့်မျှော်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - လူ ပြုသောအမှုတိုင်း၌ ဘုရားသခင်၏အဆုံးစွန် အာဏာတော် တွေ့ရပါသည်။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်အတွက် ရိုးသား စစ်မှန်စွာ သက်သေ ခံလိုပါ၏။

*"လူအပေါင်းတို့သည်လည်း ကြောက်ရွံ့၍၊ ဘုရားသခင် စီရင်တော်မူကြောင်းကို နားလည်သဖြင့် အမှုတော်ကို ကြားပြောကြလိမ့်မည်"*

# မင်းကြီးငါးပါးတို့သည် မက္ကဒါဒြဲဖမ်းဆီးခြင်း ခံခဲ့ကြပါသည်

ရန်သူ့ စစ်တပ်သည် အကုန်လုံး သတ်ခြင်းခံခဲ့ရကြ၏။ သို့သော်လည်း၊ မင်းကြီးတို့သည် ကာကွယ်ခြင်း ခံရ၍ မက္ကဒါလိုင်ခေါင်၌ ပုန်းလျက်နေကြပါသည်။ သူတို့၌ စစ်သူရဲ မရှိတော့ဘဲ၊ စစ်ဘေးဒုက္ခသည် ဖြစ်ခဲ့ကြရပါသည်။ ယောရှုက ထိုလိုင်ခေါင် အပေါက်ဝ၌ ကြီးမားသောကျောက်တို့ကို လှိမ့်ပိတ်ထားရန် အမိန့်ပေးခဲ့ပါသည်။ သူတို့သည် လိုင်ခေါင်ထဲ၌ ပိတ်မိနေခဲ့ကြ၏။ အချိန်ပြည့် စောင့်ကြည့်ထားရန်လည်း မှာထားခဲ့ပါသည်။

ယောရှုက ထိုမင်းကြီးတို့၏စစ်သူရဲ ဘယ်သူမျှ မလွတ်မြောက်ဖို့ရန် သေချာ မှာထားခဲ့ပါသည်။ သူတို့အား မြို့ထဲသို့ ဝင်ခွင့် မပေးဘဲ၊ အကုန်လုံး သတ်ခဲ့ကြပါသည်။ နက်ဖြန်နေ့တွင်၊ ထိုမင်းကြီးငါးပါးတို့ကို လိုင်ခေါင်မှ ထုတ်၍ သူတို့၏လည်ပင်းကို ဣသရေလလူတို့အား နင်းစေခဲ့ပါသည်။ ဤသည်ကား၊ အောင်နိုင်ခြင်း လက္ခဏာပင်ဖြစ်ပါသည်။ ထိုအခါ၊ ယောရှုက မိမိလူတို့အား ခွန်အားပေး စကားဆိုခဲ့ပါသည်၊ "သင်တို့တိုက်ရသောရန်သူ အပေါင်းတို့ကို ထာဝရဘုရားသည် ဤကဲ့သို့ ပြုတော်မူမည်ဖြစ်၍ မကြောက်ကြနှင့်၊ စိတ်မပျက်ကြနှင့်။ အားယူ၍ ရဲရင့်ခြင်း ရှိကြလော့" (ယောရှု ၁၀း ၂၅) ဟု ဆိုခဲ့ပါသည်။ မင်းကြီးတို့သည် အသေသတ်ခြင်းခံရပြီး၊ သစ်ပင် ငါးပင်ပေါ်၌ ဆွဲထားခဲ့ကြပါသည်။ သစ်ပင်ပေါ်၌ ဆွဲထားခြင်းသည် ကျိန်ခြင်း လက္ခဏာဖြစ်ပါသည်။ သူတို့သည် နောက်၌ လိုင်ခေါင်ထဲတွင် မြုပ်နှံခဲ့ကြ၏။ ဤအောင်မြင်မှုက ယောရှုအား ခါနန်ပြည်ကို သိမ်းပိုက်ရန် မိမိ၏တာဝန်ထမ်းဆောင်ခြင်း၌ ပို၍ယုံကြည်မှု ပေးခဲ့ပါသည်။

မင်းကြီးငါးပါးနှင့် သူတို့၏မြို့များ သိမ်းပိုက်ခြင်းသည် ယောရှုအတွက် ကြီးမားသော အောင်မြင်မှု ဖြစ်ပါသည်။ ထိုမြို့များနှင့် မြို့သူမြို့သားအပေါင်းတို့ကို သတ်ခဲ့ပါသည်။ ထိုမြို့များအပြင်၊ ကာဒေရှဗာနာမြို့၊ ဂါဇာမြို့နှင့် ဂေါရှင်မြို့တို့ကိုလည်း လုပ်ကြံခဲ့ပါသည် (ယောရှု ၁၀း၄၁)။ ခါနန်လူတို့သည် ဣသရေလလူတို့ကြောင့် အလွန်ကြောက်လန့်ခြင်း ရှိကြပြီး၊ ထွက်ပြေးခဲ့ကြပါသည်။ ဣသရေလကို မခုခံရဲကြပါ။ ထို့ကြောင့် ဣသရေလသည် ထိုပြည်ကို လျင်မြန်စွာ သိမ်းပိုက်နိုင်မည်ဖြစ်၍၊ ယောရှုသည် ဣသရေလအမျိုးများထံ အမွေခွဲဝေပေးနိုင်မည်ဖြစ်ပါသည်။ ဘုရားသခင်သည် ဣသရေလအတွက် တိုက်ခိုက်တော်မူခဲ့ပြီး၊ သူတို့သည် မိမိတို့ စခန်းချရာ ဂိလဂါလသို့ ပြန်သွားခဲ့ကြပါသည်။ ထိုမြို့ငါးမြို့သိမ်းပိုက်ခြင်းက ခါနန်ပြည် သိမ်းပိုက်ခြင်းကို ပို၍ လျင်မြန် စေခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဣသရေလ၏အောင်မြင်မှု အရင်းအမြစ်သည် ဘုရားသခင်ဖြစ်တော်မူ၏။
**ဆုတောင်းချက်**- အဖဘုရား၊ ဝိညာဉ် စစ်ပွဲတိုင်း၌ ကိုယ်တော်ကိုသာ ကိုးစားလိုပါသည်။

*"အဘယ်အမှုကိုမျှ စိုးရိမ်ခြင်း မရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုသော အားဖြင့်၊ သင်တို့တောင်းပန်လိုသော အရာများကို ဘုရားသခင်အား ကြားလျှောက်ကြလော့"*

# မြောက်ပိုင်းမင်းကြီးတို့သည် ဣသရေလကို တိုက်ခြင်းငှါ လာကြ၏

အချိန်တိုအတွင်း မြောက်ပိုင်းမြို့များကို သိမ်းပိုက်ခဲ့ကြပြီး၊ ပိုကျယ်သောနယ်မြေကို ရခဲ့ကြပါသည်။ အကြောင်းမှာ ရန်သူနှိမ်နင်းခြင်း၌ ဣသရေလသည် ပို၍ ယုံကြည်ခြင်း ကြီးမားလာခဲ့သောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်သည် ယောရှုကို အမြဲတမ်း ခွန်အားပေး၍ သူတို့အတွက် တိုက်ပေးတော်မူခဲ့၏။ မြောက်ပိုင်းမင်းကြီးများသည် ပိုအင်အားကြီး၍ စစ်လက်နက်ပိုကောင်းခဲ့သော်လည်း၊ ယောရှုသည် သူတို့ကို နိုင်လျက် သူတို့ပြည်ကို သိမ်းပိုက်ခဲ့ပါသည်။ မြောက်ပိုင်း သိမ်းပိုက်ခြင်း အကြောင်းကား အောက်ပါအတိုင်းဖြစ်ပါသည်။

ဟာဇော်မင်းကြီး ယာဘိန်သည် ယောရှု၏တောင်ပိုင်း သိမ်းပိုက်ခြင်း အကြောင်းကို ကြားသိခဲ့ပါသည်။ သူတို့သည် အညံ့ မခံဘဲ၊ ဣသရေလကို တိုက်ဖို့ရန် မိမိတို့၌ လုံလောက်သော အင်အားရှိသည်ဟု ထင်ခဲ့ပါသည်။ ယာဘိန်က အခြားမြို့၏မင်းကြီးများအား ဣသရေလကို အတူတိုက်ဖို့ရန် စည်းရုံးခဲ့ပါသည်။ စစ်ပွဲတိုင်း၌ စတိုက်သောသူနှင့် ခံစစ်တိုက်သောသူ ဟူ၍ ရှိတတ်ပါသည်။ ယခုတွင်၊ ဣသရေလသည် ခံစစ်ဖြစ်ခဲ့ပါသည်။ မင်းကြီးများ၏နယ်မြေသည် ပိုကျယ်ကြောင်း ယောရှု ၁၁း၃ တွင်တွေ့ရပါသည် - "အရှေ့အနောက်၌ နေသော ခါနန်လူ၊ တောင်ပေါ်မှာနေသော အာမောရိလူ၊ ဟိတ္တိလူ၊ ဖေရဇိလူ၊ ယေဗုသိလူ၊ မိဇပါပြည်၊ ဟေရမုန်တော်ခြေရင်း၌ နေသော ဟိဝိလူတို့ ရှိရာသို့ရှင်း စေလွှတ်၍. . .။" ယာဘိန်သည် ထိုမင်းကြီးများကို ဖိတ်ခေါ်၍ ဣသရေလကို ရန်စခဲ့ပါသည်။ ယောရှုသည် အခြား ခါနန်မင်းကြီးများနှင့်ယော်ဒန်မြစ် တဘက်ကမ်းရှိ အာမောရိလူများကို အောင်နိုင်ကြောင်း သူတို့ကြားသိသောကြောင့် ကြောက်လန့်ခြင်း ရှိခဲ့ကြ၏။ သူတို့၏နည်းဗျူဟာကား၊ မိမိတို့၏ စစ်အင်အားကို အားကိုးလျက်၊ ရုတ်တရက် တိုက်ခိုက်ရန် ဖြစ်ပါသည်။

ယောရှုက ဘုရားသခင်၏စကားသည် ပြည့်စုံမည်အကြောင်း သိခဲ့ပြီးဖြစ်ပါသည်။ ခါနန်ပြည်ကို လေ့လာကြည့်ရှုရန် မောရှေ စေလွှတ်ခဲ့သောသူလျှို ဆယ့်နှစ်ဦးထဲတွင် ယောရှုပါဝင်ခဲ့ကြောင်း သိမှတ်ကြပါစို့ (တော ၁၃း၈)။ ထိုအချိန်၌ ခါနန်ပြည်သို့ ဝင်ရောက် တိုက်ခိုက်ဖို့ရန် လူတို့ကို တိုက်တွန်းခဲ့သော လူနှစ်ဦးတွင် သူသည် တယောက်ဖြစ်ခဲ့ပါသည်။ သို့သော်လည်း၊ ပိုများသော ကျန်ဆယ်ယောက်က လူတို့၏စိတ်ကို လွှမ်းမိုးအနိုင်ယူခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်က သူတို့ကို ပြစ်ဒဏ်ခံစေလျက် တောထဲ၌ နှစ်ပေါင်း လေးဆယ် တောလည်စေခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်သည် မိမိ၏မူလဂတိတော်ဖြစ်သော၊ ဤပြည် ပေးတော်မူမည်ဟူသော ဂတိကို ပြောင်းလဲတော် မမူခဲ့ပါ။ ယောရှုသည် မောရှေ၏နေရာကို ဆက်ခံလျက်၊ ခါနန်လူတို့ကို စစ်တိုက်ပြီး၊ ဤပြည်ကို ဣသရေလအမျိုး ဆယ့်နှစ်မျိုးထံ အမွေခွဲပေးမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ဂတိတော်စကားအတိုင်း အမှန်ပြုတော်မူတတ်၏။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏သမ္မာတရားကို (ယောရှုကဲ့သို့) အစဉ်စွဲကိုင်မည် အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၁၅)
**ယောရှု ၁၁**
ကောလော ၁း၁၆-၂၃

*"ဧဝံဂေလိတရား၏ မြော်လင့်ခြင်းမှ မရွေ့လျော့ဘဲ တိုက်မြစ်ချခြင်း၊ တည်ကြည်ခြင်းနှင့်တကွ မြဲမြံစွာ ယုံကြည်ကြလျှင် . . ."*

# ယောရှုက ခုခံခဲ့ပါသည်

ဣသရေလကို တိုက်ဖို့ရန် ယာဘိန်သည် အင်အားကြီးမားသောစစ်တပ်ကြီးကို မေရုံ အိုင်နား၌ တပ်ချခဲ့ပါသည်။ ဤနေရာသည် ဂါလိလေအိုင်၏ မြောက်အရပ်ဖြစ်ပါသည်။ ယော်ဒန်မြစ် ဖျားခံရာ အနီးဖြစ်၍ ထိုနေရာတွင် ဟူလာခေါ် သေးငယ်သောအိုင် တအိုင်ရှိပါသည်။ ဘုရားသခင်က ဣသရေလထံ ပေးတော်မူမည်ဟု ဂတိထားမူသော မြောက်ပိုင်း နယ်နိမိတ်နှင့် မဝေးတော့ပါ။ ထို မင်းကြီးတို့သည် ဣသရေလကို တိုက်၍ အောင်မြင်မှု ရမည်ဟု မိမိကိုယ်ကို ယုံကြည်ခြင်းအပြည့် ရှိခဲ့ကြပါသည်။ လူ့နေဖြင့်ကြည့်လျှင်၊ သူတို့သည် အမှန် အင်အားကြီးသည်ဖြစ်၍ ဣသရေလသည် သူတို့ကို နိုင်မည် မဟုတ်ပါ။ သို့သော်လည်း၊ ကျမ်းစာထဲ၌ ဖော်ပြခဲ့သောစစ်ပွဲများအတိုင်း၊ ဘုရားသခင် ဘက်၌ ရပ်တည်လျှင် ဣသရေလသည် အောင်မြင်မှုရခဲ့ပါသည်။ ဣသရေလသည် ဘုရားသခင်ကို ကိုးစားလျက် မိမိ၏ အင်အားကို ပြသရန်ဖြစ်ပါသည်။

ဘုရားသခင်သည် ယောရှုအား စကားပြောလျက်၊ အောင်မြင်မှုရမည်အကြောင်း မိန့်တော်မူခဲ့ပါသည်။ "သူတို့ကို မကြောက်နှင့်။ ငါသည် နက်ဖြန်နေ့ ယခုအချိန်၌ ဣသရေလအမျိုးရှေ့မှာ၊ ထိုသူအပေါင်းတို့ကို အသေအပ်မည်။ မြင်းတို့၏ခြေကြောကို ဖြတ်ရမည်။ ရထားတို့ကို မီးရှို့ရမည် ဟု ယောရှုအား မိန့်တော်မူ၏" (ယောရှု ၁၁း၆)။

ယောရှုသည် ကြောက်ရွံ့ခြင်း မရှိမည်အကြောင်း ဘုရားသခင်က ထိုသို့ အားပေးခြင်း ဖြစ်ပါသည်။ ယောရှု၏လက်ထဲသို့ ထိုမင်းကြီးများကို အပ်မည်ဟု ဘုရားသခင် ဂတိပေးတော်မူခဲ့ပါ သည်။ ယောရှုသည် မေရုံ အိုင်နား၊ ရန်သူတို့ တပ်စခန်းသို့ ရုတ်တရက် လာ၍၊ တိုက်ခိုက်ခဲ့ပါသည်။ ထိုသို့ မမျှော်လင့်သောအချိန်၌ ရုတ်တရက် တိုက်ခိုက်ခြင်း ခံရကြသောကြောင့်၊ စုပေါင်းတပ်သည် ကြောက်လန့်ခဲ့ကြပြီး၊ ယောရှုသည် လက်ဦးမှုရခဲ့ပါသည်။ ဘုရားသခင်က သူတို့ကို ဣသရေလ လက်ထဲသို့ အပ်တော်မူခဲ့ပြီး၊ လွယ်ကူစွာ အနိုင်ယူခဲ့ပါသည်။ ယောရှုက သူတို့၏ မြင်းတပ်ကို ဖျက်ဆီးလျက်၊ မြင်းလှည်းများကို မီးရှို့၍ မြင်းများ၏ခြေကြောကို ဖြတ်ခဲ့ပါသည်။ မြင်းလှည်းများသည် ထိုစစ်တပ်၏ အဓိကအင်အားဖြစ်ပါသည်။

ဣသရေလ တိုက်သောစစ်ပွဲများနှင့် ဘုရားသခင်၏မစတော်မူခြင်းတို့က ဘုရားသခင် သည် မိမိလူတို့နှင့် မိမိ၏အလိုတော်ကို နာခံသောသူတို့အား ဘယ်သောအခါမှ စွန့်ပစ်တော် မမူ ကြောင်း ထင်ရှားစွာပြသလျက်ရှိပါသည်။ ယောရှုသည် ဆက်လက်၍ နယ်မြေကို သိမ်းပိုက် ရဦးမည် ဖြစ်ပါသည်။ သူသည် မိမိ၏ခွန်အားနှင့် အောင်မြင်ခြင်းတည်းဟူသော ဘုရားသခင်ကိုသာ အစဉ် စောင့်မျှော်လျက်ရှိပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ယုံကြည်သူတို့၏ ခွန်အား အရင်းမြစ် အစဉ်ဖြစ်တော်မူ၏။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏ ခွန်အားကို လျော့မတွက် မည်အကြောင်း ကျွန်ုပ်ကို သတိပေးတော်မူပါ။

**ယောရှု ၁၁**
မသဲ ၁၁း၂၇-၃၀

*"ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။ ငါသည် ချမ်းသာပေးမည်"*

# ယောရှုက မြောက်ပိုင်းနယ်နိမိတ်ကို သိမ်းပိုက်ခဲ့ပါသည်

ဟာဇော်သည် ကြီးမားသောမြို့ဖြစ်ပြီး၊ ယောရှုက သိမ်းပိုက်ခဲ့ပါသည်။ ဤမြို့သည် ယောရှု မီးရှို့ဖျက်ဆီးခဲ့သောမြို့ဖြစ်ပါသည်။ မောရှေ မှာထားတော်မူသည်အတိုင်း၊ အခြားမင်းကြီးအပေါင်းကို ဖျက်ဆီး သတ်ဖြတ်ခဲ့ပါသည်။ ဣသရေလသည် ထိုမြို့များမှ ပစ္စည်းဥစ္စာများနှင့်တိရစ္ဆာန်များကို သိမ်းယူခဲ့ကြပါသည်။ သူတို့သည် လူတယောက်မျှ အသက်ရှင်လျက် မထားဘဲ၊ အကုန်သတ်ခဲ့ကြပါသည်။ စစ်ပွဲနောက်တွင် ခါနန်ပြည် နယ်မြေသိမ်းပိုက်ခြင်း လိုက်လာခဲ့ပါသည်။ မောရှေထံ ဣသရေလအား ပေးမည်ဟု ဘုရားသခင် မိန့်တော်မူသော နောက်ဆုံး နယ်နိမိတ်သည် ဤမြောက်ပိုင်း နယ်မြေပင်ဖြစ်ပါသည်။ နယ်နိမိတ်အားလုံး သိမ်းပိုက်ခဲ့ပါသည်။ ဣသရေလသည် အတွေ့အကြုံများစွာ ရှိပြီဖြစ်သောကြောင့်၊ အခြားနယ်များထက် ဤနောက်ဆုံး နယ်နိမိတ် သိမ်းပိုက်ခြင်းသည် ပို၍ လျင်မြန်ခဲ့ပါသည်။ ထို့ပြင် ဤမြောက်ပိုင်းပြည်သူပြည်သားတို့သည် ဣသရေလ၏ အောင်မြင်မှုအကြောင်းကို ကြားသိခဲ့ကြပြီး၊ ကြောက်လန့်ခြင်း ရှိခဲ့သောကြောင့်လည်း ဖြစ်ပါသည်။

ဒုတိယခြေလှမ်းအနေဖြင့် သိမ်းပိုက်ခဲ့သောနယ်မြေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ "ထိုသို့ စိရလမ်းတွင် ရှိသော ဟာလက်တောင်မှစ၍ ဟေရမုန်တောင်ခြေရင်း၊ လေဗနုန်ချိုင့်၌ ရှိသော ဗာလဂဒ်မြို့တိုင်အောင်၊ တောင်ပေါ်အရပ်၊ တောင်မျက်နှာအရပ်၊ ဂေါရှင်ပြည်၊ ချိုင့်များ၊ လွင်ပြင်များ၊ ဣသရေလ ချိုင့်နှင့်တကွ ထိုပြည်အလုံးစုံကို ယောရှုသည် သိမ်းယူ၍၊ မင်းကြီးအပေါင်း တို့ကို အောင်သဖြင့် လုပ်ကြံကွပ်မျက်လေ၏။ ထိုမင်းကြီးအပေါင်းတို့ကို ကာလကြာမြင့်စွာ စစ်တိုက် ရ၏။ ဟိဝိလူ၊ ဂိဗောင်မြို့သားများမှတပါး ဣသရေလအမျိုးသားတို့နှင့် မိသာဟာယဖွဲ့သော မြို့တမြို့မျှ မရှိ။ အခြားသောမြို့ရှိသမျှတို့ကို တိုက်၍ အနိုင်သိမ်းယူရကြ၏" (ယောရှု ၁၁း၁၆-၁၉)။ ထိုနယ်နိမိတ်အပေါင်းကို သိမ်းပိုက်ခြင်း၌ သူတို့သည် အချိန်ယူ ကြံ့ကြာခဲ့ပါသည်။ ဂိဗောင်လူတို့ သာလျှင် ဣသရေလနှင့် မိသာဟာယဖွဲ့ခဲ့၏။ ဘုရားသခင်သည် ခါနန်လူတို့၏စိတ်နှလုံးကို ခိုင်မာစေလျက်၊ သူတို့သည် ဣသရေလကို တိုက်ခိုက်လာ၍ ကျဆုံးခဲ့ကြပါသည်။ ယောရှုသည် ဂါဇာမြို့နှင့် ဂါသမြို့၊ အာဇုတ်မြို့မှအပ၊ အခြားမြို့တွင် အာနာကလူ တယောက်မျှ မကျန်အောင် ရှင်းရှင်း သတ်ဖြတ်ခဲ့ပါသည်။ ထိုအာနာကလူတို့မှ ဂေါလျတ် ဆင်းသက်လာခဲ့ပါသည်။ ယောရှုသည် ဘုရားသခင်ဂတိပေးတော်မူသော နယ်မြေအပေါင်းကို သိမ်းပိုက်ခဲ့ပြီး၊ စစ် မတိုက်ဘဲ နားခဲ့ပါသည်။

ဘုရားသခင်သည် သူတို့အတွက် တိုက်ပေးတော်မူ၍ ထိုပြည်ကို ပေးတော်မူသောကြောင့် ဣသရေလသည် အောင်မြင်မှု တခုပြီးတခု ရခဲ့၏။ ယနေ့ ယုံကြည်သူတို့၌လည်း ဘုရားသခင်၏ ဂတိတော်ရှိပါသည်။ အဆုံးတိုင်အောင် သူ့ကို ယုံကြည်ပါလော့၊ ငြိမ်သက်ချမ်းသာခြင်း ရပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ကျွန်တော်တို့ ယုံကြည်ကိုးစားသောအခါ၊ စုံလင်သော နားခိုချမ်းသာမှုကို ရရှိကြ၏။

**ဆုတောင်းချက်**- အဖရာဘုရား၊ ကိုယ်တော်ထံ အကျွန်ုပ်၏ဝန်ထုပ်ဝန်ပိုးကို အမှန်ချထားလျက်၊ ချမ်းသာခိုနားမှု ကိုရရှိလိုပါသည်။

သောကြာ၊ နိုဝင်ဘာ (၁၇)
**ယောရှု ၁၂**
တော ၂၁း၂၁-၃၂

*"ထိုသို့ ဣသရေလ အမျိုးသားတို့သည် . . . အာမောရိ အမျိုးသားနေသော မြို့ရွာရှိသမျှတို့ကို သိမ်းယူ၍ နေကြ၏"*

# မောရှေသည် နယ်မြေသိမ်းပိုက်ခြင်း၌ ရှေ့ပြေးဖြစ်ခဲ့ပါသည်

ယောရှုနှင့်ဣသရေလသည် ပေးတော်မူမည်ဟု ဘုရားသခင် ဂတိထားတော်မူသော ပြည်အားလုံးကို သိမ်းပိုက်နိုင်ခဲ့ပါသည်။ မောရှေသည် ယော်ဒန်မြစ်တဘက်ကမ်းရှိ မောဘပြည်၏ ရှင်ဘုရင်နှစ်ပါးကို အောင်နိုင်လျက်၊ ဣသရေလထံ ပေးခဲ့ပါသည်။ ယောရှုသည် ခါနန်ပြည်ကို သိမ်းပိုက်ရန် တာဝန်ပေးခြင်း ခံခဲ့ရပါသည်။ သူသည် ယေရိခေါမြို့မှစ၍ တိရဇမြို့တိုင်အောင်၊ မြို့ သုံးဆယ်တစ်မြို့ကို သိမ်းပိုက်နိုင်ခဲ့ပါသည်။ ဤသို့ဖြင့်၊ ဣသရေလထံ ထားတော်မူသော ဂတိတော်ကို ဘုရားသခင်သည် ပြည့်စုံစေခဲ့ပါသည်။ ယောရှု အခန်းကြီး ၁၁ ၏နောက်ဆုံး အပိုဒ်တွင်၊ တပြည်လုံး စစ်ငြိမ်းလေ၏ ဟုဖော်ပြခဲ့ပါသည်။ ဟုတ်ပါ၏၊ ဣသရေလသည် ဘုရားသခင် ပေးတော်မူသော တာဝန်ကို ပြီးမြောက်ခဲ့ပြီဖြစ်ပါ၏။ ယခု ယောရှု ပြုရမည့် အမှုဟူမူကား၊ ဣသရေလထံ နယ်မြေ ခွဲဝေ ပိုင်ဆိုင်စေရန်သာဖြစ်ပါသည်။ ဤပြည်သို့ ဣသရေလ ရောက်ရှိဖို့ရန် နှစ်ပေါင်း လေးဆယ်ကြာခဲ့ပါသည်။

ထိုနယ်မြေ သိမ်းပိုက်ခြင်း အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ယော်ဒန်မြစ် အရှေ့ဘက်၌ရှိသောပြည်ကို သိမ်းပိုက်ဖို့ရန် မောရှေ သတ်ခဲ့သော ဟေရှဘုန်မင်းကြီးသည် ပထမဆုံး အသတ်ခံရသောသူ ဖြစ်ခဲ့ပါသည်။ ထိုအမှုသည် မောရှေ မကွယ်လွန်မီ၊ ယောရှု ဣသရေလခေါင်းဆောင် မဖြစ်မီ ဖြစ်ပျက်ခဲ့သော အမှုဖြစ်ပါသည်။ မောရှေ၏ ထိုအောင်မြင်မှုကို ဤသို့ မှတ်တမ်းတင်ခဲ့ပါသည် - "ထိုပြည်အလယ်၌ ရှောက်သွားရသော အခွင့်ကို ရှိဟုန်မင်းသည် ဣသရေလအမျိုးသားတို့အား မပေး။ မိမိလူအပေါင်းတို့ကို စုဝေးစေ၍၊ ဣသရေလအမျိုးသားတို့ကို ဆီးတားခြင်းငှါ၊ သူတို့ ရှိရာတောသို့ ထွက်၍ ယာဟတ်မြို့သို့ ရောက်ပြီးလျှင် စစ်တိုက်လေ၏။ ထိုမင်းကို၊ ဣသရေလအမျိုးသားတို့သည် ထားနှင့် လုပ်ကြံ၍၊ အာနုန်ချောင်းမှသည် ယဗုတ်ချောင်းတိုင်အောင်၎င်း၊ အမ္မုန်အမျိုးသား နေရာတိုင်အောင်၎င်း၊ ထိုမင်းပိုင်သောမြေကို သိမ်းယူကြ၏။ အမ္မုန်အမျိုးသားနေရာ နယ်စပ်ကားအားကြီး၏။ ထိုသို့ ဣသရေလ အမျိုးသားတို့သည်၊ ဟေရှဘုန်မြို့ မှစ၍ အာမောရိ အမျိုးသားနေသော မြို့ရွာ ရှိသမျှတို့ကို သိမ်းယူ၍ နေကြ၏" (တော ၂၁း၂၃-၂၅)။

ထိုကျယ်ပြန့်သောနယ်မြေကို အုပ်စိုးခဲ့သော ဘုရင်သည် ရှိဟုန်ဖြစ်ပါသည်။ သူသည် အင်အားကြီး၍ အခြားလူမျိုးများက မယှဉ်နိုင်ခဲ့ကြပါ။ သူသည် ဣသရေလကို တိုက်ခိုက်ဖို့ရန် လုံလောက်သော အင်အားရှိသည်ဟု မိမိကိုယ်ကို ထင်မှတ်ခဲ့ပါသည်။ ဗာလမ်ကို အခကြေးငွေ ပေးလျက် ဣသရေလကို ကျိန်ဆဲ စေခဲ့သော ဗာလက် ကဲ့သို့ ရှိဟုန်သည် ဣသရေလကို အကြောင်းမဲ့ တိုက်ခိုက်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိ၏အလိုတော်ကို စုံလင်စေခြင်းငှါ၊ ဉာဏ်ပညာနှင့် အစွမ်းသတ္တိကို ပေးတော်မူ၏။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်အား ကိုယ်တော်ပေးအပ်တော်မူသော ဝိညာဉ် တာဝန်ကို ဆောင်ရွက် နိုင်ဖို့ရန် လိုအပ်သော ခွန်အားကို ပေးသနားတော်မူပါ။

စနေ၊ နိုဝင်ဘာ (၁၈)
**ယောရှု ၁၂**
ဆာလံ ၁၃၈ *"ထာဝရဘုရားသည် ငါ၏အမှုကို ပြီးစီးစေတော်မူမည်"*

# ကြွသရေလ၏ နယ်မြေသိမ်းပိုက်ခြင်း ပထမခြေလှမ်း

ရှိဟုန်၏လုပ်ရှားမှုက ဘုရားသခင်သည် ခါနန်ပြည်သိမ်းပိုက်ခြင်း၌လည်း သူတို့အတွက် တိုက်ပေးတော်မူမည်အကြောင်း ဖော်ပြခွင့်ကို မောရှေအား ပေးခဲ့ပါသည်။ ထို့ပြင် ဘုရားသခင်၏ ဂတိတော်ပြည့်စုံစေတော်မူခြင်း အမှု၌ စတင်ဆောင်ရွက်သောသူ ဖြစ်ရသောအခွင့်ကို မောရှေ ရခဲ့ပါသည်။ မောရှေသည် ယော်ဒန်မြစ်ကို ဣသရေလလူတို့နှင့်အတူ မိမိ ဖြတ်ကူးရမည် မဟုတ်ကြောင်း သိခဲ့ပါသည်။ သို့သော်လည်း၊ ဣသရေလ၏ခေါင်းဆောင် ဖြစ်စဉ်တွင် ဘုရားသခင်သည် သူ့ကို လမ်းပြပို့ဆောင်တော်မူခဲ့ပါသည်။

ထို့ကြောင့်၊ ရှိဟုန်ကို အောင်မြင်ခြင်းသည် ဣသရေလအမျိုးသားများအတွက် အလွန် အရေးကြီးလှပါသည်။ ဘုရားသခင်သည် မိမိ၏ဂတိတော်ကို ပြည့်စုံစေတော်မူမည်အကြောင်း မောရှေ ကိုယ်တိုင် အသက်ရှင်စဉ် ပြသတော်မူခဲ့ပါသည်။ ထိုဂတိတော်ပြည်၏နယ်နိမိတ်သည် ကျယ်ပြန့်လှပါသည်။ အလွန်အားကြီးသော ရှိဟုန် ကိုလည်း ဣသရေလလက်ထဲသို့ ဘုရားသခင် အပ်တော်မူခဲ့ပါသည်။ ယော်ဒန်မြစ်အရှေ့ဘက် ပြည်သည် ဣသရေလ ပထမဆုံး ပိုင်ဆိုင်သော နယ်မြေ ဖြစ်လာခဲ့ပါသည်။ အချို့သော ဣသရေလအမျိုးသားတို့သည် ထိုနယ်မြေကို မိမိတို့၏ အပိုင်အမွေ ဖြစ်စေခြင်းငှါ လိုလားခဲ့ကြပါသည်။

ခါနန်ပြည်တခုလုံး သိမ်ပိုက်ပြီးနောက် ဣသရေလအမျိုးတို့ထံ နယ်မြေ ခွဲဝေပေးသောသူ သည် ယောရှုဖြစ်ပါသည်။ ထို့ကြောင့်၊ မောရှေ လက်ထက် ယော်ဒန်မြစ် အရှေ့ဘက်နယ်မြေ သိမ်းပိုက်ခြင်းသည် ကြီးမားသော အမှုကို ဆောင်ရွက်မည့် ယောရှုအတွက် သင်ခန်းစာ ဖြစ်ပါသည်။ ဤအဖြစ်အပျက်များက ဘုရားသခင်သည် လက်တွေ့ ကူညီမစတော်မူမည်အကြောင်း ဖော်ပြလျက် ရှိပါသည်။

မောရှေသည် ဗာရှန်ရှင်ဘုရင် ဩဃ နှင့် သူ့ပြည်ကို သိမ်းပိုက်ခဲ့ပါသည်။ ဤပြည်သည် လည်း ကျယ်ပြန့်၍ အင်အားကြီးသောမင်းကြီး ပိုင်ဆိုင်သောပြည် ဖြစ်ပါသည်။ ဩဃသည် ဣသရေလကို လွယ်ကူစွာ နိုင်နိုင်သော်လည်း၊ ဘုရားသခင်သည် ဣသရေလ၏ခွန်အားဖြစ်တော် မူခဲ့ပါသည်။ သူတို့သည် အာရှတရုတ်မြို့ နှင့် ဧဒြေမြို့ ကဲ့သို့ အကောင်အလွန်ကြီးမားသောလူမျိုးဖြစ်ကြကြောင်း ဖော်ပြခဲ့ပါသည်။ သူတို့၏နယ်နိမိတ်သည် ဟေရမုန်တောင်၊ သာလကပြည်နှင့် ဗာရှန် ပြည် တရှောက်လုံးအထိ ကျယ်ပြန့်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် လူတိုင်း နေထိုင်ရမည့်နေရာကို ခွဲခန့်စီမံတော်မူခဲ့ပါသည်။
**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ် ပိုင်ဆိုင်သောအရာ၌ ကျေနပ်ရောင့်ရဲခြင်းရှိမည် အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၁၉)

**ယောရှု ၁၂**

ဟေရှာ ၄၅း၂၁-၂၅

*"ငါမှတပါး အခြားသော ဘုရားသခင် မရှိ။ . . . ငါမှတပါး အခြားသော ဘုရား မရှိ။"*

## မောရှေသည် ယောရှုအတွက် စံနမူနာဖြစ်ခဲ့ပါသည်

ဘုရားသခင်၏ကျွန် မောရှေသည် ထိုပြည်ကို ရုဗင်အမျိုး၊ ဂဒ်အမျိုးနှင့် မာနာရှေအမျိုး တဝက် ထံအမွေပေးခဲ့ကြောင်း ဖော်ပြထားပါသည် (ယောရှု ၁၂း၆)။ ယောရှု ၁၂ ထဲတွင်၊ နယ်မြေ သိမ်းပိုက်ခြင်း၌ သူတို့အတွက် ဘုရားသခင်ပြုတော်မူခဲ့သောအမှုကို စုစည်းဖော်ပြခဲ့ကြောင်း တွေ့ရ ပါသည်။ မောရှေကလည်း ဘုရားသခင်ပြုတော်မူသောအမှုကို ဣသရေလအား အမှတ်ရစေဖို့ရန် ပြောကြားခဲ့ပါသည်။ "ကျွန်ုပ်တို့ရှောက်သွားရသောအခွင့်ကို ဟေရှဘုန်ရှင်ဘုရင် ရှိဟုန်မင်းသည် မပေး။ အကြောင်းမူကား၊ ယနေ့ ထင်ရှားသည်အတိုင်း၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် ထိုမင်းကို သင်တို့လက်၌ အပ်ခြင်းငှါ၊ ခက်ထန်သော စိတ်သဘော၊ ခိုင်မာသော နှလုံးကို သူ့၌ ပေးသွင်း တော်မူ၏။ ထာဝရဘုရားကလည်း၊ ရှိဟုန်မင်းနှင့် သူ၏မြေကို သင့်အား ငါပေးစပြု၏။ ထိုမြေကို အမွေခံအံ့သောငှါ၊ သိမ်းစပြုလော့ဟု ငါ့အား မိန့်တော်မူ၏။ ထိုအခါ၊ ရှိဟုန်မင်းသည် သူ၏လူအပေါင်းနှင့်တကွ ယာဟတ်မြို့မှာ ငါတို့ကို တိုက်ခြင်းငှါ ထွက်လာ၏" (တရား ၂း၃၀-၃၂)။ ဣသရေလ၏ ခါနန်လူများ တိုက်ခိုက်သိမ်းပိုက်ခြင်းအမှု၌ အမှန် တိုက်ခိုက်သောသူသည် ဣသရေလ မဟုတ်ဘဲ၊ ဘုရားသခင်ဖြစ်တော်မူကြောင်း ရှင်းလင်းစွာ တွေ့ရပါသည်။ ဘိုးဘွားများထံ ဂတိထားတော်မူသောပြည်သို့ ဣသရေလကို ခေါ်ဆောင်တော်မူမည်အကြောင်း ဘုရားသခင်သည် မောရှေအား ခေါ်၍ မိန့်တော်မူခဲ့ပါသည်။ မောရှေသည် ဣသရေလအမျိုးများထံ နယ်မြေကို စတင် ခွဲဝေပေးခဲ့ပါသည်။ ထိုအမှုအဆုံးထိတိုင်အောင် ဘုရားသခင်သည် ဆက်လက် အမှုပြုတော်မူ၏။

လူပေါင်းများစွာ သေခဲ့ရသာဤစစ်ပွဲကို ဘာကြောင့် ဖြစ်ပွားရသနည်းဟု မေးခွန်း ထုတ်တတ်ကြပါသည်။ သို့သော်လည်း၊ ဘုရားသခင် ပြုတော်မူသောအမှုတိုင်းက သူ့ဂုဏ်တော်ကို ချီးမြှောက်တော်မူ၏။ သူသည် တရားသောဘုရားသခင်၊ အဆုံးစွန်အာဏာရှိတော်မူသောသူ ဖြစ်တော်မူ၏။ ပရောဖက်တို့ထံ မိန့်တော်မူသည်ကား၊ ငါသည် ထာဝရဘုရားဖြစ်တော်မူ၏၊ ငါမှတပါး အခြားသော ဘုရား မရှိဟု ဖော်ပြခဲ့ပါသည်။ လူမျိုးအပေါင်းတို့အား မိမိထံလာ၍ ကယ်တင်ခြင်း ခံရဖို့ရန် ဖိတ်ခေါ်တော်မူခဲ့ပါသည်။ ဘုရားသခင်ကို ယုံကြည်ကိုးစားသောသူအပေါင်းတို့သည် ငြိမ်သက်ခြင်းနှင့် မြော်လင့်ခြင်း ခံစားကြရ၏။ ထို့ကြောင့်၊ ဤဣသရေလ တိုက်ခဲ့သော တိုက်ပွဲများ၏ အခြေခံအကြောင်းရင်းမှာ မိမိအား ငြင်းပယ်လျက်၊ မကောင်းမှုပေါင်းများစွာ ပြုခဲ့သောလူမျိုးများ အပေါ်၌ ဘုရားသခင်၏ ပြစ်ဒဏ်ပေးခြင်းပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ပြုတော်မူသော အမှုတော်တိုင်းသည် သွန်သင်ချက်ဖြစ်ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ အရာရာတိုင်း၌ ကိုယ်တော်၏အလိုတော်ကို သိမြင်မည်အကြောင်း မစတော်မူပါ။

**ယောရှု ၁၂**
တရား ၃း၂၁-၂၉

*"ထိုသူတို့ကို မကြောက်နှင့်။ သင်၏ ဘုရားသခင် ထာဝရဘုရားသည် သင့်ဘက်၌ စစ်ကူတော်မူမည်"*

# ဣသရေလ သိမ်းပိုက်သောမင်းကြီးများ၏နာမည်စာရင်း

ဣသရေလ၏လွတ်မြောက်ခြင်းအမှု၌ အချို့သောလူတို့သည် ဣသရေလ၏ သတ်ဖြတ်ခြင်းမှ လွတ်မြောက်သဖြင့်၊ ဘုရားသခင်၏ကျေးဇူးတော်ခံရကြကြောင်း ထင်ရှားခဲ့ပါသည်။ အဲဂုတ္တုပြည်တွင် ယုံကြည်ခြင်းအားဖြင့် ပသခါပွဲ ဆင်နွှဲခဲ့သောသူတို့သည် သေခြင်းမှ လွတ်ခဲ့ကြပါသည်။ ယေရိခေါမြို့ သိမ်းပိုက်ခြင်း၌လည်း ရာခပ်နှင့်သူ့မိသားစုသည် လွတ်မြောက်ခဲ့ကြပါသည်။

ယော်ဒန်မြစ် အနောက်ပိုင်း ခါနန်ပြည်တခုလုံးကို သိမ်းပိုက်ခဲ့ကြပါသည်။ ချိုင့်ဝှမ်း၊ တောင်၊ မြေပြန့်နှင့်စမ်းရေတွင်းများလည်းပါပါသည်။ ခါနန်ပြည် တောင်ပိုင်းနှင့်မြောက်ပိုင်း နယ်မြေများလည်း ပါဝင်ပါသည်။ ယောရှုသည် မြို့ပေါင်း သုံးဆယ်မြို့နှင့်မင်းကြီးများကို သိမ်းပိုက်ခဲ့ပါသည်။ ယောရှု ၁၂း၉-၂၄ ထဲတွင် ဖော်ပြခဲ့ပါသည် - "ယေရိခေါ မင်းကြီးတပါး၊ ဗေသလမြို့အနားမှာ အာဣ မင်းကြီးတပါး၊ ယေရုရှလင် မင်းကြီးတပါး၊ ဟေဗြုန် မင်းကြီးတပါး၊ ယာမုတ် မင်းကြီးတပါး၊ လာခိရှ မင်းကြီးတပါး၊ ဧဂလုန် မင်းကြီးတပါး၊ ဂေဇာ မင်းကြီးတပါး၊ ဒေဗိရ မင်းကြီးတပါး၊ ဂေဒါ မင်းကြီးတပါး၊ ဟောမော မင်းကြီးတပါး၊ အာရဒ် မင်းကြီးတပါး၊ လိဗန မင်းကြီးတပါး၊ အဒုလံ မင်းကြီးတပါး၊ မက္ကဒါ မင်းကြီးတပါး၊ ဗေသလ မင်းကြီးတပါး၊ တာပွါ မင်းကြီးတပါး၊ ဟေဖါ မင်းကြီးတပါး၊ အာဖက် မင်းကြီးတပါး၊ လာရှရုန် မင်းကြီးတပါး၊ မာဒုန် မင်းကြီးတပါး၊ ဟာဇော် မင်းကြီးတပါး၊ ရှိမရုန် မင်းကြီးတပါး၊ အာခရှပ် မင်းကြီးတပါး၊ တာနက် မင်းကြီးတပါး၊ မေဂိဒ္ဒေါ မင်းကြီးတပါး၊ ကေဒေရှ မင်းကြီးတပါး၊ ကရမေလတောင်ပေါ်မှာ ယောကနမ် မင်းကြီးတပါး၊ ဒေါရပြည်နယ်မှာ ဒေါရ မင်းကြီးတပါး၊ ဂိလဂါလပြည်မှာ ဂေါအိမ် မင်းကြီးတပါး၊ တိရဇ မင်းကြီးတပါး၊ မင်းကြီးပေါင်း သုံးဆယ်တပါးတည်း။"

ဤ မောရှေ နှင့် ယောရှု လက်ထက် အောင်မြင်မှုများက ဘုရားသခင်၏သစ္စာရှိတော်မူခြင်းကို ပြသလျက်ရှိပါသည်။ ထို့ပြင်၊ ဘုရားသခင်သည် ကမ္ဘာတခုလုံးကို အစိုးရတော်မူသော ရှင်ဘုရင်ဖြစ်ကြောင်း ပြသခဲ့ပါသည်။ ဖန်ဆင်းခံ ကျွန်တော်တို့သည် ဘုရားသခင်ထံ တိုးဝင်၍ စကားတော်ကို နာခံကြရပါမည်။ ဂတိထားတော်မူသော ထာဝရအိမ်တော်ကို ကျွန်တော်တို့သည် မြော်လင့်စောင့်စားလျက် ရှိကြပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ကျေးဇူးတော်သည် ယုံကြည်ကိုးစားသောသူတို့ထံ ထင်ရှားတော်မူတတ်၏။

**ဆုတောင်းချက်**- အဖဘုရား၊ ထိုကျေးဇူးတော်သည် အကျွန်ုပ်အတွက်လည်း ဖြစ်စေတော်မူပါ။

**ယောရှု ၁၃** *"ထာဝရဘုရားသည် ငါတို့ကို နှစ်သက်လျှင် . . .*
တော ၁၄း၁-၁၀ *ထိုပြည်သို့ငါတို့ကို ဆောင်သွင်း၍ အပိုင် ပေးတော်မူလိမ့်မည်"*

# ယောရှုသည် နယ်မြေကို ခွဲဝေပိုင်းခြားပေးခြင်းငှါ ထိုက်တန်သောသူ ဖြစ်၏

နယ်မြေခွဲဝေခြင်းအတွက် ယောရှုအား ဘုရားသခင် ညွှန်ကြားတော်မူခဲ့ပါသည်။ သူသည် စစ်ပွဲများစွာ တိုက်ခဲ့ပြီး၊ နယ်မြေကျယ်ပြန့်စွာ သိမ်းပိုက်ခဲ့ပါသည်။ ဆန့်ကျင်ခြင်း မပြုသော ခါနန်လူ အနည်းငယ်သာ ကျန်ခဲ့ပါသည်။ စစ်ငြိမ်းပြီဖြစ်၍ ယောရှုသည် ထိုပြည်ကို ဣသရေလအမျိုးတို့ထံ ခွဲဝေပေးမည်ဖြစ်ပါသည်။ လေဝိအမျိုးသည် နယ်မြေအမွေ မခံရကြပါ။ ဤအမှုဆောင်ရွက်ခြင်း၌ ဘုရားသခင်သည် ယောရှုအား လမ်းပြတော်မူခဲ့ပါသည်။ ယော်ဒန်မြစ် အရှေ့ဘက်ပြည်ကို မောရှေက အမျိုးနှစ်မျိုးနှင့် တဝက်ထံ ပေးခဲ့ပြီးဖြစ်ပါသည်။ ဘုရားသခင်၏ဂတိတော် စုံလင်မည့်အချိန် ပို၍ နီးလာပြီဖြစ်ပါ၏။

ယခုခေတ်တွင်၊ နိုင်ငံနယ်နိမိတ် ပိုင်ဆိုင်မှုဆိုင်ရာ ဥပဒေများ ရှိပါသည်။ ထိုဥပဒေသည် နိုင်ငံတခုနှင့်တခု ခြားနားနိုင်ပါသော်လည်း၊ အများအားဖြင့် တူညီမှုရှိကြပါသည်။ စစ်ငြိမ်းသောအခါ၊ ဣသရေလသည် များစွာသော နယ်မြေကို ပိုင်ဆိုင်ခဲ့ပါသည်။ သို့သော်လည်း၊ ကျန်ရှိသော နယ်မြေများရှိသေး၏။ ဘုရားသခင်က ကျန်နေသေးသောလူများကို မောင်းထုတ်လျက် သူတို့ကို ပေးတော်မူမည်ဟု ယောရှုအား ဂတိပေးခဲ့ပါသည်။ ထိုအချိန်၌ ယောရှုသည် အသက်ကြီးဖြစ်၍ ထိုတာဝန်ကို ပြီးမြောက်စေဖို့ရန် ဘုရားသခင် အလိုရှိတော်မူ၏။

ဤဒုတိယခြေလှမ်းသည် စစ်ပွဲမရှိသောကြောင့် ပို၍ လွယ်ကူပါသည်။ ယော်ဒန်မြစ်ကို ဖြတ်ကူးလျက် ဣသရေလလူတို့နှင့် ခါနန်ပြည်သို့ ဝင်ရောက်ခဲ့ခြင်းသည် ယောရှုအတွက် ပထမ အကြိမ် မဟုတ်ခဲ့ပါ။ သူသည် ခါနန်ပြည်သို့ အရင် နှစ်ပေါင်းလေးဆယ်၌ ရောက်ရှိခဲ့ဖူးပြီဖြစ်ပါသည်။ ကြာသော်ငြားလည်း ဘုရားသခင်၏ဂတိတော်သည် စုံလင်ခြင်းရှိပါ၏။ ဘုရားသခင်က ခါနန်ပြည်သို့ ဝင်ရောက်ဖို့ရန် အခွင့်ပေးတော်မူသော၊ သူလျှို ဆယ့်နှစ်ဦးထဲမှ အခြားတဦးသည် ကာလက် ဖြစ်ပါသည်။ သူသည်လည်း နယ်မြေခွဲဝေခြင်းအမှု၌ ယောရှုအား များစွာ အကူအညီ ပေးခဲ့ပါလိမ့်မည်။ ထို့ပြင်၊ ယောရှုနှင့် တူညီသောယုံကြည်ခြင်းရှိသည်ဖြစ်သောကြောင့် သူသည် ယောရှုအတွက် များစွာ ခွန်အားဖြစ်စေပါလိမ့်မည်။ သူတို့ခေတ်လူတို့သည် တောထဲ၌ သေခဲ့ကြပါသည်။ ဘုရားသခင်သည် သူတို့နှစ်ဦး၏ယုံကြည်ခြင်းကို အသိအမှတ်ပြု၍ ချီးမြှောက်တော်မူခဲ့ပါသည်။ သူတို့သည် ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့ကြသောကြောင်း ကောင်းသောသက်သေထားခဲ့ကြပါသည်။ သူတို့၏ ယုံကြည်ကိုးစားမှုသည် ယခု အသီးအပွင့်မြင်ခဲ့ရ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဂတိတော် စုံလင်ခြင်းအကြောင်း မြင်ရခြင်းသည် ဝမ်းမြောက်စရာကောင်းလှပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်ကို အစဉ် ယုံကြည်ကိုးစားမည် အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၂၂)
**ယောရှု ၁၃**
သု ၉း၁-၁၀

*"ပညာရှိသော သူကို ဆုံးမလျှင်၊ သူသည် သာ၍ ပညာရှိလိမ့်မည်။"*

# ယောရှုက နယ်မြေကို စတင်ခွဲဝေပေးခဲ့ပါသည်

ယောရှုသည် ဣသရေလအမျိုးအားလုံးထံ နယ်မြေကို ခွဲဝေပေးခဲ့ပါသည်။ အသေးစိတ် ဘုရားသခင်က လမ်းညွှန်ပြသတော်မူခဲ့ပါသည်။ သူသည် ယော်ဒန်မြစ် အနောက်ဘက် ခါနန်ပြည်၌ အမျိုးကိုးမျိုးနှင့်တဝက်ကို နေရာချပေးရမည်ဖြစ်ပါသည်။ လေဝိအမျိုးသည် နယ်မြေ မရခဲ့သော်လည်း၊ သူတို့၏အရေးကို ဆောင်ရွက်ပေးရန် ယောရှု၌ တာဝန်ရှိပါသည်။ ဘုရားသခင်က သိမ်းပိုက်ရန် ကျန်နေသေးသောပြည်နှင့်မြို့များ၏အမည်ကို ဖော်ပြတော်မူခဲ့၏။ ထိုနယ်မြေများသည် ပင်လယ်ကြီးအနီးရှိ ကမ်းခြေတလျှောက်ပြည်များဖြစ်ကြပါသည်။

ဘုရားသခင်က ထိုမြို့ရှိလူများကို ဣသရေလရှေ့မှ မောင်းထုတ်တော်မူမည်အကြောင်း ယောရှုအား ဂတိပေးတော်မူခဲ့ပါသည်။ ဤကျန်နေသေးသောပြည်ကို သိမ်းပိုက်ခြင်း၌ အလွန်ထူးခြားသောအမှုကို တွေ့ရပါသည်။ ဘုရားသခင်က ယောရှုအား သူတို့ကို တိုက်ခိုက်ဖို့ရန် စစ်အင်အား အသုံး မပြုစေခဲ့ပါ။ ဘုရားသခင် မည်သို့မောင်းထုတ်မည်အကြောင်း စိတ်ဝင်စားစရာကောင်းလှပါသည်။ အမှန်မှာ သူတို့ကို မောင်းထုတ်ဖို့ရန် ဘုရားသခင်၌ လုံလောက်သော အင်အားရှိပါ၏။ ယောရှု၏တာဝန်မှာ ထိုပြည်များကို ဣသရေလအမျိုးများထံ အမွေခွဲပေးရန်သာဖြစ်ပါသည်။

ဣသရေလထံ ဘုရားသခင် ပေးတော်မူသော နယ်နိမိတ်သည်၊ အမျိုးနှစ်မျိုးနှင့်တဝက်ထံ မောရှေ ပေးခဲ့သော ယော်ဒန်မြစ် အရှေ့ဘက်ပြည်မှ စတင်ခဲ့ပါသည်။ လေဝိအမျိုးသည် ဣသရေလ၏ ဆယ့်သုံးမြောက် အမျိုးဖြစ်လာခဲ့သည်၊ သို့သော်လည်း သူတို့ကို ထည့်ဝင် မရေတွက်ကြပါ။ သူတို့သည် ဝိညာဉ်ရေးရာအမှုကို ဆောင်ရွက်မည့်သူဖြစ်ကြသောကြောင့်၊ အမျိုးတမျိုးအနေဖြင့် တည်ရှိလျက်ပင်၊ အခြား ဣသရေလ အမျိုးများအကြား၌ ပြန့်နှံ့ နေထိုင်ကြရမည်ဖြစ်ပါသည်။ လေဝိအမျိုးသည် ထိုသို့အခြားအမျိုးများအလယ်၌ နေထိုင်ကြသောကြောင့် အမျိုးတမျိုးအနေဖြင့် သီးခြား မရေတွက်ခြင်းဖြစ်ပါသည်။ ယောသပ်၏သားနှစ်ဦးကို ယာကုပ် အမွေခံအဖြစ် သတ်မှတ်ခြင်းကို ဘုရားသခင်က အသုံးပြုလျက် ဣသရေလအမျိုးဆယ့်နှစ်မျိုးဟု ရေတွက်ခဲ့ကြ၏။ ထို့ကြောင့်၊ ယောသပ်မျိုးဆက်မှ ဣသရေလ အမျိုးနှစ်မျိုး၊ ဧဖရိမ် နှင့် မနာရှေ ပါဝင်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် ပေးသနားတော်မူသော ဉာဏ်ပညာသည် ခေါင်းဆောင်တိုင်း လိုအပ်သော၊ တန်ဖိုးကြီးမားသည့်အရာ ဖြစ်ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်ပေးသနားတော်မူသော ဉာဏ်ပညာသည် အကျွန်ုပ်အတွက် အဓိက ကျသောအရာ ဖြစ်ပါသည်။

**ယောရှု ၁၃**
သူကြီး ၁၆း၁၆-၂၁

*"ထာဝရဘုရား စွန့်တော်မူကြောင်းကို မရိပ်မိသော ကြောင့် . . . "*

## မောရှေက ရုဗင်အမျိုးသားတို့အား အမွေပေးခဲ့ပါသည်

ယာကုပ်၏သားအကြီးဆုံး ရုဗင်သည် ပထမဆုံး အမွေခံရမည်ဖြစ်ပါသည်။ ရုဗင်အမျိုး ခံရသော အမွေ၏နယ်နိမိတ်ကို ယောရှု ၁၃း၁၅-၂၃ ထဲတွင် ဖော်ပြထားပါသည်။

ရုဗင် ခံရသောအမွေအကြောင်း ဖော်ပြစဉ် ဗာလမ် အသေသတ်ခံရခြင်းကိုလည်း ဖော်ပြထားပါသည်။ ဣသရေလကို ကျိန်ဆဲဖို့ရန် အခပေး၍ ငှါးရမ်းသောသူသည် မောဘ ရှင်ဘုရင် ဖြစ်ပါသည်။ ဗာလမ်ကို ပရောဖက်ဟု တောလည်ရာကျမ်း၌လည်း ဖော်ပြခဲ့ပါသည်။ ဆိုလိုသည်မှာ၊ သူသည် မှားယွင်းသောပရောဖက် ဖြစ်ပါသည်။ ဣသရေလ ကျိန်ဆဲခြင်း မအောင်မြင်သောအခါ၊ သူသည် ဣသရေလကို ကျဆုံးစေဖို့ရန် အခြား မကောင်းမှု ကြံစည်ပြန်ခဲ့ပါသည်။ မောဘလူတို့နှင့် ရောနှော ထိမ်းမြားလက်ထပ်ခြင်းကြောင့် ရုပ်တုကိုးကွယ်ခြင်းနှင့်သတင်းပေါက်ကြားခြင်း ဖြစ်ပွားလာ ခဲ့ပါသည်။ ထို့ကြောင့်၊ ဣသရေလ၌ ကျဆုံးခြင်း ခေါင်းလောင်းသံ မြည်ခဲ့ပါသည်။ နောက်တွင်၊ ရှံရှုန်သည် ထိုသို့သော ဖိလိတ္တိလူတို့၏ပိုက်ကွန်ထဲသို့ ကျရောက်ခဲ့ပါသည် (သူကြီး ၁၄-၁၆)။ မောရှေသည် ရုဗင်အမျိုးထံသို့ ယော်ဒန်မြစ် အရှေ့ဘက် ပြည်ကို ပေးခဲ့ပြီး၊ သူတို့သည် ထိုမြေ၌ နေထိုင်ခဲ့ကြပါသည်။

နောက် အမွေခံရမည့်အမျိုးမှာ ဂဒ်ဖြစ်ပါသည်။ ဂဒ်အမျိုးခံရသောအမွေ၏နယ်နိမိတ်ကို ယောရှု ၁၃း၂၅-၂၇ ထဲတွင် ဖော်ပြထားပါသည်။ ထိုပြည်ကို ဂဒ်အမျိုးထံ မောရှေ ပေးရခြင်း အကြောင်းမှာ၊ သူတို့သည် ရုဗင်အမျိုးနှင့် မနာရှေအမျိုးများ ကဲ့သို့ ယော်ဒန်မြစ် အရှေ့ဘက်၌ အမွေခံလိုကြောင်း မောရှေအား တောင်းလျှောက်ခဲ့ကြသည်ကို ဆန့်ကျင်သောသူ မရှိသည်ဖြစ်၍ မောရှေ ကလည်း ထိုသို့ပေးခဲ့ခြင်းဖြစ်ပါသည်။ ဘုရားသခင်ကလည်း မောရှေထံ အတည်ပြုတော် မူခဲ့ပါသည်။ ထိုသို့ အမွေပေးခြင်း ခံရခြင်းငှါ သူတို့သည် ဂတိတခု ပေးရကြမည်ဖြစ်ပါသည်။ ထိုဂတိမှုကား၊ ခါနန်ပြည်တခုလုံး သိမ်းပိုက်ပြီးသည်အထိ၊ ညီအစ်ကိုတို့နှင့်အတူ သူတို့သည် စစ်တိုက်ကြမည် ဟူ၍ဖြစ်ပါသည်။ သူတို့သည်လည်း သဘောတူ၍ မောရှေအား၊ မိမိတို့၏ ဇနီး၊ သားသမီးများနှင့် တိရစာန်များကို ယော်ဒန်မြစ် ဤဘက်ကမ်း၌ ထားခဲ့လျက် ညီအစ်ကိုတို့နှင့်အတူ စစ်တိုက်မည်ဟု ဂတိပေးခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏စကားကို မငြင်းပယ်လျှင်၊ ပုံမှန်လူ့ဉာဏ်သည် လည်း ဆုံးဖြတ်ချက် တခုခု ချခြင်း၌ အသုံးဝင်ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ် ချသော ဆုံးဖြတ်ချက်များသည် ကိုယ်တော်၏အလိုတော် စုံလင်စေသော အရာဖြစ်စေတော်မူပါ။

**ယောရှု ၁၃**

ယေ ၁း၁၇-၁၉ *"သူတို့သည် သင့်ကို စစ်တိုက်၍ မနိုင်ရကြ"*

# ယောရှု၌ နယ်မြေခွဲဝေခြင်း ပုံစံရှိခဲ့ပါသည်

ကမ္ဘာဦးကျမ်း ၄၈ ထဲ၌တွေ့ရသော ယာကုပ်၏ ကောင်းကြီးမင်္ဂလာစကားသည် ခါနန်ပြည် နယ်မြေခွဲဝေခြင်းအတွက် အကြိုဝင်ခဲ့သည်ဟု ထင်ရပါသည်။ ယောသပ်သည် ယာကုပ်၏ ဆယ့်တစ်ယောက်မြောက်သားဖြစ်၍ မနာရှေသည် ယောသပ်၏သားဦး ဖြစ်ပါသည်။ အဖသည် ယောသပ် အမွေခံရသောအခွင့်ကို ယောသပ်၏ ဒုတိယသားဖြစ်သော၊ ဧဖရိမ် ထံပေးခဲ့ပါသည်။ ထိုပရောဖက်ပြုချက်တို့သည် ယခုနယ်မြေခွဲဝေခြင်း၌ ပြည့်စုံလာခဲ့ပါသည်။

မောရှေက နယ်မြေခွဲဝေခြင်း ပုံစံကို ချမှတ်ထားခဲ့ပါသည်။ သူသည် တောလည်ရာ ကာလကတည်းမှ အုပ်ချုပ်မှုပိုင်းကျွမ်းကျင်သောသူဖြစ်ကြောင်း တွေ့ရပါသည်။ တောလည်ရာကျမ်းထဲတွင်၊ လိုအပ်သောအချိန်၌ လူဦးရေ သန်းခေါင်စာရင်း တိကျစွာ ကောက်ယူခဲ့ကြောင်း တွေ့ရပါသည်။ လိုအပ်သောသတင်းများကို မိမိအား ပေးဖို့ရန် ခေါင်းဆောင်များကို ဣသရေလအမျိုးတိုင်း၌ ခန့်ထားခဲ့ပါသည်။ ထို့ကြောင့် နယ်မြေခွဲဝေခြင်းတွင် ထိုသတင်းတို့သည် အလွန်အသုံးဝင်ခဲ့ပါသည်။ ဘုရားသခင်၏လက်တော်သည် မောရှေအပေါ်၌တည်သောကြောင့် ထိုသို့သောဉာဏ် သူ့၌ ရှိရခြင်းဖြစ်ပါသည်။

ယော်ဒန်မြစ် အရှေ့ဘက်၌ အမျိုးနှစ်မျိုးနှင့်တဝက်ထံ နယ်မြေခွဲဝေပေးခြင်းအမှုသည် ကျန်အမျိုးများထံ ခါနန်ပြည် ယောရှု ခွဲဝေပေးခြင်း၊ နေရာချပေးခြင်းအတွက် စံနမူနာဖြစ်ခဲ့ပါသည်။ လေဝိအမျိုးသည် နယ်မြေအမွေ မခံရပါ။ သို့သော်လည်း၊ သူတို့တမျိုးတည်း ချန်ထားခြင်းလည်း မခံရပါ။ သူတို့အတွက် ဘုရားသခင်၏ရည်ရွယ်ထားသောအရာကို အချိန်တန်သောအခါ ယောရှုသည် လက်တွေ့ဆောင်ရွက်ပေးပါလိမ့်မည်။

ဘုရားသခင်သည် အဲဂုတ္တုပြည်မှ ဣသရေလကို ခေါ်ထုတ်ဖို့ရန် မောရှေကို တာဝန်ပေးအပ်စဉ်၊ ဂတိတော်အတိုင်း ခါနန်ပြည်ကို သူတို့ထံ ပေးတော်မူမည်အကြောင်း မှာထားတော်မူခဲ့ပါသည်။ လမ်းခရီး၌ မျှော်လင့်သည်ထက် ကြန့်ကြာခဲ့ကြသော်လည်း၊ နောက်ဆုံးတွင် ဘုရားသခင်သည် မိမိ၏ဂတိတော်ကို စုံလင်စေတော်မူခဲ့ပါသည်။ မောရှေအားဖြင့် ဘုရားသခင် စတင်တော်မူခဲ့သောအမှုကို ယောရှုသည် ပြည့်စုံစေခဲ့ပါသည်။ ဘုရားသခင်သည် မိမိ၏ဂတိတော်ကို တန်ဖိုးထားတော်မူ၏။ ဘုရားသခင်ကို အစဉ် ယုံကြည်ကိုးစားပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် နည်းအမျိုးမျိုးဖြင့် မိမိ၏အလိုတော်ကို ဖော်ပြလေ့ရှိပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏အလိုတော်ကို သိမြင်သော ဉာဏ်ပညာ အကျွန်ုပ်အား ပေးသနားတော်မူပါ။

စနေ၊ နိုဝင်ဘာ (၂၅)
**ယောရှု ၁၄**
တမန် ၁၇း၂၆-၂၈

*“ဘုရားသခင်သည် . . . သူတို့အား ခွဲဝေစီမံသော အချိန်ကာလကို ၎င်း၊ သူတို့၏ နေရာအပိုင်းအခြားကို ၎င်း မှတ်ထားတော်မူ၏”*

# နယ်နိမိတ်ပိုင်းခြားသတ်မှတ်ခြင်း စတင်ခဲ့ပါသည်

စစ်ငြိမ်းသောအခါ၊ ယောရှုနှင့် ယဇပုရောဟိတ် ဧလာဇာ ၌ဆောင်ရွက်ရမည့် အမှုကြီး ရှိပါသည်။ သူတို့သည် အမျိုးကိုးမျိုးနှင့် တဝက်ထံ နယ်မြေခွဲဝေပေးရမည် ဖြစ်ပါသည်။ ဆုံးဖြတ်ချက်ချခြင်း၌ ဘုရားသခင်ထံမှ အသိဉာဏ် သူတို့လိုအပ်ကြပါသည်။ ဘုရားသခင် လမ်းညွှန်တော်မူသည်အတိုင်း၊ သူတို့သည် နယ်မြေခွဲဝေခြင်း စံနမူနာကို လိုက်လျှောက်ခဲ့ကြပါသည်။

ယောရှုနှင့်ဧလာဇာသည် နယ်နိမိတ် သတ်မှတ်ခြင်းကို စတင်ခဲ့ကြပါသည်။ ဤအမှု၌ ယဇ်ပုရောဟိတ်သည် ယောရှုအား ကူညီပေးခဲ့ပါသည်။ ဣသရေလအမျိုးအနွယ်၏မင်းများတို့က အမွေကို ခွဲဝေခဲ့ကြပါသည်။ သူတို့သည် စာရေးတံပြု၍ နေရာချထားခြင်းကို ပြုလုပ်ခဲ့ကြပြီး၊ ရည်ရွယ်ချက်အတိုင်း ပြီးမြောက်ခဲ့ပါသည်။ ရှင်ပေါလုက မြေကြီးကို ဖန်ဆင်းတော်မူသော ဘုရားသခင်က ကြိုတင်ပြီး လူတို့၏နယ်နိမိတ်နှင့်အချိန်တို့ကို သတ်မှတ်ထားတော်မူကြောင်း မိန့်တော်မူခဲ့ပါသည် (တမန် ၁၇း၂၄-၂၆)။ ဤတရားသည် အမှန်ဖြစ်ပါသည်၊ နယ်မြေခွဲဝေခြင်း အမှု၌ ခေါင်းဆောင်များက လူတိုင်းကို ကျေနပ်စေနိုင်ခဲ့ပါသည်။ ဘုရားသခင်သည် သူတို့နှင့်အတူ ရှိတော်မူသည်ဖြစ်၍ မှန်ကန်စွာ နေရာချပေးနိုင်ဖို့ရန် ဘုရားသခင်က ကူညီတော်မူခဲ့ပါသည်။

ယော်ဒန်မြစ် အရှေ့ဘက်၌ အမျိုးနှစ်မျိုးနှင့်တဝက်ထံ မောရှေ နယ်မြေခွဲဝေပေးစဉ်၌လည်း အဘယ်ငြင်းခုံခြင်းမျှ မရှိခဲ့ပါ။ သူတို့ကိုယ်တိုင်က ထိုပြည်ကို အမွေခံရမည်အကြောင်း မောရှေထံ တောင်းဆိုခဲ့ကြပါသည်။ ထိုသို့သောအမှု၌လည်း ဘုရားသခင် အတူပါရှိတော်မူခြင်း၊ ကွယ်ကာမစတော်မူခြင်းတို့ကြောင့် ထိုအမျိုးတို့သည် အတည် အခြေချနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ထိုသို့ ယော်ဒန်မြစ် အနောက်ဘက် နယ်မြေခွဲဝေခြင်းတွင်၊ ကာလက်သည်လည်း နှစ်ပေါင်းများစွာက မိမိနင်းခဲ့သောမြေကို အမွေအဖြစ် တောင်းဆိုရသော အခွင့်ရခဲ့ပါသည်။ ခါနန်ပြည်သို့ ဝင်ရောက်ခဲ့သော ဣသရေလလူတို့တွင် ကာလက်သည် အသက်အကြီးဆုံးဖြစ်ပါသည်။ ဘုရားသခင် အပေါ်၌ သူသည် သစ္စာရှိခဲ့သောကြောင့်၊ သူသည် ဣသရေလလူတို့အတွက် စံပြပုဂ္ဂိုလ် ဖြစ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - နယ်နိမိတ် ခွဲဝေပိုင်းခြားခြင်း အမှု၌ အချင်းချင်း သဘောတူညီမှု ရှိခဲ့ကြပါ၏။
**ဆုတောင်းချက်**- အဖဘုရား၊ ပစ္စည်းဥစ္စာနှင့်ဆိုင်သော အမှုဆောင်ရွက်ခြင်း၌ အကျွန်ုပ်ကို ဉာဏ်ပညာ ပေးသနားတော်မူပါ။

*"ချက်ခြင်းချီသွား၍ ထိုပြည်ကို သိမ်းယူကြစို့။ အောင်နိုင်ကောင်းသည်"*

# ထာဝရဘုရား မိန့်တော်မူသည်အတိုင်း ယောရှုက ခွဲဝေပေး၏

ဣသရေလအမျိုးအပေါင်းတို့သည် မိမိတို့ရရာ အမွေနေရာ၌ နေထိုင်ကြရမည်ဖြစ်၍ ကျေနပ်ကြရမည် ဖြစ်ပါသည်။ ယောရှုသည် အမျိုးအနွယ်များ၏လိုအပ်ချက်များကို လိုက်လံ ဖြည့်ဆည်း ပေးရမည်ဖြစ်ပါသည်။ သမိုင်း၌တွေ့ရသည်မှာ၊ အမွေခွဲဝေခြင်း၌ မကျေနပ်မှုများစွာ ရှိတတ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ ယောရှုသည် တိုင်းပြည်ခေါင်းဆောင်ဖြစ်သည်နည်းတူ အမျိုးအနွယ်များအားလုံးကို ကျေနပ်စေဖို့ရန် မိမိ၏အာဏာကိုလည်း အသုံးပြုဖို့လိုပါသည်။ မိမိ၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ခေါင်းဆောင်များရှိသည်ဖြစ်၍ လူထုက သူ့ကို နာခံကြမည်အကြောင်း လုပ်ဆောင်မှု စနစ်ကောင်းကောင်း အသုံးပြုခဲ့ပါသည်။ ထို့ကြောင့်၊ နေရာချထားခြင်း စတင်လုပ်ဆာင်သောအခါ၊ အရာရာတိုင်းသည် စနစ်တကျ ဖြစ်ခဲ့ပါသည်။

ကာလက်ကြောင့် ယုဒအမျိုးဖြင့် စတင်ခဲ့ကြပါသည်။ သူသည် မောရှေလက်ထက်၌ ဤပြည်ကို စူးစမ်းခဲ့စဉ် ယောရှု၏ သူငယ်ချင်းဖြစ်ခဲ့ပါသည်။ ကာလက်သည် ဘုရားသခင်အပေါ် သစ္စာရှိသည်ဖြစ်သောကြောင့်၊ လက်ဆောင်ရခြင်းငှါ ထိုက်တန်သောသူဖြစ်ပါသည်။ ထို့ကြောင့်၊ သူသည် မိမိအမွေခံရန်အတွက် မိမိလိုချင်သောနေရာကို တောင်းဆိုရခြင်းလည်း ဖြစ်ပါလိမ့်မည်။ သူသည် အရင် နှစ်ပေါင်းလေးဆယ်ကအကြောင်းကို ပြန်လည်ဖော်ပြခဲ့ပါသည်။ ထိုအချိန် ကာဒေရှဗာနာ၌ သူတို့နှစ်ဦး၏အကြောင်းကို ဘုရားသခင်၏လူ၊ မောရှေထံ မည်သို့ ဘုရားသခင် မိန့်တော်မူသည်ကို ယောရှုအား အသိပေးခဲ့ပါသည်။ မိမိသည် မိမိစိတ်ထဲရှိသည်အတိုင်း ကောင်းသောသတင်းကို တင်ပြခဲ့သည့်အကြောင်းနှင့် ဘုရားသခင်ကို အလုံးစုံ နာမခံခဲ့သောသူများ အကြောင်းကို ပြန်လည်ပြောကြားခဲ့ပါသည်။ သူတို့နှင့်အတူသွားခဲ့သော ထိုစူးစမ်းသူတို့သည် လူထု၏ စိတ်နှလုံးကို အနိုင်ယူလျက် ကြောက်လန့် စိတ်ပျက်ခြင်းရှိစေကြကြောင်း ဖော်ပြခဲ့ပါသည်။

ကာလက်သည် လက်တွေ့စစ်ပွဲ မတိုက်မီ စိတ်ပိုင်းဆိုင်ရာ အနိုင်ရမှု လိုအပ်ကြောင်း သိခဲ့ပါသည်။ ဘုရားသခင်၏ဂတိတော်၌တည်သော အောင်နိုင်ခြင်း မျှော်လင့်ချက်က လူ့စိတ်ကို လွှမ်းမိုးထားလျှင် အောင်မြင်ခြင်း အမှန်ရမည်ဖြစ်ပါသည်။ ကာလက်သည် ဤတရားကို မိမိ၏အတွေ့အကြုံအရ ပြောခြင်းဖြစ်ပါသည်။ သူသည် ယောရှုနှင့် ရွယ်တူ၊ အသက် ရှစ်ဆယ့်ငါးနှစ်ရှိပြီးဖြစ်ပါသည်။ သူတို့နှင့်ရွယ်တူ အခြားသောလူ ဘယ်သူမှ မရှိပါ၊ အကြောင်းမှာ ဆန့်ကျင်ခြင်းကြောင့် ထိုသူတို့အပေါင်းသည် တောထဲ၌ သေခဲ့ကြပါ၏။ ယောရှုသည် မိမိ၏တာဝန်ကို လုပ်ဆောင်ရန် စိတ်ပိုင်းဆိုင်ရာ အားအင် ခွန်အားရရှိခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံ စိတ်နှလုံး ဆက်ကပ်သောသူသည် များစွာသောအမှုကို ပြုတတ်၏။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်အား မြဲမြံကြိုးစားအားထုတ်သော စိတ်နှလုံး ပေးသနားတော်မူပါ။

တနင်္လာ၊ နိုဝင်ဘာ (၂၇)
**ယောရှု ၁၄**
ယောဖြ ၁၁း၃၄-၄၀

*"ထိုသူအပေါင်းတို့သည် ယုံကြည်ခြင်းအားဖြင့် ချီးမွမ်းခြင်းသို့ရောက်သော်လည်း . . ."*

# ကာလက်၏ သက်သေခံချက်

ကာလက်သည် ခေါင်းဆောင်ရာထူး မပိုင်ဆိုင်ခဲ့ပါ။ သို့သော်လည်း၊ သူသည် ဣသရေလ အဖွဲ့အစည်း၌ လေးစားထိုက်သောလူကြီး ဖြစ်ခဲ့ပါသည်။ သူသည် နှိမ့်ချသောသဘောရှိ၍ ဣသရေလ လူအပေါင်း၏ ရိုသေလေးစားမှုကို ခံရပါသည်။ ခေတ်အဆက်ဆက်၊ လူများတို့သည် အသက်ရှည်ခြင်း ကို မြတ်နိုးခဲ့ကြပါသည်။ မိမိအတွက် ဘုရားသခင် ပြုတော်မူသောအမှုကို ကာလက်သည် သက်သေ ခံခွင့်ရခဲ့ပါသည်။

မိမိအား ယနေ့တိုင်အောင် အသက်ရှင်စေတော်မူသောသူသည် ဘုရားသခင်ဖြစ်တော်မူကြောင်း ကာလက်ဆိုခဲ့ပါသည်။ မောရှေ စေလွှတ်ခဲ့သော အချိန်ကကဲ့သို့ မိမိသည် ယခု၌လည်း ခွန်အားရှိကြောင်း ဆိုခဲ့ပါသည်။ ထိုအချိန်ကထက် နှစ်ဆအသက် ကြီးခဲ့ပြီဖြစ်သော်လည်း ယုံကြည်မှု အပြည့်ရှိလျက်ရှိပါသည်။ သူသည် ယောရှုအား မိမိနင်းခဲ့သော၊ ဘုရားသခင် ဂတိထားတော်မူသော တောင်ကို မိမိအားပေးရန် တောင်းဆိုခဲ့ပါသည်။ ယောရှုက ဟေဗြုန်မြို့ကို အမွေအဖြစ် ပေးခဲ့ပါသည်။ ဤမြို့ အနီးအနား၌ အာဗြဟံ၊ ဣဇက်၊ ယာကုပ်နှင့် သူတို့၏ဇနီးများသည် သင်္ဂြိုလ်ခြင်းခံရကြ၏။ ထို့ကြောင့်၊ ဤမြို့သည် ဘုရားသခင်မိန့်တော်မူသည်အတိုင်း ခါနန်ပြည်၏ပုခက် ဖြစ်ခဲ့ပါသည်။

ကာလက်၏သစ္စရှိခြင်းသည် ထိုသို့အသိအမှတ်ပြုခြင်း ခံရပါသည်။ သူသည် သစ္စာရှိခြင်း၌ စံနမူနာဖြစ်ခဲ့ပါသည်။ ဣသရေလ၏ဘုရားသခင် ထာဝရဘုရား၏နောက်သို့ စိတ်နှလုံးအကြွင်းမဲ့ လိုက်လျှောက်သောသူ ဟူသော ဂုဏ်ပုဒ်ကို သူခံရပါသည်။ သူအမွေခံရသောမြို့၏အမည်မှာ အာဗ ဟုလည်းသိရပါသည်။ ထိုအမည်သည် အကောင်ကြီးသော အာနကလူမျိုးတွင် တဦး၏အမည်ဖြစ်ပါသည်။ ဣသရေလတို့ မသိမ်းပိုက်မှီ ထိုသူတို့သည် ထိုအရပ်၌ နေထိုင်ခဲ့ကြပါ၏။ ထိုအခါ၊ ဘုရားသခင်က တပြည်လုံးကို စစ်ငြိမ်းစေခဲ့ပါသည်။ ယော်ဒန်မြစ် အနောက်ဘက်တွင် ယခု ပထမဆုံး အမွေခံခြင်းကို တွေ့ရပါသည်။ ကာလက်၏သက်သေခံချက်က ယောရှုအား တဖက်တလမ်းအားဖြင့် ကျန်အမျိုးများ နယ်မြေခွဲဝေပေးခြင်း၌ အထောက်အကူပေးခဲ့ပါသည်။

ဤသို့ ဣသရေလထံ နယ်မြေအမွေခွဲဝေပေးခြင်းသည် ဘုရားသခင်၏ ဂတိတော် ပြည့်စုံခြင်းပင်ဖြစ်ပါသည်။ လိုအပ်သောအမှု ဆောင်ရွက်ခြင်း၌ ဘုရားသခင်သည် ဉာဏ်ပညာ ပေးတော်မူ၏။ မိမိထံ သစ္စာရှိသောသူကိုလည်း ကောင်းကြီးမင်္ဂလာချပေးတော်မူ၏။ ကယ်တင်ခြင်း ဂတိတော်သည်လည်း သင့်အတွက်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဝိညာဉ်ရေး၌ ကြိုးစားအားထုတ်ခြင်းက နာခံခြင်းကို ဖြစ်စေ၍၊ ဘုရားသခင်ထံမှ ကြီးမြတ်သော ကောင်းကြီးမင်္ဂလာ ခံစားစေတတ်၏။

**ဆုတောင်းချက်**- အဖဘုရား၊ ကာလက် ကဲ့သို့ မိမိတာဝန်ကို ပြီးမြောက်စွာ ဆောင်ရွက်မည် အကြောင်း မစတော်မူပါ။

**ယောရှု ၁၅း၁-၂၀**
တော ၂၆း၂၀-၂၂

*"ဤသူတို့သည် ယုဒ အဆွေအမျိုးဖြစ်၍၊ စာရင်းဝင်သော လူပေါင်းကား . . . "*

# ယုဒအမျိုး၏နယ်နိမိတ်

ဣသရေလအမျိုးတို့အား ခါနန်ပြည်၌နေရာချထားခြင်းအမှုကို ယောရှု ဆက်လက်ဆောင်ရွက်စဉ် ဘုရားသခင်သည် အသေးစိတ် လမ်းညွှန်မှုများ ပေးတော်မူခဲ့၏။ ယနေ့ ကျမ်းပိုဒ်တွင်၊ ယုဒအမျိုး၏နယ်နိမိတ်ကို ဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏အခွင့်အားဖြင့် နယ်မြေခွဲဝေခြင်း၌ ယုဒနှင့်ဧဖရိမ်သည် ဦးစားပေးခြင်းခံရကြပါသည်။ ကာလက်သည် ယုဒအမျိုးအနွယ်ဖြစ်၍၊ ယောရှုသည် ယောသပ်အမျိုးအနွယ်၊ ဧဖရိမ်အမျိုးဖြစ်ပါသည်။ သူတို့နှစ်ဦးသာလျှင် အဲဂုတ္တုပြည်မှ ထွက်လာ ကတည်းက ဘုရားသခင်အပေါ် သစ္စာရှိသောသူဖြစ်ကြ၏။ ယုဒအမျိုး အမွေခံရသောနေရာများကို သေးစိတ်ဖော်ပြထားပါသည်။

ယနေ့ ကျမ်းပိုဒ်တွင်၊ ထိုနေရာများကို ဖော်ပြခဲ့ပါသည်။ ဤအချက်သည် စာဖတ်သူအတွက် အရေးမကြီး၊ ဝိညာဉ်အကျိုး များစွာ မခံစားရ ဟုထင်နိုင်ပါသည်။ သို့သော်လည်း၊ သမ္မာကျမ်းစာထဲတွင် ပါသည်ဖြစ်သောကြောင့်၊ အလွန်အရေးကြီး၍ အကျိုးရှိပါသည်။ ဘုရားသခင်သည် အသေးအမွှား ကအစ တန်ဖိုးထားကြောင်းကို ပြသသည်သာမက၊ ဘုရားသခင်၏အဆုံးစွန် အာဏာရှိ တော်မူခြင်းကို ပြသလျက်ရှိပါသည်။ ထို့ပြင်၊ ထိုအချက်က ဘုရားသခင်၏သစ္စာရှိတော်မူခြင်းကို ပြသလျက်ရှိပါသည်။ အကြောင်းမှာ၊ ဂတိပေးတော်မူစဉ် ဘုရားသခင်က အသေးစိတ် ဖော်ပြခဲ့ပါ၏။ ကာလက် ခံရသောအမွေသည် နယ်မြေတခုလုံးနှင့် နှိုင်းကြည့်လျှင် သေးငယ်လှပါသည်။ သူသည်လည်း လူပုဂ္ဂိုလ်တဦးသာဖြစ်ပါ၏။ သို့သော်လည်း၊ ဘုရားသခင်၏ အလေးထားမှုကို သူ ခံရကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် လူတိုင်းကို တန်ဖိုးထားတော်မူ၏။

တောင်ပိုင်းနယ်နိမိတ်ကို ပထမအပိုဒ် ငယ်သုံးပိုဒ် ထဲ၌ အသေးစိတ် ဖော်ပြခဲ့ပါသည်။ နေရာဒေသအမည်များကို မြေတိုင်းခြင်းနှင့်ဆိုင်သောအမည်များဖြင့် ဖော်ပြထားခဲ့ပါသည်။ ယုဒအမျိုးသည် ရေတွက်ခြင်းခံရ၍ ယုဒအဆွေအမျိုးတိုင်းသည် မိမိတို့၏နယ်မြေအသီးသီး၌ နေထိုင်ကြရမည်ဖြစ်ပါသည်။ ဘုရားသခင်က အားလုံးအပေါ် တူညီသောအခွင့် ပေးတော်မူသည်ဖြစ်၍ မိမိတို့နေရာ၌နေရာချ နေထိုင်ကြရမည်ဖြစ်ပါသည်။ အမျိုးတိုင်း၊ မိသားစုတိုင်း မိမိခံရသောအမွေ၌ ကျေနပ်ခြင်းရှိခဲ့ကြပါသည်။ ဘုရားသခင်က ဦးစားပေးတော်မူသည်ဖြစ်သောကြောင့်၊ ယုဒအမျိုးသည် အမွေခံခြင်းအမှု၌ ဦးဆောင်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - (မသဲ ၁၀း၃၀ ကို ဖတ်ပါ)။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏အမှုတော် ကျွန်တော် ဆောင်ရွက် သောအခါတိုင်း၌ အထူး ကြိုးစားအားထုတ်မည်အကြောင်း မစတော်မူပါ။

*"ဘုရားသခင်၏ ယဇ်ပုရောဟိတ်၊
ခရစ်တော်၏ယဇ်ပုရောဟိတ်ဖြစ်၍၊ . . . ခရစ်တော်နှင့်
အတူ စိုးစံရကြလိမ့်မည်"*

# ယုဒနယ်နိမိတ် ဖော်ပြခြင်း

မြေပြင်ပထဝီအနေအထားက ယုဒ၏နယ်နိမိတ်သတ်မှတ်ခြင်းကကဲ့သို့ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ခြင်းကို အထောက်အကူပေးခဲ့ပါသည်။ "အရှေ့ဘက်၌ သောဒုံအိုင်သည် ယော်ဒန်မြစ်ဝတိုင်အောင် အရှေ့အပိုင်းအခြားဖြစ်၏။ မြောက်ဘက်အပိုင်းအခြားသည် ယော်ဒန်မြစ်သို့ ဆင်းရာ သောဒုံအိုင်ကွေ့မှ ထွက်၍ . . . "(ယောရှု ၁၅း၅)။ ဤပထဝီအနေအထားတို့ကြောင့် နယ်နိမိတ်ကို ခက်ခဲစွာ ဖော်ပြသတ်မှတ်စရာ မလိုတော့ပေ။ ယခု နေရာချထားခြင်း ပြုလုပ်သောအချိန်တွင်၊ ရုဗင်၊ ဂဒ်နှင့် မနာရှေအမျိုးတို့သည် ယော်ဒန်မြစ်အရှေ့ဘက်ခြမ်း၌ နေရာရခဲ့ကြပြီဖြစ်၏။ ထို့ကြောင့် အရှေ့ပိုင်းနယ်နိမိတ်သတ်မှတ်ခြင်းသည် ယောရှုအတွက် လွယ်ကူခဲ့ပါသည်။ ထို့ပြင်၊ ဖော်ပြခဲ့ပြီးသည့်အတိုင်း၊ ကာလက်ထံ ဘုရားသခင် ဂတိပြုတော်မူခဲ့သောအမွေသည် နေရာချထားခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အရှေ့ဘက် နယ်နိမိတ်သတ်မှတ်ခြင်းသည် ပြီးမြောက်ခဲ့ပ ါသည်။

မြောက်ဘက်ပိုင်း နယ်နိမိတ်သည် ယုဒအမျိုး၏အရှည်ဆုံး နယ်နိမိတ်ဖြစ်လာခဲ့ပါသည်။ ယောရှု ၁၅း၆-၁၁ ထဲတွင် ဖော်ပြခဲ့ပါသည်။ ယုဒ၏အမွေထဲတွင် သမိုင်းဝင်သောနေရာသည် ယေရုရှလင်မြို့ဖြစ်၍ ထိုအချိန်တွင် ယေဗုသိလူများ နေထိုင်ခဲ့ကြ၏။ နောက်၌ ယေရုရှလင် အစိတ်အပိုင်းဖြစ်လာခဲ့သော၊ သေးငယ်သောနယ်မြေသည် ဗိယာမိန်အမျိုး၏အမွေထဲသို့ ပါဝင်ခဲ့ပါသည်။ ထိုအကြောင်းကို နောက်၌ တွေ့ရပါလိမ့်မည်။ ယော်ဒန်အနောက်ဘက်ရှိ ဣသရေလလူတို့ ပထမဆုံး စခန်းချသောနေရာ ဂိလဂါလသည်လည်း ယုဒ၏အမွေ ဖြစ်ခဲ့ပါသည်။ ထိုနယ်နိမိတ်သည် ပင်လယ်ကြီး၌ အဆုံးသတ်ခဲ့ပါသည်။ ယေရုရှလင်မြို့သည် ခေတ်အဆက်ဆက် ကျော်ကြားသော မြို့ဖြစ်ဖို့ရန် ဘုရားသခင် ခွဲခန့်စီမံခဲ့ပြီးဖြစ်ပါသည်။

ဣသရေလ၏စစ်မှန်သောရှင်ဘုရင် နန်းတတ်လာသောအခါ၊ သူသည် ထိုမြို့၌ မိမိ၏ နန်းတော်ကို တည်ခဲ့ပါသည်။ ထိုသူသည် အခြား မဟုတ်၊ ဒါဝိတ်ဖြစ်ပါသည်။ မိမိ၏သား ဆယ့်နှစ်ဦးအား ကောင်းကြီးပေးသောအချိန်၌ ယာကုပ်သည် ရာဇပလ္လင်ကို ယုဒထံ ပေးခဲ့ပါသည်။ သို့သော်လည်း၊ ဣသရေလက ရှင်ဘုရင် တောင်းလာသောအခါ၊ ဘုရားသခင်သည် ဗိယာမိန်အမျိုးအနွယ် ရှောလုကို ပေးတော်မူခဲ့၏။ အချိန်တန်လာသောအခါ၊ ရှောလု၏နေရာကို ဆက်ခံဖို့ရန် ဒါဝိတ်ကို ဘိသိက်ပေးတော်မူခဲ့ပါသည်။ တိုင်းတပါးလက်အောက်သို့ ကျွန်ကျမခံမီတိုင်အောင်၊ ယုဒအမျိုးအနွယ်သည် ဘုရင့်အရိုက်အရာကို အစဉ်ဆက်ခံခဲ့ကြပါသည်။ ဘုရားသခင် စီမံခန့်ထားတော်မူသော ရာဇပလ္လင်သည် လူ့ရှင်ဘုရင် မဟုတ်၊ ခရစ်တော်၏ထာဝရအုပ်စိုးခြင်း ပင်ဖြစ်ပါသည်။ ခရစ်တော်သည် ပထမအကြိမ်ကြွလာတော်မူစဉ်၊ မိမိသည် ရှင်ဘုရင်ဖြစ်ကြောင်း ကြေငြာခဲ့ပါပြီ။ သူသည် တဖန် ကြွလာတော်မူမည်ဖြစ်၍၊ ထိုအချိန်တွင် ဣသရေလအမျိုးဘဲ မဟုတ်၊ ကမ္ဘာမြေကြီးတခုလုံးကို ယေရုရှလင်မြို့သစ်မှ အုပ်စိုးတော်မူလိမ့်မည် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် ဖော်ပြသောအရာအားလုံးတို့သည် တညီတညွတ်တည်း ရှိကြပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ သမ္မာကျမ်းစာ၌ဖော်ပြထားသော အရာများကို စုံလင်စွာ နားလည်မည်အကြောင်း မစတော်မူပါ။

*"ကိုယ်တော်သည် ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာမှစ၍ ထိုအရပ်တို့၌ ရှိသမျှတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်ဖြစ်တော်မူ၏"*

# အနောက်ပိုင်းနယ်နိမိတ်နှင့် ယုဒအမျိုး အခြေချခြင်း

ဤနယ်နိမိတ်သည်လည်း ပထဝီအနေအထား နယ်နိမိတ်ဖြစ်၍ ကျမ်းပိုဒ် တစ်ပိုဒ်တည်း၌ဖော်ပြခဲ့ပါသည်။ ပင်လယ်ကြီးသည် အနောက်ပိုင်းနယ်နိမိတ်ဖြစ်ပါသည်။ ပင်လယ်၌ သင်္ဘောဖြင့် ခရီးသွားလာခြင်း မတွင်ကျယ်မှီအချိန်တွင်၊ ထိုပင်လယ်သည် ငါးဖမ်းခြင်းနှင့် အခြားလုပ်ငန်း အနည်းငယ်အတွက်သာ အသုံးဝင်ခဲ့မည်ဟု ထင်ရပါသည်။ သို့သော်လည်း၊ သမိုင်းကို ကြည့်လျှင်၊ ပင်လယ်သည် နိုင်ငံများစွာ သွားလာခြင်းအတွက် တံခါးဝဖြစ်ခဲ့ပြီး၊ စီးပွားရေးအတွက် အကျိုးများစွာ ပေးခဲ့ပါသည်။ ယနေ့တွင်၊ ကမ္ဘာသူကမ္ဘာသားတို့သည် ပင်လယ်အားဖြင့် ကူးသန်းရောင်းဝယ်မှု ပြုလုပ်ခဲ့ကြပါသည်။

သမ္မာကျမ်းစာထဲ၌ အကြာခဏ ဖော်ပြခြင်းခံရသော သင်္ဘောဆိပ်ကမ်းသည် တုရုမြို့ဖြစ်ပါသည်။ နောက်၌ ဤပင်လယ်ခရီးဖြင့် ယောနသည် ဘုရားသခင်ထံမှ တာရှုမြို့သို့ထွက်ပြေးရန် ကြိုးစားခဲ့ပါသည်။ ထို့ကြောင့် ဤပင်လယ်အသုံးဝင်မှု များစွာ မသိသေးသောအချိန်၌ ယုဒသည် ထိုနယ်နိမိတ်ကို ရခဲ့သည်ဖြစ်သောကြောင့်၊ နောက်တွင် အခြားတိုင်းပြည်များနှင့် ပို၍ ဆက်သွယ်မှု လွယ်ကူမည်မှာ အမှန်ဖြစ်ပါသည်။ ဓမ္မသစ်ကျမ်းတွင်၊ တမန်တော်တို့သည် ဤပင်လယ်ကို ဖြတ်၍ ရောမနိုင်ငံ အရပ်ရပ်သို့ ကယ်တင်ခြင်း သတင်းကောင်း ဟောပြောခဲ့ကြ၏။ ဤအနောက်ပိုင်း နယ်နိမိတ်သည် ယုဒအတွက် ကောင်းကြီးမင်္ဂလာ ဖြစ်ခဲ့ပါသည်။ နယ်မြေခွဲဝေချထားခြင်း၌ ဘုရားသခင်သည် အကြံအစည် ရှိတော်မူ၏။

ကာလက်သည် ယုဒအမျိုးတွင် ကျော်ကြားသောသူ ဖြစ်ပါသည်။ ဖော်ပြခဲ့သည်အတိုင်း၊ သူသည် အသက်အကြီးဆုံး ဖြစ်ပါသည်။ သူသည် ဘုရားသခင်၏အမိန့်တော်ဖြင့် အမွေနေရာ ရခဲ့ခြင်းဖြစ်ပါသည်။ သူ့အမွေခံရာနေရာ၌ နေထိုင်ခဲ့သော အာနကအမျိုးများကို သူသည် မောင်းထုတ်ခဲ့ပါသည်။ ထိုလူမျိုးကို ဣသရေလကကြောက်ခဲ့သောကြောင့် ခါနန်ပြည်သိမ်းပိုက်ခြင်း ကြန့်ကြာခဲ့ရခြင်းလည်းဖြစ်ပါသည်။ ကာလက်သည် ထိုနယ်မြေကို ဘုရားသခင်က မိမိတို့အား ပေးတော်မူမည်ဟု အစဉ် ယုံကြည်ခဲ့သောသူဖြစ်၏။ ထိုမြေကို ယခု သူပိုင်ဆိုင်ရသောအချိန် ရောက်ခဲ့ပါပြီ။ ကိရယသောဖါမြို့ကို တိုက်ယူနိုင်သောသူအား မိမိ၏သမီး အာခသ ကိုပေးမည်ဟု ကာလက် ဂတိပြုခဲ့ပါသည်။ သူ့ညီ၏သား၊ ဩသံယေလသည် တိုက်၍ နိုင်သဖြင့်၊ သူ့သမီးနှင့် လက်ထက်စေခဲ့ပါသည်။ သူ့သမီးကလည်း စမ်းရေရှိရာအရပ်ကို အမွေတောင်းသဖြင့်၊ ကာလက်က ပေးခဲ့ပါသည်။ ဩသံယေလသည်လည်း နောက်၌ ခေါင်းဆောင်ဖြစ်လာမည်ဖြစ်ပါသည်။

အပိုဒ်ငယ် ၂၂ မှ ၆၂ အထိ၊ ဖော်ပြထားသော မြို့များက ဘုရားသခင်၏ဂတိတော် စုံလင်မှုကို ပြသပါ၏။ ထိုပြည်၌ ခါနန်လူ အနည်းငယ်သာ ကျန်ခဲ့၏။ ဘုရားသခင်သည် ဣသရေလ အပေါ်၌ အစဉ် သစ္စာရှိတော်မူကြောင်း သက်သေဖြစ်ပါသည်။ စကားတော်သည် အစဉ် တည်၏။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ပင်လယ် လှိုင်းလုံးများကိုပင် အစိုးရတော်မူ၏။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏ ဖန်ဆင်းခြင်းလက်ရာ တန်ခိုးကို ကျွန်တော် ချီးမွန်းတတ်မည် အကြောင်း မစတော်မူပါ။

**ယောရှု ၁၆**
*"ဘုရားသခင်သည် စီရင်ပိုင်တော်မူ၏။ တယောက်ကို နှိမ့်ချ၍ တယောက်ကို ချီးမြှောက်တော်မူ၏"*
ဆာလံ ၇၅း၆-၇

# ခါနန်ပြည်၌ ယောသပ်၏ခံရသောအမွေ

ယောသပ်သည် ယာကုပ်၏ ဆယ့်တစ်ယောက်မြောက်သားဖြစ်သည်။ သို့ရာတွင် ဘုရားသခင်ပေးသနားမှုဖြင့် သားဦးအခွင့်အရေးကို သူရရှိခဲ့ကြောင်း ထင်ရှားသည်။ ယာကုပ်က သူ့ကို မျက်နှာသာပေးခဲ့သည်။ ထိုသို့ပြုမူခြင်းက ညီအကိုများ၏ မနာလိုခြင်းကိုဖြစ်ပေါ်စေပြီး အဲဂုတ္တုပြည်သို့ ရောင်းစားလိုက်ကြသည်။ ထိုအရာက နောက်ဆုံးတွင် ယောသပ်အားသူ၏ညီအကိုအားလုံးအထက်သို့ ချီးမြှောက်ခဲ့သည်။ ယာကုပ်သည် ယောသပ်၏သားနှစ်ယောက် (မနာရှေနှင့်ဧဖရိမ်) ကို မွေးစားပြီး၊ အငယ်ဖြစ်သော ဧဖရိမ်အားသားဦးကို ပေးခဲ့သည်။ ယာကုပ်သေခါနီးတွင် ယောသပ်အား အထူးကောင်းကြီးပေးခဲ့သည်။ သူ၏လုပ်ရပ်များသည် ဘုရားသခင်နှင့်ဆိုင်သည်။

ယောသပ်သည် သူ့ဖခင်ပေးသော သားဦးအရာတည်းဟူသော အလံကို သယ်ဆောင်သောကြောင့် ခါနန်ပြည်တွင် သူ့မျိုးဆက်ဦးစားပေးခံရသည်။ မောရှေသည်ပြည်တော်ကို ဣသရေလအနွယ်များအား ခွဲဝေပေးသောအခါ မနာရှေအမျိုးတဝက်ကို ယောဒန်မြစ်အရှေ့ဘက်အား အမွေခံစေခဲ့သည်။ မနာရှေအမျိုးတဝက်ကို အနောက်ဘက်အား ဆက်ခံစေခဲ့သည်။ မနာရှေအမျိုးသည် အမွေနှစ်ဆရရှိခဲ့ကြသည်။ ထို့ပြင် မနာရှေ၏ညီအား အမွေဆက်ခံခြင်းတွင် သာ၍ကြီးမားသော အပိုင်းကို အပ်ပေးခဲ့ကြသည်။ ယုဒအနွယ်ပြီးနောက် ခါနန်ပြည်၌ အမွေရသောသူမှာ ဒီမျိုးနွယ်ပင်ဖြစ်သည်။

ယောသပ်၏သားမြေးအမွေမှာ ယေရိခေါ်မြို့မှ ယောဒန်မြစ်ဖြစ်သည် (ယောရှု ၁၆း၁)။ ဤနေရာတွင် ခါနန်ပြည်၌ ဣသရေလတို့တပ်ချရာ ဂိလဂါလနှင့်မဝေးပေ။ ထိုအရပ်၌ ယောရှုက သူတို့တဦးစီတိုင်းကို အမွေသတ်မှတ်ပေးခဲ့သည်။ ယောရှုက ဧဖရိမ်၏အမွေအကြောင်းကို အသေးစိတ်ဖော်ပြခဲ့သည်။ သူသည် ထိုအမျိုးအနွယ်မှ ဆင်းသက်လာသောကြောင့် သူ၏အမွေသည် ဧဖရိမ်တို့အရပ်တွင်ပါဝင်သည်။

ယောသပ်မသေမီတွင် ယောသပ်က ဣသရေလအမျိုးသားတို့ကို သူ၏အရိုးတို့အား ခါနန်ပြည်၌ သင်္ဂြိုဟ်ရန် အဲဂုတ္တုပြည်မှ သယ်ယူဖို့ရန်အမိန့်ပေးခဲ့သည်။ ကွယ်လွန်ချိန်တွင် အဲဂုတ္တုပြည်၌ ရုပ်အလောင်းကို အလှဆင်ပြီး ခေါင်းတလားတွင် ထည့်ထားခဲ့သည်။ ခါနန်ပြည်ရောက်သောအခါ သူ၏သားသမီးတို့၏အမွေခံရသောနယ်မြေတွင် သင်္ဂြိုဟ်ခံရသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ ပရောဖက်ပြုချက်တို့သည် ဘယ်သောအခါမျှ မမှားနိုင်ပါ။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏ အဆုံးစွန်အာဏာရှိတော်မူခြင်း အကြောင်းကို အကျွန်ုပ်အား ရှင်းလင်းစွာ နာလည်းသဘောပေါက် စေတော်မူပါ။

*"ထို့ကြောင့်၊ ငြိမ်သက်ခြင်းနှင့်ဆိုင်း . . . ယုဉ်သောအရာတို့ကို မှီအောင် လိုက်ကြကုန်အံ့။"*

## ဧဖရိမ် ခံရသောအမွေ သတ်မှတ်ဖော်ပြခြင်း

ယောသပ်၏ဤအမွေဖော်ပြချက်မှာ ယုဒအမျိုး၏အမွေဖော်ပြချက်များကဲ့သို့ အသေးစိတ်မရှိသော်လည်း၊ ၎င်းအမွေနယ်မြေ၏အလျား၊ အနံ၊ အကျယ်အဝန်းကို ဖော်ပြထားသည်။ Matthew Henry ၏ မှတ်ချက်မှာ ဤသို့ပင်ဖြစ်သည်။

"ဧဖရိမ်နှင့်မနာရှေတို့အား ခွဲဝေပေးသော အပိုင်းများကို အခြားမျိုးနွယ်စုများကဲ့သို့ အထူးဖော်ပြထားခြင်းမရှိပေ။ ယုဒမြို့များနှင့်အခြားသော မျိုးနွယ်စုများ၏ မြို့များကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ရသကဲ့သို့ သူတို့မျိုးနွယ်တွင် ပြစရာမြို့မရှိဘဲ နယ်နိမိတ်အကန့် အသတ်များသာ တွေ့ရသည်။ ထိုသို့ ဖော်ပြခြင်း မပြုရခြင်းအကြောင်းရင်းကို မသိရပါ။ သို့သော်လည်း၊ ဤသို့သောထင်မြင်ချက် ရှိခဲ့ပါသည်၊ ယောရှုကိုယ်တိုင်သည် ယောသပ်၏အမျိုး အနွယ်ဖြစ်သောကြောင့်၊ သူတို့မွေခံရမည့် မြို့များကို ယောရှုတဦးတည်းအား ဆုံးဖြတ်စေခဲ့ကြသော ကြောင့် သူတို့မင်းများ အစည်းအဝေး၌ ထိုမြို့များ၏အမည်ကို မတင်သွင်းဘဲ နေသောကြောင့်၊ မှတ်တမ်းတင် စာအုပ်ထဲ၌ မဖော်ပြခြင်း ဖြစ်မည်ဟု ထင်ရပါသည်။"

နယ်မြေခွဲဝေရေးသည် ကြီးမားသောအလုပ်ဖြစ်သည်။ မျိုးနွယ်စုတိုင်းက မိမိတို့ရရှိသောနယ်မြေကို ကျေနပ်ရပါမည်။ ဤတာဝန်တွင် ယောရှုကို ကူညီပေးသော အရာရှိများသည် လူများနှင့်ရင်းနှီးပြီး မိသားစုတစ်စုစီတိုင်း၏ လိုအပ်ချက်များကို နားလည်ကြသောကြောင့် အလွန်အသုံးဝင်ကြသည်။ လုပ်ငန်းစဉ်တစ်ခုလုံး ငြိမ်းချမ်းစေဖို့ရန်အတွက် ဖြစ်ပေါ်လာနိုင်သည့်အငြင်းပွားမှုများကို ပြေလည်အောင် ဖြေရှင်းဖို့ရန်လည်း လိုအပ်သည်။ အစောပိုင်းတွင် ဖော်ပြထားသည့် အတိုင်း လေဝိသားတို့သည် သူတို့ထဲတွင် ပါဝင်ကြပြီး သူတို့၏သက်သာချောင်ချိရေးမှာ သူတို့နှင့်အတူနေထိုင်သော မျိုးနွယ်စုအပေါ်တွင် မှီတည်သည်။

ယောရှုအခန်းကြီး ၁၆ က ဧဖရိမ်၏နယ်နမိတ်များအကြောင်းကို ဆက်လက်ဖော်ပြသည်။ ထိုနယ်နမိတ်မှာ အာတရောသဒ်ဒါမှ ဗက်ဟောရှုန်အထိ၊ အရှေ့ဘက်တွင် ဂျော်ဒန်မြစ်ကဲ့သို့ သဘာဝနယ်နိမိတ်ဖြစ်သော မဟာပင်လယ်ကြီးအထိ အနောက်ဘက်သို့သွား၏။ ဤခွဲဝေမှုဖော်ပြချက်က ချောမွေ့သောအုပ်ချုပ်ရေးကျင့်သုံးခဲ့ခြင်းကို ညွှန်ပြပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်ကို ကောင်းမွန်စွာ၊ စနစ်တကျ ဆောင်ရွက်ရ၏။
**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်၏ နေ့စဉ်တာဝန်ကို ချစ်ခြင်းမေတ္တာအားဖြင့်၊ စနစ်တကျ လုပ်ဆောင်မည်အကြောင်း အစတော်မူပါ။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၃)

**ယောရှု ၁၆**

တရား ၂၉း၂၉

*"မထင်ရှားသောအရာတို့သည် ငါတို့ ဘုရားသခင်ထာဝရဘုရား၏ အင်္ဂနားအတာ ဖြစ်ကြ၏"*

# ဧဖရိမ်အမျိုး၏ မြို့များ

ယောရှု၏အမွေခွဲဝေပေးမှုသည် မောရှေလက်ထက်က အီဂျစ်ပြည်မှ ၎င်းတို့ထွက်ခွာလာစဉ် မြည်တမ်းခြင်းနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ ဤအရာက ယောရှုကို ဘုရားသခင်ဦးဆောင်ကြောင်းကို ရှင်းပြထားသည်။ ဘုရားသခင်က သူ့ကို သတ္တိရှိဖို့ရန်နှင့်သူသွားရာတိုင်း၌ အတူပါရှိမည့်အကြောင်းကို မိန့်ဆိုခဲ့သည်။ ဘုရားသခင်သည် ခါနနိလူတို့ကို နှင်ထုတ်ပေးခြင်းနှင့် ဣသရေလလူတို့အား ပြည်တော်ကို ပေးခြင်းအားဖြင့် သူ့ကတိတော်ကို စုံလင်စေခဲ့သည်။ ထို့ပြင် ဘုရားသခင်၏ပညတ်တော်များကို လွန်ကျူးသူများ (အာခန်ကဲ့သို့) ၏ ကံကြမ္မာက အရာရာ၌ ယောရှုကို နာခံကြရန် ဣသရေလလူတို့အား သတိပေးချက်တစ်ခုဖြစ်သည်။

မျိုးနွယ်စုတိုင်းက မိမိတို့၏အမွေမြေကိုရရှိရန် သူတို့အလှည့်ကိုစိတ်ရှည်စွာ စောင့်ဆိုင်းကြသည်။ ယာကုပ်၏ပရောဖက်ပြုချက်နှင့်ဆိုင်သော ကောင်းကြီးမင်္ဂလာများနှင့်စပ်လျဉ်း၍ ဧဖရိမ်အနွယ်၏အမွေမှာ အမှန်တကယ်ရောက်ရှိလာပြီး၊ ၎င်းအမွေသည် လွယ်လွယ်ကူကူသူတို့လက်ထဲသို့ ရောက်လာသည်။ ယာကုပ်၏နှုတ်ထွက်စကားတော်များသည် ဗျာဒိတ်တော်များဖြစ်ကြပြီး ၎င်းတို့၏ စုံလင်လာမှုက ဘုရားသခင်၏နှုတ်ကပတ်တော်ကို စစ်မှန်စေသည်။

မြို့များကို မြင့်မားသောတံတိုင်းများနှင့် လုံခြုံသောတံခါးများဖြင့် ခိုင်ခံ့စေခဲ့သည်။ ဤအရာတွေက ဒေသခံတွေကို အကာအကွယ်ပေးဖို့ရန် ရည်ရွယ်ထားသည်။ ရွာများတို့သည် သေးငယ်သော်လည်း လုံခြုံမှုရှိကြသည်။ လူအပေါင်းတို့သည် ညအချိန်၌ မြို့ထဲတွင်အနားယူကြပြီး၊ နေ့အခါတွင် လယ်ကွင်း၌ထွက်ကြ၏။ ဧဖရိမ်အားပေးသောမြို့နှင့်ရွာများကို သတ်မှတ်ပေးထားသည်။ ဤနေရာ၌ ယာကုပ်၏ပရောဖက်ပြုချက်သည် ထပ်၍ထွက်ပေါ်လာခြင်းဖြစ်သည်။ ဤအရာက ဘုရားသခင်၏အမိန့်တော်များသည် ထာဝရဖြစ်ကြောင်းကိုလည်း အတည်ပြုစေပြီး ၎င်းတို့ကို မည်သူမျှမပြောင်းလဲစေနိုင်ပါ။ သူတို့မိန့်တော်မူပြီးသည်နှင့် ပြည့်စုံစေတော်မူမည်။

ဧဖရိမ်အမျိုးသားတို့သည် ဂေဇာမြို့၌နေသော ခါနနိလူတို့ကို မနှင်ထုတ်ခဲ့ကြပါ။ ဘုရားသခင်၏မိန့်ကြားချက်မှာ ထိုသူတို့ကိုနှင်ထုတ်ရန်ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်ပြီး မှတ်ချက်မပေးသောကြောင့် ဂိဗောင်လူတို့ကို နှမြော၍ ကျွန်ဖြစ်စေခဲ့သော ယောရှုနှင့်ခေါင်းဆောင်အပေါင်းတို့၏လုပ်ဆောင်ပုံကို အတုယူသည်ဟု ယူဆရသည်။ ဧဖရိမ်သည် သဟဇာတဖြစ်မှုနောက်သို့လိုက်ပြီး၊ ထိုသူတို့ကို အခွန်ဆောင်စေ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တရားတော် ထဲ၌ရှိသော မထင်ရှားသောအရာများကို သိနားလည်ခြင်းငှါ ဘုရားသခင်ထံမှ ဉာဏ်ပညာ ကျွန်တော်လိုအပ်ပါသည်။

**ဆုတောင်းချက်**- (အချိန်ပြည့် အမှုတော်ဆောင် အဖြစ်၊ ဘုရားသခင်၏ခေါ်တော်မူခြင်းကို လက်ခံလိုသောစိတ် ရှိမည်အကြောင်း ဆုတောင်းပါလော့)။

*"ပညာရှိသောသူသည် နားထောင်သဖြင့်၊
ပညာအတတ် တိုးပွားရလိမ့်မည်"*

## ယောဒန်မြစ် အနောက်ဘက်ရှိ မနာရှေအမျိုး ခံရသောအမွေ

မနာရှေအမျိုး၏ တစ်ဝက်ကိုယော်ဒန်မြစ်အနောက်ဘက်၌ အမွေခံစေ၏။ ကျန်တစ်ဝက်ကိုမောရှေက ယော်ဒန်မြစ်အရှေ့ဘက်၌ မြေခွဲဝေပေးခဲ့သည်။ ယာကုပ်ကယောသပ်၏ သားနှစ်ဦးကို မွေးစား၍ ကောင်းချီးပေးသောအခါမနာရှေလည်းပါဝင်ခဲ့သည်။ မနာရှေအမျိုးသည် ကြီးမားသောအနွယ်ဖြစ်သောကြောင့် ယော်ဒန်မြစ်အနောက်ဘက်၌ရှိသော အနွယ်က စာရေးတံနှစ်ကြိမ်ယူခဲ့ရသည်။

ယော်ဒန်မြစ်အနောက်ဘက်ကို မာခိရအားပေးအပ်ခဲ့သည်။ သူသည် မနာရှေ၏သားဦးဖြစ်ပြီး ဂိလဒ်၏အဘဖြစ်သည်။ ဂိလဒ်ပြည်နှင့်ဗာရှန်ပြည်ကို သူ့ထံပေးခဲ့သည်။ မနာရှေအမျိုးတဘက်က ယောဒန်မြစ်အရှေ့ဘက်၌ အမွေခံရသောကြောင့် ဤအမျိုးမှာ အမွေနှစ်ဆရရှိပိုင်ဆိုင်ထားသည်။ ဤကျမ်းပိုဒ်တွင် အဘိဇာ၊ ဟေလက်နှင့်မနာရှေ၏ သားအပေါင်းတို့နာမကို ရေးထားသည်။ ဤမျိုးနွယ်သည် ကျယ်ပြန့်သောယောသပ်၏အမျိုးအနွယ်ဖြစ်သည်။ ယာကုပ်မသေဆုံးမီက ယောသပ်မိသားစုအား အထူးကောင်းကြီးပေးခဲ့ပြီး၊ ယောသပ်၏သားနှစ်ဦးကို မွေးစားရာတွင် ထပ်လောင်းပေးခဲ့သည်။ ဧဖရိမ်အား သားဦးအခွင့်ကိုပေးခဲ့သည်။ ယာကုပ်က သားငယ်ကို ဘုရားသခင်၏အကြံတော်အရ မျက်နှာသာပေးခဲ့သော်လည်း မနာရှေကို လည်း အထူးကောင်းကြီးပေးခဲ့သည်။ သူ၏စကားက ထိုအမွေခွဲဝေကြသည်အထိ ကျန်ရစ်နေခဲ့သည်။

မိသားစုတိုင်းကို အမွေခွဲဝေပေးပြီး၊ အားလုံးကျေနပ်ကြသည်။ ယောရှုသည် မျိုးနွယ်စုတိုင်းကိုဆက်ဆံရသောကြောင့် ဤအချက်မှာ အရေးကြီးလှသည်။ ယောရှုကို ညွှန်ကြားသောသူမှာ ဘုရားသခင်ပင်ဖြစ်သည်။ အကြောင်းမူကား ဘုရားသခင်က သူတို့အားလုံး၏ ကျိန်းဝပ်ရာနေရာကို သတ်မှတ်ပေးထားသည်။ ယောရှုနှင့်ဆက်ဆံသောလူများသည် အပြစ်သားများဖြစ်ကြကြောင်းကို ဤတွင်ထင်ရှားသည်။ လောဘစိတ်သည် ထိုသူတို့နှင့် အလှမ်းမဝေးနိုင်ပေ။ သို့သော် ဘုရားသခင်သည် သူတို့အားကျေးဇူးတော်ကို ပေးခဲ့ပြီး ယောရှုကို ဆန့်ကျင်သည့်အပြုအမူတို့ကို နှိမ်နင်းခဲ့သည်။ ထို့ကြောင့် အမွေခွဲဝေမှုချောမွေ့ခဲ့သည်။ မိသားစုတိုင်း မိမိတို့ပိုင်ဆိုင်ရာကို မရရှိမချင်း မြေယာအပိုင်းခွဲဝေမှုရှိခဲ့သည်။

မနာရှေအနွယ်သည် သာ၍ကြီးသောမျိုးနွယ်စုဖြစ်သောကြောင့် ယောရှုကိုဒုတိယမြောက်စာရေးတံတောင်းခဲ့ကြောင်း အရင်က မှတ်တမ်းတင်ခဲ့ပြီးဖြစ်သည်။ ထိုအရာမှာ ဘုရားသခင်ကဖြစ်သောကြောင့် ယောရှုက သူတို့တောင်းဆိုချက်ကို လိုက်လျောခဲ့သည်။ ခေါင်းဆောင်ယောရှုကိုယ်တိုင်သည်လည်း ဧဖရိမ်အနွယ်တစ်ဦးဖြစ်၍ ဘုရားသခင်က ဉာဏ်ပညာပေးသောကြောင့် ဤလုပ်ငန်းကို ဆောင်ရွက်ရာ၌ ဘယ်အမျိုးနွယ်စုကိုမှ မျက်နှာသာပေးကြောင်း မတွေ့ရပါ။

**ဆင်ခြင်ရန်** - ဘုရားသခင် ပေးသနားတော်မူသော ဉာဏ်ပညာသည် အလိုတော်ကို စုံလင်စေတော်မူ၏။

**ဆုတောင်းချက်**- အဖဘုရား၊ ယောရှု၌ ရှိသော ဉာဏ်ပညာ မျိုးကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

**ယောရှု ၁၇**
တော ၂၇း၁-၁၁

*“အကယ်စင်စစ် သူတို့အဘ၏ ညီအစ်ကိုတို့နှင့်အတူ အမွေခံရသောအခွင့်ကို သူတို့အားပေးရမည်”*

# ဇလောဖဒ်၏သမီးတို့သည် အမွေခံရကြ၏

ဇလောဖဒ်၏သမီးများထံ မောရှေအားဖြင့် ဘုရားသခင်ပေးခဲ့သော ကတိတော်ပြည့်စုံကြောင်း ယောရှုအာမခံခဲ့သည်။ သူတို့သည် ယောသပ်အမျိုးအနွယ်များဖြစ်ကြ၏။ ဇလောဖဒ်တွင် သားမရှိ၊ သမီးငါးယောက်ရှိသည်။ ခါနန်ပြည်၌ အခြေချနေထိုင်မှုနှင့်စပ်လျဉ်း၍ ဤအမျိုးသမီးများကို ဖော်ပြခြင်းသည် ပထမဆုံးအကြိမ်မဟုတ်ပေ။

သူတို့အဘ၏ အမွေဥစ္စာနှင့်ပတ်သက်၍ မောရှေထံသူတို့တောင်းဆိုသောအချက်ကို တောလည်ရာ ၂၇း၁-၁၁ တွင် ဖော်ပြထားသည်။ မိသားစုများကို သားများအမည်ဖြင့် သမုတ်ထားသောကြောင့် သမီးများကို အိမ်ထောင်ပြုထားသည့်သူတို့ ခင်ပွန်းသည်၏ မိသားစုတွင် ရေတွက်ခံကြသည်။ ဇလောဖဒ်၏သမီးတို့သည် မိမိတို့ဖခင်၌ သားမထွန်းကားသောကြောင့် သူတို့ဖခင်၏အမွေကိစ္စ၌ စိုးရိမ်ခဲ့ကြသည်။ ထိုစိုးရိမ်မှုကို မောရှေအား တင်ပြကြသောအခါ ချက်ချင်းအဖြေမရရှိကြပေ။ သို့ရာတွင် မောရှေသည် ထိုအကြောင်းကို ဘုရားသခင်ထံ တောင်းလျှောက်မည်ဟု ကတိပြုခဲ့သည်။ သူတို့သည် သူတို့ဖခင်၏အမျိုးထဲက သူတို့နှင့်သာ လက်ထပ်ရမည်ဖြစ်ပြီး၊ သူတို့ဖခင်၏အမွေသည် အခြားမျိုးနွယ်သို့မပေးမည်အကြောင်းကို ဘုရားသခင်မိန့်ကြားခဲ့သည်။ ထိုအမွေအနှစ်က သူတို့ဖခင်၏အမည်ကိုလည်း ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်သည်။

ထိုနောက် မောရှေက သူတို့၏တောင်းဆိုချက်ကို ဘုရားသခင်သဘောတူကြောင်းကို သူတို့ထံ အသိပေး၏။ ယခုယောရှု၏ဦးဆောင်မှုအောက်တွင် ၎င်းအမွေကို အမှန်တကယ်ပေးအပ်မည့်အချိန်ရောက်လာခဲ့သည်။ ဇလောဖဒ်၏သမီးတို့သည် ယောရှုနှင့်ဧလောဇာတို့ထံသို့ ချဉ်းကပ်၍၊ မောရှေကတိထားခဲ့ပြီးသည့်အတိုင်း သူတို့၏အမွေကို တောင်းဆိုခဲ့ကြသည်။ ယောရှု ၁၇း၃-၄ တွင် “သို့ရာတွင် မနာရှေ၊ မာခိရ၊ ဂိလဒ်၊ ဟေဖာတို့မှ ဆင်းသက်သော ဇလောဖဒ်၌သားယောကျ်ားမရှိ၊ သမီးသက်သက်သာရှိ၏။ သူ၏သမီးတို့အမည်ကား မာလာ၊ နောအာ၊ ဟောဂလာ၊ မိလကာ၊ တိရဇာတည်း။ ထိုမိန်းမတို့သည် ယဇ်ပုရောဟိတ်ဧလောဇာ၊ နုန်၏သားယောရှု၊ မင်းများရှေ့သို့ချဉ်းကပ်၍၊ အကျွန်ုပ်တို့ပေါက်ဖော်နှင့်အတူ အမွေခံရသောအခွင့်ကို အကျွန်ုပ်တို့အား ပေးစေခြင်းငှါ ထာဝရဘုရားသည် မောရှေကို မှာထားတော်မူပြီဟု လျှောက်၍ ထာဝရဘုရားမှာထားတော်မူသည်အတိုင်း သူတို့အဘ၏ ညီအစ်ကိုတို့နှင့်အတူ အမွေခံရသောအခွင့်ကိုပေး၏”။ သူတို့၏အမွေကို သူတို့ထံသို့ ပေးအပ်ခြင်းဖြင့် ထိုအမှုကိုဖြေရှင်းခဲ့သည်။

**ဆင်ခြင်ရန်** - သားသမီးတို့သည် ဘုရားသခင်ပေးသနားတော်မူသော ဆုလာဒ်ဖြစ်ကြ၏။ သူတို့အား ဘုရားသခင်ကြောက်ရွံ့ခြင်း စိတ်သဘောရှိခြင်းငှါ ဆုံးမသွန်သင်လျက် ပြုစုပျိုးထောင်ခြင်းသည် ဘုရားပေးအပ်တော်မူသော မိဘတို့၏တာဝန်ဖြစ်ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ သားသမီး ဆုလာဒ် ပေးသနားတော်မူသောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါသည်။

*"ရှောလမုန်သည် ဣသရေလနိုင်ငံအရပ်ရပ်၌ ခန့်ထားသော ဝန်စာရေး တကျိပ် နှစ်ယောက် . . . "*

# မာနာရှေအမျိုး၏ နယ်နိမိတ် သတ်မှတ်ဖော်ပြခြင်း

ဧဖရိမ်အမျိုးက မနာရှေအမျိုးတဝက်ထက် အမွေဥစ္စာကို အရင်ရယူခဲ့သည်။ သို့ရာတွင် မနာရှေအတွက် စာရေးတံချသောအခါ သူတို့သည် အိမ်နီးနားချင်းဖြစ်လာခဲ့ကြသည်။ ဂိလဒ်ပြည်နှင့်ဗာရှန်ပြည်အနားရှိ မနာရှေလက်သို့ အပိုင်းဆယ်ပိုင်းကျရောက်ခဲ့ကြောင်း မှတ်တမ်းတင်ထား၏။

အာရှာ၊ ဣသခါနှင့်ဧဖရိမ်တို့သည် အိမ်နီးနားချင်းများဖြစ်ကြ၏။ မနာရှေအားခွဲဝေပေးသောပြည်၌ရှိသော မြို့သမ္မတို့ကို သူတို့အမွေခံစရာဖို့ ပေးကြသည်။ ရှောလမုန်ဘုရင်လက်ထပ်တွင် ဤနေရာများကို ဤမျိုးနွယ်စုများက ဆက်ခံပြီး၊ ရှောလမုန်မင်းက မျိုးနွယ်စုတစ်စုစီတိုင်း၌ မင်းသားတစ်ဦးစီကို ခန့်အပ်ပေးခဲ့သည်။ ထိုအရာရှိ မင်းသားများ၏စာရင်းကို ဖော်ပြထားသည်။ မျိုးနွယ်စုများသည် ယောရှုလက်ထပ်မှ ဘုရင်များလက်ထက်အထိ ၎င်းတို့၏အမွေကို မပြောင်းလဲသောကြောင့်အဆိုပါနယ်မြေခွဲများကို အုပ်ချုပ်ရေးယူနစ်အဖြစ် အသုံးပြုရန်အဆင်ပြေခဲ့သည်။ ဘုရားသခင်သည် စည်းစနစ်ကျသော ဘုရားဖြစ်ပြီး၊ ခေါင်းဆောင်မှုလုပ်ငန်းကို အပ်နှင်းခံရသူများအတွက် တာဝန်ပိုမိုလွယ်ကူစေရန် ဣသရေလတို့အား ဤပြင်ဆင်မှုများကို လုပ်ပေးခဲ့သည်။

မနာရှေအား စာရေးတံအပိုကိုပေးခဲ့ပြီး၊ ယောရှုကလည်း စာရေးတံပေး၍ ထိုသူတို့၏နေရာကို ချဲ့ထွင်ရန် သဘောတူခဲ့သည်။ သူတို့သည် ခါနန်လူတို့ကို မနှင်ထုတ်ဘဲ အခွန်ပေးဆောင်ဖို့ရန်ထားရှိကြောင်းကို ထပ်လောင်းဖော်ပြထားသည် (ယောရှု ၁၇း၁၂-၁၃)။ သူတို့သည် ဂိဗြောင်လူတို့ထံမှ ထိုအကြံဥာဏ်ကို အတုယူခဲ့ခြင်းဖြစ်နိုင်သည်။ ခါနန်လူတို့ကို ချိုးနှိမ်ပြီး အစေခံစေခဲ့သည်။ သူတို့ကိုယ်တိုင် သူတို့နယ်မြေကို လုံခြုံအောင်ထားဖို့ရန်နှင့် အရင်က ထိုမြေကို ပိုင်ရှင်တွေဖြစ်ကြသော ထိုသူတို့၏ကံကြမ္မာကို ဆုံးဖြတ်ဖို့ရန်မှာ လွယ်ကူသောအလုပ်မဟုတ်ပေ။ ရှုပ်ထွေးသောအမှုနှင့် ဆုံးဖြတ်ချက်များစွာရှိခဲ့သော်လည်း အရာတိုင်းတွင် ဘုရားသခင်၏ အမိန့်တော်မှာ ထိုသူတို့၏ လမ်းညွှန်ချက်ဖြစ်သည်။ ခါနန်လူတို့သည် ကြားနေခဲ့ကြသည်။ မနာရှေအမျိုးသည် သူတို့၏ အမွေကို ရရှိ၍ ခါနန်ပြည်၌ အခြေချကြသည်။

ဤဇာတ်ကြောင်းသည် ဣသရေလလူတို့ကို အခြေချနေထိုင်စေရန်တည်းဟူသော ဘုရားသခင်၏ ကတိတော်အဆင့်ဆင့်ပြည့်စုံခြင်းဖြစ်သည်။ မျိုးနွယ်စုတိုင်း၏ အသေးစိတ်အချက်အလက်များကို ပေးပြီး၊ ယောရှုသည် တာဝန်ကိုထမ်းဆောင်နေစဉ်တွင် အသေးအဖွဲဖြစ်ရပ်များကု သူတို့နှင့် အပြန်အလှန်ဖြေရှင်းခဲ့ကြသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ယုံကြည်ကိုးစားလော့၊ သို့ပြုလျှင် သင့်အတွက် ပြင်ဆင်ပေးတော် မူခဲ့သောအရာကို အမွေခံစေခြင်းငှါ သင့်ကို ပို့ဆောင်တော်မူမည်။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ် ပြုသောအမှုကို ကိုယ်တော်၏အလိုတော် စုံလင်စေခြင်းငှါ ဖြစ်စေတော်မူပါ။

*"ရှိလောမရောက်မှီတိုင်အောင်၊ ရာဇလှံတံသည်
ယုဒထံမှ၎င်း၊ မင်းအာဏာသည်
သူ၏အမျိုးအနွယ်ထံမှ၎င်း မရွေ့ရ။"*

# နယ်နိမိတ် သတ်မှတ်ခြင်း စနစ်သစ်

ခါနန်ပြည်သို့ ဣသရေလအမျိုးတို့ဝင်ရောက်လာသောအခါတွင် ပထမဦးဆုံးရပ်နားသည့်နေရာမှာ ဂိလဂါလဖြစ်သည်။ ထို့နောက်ဧဖရိမ်အား ခွဲဝေပေးသောပြည်ရှိ ရှိလောမြို့သို့ ပြောင်းရွှေ့ကြ၏။ ထိုအချက်က ထိုမြို့ကိုဣသရေလတိုင်းပြည်၏ ဘာသာရေးဗဟိုချက်မြို့အဖြစ် နှစ်အတော်ကြာအောင် ပြုလုပ်ခဲ့သည်။ ယောရှုအခန်းကြီး ၈ တွင် ယောရှုသည် မြေကိုပိုင်းခြားပြီး၊ နယ်နိမိတ်သတ်မှတ်ခဲ့သည်။ ထိုအချိန်တွင် အမွေမရရှိသေးသော မျိုးနွယ်စုခုနစ်စုရှိခဲ့သည်။ ယောရှုသည် မြေကို စစ်တမ်းကောက်ယူရန်နှင့် သူ့ထံဖော်ပြချက်တင်ပြရန် လူတို့ကိုခန့်ထားခဲ့သည်။ ထိုသူတို့သည် ယောရှုမိန့်ကြားသည့်အတိုင်း ဆောင်ရွက်ကြပြီး၊ ယောရှုကလည်း အမွေမရရှိသေးသောလူတို့အတွက် စာရေးတံကို ချပေးခဲ့သည်။ ယောရှုနှင့်သူ၏အမျိုးအနွယ်တို့မှာ အခြားသောမျိုးနွယ်တို့သည် သူတို့၏အမွေနယ်မြေကို မရရှိမီတွင် အခြေချလို့မရပေ။ တပြည်လုံးမှာ အခြေချပေးဖို့ရန်မှာ သူတို့၏တာဝန်ဖြစ်သည်။

စုဝေးသောလူစုအားလုံးသည် ရှိလောမြို့သို့ ပြောင်းရွှေ့ကြသည်။ မြို့၏အမည်နာမသည် ငြိမ်သက်ခြင်း (သို့) အနားယူခြင်းဟု အဓိပ္ပာယ်ရသည်။ ယုဒထံသို့ ယာကုပ်၏ပရောဖက်ပြုချက်ကောင်းကြီးများကြောင့် ရှိလောမြို့၏နာမသည် အရေးပါလှသည်။ ဤနာမက ဘိသိတ်ခံသူမေရှိယကို ရည်ညွှန်းပြီး မှည့်ခဲ့သည်။ ထိုမြို့သည် တရားသူကြီးများခေတ်မှ ယဇ်ပုရောဟိတ်ဧလိလက်ထပ်အထိ ဣသရေလတိုင်းပြည်၏ဘာသာရေးဗဟိုချက်အဖြစ် တည်ရှိခဲ့သည်။ ၎င်းမှာ ဗေသလမြို့၏မြောက်ဘက်တွင်တည်ရှိပြီး သင့်လျော်သောနေရာအဖြစ် ယောရှုသတ်မှတ်ခဲ့သောကြောင့် ဣသရေလ လူတို့စခန်းချခဲ့ကြသည်။ ဤရွှေ့ပြောင်းမှုအတွက် ရှင်းလင်းချက်မပေးခဲ့သော်လည်း မျိုးနွယ်စုများသည် အီဂျစ်ပြည်မှ ထွက်လာစဉ်ကအတိုင်း တူညီသောပုံစံဖြင့်စခန်းချကြသည်။

Matthew Henry က ဤအချက်ကို မီးမောင်းထိုးပြခဲ့သည်မှာ "တဲတော်ကိုဖယ်ရှားရာအရပ်နှင့်တည်ထားရာအရပ်မှာ ဧဖရိမ်နယ်မှ ရှိလောမြို့ဖြစ်၍ ဗယ်္ဂမိန်မြို့နှင့်နီး၏။ ဘုရားသခင်ကိုယ်တော်တိုင်သည် ၎င်းတို့အား ဤအရပ်သို့ တနည်းတဖုံ (သို့) အခြားနည်းဖြင့် ညွှန်ကြားခဲ့သည်မှာ သံသယရှိစရာမလိုပေ။ အဘယ်ကြောင့်ဆိုသော် သူကျိန်းဝပ်မည့်အရပ်ကို သူရွေးချယ်မည်ဟု ကတိပြုထားခဲ့သောကြောင့်ဖြစ်သည် (တရား ၁၂း၁၁)"။

ထို့ပြင်ယောရှုသည် ဧဖရိမ်အမျိုးမှ ဆင်းသက်၍ ရှိလောမြို့သည် သူ၏အမွေနယ်မြေနှင့်ပို၍နီးစပ်နေပေမည်။ သို့သော် ဘုရားသခင်က ယောရှုကြောင့်ထိုအရပ်ကို ရွေးချယ်ခဲ့ခြင်းမဟုတ်ပေ။ ဘုရားသခင်သည်သူ၏အလိုတော်အတိုင်း ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ပြုတော်မူသောအမှုတိုင်းသည် အရေးပါလှပါသည်။
**ဆုတောင်းချက်**- အဖဘုရား၊ နှုတ်ကပတ်တော်၌ ကိုယ်တော် ဖော်ပြတော်မူသောအရာတိုင်းကို ကျွန်တော်တန်ဖိုး ထားပါ၏။

**ယောရှု ၁၈း၁-၁၀**

တမန် ၄း၃၄-၃၇ *"သူတို့တွင် ဆင်းရဲသောသူ တယောက်မျှမရှိ"*

# ရှိလောမြို့၌ စည်းဝေးခြင်း

လူတိုင်းက ယောရှုကို အမျိုးသားခေါင်းဆောင်အဖြစ်မြင်ကြပြီး၊ လူအားလုံးက သူပြောသည် ကို နာခံဖို့ရန် အသင့်ဖြစ်နေကြ၏။ မျိုးနွယ်စုတစ်ခုစီမှ လူသုံးဦးကို ရွေးချယ်ရန် သူညွှန်ကြားခဲ့ သည်။ ဤသည်မှာ မျိုးနွယ်စုအားလုံးအတွက် အရာအားလုံးကို တရားမျှတပြီး ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ကြောင်း သေချာစေရန် ကျင့်သုံးခြင်းဖြစ်သည်။ သူသည်အမွေခွဲဖို့ လိုအပ်နေသေးသော အရပ်သို့ သွားရောက်ကြဖို့ရန် ထိုလူများကို တာဝန်ပေးခဲ့သည်။

သူတို့သည် ပြည်တော်ကို နယ်မြေသတ်မှတ်ပေးပြီး၊ ဝေစုတစ်စုစီတိုင်းကို ယောရှုထံ သတင်းပြန်ပို့ကြသည်။ ဤစစ်တမ်းတွင် မြေယာကို ခုနှစ်ပိုင်းခွဲထားသည်။ ယောရှုသည် သူတို့၏ သတင်းပို့ချက်များကို လက်ခံရရှိပြီးနောက်၊ မျိုးနွယ်စုတစ်စုစီတိုင်းအတွက် ခွဲဝေပေးမည့် မြေယာကို စာရေးတံချဖို့ ဆုံးဖြတ်ခဲ့သည်။

အမွေခံပြီးသားမျိုးနွယ်စုများ၏ နယ်နမိတ်တွေကိုမထိဖို့ရန် သူတို့ကို အမိန့်ထုတ်ထားသည်။ မျိုးနွယ်စုအားလုံးအခြေချပေးဖို့ရန်မှာ ယောရှုအတွက် အရေးတကြီးဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပြီး၊ ထိုအရာများကို အကောင်အထည်ဖော်ရန် သူလုပ်ဆောင်ရမည်။ ယောဒန်မြစ်၏ အရှေ့ဘက်၌ အမွေခံရပြီးသော မျိုးနွယ်စုများအပါအဝင် မျိုးနွယ်စုအားလုံးတို့သည် ရှိလောမြို့၌ရှိသော တပ်စခန်း၌ စုဝေးဖို့ရန်ဖြစ်သည်။ မျိုးနွယ်စုအားလုံးအခြေချသည်အထိ အတူတကွ စည်းလုံးရန်မှာ သူတို့၏ တာဝန်ဖြစ်သည်။

သူတို့ပြသသော ထိုစည်းလုံးမှုစိတ်ဓာတ်သည် မောရှေလက်ထပ်တောကန္တာရ၌ အဆက် မပြတ်မြည်တမ်းခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ သူတို့ရည်မှန်းချက်မအောင်မချင်း ဘုရားသခင်နှင့် ယောရှုကို နာခံဖို့ရန်မှာ သူတို့၏တာဝန်ဖြစ်ကြောင်းကို သိခဲ့ကြသည်။ ဣသရေလပြည်ကိုပေး မည်ဟု ကတိပြုသောသူသည် ဘုရားသခင်ဖြစ်ပြီး၊ ထိုကတိကို ဖြည့်ဆည်းရန် ယောရှုကို တာဝန်အပ်ပေးခဲ့၏။

ဘုရားသခင်မှာထားသမျှကို ကျေပွန်အောင်လုပ်ဖို့မှာ ယောရှုအတွက် အပေါ်တက်ရသော အလုပ်ဖြစ်သည်။ မှတ်တမ်းများထားဖို့ ယနေ့ခေတ်ကဲ့သို့ နည်းပညာမရှိသောကြောင့် သူမည်သို့ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်းကို မဖော်ပြထားပါ။ လုပ်ငန်းအများစုကို နှုတ်ဖြင့်သာ ပြောဆိုကြရပြီး၊ အပြန်အလှန်ရိုသေခြင်းရှိလာကြသည်။ ယောရှုသည် ဘုရားသခင်ထံမှ လာသော ပညာကို ရရှိပြီး စာရေးတတ်ခဲ့သည်။ ထိုအရာ၌ ရည်မှန်းချက်ကို လုပ်ဆောင်ပေးခဲ့ပြီး၊ ယောရှုရေး ခဲ့သောစာများမှာ ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် ဆက်လက်ထိန်းသိမ်းထားကြသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိအလိုတော်ကို မိမိ၏အစေခံကျွန်များ အသုံးပြုလျက် စုံလင်စေတော်မူ၏။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏အလိုတော်သည် အမှန်စုံလင်တော်မူမည်။ အကျွန်ုပ် အား နာခံသောစိတ်သဘော ပေးသနားတော်မူပါ။

စနေ၊ ဒီဇင်ဘာ (၉)
**ယောရှု ၁၈း၁-၁၀**
၁ တိ ၆း၆-၉

*"သို့ဖြစ်၍ စားရန်၊ ဝတ်ရန်၊ ရှိသမျှနှင့် ရောင့်ရဲလျက် နေကြကုန်အံ့။"*

# နယ်မြေခွဲဝေခြင်း၌ လမ်းပြတော်မူခြင်း

ယောရှုသည် မျိုးနွယ်စုတစ်ခုစီအတွက် နယ်မြေချပေးရာတွင် ဘုရားသခင်ထံမျှော်ကြည့်ခဲ့သည်။ စာရေးတံချခြင်းသည် ကျန်ရှိသော မျိုးနွယ်စုခုနစ်စုတို့အား အမွေခွဲဝေပေးသည့် နောက်ဆုံးအဆင့်တွင် ဘုရားသခင်၏လမ်းညွှန်မှုကို ရှာဖွေခြင်းနည်းလမ်းဖြစ်သည်။ ယောဒန်မြစ်အရှေ့ဘက်၌ အမွေခံရပြီးသော မျိုးနွယ်စုများနှင့် လေဝိသားအနွယ်တို့ကို ချန်လှပ်ထားသည်။

အထက်၌ဖော်ပြခဲ့သည်အတိုင်း လေဝိသားတို့သည် ဝိညာဉ်ရေးရာတွင် အခြားမျိုးနွယ်စုအားလုံးကို အစေခံပေးရသောကြောင့် သူတို့အမွေမခံရကြပါ။ ထို့အပြင် ဘုရားသခင်သည် သူတို့၏ အမွေဖြစ်သည်။ ဘုရားသခင်သည် ထိုသူတို့၏အသက်မွေးဝမ်းကျောင်းအတွက် အခြားနည်းလမ်းကို မိန့်ကြားခဲ့သည်။ မျိုးနွယ်အပေါင်းတို့ကို မြို့အသီးသီးအားပေးခဲ့သည်။

ပြည်တော်ကို အကွက်ချသတ်မှတ်ဖို့ရန် စေလွှတ်ခံရသောသူတို့သည် ယောရှုကို အကြောင်းကြားပြီးနောက် ယောရှုက စာရေးတံချပေးခဲ့၍ ကျန်ရှိနေသေးသောအမျိုးအနွယ်တို့ကို နယ်မြေအားခွဲဝေပေးသည်။ အချိန်အတော်ကြာ စောင့်မျှော်ခဲ့သော ကတိတော်သည် အကောင်အထည်ပေါ်လာခဲ့သည်။ ဤအရာသည် ဘုရားသခင်ကို ချီးမွမ်းဂုဏ်ပြုထိုက်သည့် အောင်မြင်ခြင်းတစ်ခုဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြေယာပိုင်ဆိုင်မှုကိစ္စသည် ယနေ့တိုင် စိတ်လှုပ်ရှားစရာဖြစ်သည်။ ဘုရားသခင်သည် ပြည်တော်ကို အမွေခွဲရာတွင် ယောရှုအား လမ်းညွှန်သကဲ့သို့ ယနေ့တွင် ထိုကဲ့သို့သော ကိစ္စရပ်များတွင် ကျွန်ုပ်တို့ကိုလည်း လမ်းညွှန်ရန်ကိုးစားရပါမည်။ ဘုရားသခင်သည် သူ၏အမှုကို လုပ်ဆောင်ဖို့ရန်အတွက် ကျွန်ုပ်တို့စိတ်နှလုံးမှ လောဘစိတ်ကို ပယ်ရှားရပါမည်။

မိဘများထံမှ အမွေဆက်ခံခြင်းသည် ဥစ္စာရယူခြင်း၏ အခြားသောနည်းလမ်းတစ်ခုလည်းဖြစ်၏။ ဤအချက်သည် ဘုရားသခင်ကို ကျေးဇူးတင်ရန် အခွင့်အရေးဖြစ်သည်။ အကြောင်းမှာ ကောင်းသောဆုလက်ဆောင်တိုင်းသည် သူ့ထံမှလာသောကြောင့်ဖြစ်သည်။

ယောရှုသည် သူ၏တာဝန်ကို မစွန့်လွှတ်ခဲ့ပေ။ သူသည် မောရှေကဲ့သို့ပင်အရပ်ဘက်နှင့် ဝိညာဉ်ရေးရာခေါင်းဆောင်တစ်ဦးဖြစ်သည်။ ဘုရားသခင်၏ အလိုတော်ကိုမရှာဘဲ ဘယ်အမှုကိုမျှ မပြုခဲ့ပေ။ သူသည်အဆုံးထိ ဖွဲ့ရှိ၍ဤစာအုပ်၏အဆုံးတွင် သူ၏သက်သေခံချက်သည် သူ၏သစ္စာတရားကို ဖော်ပြသည်။ ကျွန်ုပ်တို့အား ဘုရားသခင်ပေးထားသည့်တာဝန်ကို ပြီးမြောက်ရန်အမြဲတမ်း ဖွဲ့ရှိကြပါစို့။ ကျွန်ုပ်တို့အား စောင့်မျှော်နေသောထာဝရဆုလက်ဆောင်ရှိနေ၏။

**ဆင်ခြင်ရန်** - ပစ္စည်းဥစ္စာနှင့် ပတ်သက်လျှင် ရောင့်ရဲတင်းတိမ်ခြင်းစိတ်သဘောရှိခြင်းသည် မှန်သော စိတ်သဘောထားဖြစ်ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ ရောင့်ရဲသောစိတ်ပါလျှင်၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းသည် ကြီးစွာသော အကျိုးစီးပွါးမှန်၏ သူသော တရားကို ကျွန်တော် အစဉ် အောက်မေ့ လိုပါသည်။

**ယောရှု ၁၈း၁၁-၂၈**

ကမ္ဘာ ၂၈း၁၀-၁၉

*"ထိုအရပ်ကိုလည်း ဗေသလ အမည်ဖြင့် မှည့်လေ၏။"*

## ဗယ်္ဂာမိန် အမျိုးခံရသောအမွေ

ဣသရေလတပ်စခန်းသည် ရှိလောမြို့သို့ပြောင်းလာသောအခါ အမွေမခံရသေးသော အမျိုးအနွယ်ခုနှစ်မျိုးရှိသေး၏။ ထိုအမျိုးများထဲတွင် အဦးဆုံးမှာ ဗယ်္ဂာမိန်အနွယ်ဖြစ်သည်။ ဗယ်္ဂာမိန်သည် ယာကုပ်၏နောက်ဆုံးသားဖြစ်သည်။ ယာကုပ်သည် ခါရန်မြို့၊ လာဗန်အိမ်မှထွက်လာပြီး နောက် ခါနန်ပြည်၌ မွေးဖွားသောတစ်ဦးတည်းမှာ ဗယ်္ဂာမိန်ဖြစ်သည်။ သူသည် ရာခေလ၏ ဒုတိယ သားဖြစ်သည်။ ယောသပ်ကိုအဲဂုတ္တုပြည်သို့ ရောင်းစားပြီးနောက် ဗယ်္ဂာမိန်သည် ယောသပ်၏ နေရာကို ယူဆောင်ကာ ဖခင်ယာကုပ်၏ ချစ်လှစွာသောသားဖြစ်ခဲ့သည်။ ယာကုပ်က အခြားသောသား အပေါင်းတို့နှင့်အတူ ဗယ်္ဂာမိန်ကို ကောင်းကြီးပေးခဲ့သည်။ ဗယ်္ဂာမိန်အမျိုးသည် ဣသရေလသမိုင်းတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ဤတွင်သူတို့သည် ယောရှုထံမှ အမွေရရှိခြင်းကိုသာ အာရုံစိုက်ကြသည်။

ဗယ်္ဂာမိန်အမွေဖော်ပြချက်က ယုဒနှင့်ယောသပ်တို့၏သားသမီးတို့ကြားတွင် ကျရောက်ခဲ့သည်။ ဤအချက်ကို အသေးစိတ်ဖော်ပြထားသည်။ ၎င်းသည် ယေရိခေါမြို့ဘေးမှ ဗေသဝင်တောနား က ယော်ဒန်မြစ်ထိရောက်၏။ ၎င်းသည် ဗက်ဟောရုန်မြို့တောင်ဘက်ဗေသလဟုခေါ်သော လုဇ မြို့ဘက်သို့သွား၏။ လုဇ (နောက်ပိုင်းတွင် ယာကုပ်က ဗေသလအမည်ပြောင်းခဲ့) သည် ယာကုပ်၏ သူ့အကိုဧသောထံမှ ထွက်ပြေးသောအခါတွင် ပထမညတွင် ယာကုပ်အိပ်ခဲ့သောနေရာဖြစ်သည် (ကမ္ဘာ ၂၈)။ ထိုနေရာတွင် ဘုရားသခင်သည် သူ့အား ရူပါရုံတစ်ခုဖြင့်ထင်ရှားလာခဲ့သည်။ ယာကုပ် သည် ထိုနေရာအား ဘုရားသခင်၏အိမ်တော်မှတပါး အခြားမရှိဟုဆိုလျက် ဗေသလအမည်ဖြင့် မှည့်ခဲ့သည်။ သူခေါင်းအုံးအဖြစ် အသုံးပြုသော ကျောက်တုံးများနှင့်ယဇ်ပလ္လင်တစ်ခုကို လုပ်ပြီး သူယူဆောင်လာခဲ့သော ပုလင်းထဲက ဆီတွေကို ဘုရားသခင်အား ပူဇော်သက္ကာအဖြစ် လောင်းခဲ့၏။

ဗေသလဟူသောအမည်သည် အစဉ်အဆက်တည်ရှိခဲ့ပြီး ဗယ်္ဂာမိန်အမျိုး၏အမွေသည် ထိုသမိုင်းဝင်နေရာကို ဆက်လက်ထိန်းသိမ်းထားခဲ့သည်။ ယေရိခေါမြို့ကိုလည်း သူတို့၏အမွေအဖြစ် ဖော်ပြထားသည်။ ယောရှု၏ပထမဆုံးအောင်ပွဲ၌ ဘုရားသခင်သည်ထိုမြို့ကို ဣသရေလလက်သို့ မည်သို့အပ်ပေးခဲ့သည်ကို မေ့လို့မရနိုင်ပါ (ဣသရေလအမျိုးအားလုံး၏ အမွေခံရာများကို ဖော်ပြဖို့ ရန်သမ္မာကျမ်းစာမှ မြေပုံကို အသုံးဝင်လိမ့်မည်။ ကိရယတ်ယာရိမ်သည် ယုဒ၏မြို့တမြို့ဖြစ်ပြီး၊ ၎င်းသည် ဗယ်္ဂာမိန်အမျိုး၏နယ်စပ်မြို့ဖြစ်သည်။ အနောက်ဘက် နယ်နိမိတ်သည် နေဖတော ရေတွင်းသို့ ရောက်၏။ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်၏ မှန်ကန်မှုကို ဖော်ပြရန် ဤ အချက်အလက်အသေးစိတ်ကို အသုံးပြုသည်။

**ဆင်ခြင်ရန်** - လူတိုင်း နေထိုင်ရာအရပ်သည် ဘုရားသခင် ခန့်ထားတော်မူရာ နေရာဖြစ်ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော် ခန့်ထားတော်မူရာဖြစ်သော၊ ကျွန်ုပ်နေထိုင်ရာအရပ်ကို အကောင်းဆုံးနေရာ ဖြစ်ကြောင်း အကျွန်ုပ်ကို သိစေတော်မူပါ။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၁၁)
**ယောရှု ၁၈း၁၁-၂၈**
ရောမ ၁း၁၈-၂၃

*"ထိုသူတို့သည် ဘုရားသခင်ကို သိလျက်ပင်၊
ဘုရားသခင်ကို ချီးမွမ်းသင့်သည်အတိုင်း
မချီးမွမ်း၊ ကျေးဇူးတော်ကိုလည်း မသိမမှတ်။"*

## ခါနန်ကို ဣသရေလထံ ဘုရားသခင်ပေးတော်မူခြင်း၌ အကြောင်းရှိ၏

ဣသရေလအမျိုးအား ဘုရားသခင်ပေးခဲ့သော အမွေမြေတွင် မြို့များကိုတည်ရှိ၍ လယ်ထွန်ယက်ပြီး တိရိစ္ဆာန်စားကျက်များထားရှိခဲ့ကြသော ခါနနိလူတို့ နေထိုင်ခဲ့ကြသည်။ ထိုအရပ်သည် ဘုရားသခင်က ခါနနိလူတို့ကို နှင်ထုတ်ပြီး ဣသရေလလူတို့အား ပေးသောအခါတွင် သူတို့အတွက် အဆင်သင့်လုပ်ထားသောအိမ်ဖြစ်ခဲ့သည်။ သူတို့သည် တိုင်းပြည်အရေးကိစ္စရပ်များကို ဆုံးဖြတ်ရာတွင် အကာအကွယ်နှင့်လမ်းညွှန်မှုအတွက် ဘုရားသခင်ကိုသာ အားကိုးရမည်ဖြစ်သည်။

တရားဟောကျမ်းတွင် မောရှေသည် ထိုနေရာသစ်အတွက် ဣသရေလအမျိုးကို ပြင်ဆင်ထားဖို့ရန် ရှည်လျားသော မိန့်ခွန်းများပြောခဲ့သည်။ သူတို့တိုင်းပြည်အတွက် အဓိကအာရုံစိုက်ရမည်မှာ ဘုရားသခင်ကို နာခံဖို့ရန်ဖြစ်သည်။ မောရှေသည် သူတို့အတွက် ပညတ်တော်များကို ရေးသားခဲ့ပြီး သူတို့၏အမွေ တည်တံ့စေရန်အတွက် ကျမ်းစာပါပညတ်တော်များကို လိုက်နာဖို့ လိုအပ်သည်။ ဘုရားသခင်သည် သူတို့အား မောရှေမှတဆင့် အဘယ်ကြောင့် ဤကဲ့သို့ဆက်ဆံရသည်ကို မိန့်တော်မူခဲ့သည်။ မောရှေက "ထိုသို့ သင့်ကိုနှိမ့်ချ၍အငတ်အမွတ်ခံစေတော်မူသောအခါ သင်သည် ကိုယ်တိုင်မသိ၊ သင်၏ဘိုးဘေးမသိဖူးသော မန္နနှင့်ကျွေးမွေးတော်မူသဖြင့် လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရသည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်ကို သိစေတော်မူ၏" (တရား ၈း၃)။ ဖိစီးမှုသည် အမွေနယ်မြေ၏နယ်နိမိတ်အကျယ်အဝန်းတွင်မဟုတ်ဘဲ ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ်တွင်သာရှိသည်။ ထိုပြည်သည် ဘုရားသခင်ပေးသော လက်ဆောင်ဖြစ်သည်။ မျိုးနွယ်စုတစ်ခုစီ၏ အမွေများကို ထုတ်ဖော်ဖို့ စာရေးတံချခြင်းအပြင် ယောရှုသည် မျိုးနွယ်စုတစ်ခုစီ၏အရွယ်အစားနှင့် ၎င်းတို့၏ လိုအပ်ချက်များကို ထည့်စဉ်းစားရသည်။ သူသည် ဤဆုံးဖြတ်ချက်တိုင်းကို ဘုရားသခင်၏ လမ်းညွှန်ချက်အတိုင်း ပြုလုပ်ခဲ့သည်။

ဗယ်ာမိန်အမျိုး၏ အမွေခွဲဝေမှုကို ၎င်းတို့၏လိုအပ်ချက်အတိုင်း ပြုလုပ်ခဲ့သည်။ ၎င်းကို ဘုရားသခင်သည် ကိုယ်ကျင့်တရားနှင့်ဆိုင်သော ပညတ်တော်ကို ဣသရေလလူတို့ထံသို့ ပေးခဲ့သည်။ အဲဂုတ္တုမှထွက်ခွာချိန်အတွင်း၌ ပေးခဲ့သည်။ ဘုရားသခင်၏ပညတ်တော်တို့သည် သူ့ကိုမသိသော ခါနနိလူတို့၏ လမ်းစဉ်များကို ဆန့်ကျင်ကြသည်။ ခါနနိလူတို့၏ ဆန့်ကျင်ဘက်ဖြစ်သော ဣသရေလလူတို့အားဖြင့် ဘုရားသခင်၏ ပြစ်ဒဏ်ခတ်မှုကို မြင်တွေ့ရကြ၏။ သူသည် တရားမျှတမှုကို ပြသခဲ့ပြီး၊ ဣသရေလလူတို့ကို သူ၏တန်ဆာပလာအဖြစ်အသုံးပြုခဲ့သည်။ တစ်ချိန်တည်း၌ သူသည် စကြာဝဠာကြီး၏အရှင်သခင်နှင့်ဘုရားသခင်ဖြစ်ကြောင်းကို ငြင်းပယ်ခဲ့သော ခါနနိလူတို့အား အပြစ်ဒဏ်ပေးခဲ့သည်။ ထို့ကြောင့် သူတို့ပြည်ကို ဣသရေလလူတို့ထံ အပ်ပေးခဲ့သည်။

**ဆင်ခြင်ရန်** - ဘုရားသခင် ပြုတော်မူသောအမှုသည် တရားသဖြင့်ပြုသော၊ တရားသောအမှု ဖြစ်ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်အသက်တာ၌ ကိုယ်တော် ပြုတော်မူသောအမှု၏ ရည်ရွယ်ချက်ကို သိရှိခြင်းငှါ မစတော်မူပါ။

အဂ်ီ၊ ဒီဇင်ဘာ (၁၂)
**ယောရှု ၁၈း၁၁-၂၈**
ဆာလံ ၄၆း၁-၇

*"ဘုရားသခင်၏ မြို့တည်းဟူသော
အမြင့်ဆုံးသောဘုရား ကျိန်းဝပ်တော်မူရာ
သန့်ရှင်းသော မြို့တော် . . ."*

## ဗင်္ယာမိန် အမျိုးခံရသောအမွေ၌ ပါဝင်သော၊ ယေရုရှလင်မြို့

ဗင်္ယာမိန်အမျိုးအား ခွဲဝေပေးသောမြေတွင် ယေရုရှလင်မြို့ပါဝင်သည်။ ထိုခေတ်တွင် ထိုမြို့ကို ယေဗုသိမြို့ဟုခေါ်တွင်ခဲ့သည်။ သမိုင်းမှာအရေးပါမည့်အကြောင်းအရာမရှိခဲ့ပါ။ ဗင်္ယာမိန်၏နယ်နိမိတ်သည် ဟိန္နုံချိုင့်ရှေ့ထိဖြစ်သည်။ ၎င်းကို ယောရှု ၁၈း၁၆-၁၇ တွင် ဖော်ပြထားသည်။ "ယေဗုသိမြို့ဘေး၊ ရေဖိမ်ချိုင့်" (ယောရှု ၁၈း၁၆) ဟူသောဖော်ပြချက် ထိုနယ်မြေ၏ ယခင်မြို့သားများကို ရည်ညွှန်းခြင်းဖြစ်သည်။ သူလျှိုဆယ်ယောက်က သူတို့မအောင်နိုင်ဘူးဟု မိန့်ဆိုခဲ့သောသူများဖြစ်ကြသည်။

ဖော်ပြထားသော အသေးစိတ်အချက်အလက်များနှင့်နေရာများ၏ အမည်များသည် ခါနန်ပြည်တွင် ဣသရေလအမျိုးသားများကို နေရာချပေးရာတွင် ယောရှု၏ စိုးရိမ်ပူပန်မှုကို ဖော်ပြသည်။ သူသည်မြေယာကို စစ်တမ်းကောက်ယူရန် ခန့်အပ်ထားသော အလုပ်အဖွဲ့ကို အသုံးပြုကာ ဤအသေးစိတ်ဖော်ပြချက်များကို ပေးခဲ့သည်။ သူတို့အားလုံးသည် သူတို့နှင့်သင့်တော်သောနေရာကို ရရှိကြကြောင်း သေချာစေခဲ့သည်။

ဗင်္ယာမိန်အမျိုး၏မြောက်ဘက်နယ်စပ်ကိုလည်း ဖော်ပြထားသည်။ အရာဗမြို့သည် မြောက်ဘက်နယ်နိမိတ်သတ်ရာနယ်မြေဖြစ်သည်။ အခြားတဖက်ကို ယောဒန်မြစ်ရဲ့တောင်ဘက်စွန်းမှာရှိသည့် ဆားပင်လယ်အော်၏ မြောက်ဘက်ခြမ်းဖြစ်သည်။ ဤအရာများသည် သဘာဝကပေးထားသည့် နယ်မြေနယ်နိမိတ်သတ်မှတ်ရာနေရာဖြစ်ကြပြီး၊ မြေယာကို စူးစမ်းလေ့လာသူများ၏ လုပ်ဆောင်မှုကို ပိုမိုလွယ်ကူစေသည်။ ဤမြေကိုခွဲဝေရာတွင်လည်း နေထိုင်သောသူတို့၏ စီးပွားရေးလုပ်ငန်းများတွင် အသုံးဝင်မည့်အရင်းအမြစ်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ဘုရားသခင်က ဤအရာအားလုံးကို သိခဲ့ပြီး မျိုးနွယ်စုအားလုံး၏ အမွေခွဲဝေခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်တိုင်းကို လမ်းညွှန်ခဲ့သည်။

ယောဒန်မြစ်သည် အရှေ့ဘက်နယ်နိမိတ်ဖြစ်သည်။ ဤအရာက သဘာဝနယ်နိမိတ်တစ်ခုဖြစ်နေပြန်သည်။ မြစ်တဖက်ကမ်းမှ နယ်မြေကို သိမ်းယူထားပြီးဖြစ်သည်။ ဗင်္ယာမိန်အမျိုးအားလုံးသည် အမွေကိုခံရကြ၏။ ဂိဗောင်မြို့နှင့်ရာမြို့တို့သည် ဗင်္ယာမိန်အမျိုးအားပေးဆောင်သောမြို့ဆယ့်လေးမြို့တို့တွင် ပါဝင်ကြသည်။ ယေရုရှလင်မြို့သည်လည်း နောက်ဆုံးတွင် နိုင်ငံတော်၏ နန်းတော်နေရာအဖြစ်၎င်း၊ ဝတ်ပြုရေးဆိုင်ရာဗဟိုချက်အဖြစ်၎င်းပါဝင်ခဲ့သည်။ ထိုအချိန်မှစ၍ မြို့၏ထင်ရှားကျော်ကြားမှုမပျောက်ပျက်တော့ပါ။ ဗင်္ယာမိန်အမျိုးနှင့် ပတ်သက်၍ယာကုပ်ပြောခဲ့သည်မှာ "ဗင်္ယာမိန်သည် လုယူကိုက်စားတတ်သော တောခွေးဖြစ်လိမ့်မည်။ ဖမ်းရသောအရာကို နံနက်အချိန်၌ ကိုက်စား၍ လုယူသောအရာကိုလည်း ညအချိန်၌ ဝေဖန်လိမ့်မည်ဟု မြွက်ဆို၏" (ကမ္ဘာ ၄၉း၂၇)။ ဘုရားသခင်၏ချိန်းဆိုချက်က တည်၏။ ဤသည်မှာ ခါနန်ပြည်ရှိ ဗင်္ယာမိန်၏အမွေဖြစ်သည်။

**ဆင်ခြင်ရန်** - ဣသရေလလူတို့ ခံရသော အမွေကို ပေးတော်မူသောသူသည် ဘုရားသခင်ဖြစ်တော်မူ၏။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်သည် ယောရှု ကဲ့သို့ နာခံသောသူ ဖြစ်လိုပါသည်။

*"အကြောင်းမူကား၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ဖြောင့်မတ်ပေ၏။ စီရင်တော်မူသမျှသော အမှုတို့သည်လည်း သစ္စာတရားနှင့် ညီကြ၏"*

# ရှိမောင်အမျိုး ခံရသောအမွေ

ဗယ်ာမိန်အနွယ်အမွေရရှိပြီးနောက်၊ အမွေခွဲဝေရန် လိုအပ်သော မျိုးနွယ်စုခြောက်ခုရှိသေးသည်။ ယောရှုမှတ်စာ ၁၉ တွင် ယဇ်ပုရောဟိတ်ဧလာဇာနှင့်ယောရှုသည် ကျန်မျိုးနွယ်စုအားလုံး၏ နယ်မြေကို သတ်မှတ်ရန် ရှိလောမြို့တွင် စာရေးတံချခဲ့ကြကြောင်းကို မှတ်တမ်းတင်ထားသည်။ တာဝန်ရှိသောသူတို့ ပြင်ဆင်ထားသည့် မြေနေရာဖော်ပြချက်ကို သူတို့လိုက်နာကြသည်။ မျိုးနွယ်စုတိုင်းက မိမိတို့အမွေကို ရရှိခဲ့ကြသည်။ ဤအရာက က္ကသရေလလူတို့၏ အမွေခံခြင်းအဆုံးသတ်ကြောင်းနှင့် ဘုရားသခင်၏ကတိတော်လုံးဝပြည့်စုံကြောင်းကို ထင်ရှားစေသည်။

ယောရှု ၁၉ သည် ရှိမောင်အမျိုးမှ အစပြုသည်။ ဤမျိုးနွယ်ကို အမွေအသစ်မပေးဘဲ ယုဒအမျိုးအနွယ်အတွင်း နေရာချပေးခဲ့သည်။ သူတို့အတွက်သတ်မှတ်ထားတဲ့နေရာသီးသန့်ရှိသည်။ ၎င်းနေရာသည်ရမ်းသမ်းပြုလုပ်သောခွဲဝေပေးခြင်းမဟုတ်ပါ။ ယောရှုနှင့်ဧလဇာတို့သည် စာရေးတံချ၍အပိုင်းသည်ရှိမောင်အပေါ် သို့ကျရောက်သွားသည်။ သူတို့တစ်ဦးစီ၏အမွေကို ပေးအပ်သောသူမှာ ဘုရားသခင်ဖြစ်သောကြောင့်၊ သူ၏ထာဝရဘုရားနှင့်ဆိုင်သောအမိန့်တော်ကို သဘောတူရပါမည်။

ရှိမောင်သည် မျိုးနွယ်စုအဖြစ်မီ (ရှိမောင်အသက်ရှင်လျက်ရှိချိန်က) ပင်သူတို့အမွေခံရမည့် နယ်မြေ၏ သဘောသဘာဝကိုဖော်ပြထားပြီးဖြစ်သည်။ ယာကုပ်၏ပရောဖက်ပြုချက်စကားများသည် ရှိမောင်နှင့်လေဝိအတွက်ဘေးဥပဒ်ဖြစ်စေခဲ့သည် (ကမ္ဘာ ၄၉း၇)။ ၎င်းကသူတို့သည် ဟာရန်မှ ထွက်ခွာပြီးနောက်ရှေခင် မိသားစုကိုခြိမ်းခြောက်အကျပ်ကိုင်ပြီး အမုန်တကယ်ရက်စက်ကြမ်းကြုတ်လှသည်(ကမာ ၃၄း၂၀-၃၁)။ ဤအရာမှာလူနှစ်ဦး၏ လုပ်ရပ်များဖြစ်သော်လည်း ကျိန်ခြင်းသည်သူတို့၏သားစဉ်မြေးဆက်လိုက်သွားသည်။ ရှိမောင်အတွက်၊ ယာကုပ်ပြောခဲ့သော အရပ်ရပ်သို့ကွဲလွင့်မှုဟူသည် သူတို့အမွေခံခြင်းဖြင့် ပြည့်စုံခဲ့သည်။ (လေဝိကိစ္စတွင် အပြုသဘောဆောင်သော မှတ်ချက်တစ်ခုလည်းပြည့်စုံလာသောကြောင့် သူတို့သည် ဝိညာဉ်ရေးတာဝန်များကို ထမ်းဆောင်ကြရသည်။ ထို့ကြောင့် သူတို့သည် က္ကသရေလလူအားလုံးတို့ကြားတွင် အခြေချနေထိုင်ရန် လိုအပ်သည်။ ထို့ကြောင့်သူတို့သည် အရပ်ရပ်သို့ ကွဲသွားကြရသည်)။ ရှိမောင်အားခံပေးထားသော မြို့အရေအတွက်မှာ ဆယ့်သုံးမြို့ဖြစ်ပြီး၊ ထိုမြို့များအကြောင်းကို ယောရှု ၁၉း၁-၉ တွင် ဖော်ပြထားသည်။ ထို့ကြောင့် သူတို့သည် အံဝင်ခွင်ကျဖြစ်သည်။ သူတို့ဖခင်၏ စကားများမှာ ထိုကဲ့သို့ ကျယ်ပြန့်သော သက်ရောက်မှုရှိခဲ့သည်မှာ ယာကုပ်၏ သားသမီးတို့၌ ကြုံဖူးကြမည်မဟုတ်ပါ။ ၎င်းသည် ဘုရားသခင်၏အကြံအစည်အတွင်း၌ရှိပြီး သူ၏အလိုတော်အတိုင်း တိကျစွာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ရည်ရွယ်ချက်ရှိရှိ၊ စနစ်တကျ လုပ်ရှားတော်မူ၏။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏ နှုတ်ကပတ်တော် ဖော်ပြချက်များ တလုံးတဝတည်း ရှိကြသောကြောင့် ကျေးဇူးတင်ပါသည်။

ကြာသပတေး၊ ဒီဇင်ဘာ (၁၄)

**ယောရှု ၁၉း၁၀-၁၆**

ဟေရှာ ၂၆း၈-၉

*"မြေပေါ်မှာ အမှုကို စစ်ကြောစီရင်တော်မူသောအခါ၊ လောကီသားတို့သည် တရားကို သင်ကြ၏"*

# ဇာဗုလုန် အမျိုးခံရသောအမွေ

ဇာဗုလုန်အမျိုး၏အမွေသည် ယောရှုနှင့်ဧလောဇာတတိယမြောက်ချသော စာရေးတံဖြစ်သည်။ ထိုမျိုးနွယ်၏နယ်နိမိတ်များကို ဖော်ပြထားသည်။ သူတို့၏မြို့များနှင့်သတ်မှတ်ထားသော နယ်နိမိတ်များကို ယောရှု ၁၉း၁၀-၁၅ တွင် ဖော်ပြထားသည်။ မြို့ဆယ်နှစ်မြို့တို့ကို သူတို့အားပေးခဲ့သည်။ ဤနေရာများကို သူတို့မျိုးနွယ်အရွယ်အစားအတိုင်း ပေးခဲ့ခြင်းဖြစ်သည်။ ဤမျိုးနွယ်ကို ယာကုပ်မိန့်ခဲ့သည်မှာ "ဇာဗုလုန်သည် ပင်လယ်ကမ်းနားမှာနေ၍ သင်္ဘောဆိပ်ဖြစ်လိမ့်မည်။ သူ၏နယ်သည် ဇိဒုန်မြို့တိုင်အောင် ကျယ်ဝန်းလိမ့်မည်" (ကမ္ဘာ ၄၉း၁၃)။ ဇိဒုန် (ရှေးခေတ်နာမည်ကြီးသောမြို့) ကိုဖော်ပြချက်သည် သမ္မာကျမ်းစာမှတ်တမ်းကို သမ္မာတရားနှင့်ညီညွတ်စေသည်။ ၎င်းသည် တုရုမြို့မြောက်ဘက်ကီလိုမီတာ သုံးဆယ်ခန့်အကွာတွင်ရှိပြီး လူသိများသော ဆိပ်ကမ်းတစ်ခုဖြစ်သည်။ ၎င်းကို သမ္မာကျမ်းစာတွင် အများအပြားဖော်ပြပြီး၊ သမ္မာကျမ်းစာဖြစ်ရပ်များစွာနှင့် ဆက်စပ်နေသည်။ ၎င်းသည် ဇာဗုလုန်၏အမွေထဲသို့ ကျရောက်ခဲ့သော ခါနနိလူတို့မြို့များထဲမှ တစ်ခုဖြစ်သည်။ F.B. Meyer မှ ဤအမွေကို လေ့လာထားချက်အား အောက်တွင်ဖော်ပြထားသည်။

"ဇာဗုလုန်၏ပိုင်ဆိုင်မှုနှင့်ကတိတော်ပြည်၌ ရှိသောအောက်ပါမျိုးနွယ်များကို အတိအကျကြိုပြောထားသည်။ ယောရှု ၁၈း၁-၂၈ ၏ခွဲဝေခြင်းများကို နှိုင်းယှဉ်ပါ။ ကမ္ဘာ ၄၉း၁၈ တွင် သေအံ့ဆဲဆဲသောလူတစ်ဦး၏ ထုတ်ဖော်ချက်ကို မှတ်သားထားပါ။ ထိုကဲ့သို့သော စောင့်မျှော်စိတ်က ခွန်အားဖြစ်စေ၏။ ဟေရှာယ ၂၆း၈-၉ ကိုကြည့်ပါ။ ယောသပ်၏ "များစွာအသီးသီးပါ" ဟူသော ကောင်းကြီးမင်္ဂလာမှာ အလွန်လှပေ၏။ ၎င်းကို နှစ်ကြိမ်တိုင်ဖော်ပြထားပြီး၊ ယောဟန် ၁၅း၈ ကို ကျွန်ုပ်တို့အား သတိရစေသည်။ သို့သော် အသီးသီးခြင်းမှာ သီးခြားခွဲထုတ်ဖို့ရန် တံတိုင်းနှင့် စုဝေးရန်အတွက် ရှိရာအရပ်တွင်သာဖြစ်နိုင်သည်။ ဤအရာများရှိသောအခါတွင် အကိုင်းအခက်များသည် ရေငတ်နေသော ကမ္ဘာအတွက် ကောင်းကြီးများအစုအပြုံလိုက်ဖြင့် နံရံပေါ်မှ ညွတ်ကိုင်းကျနေ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ခွန်အားကိုရှာ၍ ယာကုပ်ဘုရားသခင်၏ တန်ခိုးကြီးသော လက်များကို ငါတို့၏ "ညှပ်ဖျင်းသောလက်များအောက်တွင် ထားရှိစေခြင်းငှါ တောင်းလျှောက်ကြကုန်အံ့"။ ဆာလံ ၁၄၁း၁ ကိုဖတ်ပါ။ သီးခြားနေသော အသက်တာသည် သရဖူဆောင်းထားသောဘဝဖြစ်သည်။ သေလုမြောပါးသောသူ၏ရင်တွင်း၌ မိမိဇာတိမြေနှင့်တောင်တန်းများကို အမှတ်ရနေ၏။ တောင်များသည် တိုင်းပြည်အတွက်ရှိ၏။ ဘုရားသခင်သည် သူလူမျိုးအတွက်ဖြစ်၏။

ဇာဗုလုန်အမျိုးသည် အရင်မျိုးနွယ်စုတို့ကဲ့သို့ ပြုမူနေထိုင်သည်။ သူတို့သည် မိမိတို့အမွေကို စာရေးတံအဆုံးအဖြတ်အတိုင်း ရယူခဲ့သည်။ ထိုအမွေကိုပေးသော သူမှာ ဘုရားသခင်ဖြစ်ကြောင်း သိ၍ကျေနပ်ကြသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မြေကြီးသား၊ လူမျိုးအပေါင်းတို့၏ ဘုရားဖြစ်တော်မူ၏။

**ဆုတောင်းချက်**- အဖဘုရား၊ ဖြောင့်မတ်ခြင်းစိတ်သဘောသည် အကျွန်ုပ်ခံရသော အမွေဖြစ်ပါ၏။

# ကြသခါ အမျိုးခံရသောအမွေ

ကြသခါ၏အမွေသည် ယောရှုနှင့်ဇလာဇာတို့ချသော စတုတ္ထမြောက်စာရေးတံဖြစ်သည်။ ကမ္ဘာ ၄၉း၁၄-၁၅ က ကြသခါနှင့်ပတ်သက်သော ယာကုပ်၏ပရောဖက်ပြုချက်ကို ကျွန်ုပ်တို့အား ပေးထားသည်မှာ "ကြသခါသည် တောင်ကြားမှာဝပ်လျက် အားကြီးသောမြည်းဖြစ်၏။ ငြိမ်ဝပ်ရာ အရပ်ကောင်း၍၊ မြေသာယာသည်ကို မြင်သဖြင့် မိမိပခုံးပေါ်မှာ ထမ်းပိုးကိုတင်ထမ်း၍ အခွန်ပေးသောကျွန်ဖြစ်လေ၏"။ ကြသခါ၏ အမွေကို ယောရှု ၁၉း၁၇-၂၃ တွင်ဖော်ပြထားသည်။ ထိုမျိုးနွယ်ကို မြို့ပေါင်းဆယ့်ခြောက်မြို့ကိုပေးအပ်ခဲ့သည်။ အခြားသောမျိုးနွယ်စုများကဲ့သို့ပင် ၎င်းတို့၏ အမွေအကြောင်းကို အသေးစိတ်ဖော်ပြထားပြီး ၎င်းက မျိုးနွယ်စုတစ်ခုမှ အမွေမခံရဘဲ မကျန်ရစ်ကြောင်း သေချာစေသည်။ ကြသရေလခေါင်းဆောင်များ၏ စွမ်းဆောင်ရည်ကို ထင်ဟပ်စေသည်။ ထိုအရာက ဘုရားသခင်သည် မျှတမှုနှင့် စည်းစနစ်ကျသော ဘုရားသခင်ဖြစ်တော်မူကြောင်းကိုလည်း သက်သေထူသည်။ Matthew Henry က ဤသို့မှတ်ချက်ချခဲ့သည်။

ယာကုပ်၏သားအပေါင်းတို့သည် အသက်ရှင်လျက် ရှိကြသည်။ သူတို့သည် အဲဂုတ္တုလူတို့နှင့်မရောနှောဘဲ နေ၍၊ အာဗြဟံ၏သားများနှင့် ကြဇက်တို့ ခွဲခွာသကဲ့သို့ မခွဲခွာဘဲ ချစ်ခြင်းမေတ္တာဖြင့် စည်းလုံးညီညွတ်စွာ လူမျိုးစုတစ်ခုတည်ဆောက်ရန် ဘုရားသခင်ခေါ်ခဲ့ကြောင်းကို ကြိုတင်ပြောဆိုခဲ့သည်။ ကျွန်ုပ်တို့သည် မိန့်ခွန်းကို ချစ်ခင်တွယ်တာမှု၊ နာကြည်းမှု (သို့) ဘက်လိုက်မှုဟူသော လူတစ်ဦး၏ သီးသန့်ခံစားချက်ကို ဖော်ပြခြင်းအဖြစ် မယူဆသင့်ပေ။ ထိုအစား သန့်ရှင်းသော ဝိညာဉ်တော်၏ ဘာသာစကားအဖြစ်၎င်း၊ ဘုရားသခင်၏ အကြံအစည်ကို ဖော်ပြခြင်းအဖြစ်၎င်း၊ ယာကုပ်၏သားများ၏ စရိုက်လက္ခဏာ၊ အခြေအနေနှင့် ပတ်ဝန်းကျင်တို့ကို လေးစားစရာအဖြစ်၎င်း၊ သူတို့၏သမိုင်းအားဖြင့် မျိုးနွယ်စုများကို ခြေရာခံနိုင်မည်အကြောင်း ဖော်ပြထားသည်ဟု ယူဆရပါမည်။

လက်ရှိအမွေခွဲဝေခြင်းက ကြသရေလလူတို့အား တိုင်းပြည်ကိုပေးတော်မူမည်ဟု ဘုရားသခင်၏ ရေရှည်ကတိတော်ကို ပြည့်စုံစေရန် ယောရှုအမျိုး၏ နောက်ဆုံးသောခရီးကို မှတ်သားထားပါသည်။ ဘုရားသခင်သည် အာဗြဟံအား ဤအရာများကို အဦးဆုံးပြောသောအခါ အချိန်တိုအတွင်း ဖြစ်ပေါ်လာမည့်အရာမဟုတ်ပါ။ ထိုအချိန်တွင် အာဗြဟံ၌ ကလေးတစ်ယောက်မှမရှိခဲ့ပါ။ သို့သော ကောင်းကင်နှင့်မြေကြီး၏ဘုရားသခင်သည် သူ၏ကတိတော်များကို ဘယ်သောအခါမှ မပျက်ကွက်ပေ။

ဤအမွေများခွဲဝေခြင်းသည် ချောမွေ့စွာ ရွေ့လျားနေပြီး ကြသရေလလူတို့အားလုံးသည် ယောရှု၏စကားကို ဂရုပြုခဲ့ကြသည်။

**ဆင်ခြင်ရန်** - သန့်ရှင်းသောဝိညာဉ်တော်က စိတ်နှလုံး ရောင့်ရဲတင်းတိမ်ခြင်းကို ပေးတော်မူ၏။

**ဆုတောင်းချက်**- အဖဘုရား၊ အရာရာထက် ကိုယ်တော်၏နိုင်ငံတော်ကို ရှာဖွေမည်အကြောင်း မစတော်မူပါ။

*"စိတ်နှိမ့်ချခြင်း၊ ထာဝရဘုရားကို ကြောက်ရွံ့ခြင်း ကျေးဇူးကြောင့် စည်းစိမ်၊ ဂုဏ်အသရေ၊ အသက်ကို ရတတ်၏။"*

# နောက်ဆုံး အမျိုးသုံးမျိုးတို့ ခံရသောအမွေ

အာရှာအမျိုး၏အမွေသည် ဣသရေလခေါင်းဆောင်တို့၏ ပဥ္စမကြိမ်မြောက်စာရေးတံဖြစ်သည်။ သူတို့၏အမွေကို ယောရှု ၁၉း၂၄-၃၁ တွင်ဖော်ပြထားသည်။ လုကာ ၂း၃၆-၃၈ တွင် ခရစ်တော်ဖွားမြင်ခြင်း၌ ထင်ရှားသောအသက်ကြီးသူ အန္နသည် ဤမျိုးနွယ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ အာရှာသည် ယာကုပ်၏အဋ္ဌမမြောက်သားဖြစ်သည်။ သူ၏မိခင်မှာ လေအာ၏ကျွန်မ ဇိလပဖြစ်သည်။ အာရှာနှင့်စပ်လျဉ်း၍ ယာကုပ်၏စကားမှာ "အာရှာ၌ဖြစ်သောအစာသည် အရသာနှင့်ပြည့်စုံ၍ မင်း၏ခဲဘွယ်စားဘွယ်တို့ကို ထုတ်ပေးလိမ့်မည်" ဟူ၍ဖြစ်သည်။ ဤအချက်မှာ အပြုသဘောဆောင်သောပရောဖက်ပြုခြင်းဖြင့် ကောင်းကြီးမင်္ဂလာဖြစ်ပြီး အမှန်ပြည့်စုံခဲ့သည်။

နာဿလိအနွယ်၏အမွေကိုလည်း ယောရှု ၁၉း၃၂-၃၉ တွင်ဖော်ပြထားသည်။ ဣသရေလမျိုးနွယ်စုအတွက် အမွေနောက်ဆုံးခွဲဝေပေးသည့် ခုနှစ်ခုအနက်မှ ဆဋ္ဌမမြောက်မှာ ဤမျိုးအနွယ်၏စာရေးတံဖြစ်သည်။ နဿလိအမျိုးကိုပေးသော မြို့စုစုပေါင်းသည် တဆယ့်ကိုးမြို့ဖြစ်သည်။ မျိုးနွယ်စုရှိ မိသားစုအားလုံးသည် မိမိတို့၏အမွေကို ရရှိခဲ့ကြသည်။ သူတို့သည် အခြားမျိုးနွယ်စုအားလုံးနှင့်တူညီသော ပုံစံအတိုင်း လိုက်လျှောက်ကြသည်။ နဿလိအကြောင်းကို ယာကုပ်ဖော်ပြသည်မှာ "နဿလိသည် လှသောအခက်အလက်နှင့် ပြည့်စုံ၍ ကျယ်ဝန်းသောသပိတ်ပင်ဖြစ်၏"။ ဤစကားသည် တိုတောင်းသော်လည်း ဘုရားသခင်ထံမှ အပြုသဘောဆောင်သော မှတ်ချက်သည်ကြီးလှ၏။

ဒန်အမျိုး၏အမွေစာရေးတံမှာ သတ္တမမြောက်နှင့်နောက်ဆုံးသောစာရေးတံဖြစ်သည်။ ဒန်၏အမွေကို ယောရှု ၁၉း၄၀-၄၈ တွင်ဖော်ပြထားသည်။ ဤမျိုးနွယ်စုကို မြို့ဆယ့်ရှစ်မြို့ကို ပေးအပ်ခဲ့သည်။ ဒန်အမျိုးက ခါနနိလူတို့ကို တိုက်ပြီး လဲရှမြို့ကို သိမ်းပိုက်ပြီး သူတို့အဘဒန်ကို အစွဲပြု၍ ဒန်မြို့ဟုမှည့်ဆို၏။

ဤသို့ဖြင့် မျိုးနွယ်စုအားလုံးအခြေချနေထိုင်ခဲ့ကြသည်။ ဇာတ်ကြောင်းသည် "ဤရွေ့ကား ယဇ်ပုရောဟိတ်ဧလောဇာ၊ နုန်၏သားယောရှု၊ ဣသရေလအမျိုးသားတို့တွင် အဆွေအမျိုးသူကြီးတို့သည် ရှိလောမြို့မှာ ထာဝရဘုရားရှေ့ ပရိသတ်စည်းဝေးရာ တဲတော်တံခါးနား၌ ဝေပေးသော အမွေခံ စရာမြေအသီးအသီးပေတည်း။ ဤရွေ့ကား ပြည်ကိုဝေဖန်သောအမှုပြီးလေ၏" (ယောရှု ၁၉း၅၁) ဟူ၍အဆုံးသတ်ထားသည်။

ဤအရာက ခါနန်ပြည်ကို သိမ်းပိုက်ဖို့ နောက်ဆုံးပြိုင်ဖွဲ့၍ ဇာတ်သိမ်းပိုင်းကို မှတ်သားထားသည်။ ယောရှုသည် မြေကိုပိုင်းခြားပေးမှုပြီးဆုံး၍ ဧဖရိမ်မှ တိမနဿရေမြို့ကို သူနှင့်သူ့မိသားစုတို့အမွေအဖြစ် ပေးကြသည်။ ဤသို့ဖြင့်ဘုရားသခင်သည် သူ၏ရေရှည်ကတိတော်ကို ဖြည့်ဆည်းရန်အတွက် ယောရှုနှင့်ဧလောဇာကို အသုံးပြုခဲ့သည်။

**ဆင်ခြင်ရန်** - ခေါင်းဆောင်အရည်အချင်း၌၊ ယောရှု၌ ရှိသော ဖခင် စိတ်သဘောထားမျိုး လိုအပ်ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ စိတ်နှိမ့်ချခြင်းရှိသော ခေါင်းဆောင်များကို အကျွန်ုပ်တို့အား ယနေ့ ပေးသနားတော်မူပါ။

**ယောရှု ၂၀**
မသဲ ၅း၂၀-၂၂

*"လူအသက်ကို မသတ်ရ။ သတ်သောသူသည် ရုံး၌ အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏"*

# မှီခိုရာမြို့များ လိုအပ်ရခြင်းအကြောင်း

ဣသရေလအပေါင်းတို့သည် မိမိတိုပအမွေခံမြေ၌ အခြေနေထိုင်ခဲ့ကြသည်။ ထို့နောက် လိုအပ်သောအုပ်ချုပ်ရေးပုံစံချမှတ်နိုင်ရန်လိုအပ်သည်။ ဤအရာမှာ နိုင်ငံတိုင်းတွင် ဖြစ်လေ့ဖြစ်ထရှိသော ပြဿနာများကို ဖြေရှင်းရန်နှင့်တားဆီးရန် နည်းလမ်းတစ်ခုအဖြစ် လိုအပ်သည်။ ဘုရားသခင်မှာထားသောအရာများထဲမှ တစ်ခုမှာ ခိုလှုံရာမြို့များတည်ထားရန်ဖြစ်သည်။ ဤအရာက လူသတ်မှုကျူးလွန်သူများရှိမည်ဖြစ်ကြောင်းကို ကြိုတင်မျှော်မှန်းထားသည်။ ဤအရာက တစုံတဦးသည် မရည်ရွယ်ဘဲ မတော်တဆလူသတ်မိပြီး၊ အသတ်ခံရသူအတွက် ကလဲ့စားပြန်ချေဖို့ ထိုသူကို ပြန်လိုက်မည့်အရာများကို ရည်ညွှန်းထားသည်။ သေခြင်းနှစ်ထပ်ဖြစ်ခြင်းကို တားဆီးရန်အတွက် ထိုသို့သော အသက်အန္တရာယ်ကို လုံခြုံစေရန်အတွက် ခိုလှုံရာနေရာရှိရန်လိုအပ်သည်။ အပြစ်ကျူးလွန်မိသူများကို ကူညီရန်ခိုလှုံရာမြို့ခြောက်မြို့ကို သီးခြားဖယ်ထားရန် ဘုရားသခင်က ဣသရေလခေါင်းဆောင်များကို အမိန့်ပေးခဲ့သည်။

ယောရှုသည် သူအမွေခံရသောပြည်၌ စတင်အခြေချနေထိုင်သည့်အတိုင်း ခိုလှုံရာမြို့များကို ဖယ်ထားရန် ဘုရားသခင်က သတိပြန်ပေးခဲ့သည်။ မောရှေကဲ့သို့ပင် ယောရှုသည် အရပ်ဘက်ခေါင်းဆောင်တစ်ဦးဖြစ်သလို ဘာသာရေးခေါင်ဆောင်တစ်ဦးလည်းဖြစ်သည်။ ခိုလှုံစရာမြို့များကို ထားရှိရန်အမိန့်တော်သည် ယောရှုအတွက် အသစ်ဆန်းမဟုတ်ပေ။ ဘုရားသခင်က မောရှေမှတဆင့် ဤမြို့များကို ခွဲခြားသတ်မှတ်ပြီး ရည်ရွယ်ချက်အတက် သီးခြားထားရှိဖို့ရန် မိန့်ခဲ့ပြီးဖြစ်သည်။ အစောပိုင်းက မှာထားတဲ့အတိုင်း ဤမြို့များကို ခန့်ထားဖို့ ယောရှုကို ဘုရားသခင်ပြောဆို၏။ ဤအရာနှင့်ပတ်သက်၍ မောရှေအား မူလမိန့်မှာချက်ကို တောလည်ရာ ၃၅း၆၊ ၁၁၊ ၁၄ တွင် မှတ်တမ်းတင်ထားသည်။ ခွဲထားရမည့်ခြောက်မြို့အနက် သုံးမြို့တို့မှာ ယောဒန်မြစ်၏ အနောက်ဘက်ခြမ်းတွင်၎င်း၊ အခြားသုံးမြို့မှာ အရှေ့ဘက်ခြမ်းတွင်၎င်း ဖြစ်ရပါမည်။ ဤမြို့များ၏ရည်ရွယ်ချက်မှာ ကြိုတင်ကြံရွယ်ခြင်းမရှိဘဲ မတော်တဆလူသတ်မိသူတစ်ဦးဦးအတွက် ခိုလှုံရန်ဖြစ်သည်။

ဤမြို့တို့ကို မျိုးနွယ်စုများက တည်ဆောက်ပြီး လေဝိတို့ထံပေးအပ်ဖို့ရန်ဖြစ်သည်။ သူတို့သည် ဝိညာဉ်ရေးဆိုင်ရာ အမှုတော်ဆောင်များဖြစ်ကြပြီး ပညတ်တရားနှင့်အကျွမ်းတဝင်ရှိကြသောကြောင့် သူတို့သည် ရာဇဝတ်မှုဆိုင်ရာအမှုများကို တရားစီရင်ပိုင်ခွင့်ရှိသူများဖြစ်သည်။ သူတို့ထံတင်ပြထားသည့်အချက်အလက်များအပေါ် မူတည်၍ ပြစ်ဒဏ် (သို့) လွတ်ငြိမ်းချမ်းသာခွင့်ကို ချမှတ်ရမည်။ ဣသရေလူတို့သည် စစ်ပွဲများစွာတိုက်ပြီး၊ ပြင်းထန်သောသွေးထွက်သံယိုသော စစ်ပွဲဖြင့် ခါနန်ပြည်ကိုသိမ်းပိုက်ခြင်းဖြစ်သောကြောင့် သူတို့၏ စိတ်ဓာတ်သည် သွေးသွန်းခြင်းလက္ခဏာရပ်ဖြစ်သည်။ ထို့ကြောင့် ဤခိုလှုံရာမြို့များကို လိုအပ်ကြသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ကြောက်ရွံ့သော နိုင်ငံ၌ ကောင်းမွန်သော အုပ်စိုးခြင်း အတွက် တရားမျှတသော ဥပဒေ ရှိဖို့ရလိုအပ်ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်နေထိုင်ရာ နိုင်ငံ၏တရားသောဥပဒေကို ကျွန်တော် လေးစားပါသည်။

*"ငါတို့သည် ညီအစ်ကိုချင်းတို့ကို ချစ်သောကြောင့်၊
သေခြင်းမှ အသက်ရှင်ခြင်းသို့
ကိုယ်ကူးမြောက်သည်ကို ကိုယ်သိရကြ၏။"*

# လူ့အသက်သတ်ခြင်းကို ကာကွယ်ခြင်း

မရည်ရွယ်ဘဲ မတော်တဆလူသတ်မှုများရှိမည်ကို ဘုရားသခင်သိခဲ့သည်။ ဒီလိုသေဆုံးမှုတွေကို သေချာစစ်ဆေးပြီး၊ အချက်အလက်အားလုံးကို စုစည်း၍ သက်သေများကို ဆင့်ခေါ်ရပါမည်။ နောက်ဆုံးတွင် တရားမျှတသောစီရင်ချက်ချရမည်။ ထိုကဲ့သို့ အဖြစ်အပျက်ကြုံလာသောအခါ ကျူးလွန်သူသည် အဦးဆုံးလုပ်ရမည်မှာ ထိုခိုလှုံရာမြို့တစ်မြို့ဆီသို့ ပြေးဝင်ဖို့ရန်ဖြစ်သည်။ ထို့နောက် သတ်မှတ်ထားသောလုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရပါမည်။ ဤအရာမှာ ကာလရှေလလူတို့အတွက် နည်းလမ်းနှစ်သွယ်ဖြင့် သင်ခန်းစာတစ်ခုဖြစ်သည်။ လူတစ်ဦးစီသည် မည်သို့ကိုမျှ မထိခိုက်စေရန် ဂရုပြုရုံသာမက အသက်ကို ထိန်းသိမ်းစောင့်ရှောက်ရန် အမြဲသတိထားရပါမည်။ လူ့အသက်မသတ်ရဟူသော ပညတ်တော်ကို စောင့်ထိန်းခြင်းသည် ဤမတော်တဆလူသတ်ခြင်းကိစ္စ၌ တောင်းဆို ချက်နှင့် ညီညွတ်သည်။

ထိုခိုလှုံရာမြို့များ၏ တာဝန်မှာ လူသတ်သမားသည် ကာလရှေလတိုင်းပြည်တစ်ခုလုံး၌ အချိုးကျတည်ရှိသော အဆိုပါမြို့များထဲမှ တမြို့မြို့သို့ ထွက်ပြေးဝင်ရောက်နိုင်ရန်ဖြစ်သည်။ လူသတ်သမားသည် မိမိအမှုကို ထိုမြို့မှ အကြီးအကဲသူတို့အား ဖော်ပြရပါမည်။ ထိုအကြီးအကဲများက သေချာနားထောင်ပြီးမှ မှန်ကန်သောလမ်းစဉ်ဖြစ်ဖို့ရန် အမှုကိုမှန်ကန်ကြောင်း ထုတ်ပြန်ရပါမည်။ ထို့နောက်ထိုသူကို ဝင်ခွင့်ပြုပြီး တည်းခိုခွင့်ပြုရမည်။ သူ့ကိုလက်စားချေသော သူ၏လက်မှ အကာအကွယ်ပေးရမည်။ ၎င်းသည် နိုင်ငံသစ်အတွက် လိုအပ်သောအရပ်ဘက်ရေးရာ စည်းမျဉ်းဥပဒေကို ထင်ဟပ်စေသည်။ တရားမျှတမှုမရှိဘဲ အသွေးသွန်းခြင်းသည် ကြီးလေးသော ပြစ်မှုဖြစ်သောကြောင့် ၎င်းကို ချက်ချင်းသတိထားရန် လိုအပ်သည်။

ရည်ရွယ်ချက်ရှိရှိဖြင့် သွေးသွန်းခြင်းအတွက် ပြစ်ဒဏ်မှာ သေဒဏ်ဖြစ်သည်။ ဤအရာမှာ မောရှေခေတ်မတိုင်မီကတည်းက ပေးခဲ့သော အစောဆုံးဥပဒေဖြစ်သည်။ ဘုရားသခင်သည် နောဧအား ဤသို့မိန့်မှာခဲ့သည် - "အကြင်သူသည် လူ၏အသွေးကိုသွန်း၏။ ထိုသူ၏အသွေးကို လူလက်ဖြင့်သွန်းရမည်။ အကြောင်းမူကား ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏" (ကမ္ဘာ ၉း၆)။ ဘုရားသခင်သည် လူသတ်ခြင်းကို တားမြစ်ရုံသာမက အသက်ရှင်ခြင်း၏ မွန်မြတ်သန့်ရှင်းမှုကိုလည်း ဖော်ပြသည်။ ထို့ကြောင့် အသက်ဆုံးရှုံးခြင်းများကို ကာကွယ်ရန် ဥပဒေများကိုချမှတ်ခဲ့သည်။ လူသတ်မှုအဖြစ်သည် အာဒံကျရှုံးခြင်း၌ လူသားမျိုးနွယ် ထဲသို့ ဝင်ရောက်ခဲ့သည်။ ကာဣနသည် သူ၏ညီအာဗေလကို သတ်သောအခါ အဦးဆုံးသော မိသားစုတွင် အဦးဆုံးသော လူသတ်သမားပေါ် ပေါက်ခဲ့သည်။ ထို့ကြောင့် လက်ရှိဥပဒေတွင် ထိုအတွေ့အကြုံကို အခြေခံ၍ပေးထားခြင်းဖြစ်သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏စကားကို နာခံခြင်း၊ လူ့အသက်ကို ကာကွယ်ခြင်းနှင့် တရားသဖြင့် အမှုပြုခြင်း စသည်တို့ လိုအပ်ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ လူ့အသက်ကို ကာကွယ်မည်အကြောင်း အကျွန်ုပ်ကို အစဉ်သတိပေးတော်မူပါ။

**ယောရှု ၂၀**

ဂလာ ၅း၁၉-၂၁

*“ထိုသို့သောအကျင့်ကို ကျင့်သောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရကြ”*

# နှစ်ကြိမ်သေခြင်းမှ ကြိုတင်ကာကွယ်ခြင်း

ခိုလှုံရာမြို့များ၏ ဥပဒေသည် အသက်ကိုကာကွယ်ရန် ရည်ရွယ်ထားသည်။ မတော်တဆလူသတ်သောသူသည် လက်စားချေသူ၏လက်သို့ မအပ်နှံရပါ။ လက်စားချေသူ၏စိတ်ခံစားမှုမှာ အကျိုးအကြောင်း မဆုံးဖြတ်နိုင်ဘဲ အမျက်၏စေ့ဆော်မှုကို ခံစားကြရသည်။ ခိုလှုံရာမြို့၌ ပေးအပ်ထားသောလွတ်မြောက်ခြင်းနှင့် အကာအကွယ်ပေးခြင်းသည် ဦးစွာလက်စားချေသူ၏ အမျက်ဒေါသကို ငြိမ်းအေးရန်ဖြစ်ပြီး၊ ဒုတိယအချက်မှာ နှစ်ဘက်စလုံးအတွက် တရားမျှတမှုအတွက် အချိန်ပေးဖို့ရန်ဖြစ်သည်။

ယနေ့ခေတ်တွင် မတော်တဆသေဆုံးမှုများလည်းဖြစ်ပွားခဲ့ပြီး၊ ရဲတပ်ဖွဲ့သည် အဆိုပါမြို့များမှ ခေါင်းဆောင်များပြုလုပ်ခဲ့သည့်အတိုင်း လုပ်ဆောင်ကြသည်။ ထိုအကြီးအကဲတို့သည် အမှုကို မှန်ကန်စွာ စီရင်ဆုံးဖြတ်ဖို့ရန် တရားရုံးသို့ ယူဆောင်လာရမည်။ ထိုလူက အိမ်နီးချင်းကို မရည်ရွယ်ဘဲ သတ်မိခဲ့တာ မှန်ကြောင်း သက်သေပြနိုင်ခဲ့ပါက ထိုသူအား မိမိအိမ်သို့ ချက်ချင်းပြန်ခွင့်မပြုပါ။ ထိုရာဇဝတ်မှုဖြစ်ပွားချိန်တွင် ရှိသော ယဇ်ပုရောဟိတ်မင်းသေဆုံးသည့်တိုင်အောင် ထိုသူသည် ခိုလှုံရာမြို့၌ နေရမည်။ ထိုနောက် သူသည် အိမ်ပြန်ခွင့်ရှိသည်။ ထို့ကြောင့် အဆိုပါမြို့သည် အရပ်ဘက်ဆိုင်ရာကိစ္စရပ်များကို ဂရုတစိုက်ကူညီသည့် အစိုးရရုံးများအဖြစ် အကျိုးသက်ရောက်မှုရှိသည်။ ထို့ကြောင့် ယောရှုသည် ထိုမြို့များကို သီးခြားဖယ်ထားရပါမည်။

ပထမမြို့မှာ နဿလိပြည်တွင် ကေဒေရှမြို့ဖြစ်သည်။ ဤမြို့၏နာမည်ကို အခြားမြို့၌ မသုံးရပါ။ အထူးသဖြင့် နဿလိအမျိုးကို ခွဲဝေပေးသော ပြည်၌ဖြစ်သည်။ ဒုတိယခိုလှုံရာမြို့မှာ ဧဖရိမ်တောင်မှ ရှေခင်မြို့ဖြစ်သည်။ ၎င်းသည် ဂေရဇိမ်တောင်အနီးတွင် ကာရံထားသောမြို့ဖြစ်သည်။ ဘိုးဘေးများခေတ်တွင်၎င်း၊ မြို့အကြောင်းကို အကြိမ်များစွာ ဖော်ပြခဲ့သည်။ တစ်ချိန်က အာဗြဟံသည် ထိုနေရာတွင် စခန်းချခဲ့ပြီး၊ ယာကုပ်မိသားစုသည် ခါရန်မြို့မှ ထွက်ခွာလာသောအခါ ထိုနေရာတွင် နေထိုင်ခဲ့သည်။

ယုဒနယ်မြေတွင် ခိုလှုံရာမြို့တစ်မြို့ပြုလုပ်ခဲ့သည်။ ဟေဗြုန်မြို့ဟုလည်း ခေါ်သော ကိရယသာဘမြို့သည် ခိုလှုံရာမြို့အဖြစ် သီးခြားဖယ်ထားသော ယောဒန်မြစ်၏ အနောက်ဘက်ရှိ မြို့သုံးမြို့က ဝိုင်းရံထားသည်။ ဤအရပ်တွင် အာဗြဟံနှင့် အခြားဖခင်ကြီးများကို သင်္ဂြိုဟ်ခဲ့သည်။ ဒါဝိတ်သည် ဣသရေလရှင်ဘုရင်အဖြစ် ခုနှစ်နှစ်ကြာသိမ်းပိုက်ခဲ့သော ပထမဦးဆုံးမြို့လည်းဖြစ်သည်။ ယော်ဒန်မြစ်အရှေ့ဘက်တွင် ရုဗင်အမျိုး၏အမွေဖြစ်သော ဗေဇာမြို့ရှိသည်။ ၎င်းကို သတ်မှတ်ရခြင်းမှာ ဗျူဟာအတွက် ရည်ရွယ်ချက်ဖြစ်သည်။ အခြားတစ်ခုမှ ဂဒ်မျိုးနွယ်ပိုင်ဆိုင်ထားသော ဂိလဒ်ပြည်ရာမုတ်မြို့ဖြစ်သည်။ နောက်ဆုံးမှ မနာရှေအမျိုးအမွေခံရာ ဗာရှန်ပြည်မြောက်ပိုင်းမှ ဂေါလန်မြို့ဖြစ်သည်။ အားလုံးကို ဗျူဟာမြောက်ထားရှိခဲ့ခြင်းဖြစ်သည်။

**ဆင်ခြင်ရန်** - ခိုလှုံရာမြို့တို့သည် ခရစ်တော်အားဖြင့် အပြစ်သားအပေါင်းတို့အား အပြစ်လွတ်ခြင်းနှင့်ကယ်တင်ခြင်း သို့ဖိတ်ခေါ်ခြင်းကို ပုံဆောင်ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်၏ အပြစ်လွတ်ခြင်းနှင့်ကယ်တင်ခြင်း ခံလိုခြင်းဆန္ဒကို ဖြည့်ဆည်းပေးတော်မူပါ။

**ယောရှု ၂၁း၁-၇**
တရား ၁၀း၈-၁၁

*"ထို့ကြောင့် လေဝိသားတို့သည် ညီအစ်ကိုတို့နှင့် ရော၍ အဘို့ကို မပိုင်၊ အမွေကို မခံရ။"*

# လေဝိသားတို့၏ အခြေအနေ

လေဝိသားတို့သည် နယ်မြေအမွေကို မရသောကြောင့် ဘုရားသခင်က သူတို့ကို ဣသရေလ မျိုးနွယ်စုအားလုံးကြားတွင် ပျံ့ကြဲစေခဲ့သည်။ သူတို့နေထိုင်ရန်မြို့များတွင် ပြင်ဆင်ပေးရမည် အကြောင်း ဘုရားသခင်မိန့်တော်မူခဲ့သည်။ လက်ရှိတွင် မျိုးနွယ်စုအားလုံးသည် အမွေဆက်ခံထားကြ ပြီးဖြစ်သည်။ ဘုရားသခင်မိန့်မှာထားခဲ့သည်အတိုင်း သူတို့အတွက် ဖြည့်ဆည်းပေးရန် လေဝိသား တို့ကို ဧလာဇာ၊ ယောရှုနှင့် မျိုးနွယ်စုခေါင်းဆောင်များကိုလည်း တောင်းဆိုခဲ့သည်။

လေဝိသားတို့တွင် မျိုးနွယ်စုကြီးသုံးမျိုးရှိကြသည်။ ၎င်းတို့မှာ ကောဟတ်၊ ဂေရရှုံနှင့်မေရာရိ မျိုးနွယ်တို့ဖြစ်ကြသည်။ ယောရှု ၂၁း၁-၇ တွင် လေဝိသားတို့ကို ပေးသောမြို့လေးဆယ့်ရှစ်မြို့လုံး ၏ အမည်များကိုဖော်ပြထားသည်။ မျိုးနွယ်စုအားလုံးကို သူတို့ကို မျှဝေပေးခြင်းဖြစ်သည်။ လေဝိ သားတို့သည် ခါနန်ပြည်၌ အခြေချနေထိုင်ခွင့်ရသော နောက်ဆုံးလူများဖြစ်ကြသည်။

လေဝိသားတို့သည် သူတို့နေထိုင်ဖို့မြို့များကို တောင်းဆိုသောအခါ သူတို့တောင်းဆိုချက် သည် တရားဝင်၏အကြောင်းမှာ သူတို့သည် ဘုရားသခင်မိန့်တော်မူသည့်အတိုင်း ပြုမူဆောင်ရွက် ကြသောကြောင့်ဖြစ်သည်။ ထိုတောင်းဆိုမှုကို ခေါင်းဆောင်တို့သည် သတိပြုပြီး ဖြည့်ဆည်းပေးဖို့ သင့်တော်သောအချိန်ကို စောင့်နေခဲ့ကြသည်။ မျိုးနွယ်စုအပေါင်းသည် ရှိလောအရပ်၌ ယခုတိုင် အခြေချနေထိုင်ကြသေး၏။ သူတို့သည် မျိုးနွယ်စုတိုင်းအတွက် အခြေချနေထိုင်ဖို့ရန် သတ်မှတ်ချက် နှင့်အမွေခွဲဝေခြင်းအမှုကို ပြီးစီးဖို့ရန် စောင့်ဆိုင်းနေကြသည်။ လေဝိသားတို့နှင့်ပတ်သက်၍ အမိန့် တော်မှာ မျိုးနွယ်စုတစ်စုစီသည် လေဝိသားတို့နေထိုင်ရန် သူတို့ပိုင်သော အမွေမြေထဲမှ မြို့များကို ပေးဆောင်ဖို့ရန်ဖြစ်သည်။

ဘုရားသခင်သည် မောရှေအားဖြင့် ဤကိစ္စနှင့်စပ်လျဉ်း၍ အမိန့်ပေးခဲ့ကြောင်းကို လူတို့ သိခဲ့ကြသည်။ ဣသရေလအမျိုးသည် ဆယ့်နှစ်မျိုးဖြစ်သည်။ လေဝိသားတို့သည် အမျိုးအနွယ် အပေါင်းတို့တွင် ဝိညာဉ်ရေးဆရာများအဖြစ် အမှုထမ်းရသောကြောင့် ထိုဆယ့်နှစ်မျိုးတွင် ရေတွက် မခံရပါ။ ယောသပ်၏ သားနှစ်ဦးကို သူမွေးစားစဉ်တွင် ယာကုပ်သည် အစောပိုင်းတွင် သူ၏သား အရေအတွက်မေးခွန်းကို စာရင်းရှင်းခဲ့ပြီ။ သားအငယ်ဧဖရိမ်သည် သားဦးအရာကို ရရှိ၍ သားကြီး မနာရှေသည်လည်း ကောင်းကြီးမင်္ဂလာကို ခံရသည်။ ထို့ကြောင့် ယောသပ်သည် မျိုးနွယ်စု နှစ်စု ဖြစ်လာပြီး လေဝိအမျိုးကို အစားထိုးခဲ့သည်။

**ဆင်ခြင်ရန်** - လေဝိသားတို့ အခြေချခြင်းအမှု၌ ဘုရားသခင်၏လက်တော်ကို တွေ့ရပါသည်။
**ဆုတောင်းချက်**- အဖဘုရား၊ မိမိ၏အစေခံကျွန်တို့ကို အစဉ် ဂရုစိုက်တော်မူသောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါသည်။

**ယောရှု ၂၁း၁-၇**
ထွက် ၃၂း၂၆-၂၉

*"မောရှေ စီရင်သည်အတိုင်း၊ လေဝိအမျိုးသားတို့သည် ပြု၍ . . . "*

# လေဝိအမျိုးသားတို့အား အထူးဂရုစိုက်ရခြင်းအကြောင်း

လေဝိအမျိုးသည် သူတို့ပြုရမည့်အမှုတော်ကြောင့် ဣသရေလအမျိုးအပေါင်းတို့တွင် သြဇာကြီး၍ အထူးဆက်ဆံခြင်း ခံရကြပါသည်။ သူတို့သည် ပညတ္တိကျမ်း ဆရာများဖြစ်ပြီး၊ ဝတ်ပြုပူဇော်ခြင်းအမှုများကို ဆောင်ရွက်လျက်၊ တရားသူကြီးများလည်း ဖြစ်ကြပါသည်။

သူတို့သည် မောရှေ၏ပညတ္တိကျမ်းကို လူတို့အား ရှင်းပြလျက် လက်တွေ့အသုံးပြုရန် လမ်းညွှန်မှုပေးခဲ့ကြပါသည်။ အရင်၌၊ ယာကုပ်က မိမိသားများကို ကောင်းကြီးပေးခဲ့စဉ်၊ လေဝိနှင့် ရှိမောင်အား ကျန်ညီအစ်ကိုများအလယ်၌ လျှောက်သွားရမည်ဟု ရှုတ်ချခဲ့ပါသည်။ အကြောင်းမှာ ရှေခင်မြို့၌ လူများစွာကို သတ်ခဲ့ကြသောကြောင့် ဖြစ်ပါသည်။ သို့သော်လည်း၊ မောရှေလက်ထက်တွင်၊ ရွှေနွားရုပ်တု ကိုးကွယ်ခြင်းအမှု၌ လေဝိသည် ဘုရားသခင်ဘက်၌ရပ်တည်ခြင်းဖြင့် မိမိကိုယ်ကို ရွေးနှုတ်ခဲ့ပါသည်။ ထို့ပြင် ဤအဖြစ်အပျက်သည် ကြုံတောင့်ကြုံခဲ အမှုဖြစ်ပါသည်။ သို့သော်လည်း၊ ဘုရားသခင်၏ ထာဝရအစီအစဉ်၌ ပါဝင်လျက် မိမိ၏စီမံ ကွယ်ကာ မစတော်မူခြင်းအားဖြင့် ဖြစ်ပွားခဲ့ပါသည်။ "ဘုရားသခင်၏စီမံ ခွဲခန့် မစတော်မူခြင်း အမှုသည် ဖန်ဆင်းထားသောအရာအပေါင်းနှင့် သူတို့၏လှုပ်ရှားမှုအပေါင်းကို မိမိ၏ အသန့်ရှင်းဆုံးသော ဉာဏ်တော်နှင့် တန်ခိုးတော်အားဖြင့် ထိန်းသိမ်းစောင့်ရှောက် ကွယ်ကာ အုပ်စိုးတော်မူခြင်း ဖြစ်ပါသည်" (Westminster Shorter Catechism Q. 11)။ လူသည် ဘုရားသခင်ဖန်ဆင်းတော်မူသော အကျင့်သိက္ခာရှိသော သတ္တဝါဖြစ်သောကြောင့် ဘုရားသခင်သည် အထူးဂရုစိုက်တော်မူ၏။ ထို့ကြောင့်၊ ဘုရားသခင်က သူတို့ကို ဦးဆောင်မည့် ခေါင်းဆောင်များနှင့် ပရောဖက်များ ခန့်ထားတော်မူလျက်၊ ထိုသူတို့အားဖြင့် လူတို့ကို စကားပြောတော်မူ၏။ ဘုရားသခင် ပြုတော်မူသောအမှုများက မိမိဖန်ဆင်းတော်မူသောအရာအပေါင်း အပေါ်၌ မိမိ၏တန်ခိုး အာဏာတော်ကို ပြသလျက်ရှိပါသည်။ ဘုရားသခင်၏ရည်ရွယ်ချက်များသည် အချိန်ကြန့်ကြာသည်ဖြစ်သော်လည်း၊ နောက်ဆုံးတွင် ပြည့်စုံခြင်းရှိကြပါသည်။

ယောရှု ၂၁း၁-၇ ထဲတွင်၊ ဤအမျိုးအနွယ် အမွေခံရသောမြို့များ၏အမည်အပေါင်းကို ဖော်ပြထားပါသည်။ ဣသရေလခေါင်းဆောင်တို့သည် တိကျစွာ မှတ်တမ်းတင်ကြပြီး၊ ထိုမှတ်တမ်းတို့သည် တရားဝင် နယ်မြေပိုင်ဆိုင် ခွဲဝေမှုအတွက် အသုံးဝင်လှပါသည်။ တိကျသောအစီအစဉ်အတိုင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ အမျိုးအနွယ်တပါး၏ တောင်းဆိုမှုကို ခေါင်းဆောင်များက ဂရုစိုက် ဆောင်ရွက်ပေးကြခြင်းဖြစ်ကြောင်းလည်း တွေ့ရ၏။ တောင်းဆိုမှုတိုင်းကို ခေါင်းဆောင်များက ကောင်းဆုံးဆောင်ရွက်ပေးခဲ့ကြ၍ အားလုံး ကျေနပ်ခဲ့ကြပါသည်။ ဘုရားသခင်၏အမှုတော်ကို ထိုသို့ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ကောင်းမြတ်စုံလင်သောဆုကျေးဇူး ရှိသမျှတို့သည် . . . အထက်အရပ်မှ လာကြ၏" (ယာကုပ် ၁း၁၇)။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ် ခံရသော ဆုကျေးဇူးတို့သည် ကောင်းမြတ်စုံလင်ခြင်း ရှိကြကြောင်း အစဉ် သိမှတ်လိုပါသည်။

သောကြာ၊ ဒီဇင်ဘာ (၂၂)
**ယောရှု ၂၁း၈-၂၆**
ဂလာ ၅း၁၉-၂၁

*“ထိုသို့သောအကျင့်ကို ကျင့်သောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရကြ”*

# ကောဟတ် အဆွေအမျိုး ခံရသော အမွေဝေစု

လေဝိအမျိုးတွင် အမျိုးအနွယ်ဘိုးဘေးများ၏သားများအရ၊ အဓိက အဆွေအမျိုး သုံးခုရှိပါသည်။ ၎င်းတို့မှာ၊ ကောဟတ်၊ ဂေရရှုံ နှင့် မေရာရိ တို့ဖြစ်ကြပါသည်။ သူတို့၏အရေအတွက်အတိုင်း၊ မြို့များ ပေးအပ်ခြင်းခံရကြ၏။

ကောဟတ်၏မိသားစုသည် အခြားမိသားစု နှစ်စု ထက် လူဦးရေ ပိုများသည်ဟု ထင်ရပါသည်။ သူတို့ရရှိသော မြို့အရေအတွက်အားဖြင့် သိရပါသည်။ ပထမနေဖြင့်၊ သူတို့သည် ယုဒ၊ ရှိမောင် နှင့် ဗယ်္ကာမိန်အမျိုး ရရှိသောနယ်မြေ၌ မြို့ဆယ့်သုံးမြို့ ရခဲ့ကြပါသည်။ ထို့ပြင်၊ ဧဖရိမ်၊ ဒန် နှင့် မနာရှေအမျိုးတဝက် ရရှိသောနယ်မြေ၌ နောက်ထပ် ဆယ်မြို့ရရှိကြပြီး၊ အားလုံးပေါင်း နှစ်ဆယ့် သုံးမြို့ ရခဲ့ကြပါသည်။ တမျိုးလုံး ရရှိသောမြို့အရေအတွက်၏ တဝက်နီးပါး ဖြစ်ပါသည်။ သူတို့ ရရှိသောမြို့များထဲတွင်၊ ယုဒ နယ်ရှိ ခိုလှုံရာမြို့ဖြစ်သော ဟေဗြုန်မြို့ နှင့် ဧဖရိမ် နယ်၌ရှိသော ခိုလှုံရာမြို့ ရှေခင် လည်းပါဝင်ပါသည်။

နောက်၌၊ ခိုလှုံရာမြို့ ခြောက်မြို့စလုံးကို လေဝိအမျိုးထံ ပေးအပ်ခဲ့ကြောင်း တွေ့ရပါသည်။ ထိုသို့ ခိုလှုံရာမြို့ထားခြင်းသည် ဝိညာဉ်ရေးရာ အထူးအမှုတော်အတွက် ရည်ရွယ် သောကြောင့်ဖြစ်ပါသည်။ လေဝိသားတို့သည် ပြဿနာများကို တရားမျှတစွာ၊ မောရှေ၏ ပညတ်တရားအတိုင်း ကိုင်တွယ် ဖြေရှင်းဖို့ရန် ထိုက်တန်သောသူဖြစ်ကြပါသည်။ အာရုန်နှင့်မောရှေသည်လည်း လေဝိအမျိုးဖြစ်သော၊ ကောဟတ် အနွယ်မှ ဆင်းသက်လာသောသူ ဖြစ်ခဲ့ကြပါသည်။ ပထမဆုံးသော ယဇ်ပုရောဟိတ် အဖြစ်၊ အာရုန်သည် ဘိသိက်ပေးခြင်း ခံခဲ့ရပြီး၊ သူ၏မိသားစုသည် ထိုအမှုတော်ကို ဆက်လက် ဆောင်ရွက်ကြရပါမည်။

ယခုအချိန်၌ အာရုန်၏သား၊ ဧလာဇာသည် ယဇ်ပုရောဟိတ်အကြီးရာထူး ခံရအုံ့ဆဲဆဲ ဖြစ်ပါသည်။ ဤရာထူးသည် ဣသရေလသမိုင်း၌ အလွန်အရေးကြီးသောရာထူး တာဝန် ဖြစ်လာခဲ့ပါသည်။ နောက်၌ ဘုရားသခင်က ခေါင်းဆောင်အဖြစ် ရှင်ဘုရင်များ ခန့်အပ်ခဲ့သော်လည်း၊ ယဇ်ပုရောဟိတ်၏ရာထူးတာဝန်သည် အလွန်အရေးကြီးကြောင်း တွေ့ရပါသည်။

ဤအချိန်၌ ကောဟတ်အဆွေအမျိုးတို့၏တာဝန်သည် အရေးကြီးလှပါသည်။ ဘုရားသခင်က သူတို့နေထိုင်ရန်အတွက် လုံလောက်စွာ မြို့များကို ပေးတော်မူခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိအစေခံကျွန်များက မိမိပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းရွက်နိုင်ခြင်းငှါ မစတော်မူ၏။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်ပေးအပ်တော်မူသော အဘယ်တာဝန်၌ မဆို ကျေနပ်ရောင့်ရဲခြင်း ရှိမည်အကြောင်း မစတော်မူပါ။

စနေ၊ ဒီဇင်ဘာ (၂၃)

**ယောရှု ၂၁း၂၇-၄၅**

ဟေဗြဲ ၄း၁-၁၁

*"ထိုချမ်းသာထဲသို့ဝင်ရမည်အကြောင်း ကြိုးစားအားထုတ်ကြကုန်အံ့။"*

## ဂေရရှုံနှင့်မေရာရိ အဆွေအမျိုးတို့ ခံရသောအမွေဝေစု

ဂေရရှုံ သည် လေဝိ၏သားဦးဖြစ်၍ (ထွက် ၆း၁၆)၊ ဂေရရှုံအမျိုးသားတို့၏ ဖခင်ဖြစ်ပါသည်။ သို့သော်လည်း၊ ယခုတွင် ဒုတိယသားဖြစ်သော၊ ကောဟတ်သည် သူ့ထက် အရင်ဖော်ပြခြင်းခံရပါသည်။ သူ၏သားနှစ်ဦးတို့ကား၊ လိဗနိနှင့်ရှိမိ တို့ဖြစ်ကြပါသည်။ ဂေရရှုံ၏အဆွေအမျိုးများတို့သည် ဣသခါခရိုင်၊ အာရှာခရိုင်၊ နဿလိခရိုင်နှင့် မနာရှေ ခရိုင်တဝက်ထဲ၌ ရှိသောမြို့များကို ရရှိခဲ့ကြပါသည်။ သူတို့ခံရသောအမွေမြို့များသည် ဆယ့်သုံးမြို့ဖြစ်ပါသည်။ ထိုမြို့များတွင် ခိုလှုံရာမြို့ ဖြစ်သော ဂေါလန်နှင့်ကေဒရှမြို့များပါဝင်သည်။

မေရာရိ သည် လေဝိ၏ တတိယမြောက်သားဖြစ်ပါသည်။ သူ့အမျိုးအနွယ်များသည် ရုဗင်၊ ဂဒ်နှင့် ဇာဗုလုန်ခရိုင်ထဲ၌ ရှိသောမြို့များကို ရရှိခဲ့ကြပါသည်။ သူတို့နေထိုင်ရာမြို့သည် ဆယ့်နှစ်မြို့ဖြစ်ပါသည်။ ဤအရေအတွက်သည် ညီအစ်ကို သုံးဦးတွင် အနည်းဆုံးဖြစ်ပါသည်။ သို့သော်လည်း၊ ထိုသို့ခွဲဝေပေးသောခေါင်းဆောင်တို့သည် အမျိုးတိုင်း၏လိုအပ်ချက်ကိုကြည့်ပြီး လိုအပ်သည်အတိုင်းပေးဝေခဲ့ကြပါသည်။ အချို့မြို့သည် ကြီး၍ အချို့သည် သေး၏။ သူတို့ရရှိသောမြို့တို့တွင်၊ ဂဒ်ခရိုင်ဂိလဒ်ပြည်၌ ရှိသော ရာမုတ်မြို့နှင့် ရုဗင်ခရိုင်၌ ရှိသော ဗေဇာမြို့တို့ ပါဝင်ပါသည်။ ထိုမြို့နှစ်မြို့တို့သည် ခိုလှုံရာမြို့များတွင် ပါဝင်ကြပါသည်။ လေဝိ၏သားများတို့သည် ခိုလှုံရာမြို့ နှစ်မြို့စီ ရရှိခဲ့ကြပါသည်။ ဤသို့ဖြင့် ထိုမြို့နှင့်ဆိုင်သောအမှုတော်ကို သူတို့သည် ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။

လေဝိအမျိုးရရှိသောမြို့အပေါင်းသည် လေးဆယ့်ရှစ်မြို့ဖြစ်၍၊ ထိုမြို့များသည် ဣသရေလအမျိုး ဆယ့်နှစ်မျိုး၏ခရိုင်အသီးသီး၌ ညီမျှစွာ တည်ရှိကြပါသည်။ ထိုသို့ အမျိုးတိုင်း ကျေနပ်ခြင်းရှိအောင် နယ်မြေခွဲဝေပေးသော ခေါင်းဆောင်များကို ဘုရားသခင်က လမ်းညွှန်ချက်ပေး၍ ဉာဏ်ပညာပေးတော်မူ၏။ ယခုတွင်၊ ဘုရားသခင်၏လက်တော်သည် ယောရှုနှင့်ဧလာဇာ အပေါ် တည်ရှိသည်ဖြစ်သောကြောင့် သူတို့နှစ်ဦးက ထိုကြီးလေးသောအမှုကို ဆောင်ရွက်ခဲ့ကြရပါသည်။

ဤသို့ အမျိုးအားလုံးထံ အမွေခွဲဝေမှု အဆုံးသတ်တွင်၊ ဘုရားသခင်သည် မိမိ၏ဂတိတော်ကိုစုံလင်စေတော်မူခဲ့ပြီဖြစ်ကြောင်း အထူးဖော်ပြခဲ့ပါသည် (ယောရှု ၂၁း၄၃-၄၅)။ ဘုရားသခင်သည် ဣသရေလအား အနားယူခြင်းကိုပေးတော်မူ၍ ဂတိထားမူသောအရာတခုမျှ မပြည့်စုံစေဘဲ နေတော်မမူခဲ့ပါ (ကမ္ဘာ ၁၃း၁၅)။ ကြာရှည်လှသောခရီးကြီးသည် အဆုံးသို့ရောက်သည်ဖြစ်၍ ဣသရေလသည် နားရသောအခွင့် ရခဲ့ပါသည်။ ဤလောကခရီး သင်လျှောက်ခဲ့ပြီးသောအခါ၊ အဘယ်သို့သော ငြိမ်သက်ချမ်းသာခြင်း သင်ခံရပါမည်နည်း။

**ဆင်ခြင်ရန်** - ကောင်းကင်ဘုံသည် ခရစ်တော် ပြင်ဆင်ပေးတော်မူသော၊ ထာဝရခိုနားရာ၊ ယုံကြည်သူတို့ တောင့်တလျက်ရှိသော အနာဂတ် အိမ်တော်ဖြစ်ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ ကောင်းကင်ဘုံ အမွေ ခံရမည့်သူများနှင့်အတူ အကျွန်ုပ်ကို ရေတွက်တော်မူပါ။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၂၄)
**ယောရှု ၂၂**
တရား ၆း၁-၉

*"သင်တို့၏ ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့၍၊ ငါပေးထားသော ပညတ်တရားတော်ရှိသမျှတို့ကို တသက်လုံး စောင့်ရှောက်မည်အကြောင်း"*

# အရှေ့ပိုင်းအရပ်၌ အမွေခံရသောအမျိုးများ ထွက်ခွါခြင်း

ဣသရေလအမျိုးများ နယ်မြေခွဲဝေ နေရာချထားခြင်းအမှု ပြီးမြောက်ခဲ့ပါသည်။ ယခုသည် ရှိလောမြို့မှ ထွက်ခွါကြရမည့် အချိန်ဖြစ်ပါသည်။ ပထမဆုံး ထွက်ခွါမည့်သူများသည် အရှေ့ဘက်ကမ်း၌ အမွေခံရသောအမျိုးများဖြစ်ပါသည်။ ထိုသူတို့မှာ ရုဗင်၊ ဂဒ်နှင့် မနာရှေ အမျိုးတဝက်များ ဖြစ်ကြပါသည်။ ယောရှုက သူတို့အား ကျန်ဣသရေလအမျိုးအပေါင်းနှင့်အတူ ရပ်တည်ခဲ့ကြသောကြောင့် ချီးမွမ်းခဲ့ပါသည်။ အမှာစကားဆိုလျက်၊ သိမ်းပိုက်နိုင်ခဲ့သောပစ္စည်းများမှ သူတို့၏ဝေစုများကို ပေးခဲ့ပါသည်။

သူတို့သည် ယော်ဒန်မြစ်ကို မဖြတ်ကူးမီ၊ အောက်မေ့သတိယခြင်းအနေဖြင့် ကြီးမားသော ယဇ်ပလ္လင်ကြီးကို တည်ခဲ့ကြပါသည်။ ထို့ကြောင့် အခြားအမျိုးများသည် သူတို့အပေါ် နားလည်မှုလွဲခဲ့ကြပါသည်။ သူတို့ ရှင်းပြပြီးနောက်တွင်၊ သူတို့၏ရည်ရွယ်ချက်အပေါ် အားလုံး သဘောတူခဲ့ကြပါသည်။ ထို့နောက် အချင်းချင်း နှုတ်ဆက်လျက် ထွက်ခွါခဲ့ကြပါသည်။ ထိုသို့ထွက်ခွါ ကြစဉ် ဘုရားသခင်၏စကားတော်ရောက်လာသဖြင့်၊ သူတို့အားလုံးသည် မိမိတို့ရရှိသောအမွေကြောင့် ကျေနပ်ခြင်းရှိခဲ့ကြပါသည်။

ဤမတိုင်မီ၊ ယောရှုသည် ထိုအမျိုးများကို ခေါ်၍ မောရှေ၏မိန့်တော်မူခဲ့သောစကားများ အားလုံးကို သူတို့သည် လိုက်လျှောက်ခဲ့ကြသောကြောင့် ချီးမွမ်းခဲ့ပါသည်။ ဤယော်ဒန်မြစ် အရှေ့ဘက်ပြည်သည် ဘုရားသခင်၏ အစ ဂတိတော်ထဲ၌ မပါဝင်ခဲ့ပါ။ သူတို့က ဤပြည်သည် မွေးမြူရေးအတွက် ကောင်းသောမြေဖြစ်သည်ဟု ဆိုလျက်၊ မောရှေထံ တောင်းခဲ့ကြပါသည်။ မောရှေ ကလည်း ဘုရားသခင်ထံ မေးလျှောက်၍၊ ဘုရားသခင်က သူတို့၏တောင်းလျှောက်မှုကို သဘောတူခဲ့ပါသည်။ ထိုအခါ၊ မောရှေက၊ သူတို့သည် ကျန်ညီအစ်ကိုများနှင့်အတူ ခါနန်ပြည် သိမ်းပိုက်၍ နယ်မြေခွဲဝေပြီးသည်အထိ စစ်တိုက်ပါမည်ဟု ဂတိထားကြသောကြောင့်၊ ထိုပြည်ကို ပေးခဲ့ခြင်းဖြစ်ပါသည်။ သူတို့သည် ဂတိအတိုင်း ပြုခဲ့ကြပါသည်။ ခါနန်ပြည်ကို ယောရှု စတင် သိမ်းပိုက်သောအချိန်၌ ဤအမျိုးသုံးမျိုးတို့သည်လည်း ခါနန်လူတို့ကို တိုက်ခိုက်ခဲ့ကြပါသည်။ သူတို့သည် ညီအစ်ကိုများကို ပစ်မထားဘဲ၊ ဂတိတည်ခဲ့ကြပါသည်။

ယောရှု ဧလာဇာနှင့်လူမျိုးခေါင်းဆောင်တို့၌ ကြီးမားသောတာဝန် ထမ်းဆောင်ဖို့ရှိပါသည်။ သူတို့သည် နယ်မြေတခုလုံးကို လေ့လာလျက်၊ ကျန် အမျိုး ကိုးမျိုးနှင့်တဝက်ထံ စာရေးတံချခြင်းဖြင့် နယ်မြေကို ခွဲဝေပေးခဲ့ကြပါသည်။ သူတို့ ထွက်ခွါစဉ်၊ ယောရှုသည် မောရှေအားဖြင့် ဘုရားသခင် ပေးတော်မူသော ပညတ်များကို ကြိုးစားလိုက်လျှောက်ကြရန် တိုက်တွန်းခဲ့ပါသည်။ မောရှေ မှာထားတော်မူသောစကားများ၊ တရားဟောရာကျမ်း၌ ရေးမှတ်ထားသော ပညတ်တရားများကို နေ့စဉ် အသက်တာ၌ လိုက်လျှောက်ရန် မိန့်တော်မူခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်နှင့်အတူသွားလာခြင်းသည် နေ့စဉ် ဘုရားသခင်၏စကားကို နာခံခြင်းပင် ဖြစ်ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ နာခံခြင်းသည် အကျွန်ုပ်ယုံကြည်ခြင်း၏အမှတ်လက္ခဏာ ဖြစ်ပါစေသော်။

**ယောရှု ၂၂း၁-၉**
တရား ၂၈း၁-၈

*"သင်၏ဘဏ္ဍာတိုက်၌၎င်း . . . ထာဝရဘုရားသည် သင့်အပေါ်မှာ မင်္ဂလာ ရောက်စေခြင်းငှါ မိန့်တော်မူ၏။"*

## အရှေ့ပိုင်းအရပ်၌ အမွေခံရသောအမျိုးတို့ထံ ဥစ္စာဝေစု ပေးခဲ့ပါသည်

ယောရှုအား ခေါင်းဆောင်အဖြစ်ခန့်အပ်သောအချိန်၌ ဘုရားသခင်မိန့်တော်မူသည့်အတိုင်း၊ ပညတ်တရား လိုက်လျှောက်ခြင်းသည် ဣသရေလအမျိုးအားလုံးအတွက် အလွန်အရေးကြီးလှပါသည်။ ပညတ္တိကျမ်းကို အစဉ်ဖတ်ရွတ်ရမည်ဖြစ်ပါသည် (ယောရှု ၁း၈)။ ဣသရေလလူအပေါင်းတို့သည် ပညတ်တရားကို ကောင်းစွာလေ့လာသွန်သင်ခဲ့ကြသည်ဖြစ်၍ နာခံလိုက်လျှောက်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့်၊ ယခုအချိန်၌ ယောရှုသည် ရှေ့ဆက် လိုက်လျှောက်ဖို့ရန် တိုက်တွန်းခဲ့ပါသည်။ ခြေလှမ်းသစ်စတင်သော ယခုကဲ့သို့သောအချိန်၌ လိုအပ်သောအရာကို ပြန်လည်အမှတ်ရအောင် သတိပေးခြင်းသည် အလွန်အရေးကြီးလှပါသည်။

ထို့နောက်၊ ယောရှုက သူတို့ကို မိမိတို့၏အမွေခံရာ သူတို့၏အိမ်သို့ စေလွှတ်ခဲ့ပါသည်။ သူသည် မနာရှေအမျိုး တဝက်ကိုလည်း ကောင်းကြီးပေးခဲ့ပါသည်။ ခါနန်လူတို့နှင့် စစ်တိုက်စဉ် သိမ်းဆည်းရမိသော ပစ္စည်းဥစ္စာများစွာ ရှိခဲ့ပါသည်။ ထိုဥစ္စာများကို ယောရှု ၂၂း၈ ထဲတွင် ဖော်ပြထားသည်အတိုင်း သူတို့ကို ပေးခဲ့ပါသည် - "ယောရှုကလည်း၊ သင်တို့သည် အလွန် ဥစ္စာရတတ်၍ များစွာသော တိရစ္ဆာန်၊ ရွှေ၊ ငွေ၊ ကြေးဝါ၊ သံ၊ အဝတ်တန်ဆာများတို့ကို ယူဆောင်လျက် သင်တို့နေရာ အိမ်သို့ ပြန်သွားကြလော့။ ရန်သူတို့၌ လုယူ၍ ရသောဥစ္စာကို သင်တို့ ညီအစ်ကိုများ၌ ဝေဖန်ကြလော့ဟု မှာထားလျက်၊ ကောင်းကြီးပေး၍ သူတို့နေရာ အိမ်သို့ လွှတ်လိုက်လေ၏။" သူတို့သည် ယောရှု၏စကားကိုနာခံလျက် မိမိတို့အမွေခံရာ ယော်ဒန်မြစ်အရှေ့ဘက်သို့ ပြန်သွားခဲ့ကြပါသည်။ သူတို့သည် နယ်မြေသစ်၌ နေထိုင် အခြေချမည်ဖြစ်သောကြောင့်၊ ရရှိခဲ့သော ဥစ္စာများသည် အလွန်အသုံးဝင်ကြပါသည်။ သူတို့ရရှိသော ပစ္စည်းဥစ္စာများနှင့် ပတ်သက်၍ ဘာမှ မေးခွန်းထုတ်စရာ မလိုပါ၊ အကြောင်းမှာ ဘုရားသခင်၏ လမ်းညွှန်မှုအားဖြင့် အရာရာတိုင်း ပြုလုပ်ခဲ့ကြခြင်းဖြစ်ပါသည်။ Matthew Henry က ဤသို့ တိုက်တွန်းခဲ့ပါသည် -

"ယောရှုသည် အမှာစကားပြောလျက် ထိုအမျိုးများကို ကောင်းစွာစေလွှတ်ခဲ့ပါသည်။ ပညတ်တရားသည် မလိုက်လျှောက်လျှင် အကျိုးမရှိပါ။ ကြိုးစားအားထုတ်မှု မရှိလျှင်လည်း အကျိုးမရှိပါ။ အရာရာတိုင်းထက် ဘုရားသခင်ကို စိတ်နှလုံး အကြွင်းမဲ့ချစ်၍၊ ပညတ်တရားတို့သည် စိတ်နှလုံးကို အုပ်စိုးတော်မူလျှင်၊ ခက်ခဲသောလမ်းဖြစ်လျှင်လည်း ထိုလမ်းကို ကြိုးစား လိုက်လျှောက်နိုင်ခြင်းရှိပါသည်။ အချိန်တိုင်း ဘုရားသခင်၏ပညတ်တရားကို နာခံခြင်းရှိပါသည်။ အခြေနေတိုင်း၌ စိတ်နှလုံးအကြွင်းမဲ့ ဘုရားသခင်၏အမှုတော်ကို ကျွန်တော်တို့ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဤအမှာစကားသည် လူအားလုံးအတွက်ဖြစ်ပါသည်။ လိုက်လျှောက်ဖို့ရန် ဘုရားသခင်က ကျွန်တော်တို့အား မစတော်မူပါစေသော်။"

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ဆောင်ရွက်ရန်တာဝန် ပေးတော်မူသောအခါ၊ လိုအပ်သောအရာများကိုလည်း မစတော်မူတတ်၏။

**ဆုတောင်းချက်**- အဖဘုရား၊ ကျွန်ုပ်အသက်တာနှင့်ပြုရမည့်အမှုတို့၌ ကိုယ်တော်၏လမ်းညွှန်ချက်များကို နာခံမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဒီဇင်ဘာ (၂၆)

**ယောရှု ၂၂း၁၀-၃၄**

တရား ၂၈း၈-၁၄

*"ယနေ့ ငါဆင့်ဆိုသော စကားတော်လမ်းမှ ထွက်၍ . . . မလွှဲ . . . ဘဲနေလျှင် . . . "*

# ယောဒန်မြစ်နား၌ ယဇ်ပလ္လင်တည်ခြင်း

အရှေ့ဘက်၌နေသောအမျိုးတို့သည် အောက်မေ့ခြင်း ကျောက်တိုင်၊ ယဇ်ပလ္လင်ကို ကောင်းသော ရည်ရွယ်ချက်ဖြင့် တည်ခဲ့ကြပါသည်။ သူတို့သည် ဣသရေလအမျိုးအပေါင်းတို့နှင့် တလုံးတဝတည်းရှိကြောင်း အောက်မေ့သတိရခြင်းဖြင့် ထိုကျောက်တိုင်ကို တည်ခဲ့ကြပါသည်။ ဤယဇ်ပလ္လင်သည် ယဇ်ပူဇော်ခြင်း အတွက် မဟုတ်ပါ။

ကျန်အမျိုးတို့သည် ထိုအကြောင်းကို ကြားသိကြသောအခါ၊ ဘာမှ မလေ့လာဘဲနှင့် ထိုအမှုသည် ဘုရားသခင်ကို ဆန့်ကျင်ခြင်းဖြစ်သည်ဟု မှတ်ချက်ချခဲ့ကြ၏။ ထို့ကြောင့် ထိုအရှေ့ဘက်၌ နေသောအမျိုးတို့သည် သေဒဏ်ခံထိုက်ကြသည်ဟု ဆိုကြ၏။ အရင်က ဆန့်ကျင်မှုကိုပြု၍ ပြစ်ဒဏ်ပေးခံရသော အချို့ဣသရေလလူတို့ကို ကိုးကားခဲ့ကြပါသည်။ ထိုအရှေ့ဘက်၌နေသောအမျိုးများပြုသောအမှုသည် ဆန့်ကျင်ခြင်း အမှန်ဖြစ်ခဲ့လျှင်၊ ထိုသို့ အခြားအမျိုးများ၏စွပ်စွဲချက်သည် အမှန်ဖြစ်ပါလိမ့်မည်။

ထိုအရှေ့ဘက်၌နေသောအမျိုးများက ထိုယဇ်ပလ္လင်၏ရည်ရွယ်ချက်ကို ရှင်းပြခဲ့ကြပါသည်။ ဤယဇ်ပလ္လင်သည် ဝတ်ပြုခြင်းနှင့် ယဇ်ပူဇော်ခြင်းအတွက် မရည်ရွယ်ကြောင်း ပြောပြခဲ့ကြပါသည်။ နောင်လာနောက်သားများက မိမိတို့သည် ဘုရားသခင်နှင့် မဆိုင်ဟု မဆိုရလေအောင်၊ ဤအောက်မေ့သတိရခြင်း ကျောက်တိုင်ကို တည်ကြခြင်းဖြစ်ကြောင်း ထပ်၍ရှင်းပြခဲ့ကြပါသည်။ သူတို့အမွေခံရသော နယ်မြေသည် ယော်ဒန်မြစ် အရှေ့ဘက်ကမ်းဖြစ်သောကြောင့်၊ သူတို့၏ဆက်နွယ်ပတ်သက်မှုကို အောက်မေ့သတိရခြင်း လက္ခဏာဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်ကို ဆန့်ကျင်ခြင်း မပြုကြကြောင်း ဆိုခဲ့ကြပါသည်။ ထိုဖြေရှင်းချက်၌ အခြားအမျိုးများတို့သည် ကျေနပ်ခဲ့ကြပါသည်။ ယဇ်ပုရောဟိတ် ဖိနဟတ်ကလည်း သူတို့သည် အပြစ်လွန်ကျူးခြင်း မရှိပါ ဟုသက်သေခံခဲ့ပါသည်။ ဘုရားသခင်သည် သူတို့နှင့်အတူရှိတော်မူကြောင်း ပြောကြားခဲ့ပါသည်။ သူတို့သည် ကျေနပ်စွာ မိမိတို့ အိမ်သို့ပြန်သွားခဲ့ကြပါသည်။ ထိုယဇ်ပလ္လင်ကို ဧဒ (ယောရှု ၂၂း၃၄) ဟု အမည်ပေးခဲ့ကြပါသည်။ ဆိုလိုသည်မှာ၊ သူတို့နှင့်ဘုရားသခင်အကြားရှိ သက်သေ ဟူ၍ဖြစ်ပါသည်။ ဘုရားသခင်၏ငြိမ်သက်ခြင်းသည် သူတို့ကို အစိုးရသည်ဖြစ်၍ သူတို့သည် စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြပါသည်။

ဤအဖြစ်အပျက်က ဣသရေလသည် ဘုရားသခင်ပြုတော်မူသောအမှုကို အောက်မေ့သတိရလျက်၊ နာခံခြင်းရှိရန် အလွန်သတိထားကြောင်း တွေ့ရပါသည်။ အပြစ်နှင့် မရောနှောခြင်းငှါ သတိထားကြပါသည်။ ယနေ့ ကျွန်ုပ်တို့အတွက်လည်း သင်ခန်းစာဖြစ်ပါသည်။ ကျွန်တော်တို့သည် မယုံကြည်သူများနှင့် မတူညီသော ထမ်းပိုး မထမ်းကြရပါ။ သတိပြုကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်တော်အပေါင်းတို့သည် တလုံးတဝတည်း အလွန်အရေးပါကြပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်သည် အပြစ်သွေးဆောင်ခြင်းကို သိမြင်လျက် ဆီးတားနိုင်ဖို့ရန် မစတော်မူပါ။

*"ကိုယ်ပြုသောအမှုတို့ကို ထာဝရဘုရား၌ အပ်လော့။ သို့ပြုလျှင် သင်၏ အကြံအစည်တို့သည် တည်ကြလိမ့်မည်"*

# ယောရှုသည် ဤလောကမှ ထွက်ခွါခြင်းငှါ ပြင်ဆင်ခဲ့ပါသည်

ယောရှုသည် ဣသရေလလူမျိုးများထံ နယ်မြေခွဲဝေပေးခြင်းအမှု ပြီးမြောက်ပြီးနောက်၊ ငြိမ်းချမ်းသောကာလ၌ ခါနန်ပြည်တွင် နေထိုင်ခဲ့လျက်၊ ဣသရေလလူတို့ကို ဆက်လက် ဦးဆောင်ခဲ့ပါသည်။

ခါနန်ပြည်၌ ဣသရေလလူတို့သည် အခြေချနေထိုင်လျက် နှစ်အတော်ကြာ လွန်ခဲ့ပါသည်။ ယောရှုသည် အသက်ကြီးသည် ဖြစ်၍ ထွက်ခွါဖို့ရန် အသင့်ရှိခဲ့ပါပြီ။ မိမိ၏နေ့ရက် နောက်ဆုံး အချိန်ရောက်လာပြီဖြစ်ကြောင်း သိလျက်၊ ဣသရေလကို အမှာစကားဆိုခဲ့ပါသည်။ ထိုသို့အမှာစကားထားခဲ့ခြင်းငှါ၊ သူသည် ခေါင်းဆောင်များကို ခေါ်ခဲ့ပါသည်။

ယောရှုသည် ပြောင်းလဲခြင်း မရှိခဲ့ကြောင်း တွေ့ရပါသည်။ ဣသရေလလူတို့အား ရဲရင့်ခြင်းရှိဖို့ရန်နှင့် အောင်မြင်ခြင်း သော့ချက်ဖြစ်သော မောရှေ၏ပညတ်တရားများကို နာခံလိုက်လျှောက်ကြရန် တိုက်တွန်းခဲ့ပါသည်။ သူတို့အတွက် ဘုရားသခင်ပြုတော်မူခဲ့သောအမှုများကို ပြန်လည်အောက်မေ့ဖို့ရန် သတိပေးခဲ့ပါသည်။ အမှာစကား၏အဓိကအချက်မှုကား၊ ဣသရေလသည် မောရှေ၏ပညတ္တိကျမ်းကို စွဲကိုင်ဖို့ရန်ဖြစ်ပါသည်။ ကျန်နေသေးသောခါနန်လူများနှင့် မရောနှောဖို့ရန်၊ သူတို့၏ ရုပ်တုဆင်းတုများနှင့် မပတ်သက်ဖို့ရန် အထူးမှာထားခဲ့ပါသည်။ သူတို့အတွက် ဘုရားသခင်ပြုတော်မူသောအမှုကို ဖော်ပြလျက်၊ ဘုရားသခင်၏ သစ္စာရှိတော်မူခြင်းကို ပြောပြခဲ့ပါသည်။ ဘုရားသခင်သည် မိမိ၏ဂတိတော်အပေါင်းကို စုံလင်စေမည်အကြောင်း သက်သေဖြစ်ပါသည်။ ထိုလူမျိုးများ မောင်းထုတ်ခြင်း၌ ဘုရားသခင်သည် မိမိ၏တန်ခိုးခွန်အားကို ပြသတော်မူခဲ့ပြီဖြစ်ပါသည်။ ဘုရားသခင်သည် သူတို့အတွက် ဆက်လက် တိုက်ခိုက်တော်မူမည်အကြောင်း ယောရှုက ခွန်အားပေးခဲ့ပါသည်။ ထို့ကြောင့် အရာရာတိုင်း၌ သူတို့သည် ရောင့်ရဲခြင်းရှိလျက်၊ ဘုရားသခင်၏ အလိုတော်ကို ရှာကြရမည်ဖြစ်ပါသည်။ ပညတ္တိကျမ်းသည် သူတို့၏အဓိက လမ်းညွှန်ချက် ဖြစ်ရပါမည်။ သူတို့ကို လမ်းပြဦးဆောင်ဖို့ရန် ယဇ်ပုရောဟိတ်များနှင့် လေဝိအမျိုးများလည်း ရှိကြပါသည်။ ဘုရားသခင်၏ပညတ်တရားလမ်းမှ လွဲခြင်းငှါ သွေးဆောင်ခြင်းသည် အစဉ် အားကောင်းလှ သည် ဖြစ်သောကြောင့် ယောရှုသည် တင်းတင်းကျပ်ကျပ် သတိပေးခဲ့ပါသည်။ မောရှေကလည်း ထွက်ခွါမသွားမီ ဘုရားသခင်ထံမှ ရရှိသော အမှာစကားများကို ဣသရေလထံ မိန့်တော်မူခဲ့ကြောင်း သူတို့အား ပြန်လည် အမှတ်ရစေခဲ့ပါသည်။ ဘုရားသခင်ကို ငြင်းပယ်လျှင် သူတို့သည် ကြီးလေးသော ပြစ်ဒဏ်၊ ဝိညာဉ်ရေးရာ ကျဆုံးမှု ခံရကြမည်အကြောင်း မိန့်မှာထားခဲ့ပါသည်။ ယောရှု၏ အသက်တာသည် စံနမူနာ သက်သေဖြစ်၍ သူ၏စကားတို့သည် အလွန်တန်ဖိုးကြီးလှပါသည်။

ကွယ်လွန်သောအချိန်၌ ယောရှုသည် တစ်ရာ့ တစ်ဆယ်နှစ် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဝိညာဉ်ရေးရာ ခေါင်းဆောင်မှု အပြောင်းအလဲက အနာဂတ် မြော်လင့်ချက်ကို ဖြစ်ပွားစေပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ ဝိညာဉ်ရေးရာ စစ်မှန်သော၊ ပညာရှိ ခေါင်းဆောင်၏ စကားကို ကြားနားမည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ ဒီဇင်ဘာ (၂၈)

**ယောရှု ၂၃**

တရား ၆း၄-၁၄

*"သင်၏ ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည်။"*

# ကျန်နေသေးသောခါနန်လူတို့အပေါ် သတိပေးခြင်း

ဘုရားသခင်သည် ဣသရေလအတွက် တိုက်ခိုက်ပေးတော်မူမည်။ လူတစ်ဦးသည် အယောက်တထောင်ကို မောင်းထုတ်မည်ဖြစ်ပါသည်။ ထို့ကြောင့် သူတို့သည် ဘုရားသခင်ကို ချစ်ကြရပါမည်။ ထို့ကြောင့်၊ အကြီးမြတ်ဆုံးသောပညတ်တရားကို တရားဟောရာကျမ်း ၆း၄-၁၄ ထဲတွင် ဖော်ပြထားခဲ့ပါသည်။ ယေရှုက ထိုပညတ်တရားသည် ပညတ်အားလုံး၏ အချုပ်အခြာဖြစ်သည်ဟု ဖော်ပြခဲ့၏။ ထို့ကြောင့် ဣသရေလသည် ခါနန်လူတို့နှင့် ထိမ်းမြားခြင်း မပြုရပါ။ ဤပညတ်ချက်ကို ပညတ္တိကျမ်း၌ ဖော်ပြထားပါသည်။ ခါနန်လူတို့နှင့် ရောနှောထိမ်းမြားခြင်းပြုလျှင် ဘုရားသခင်ရှေ့တော်၌ သူတို့၏သန့်ရှင်းမှုကို မထိန်းသိမ်းဘဲ ရောနှောခြင်းရှိမည်ဖြစ်ပါသည်။ ဤပညတ်ချက်ကို မလိုက်နာလျှင် ကြုံတွေ့ရမည့် ဆိုးကျိုးကို ယောရှုက သတိပေးဖော်ပြခဲ့ပါသည် - "သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် နောက်တဖန် ဤလူမျိုးတို့ကို သင်တို့ ရှေ့မှ နှင်ထုတ်တော် မမူ" (ယောရှု ၂၃း၁၃)။ ဘုရားသခင်၏သတိပေးချက်ကို အစဉ်လိုက်နာလျှင် အသက်ရှင်ခြင်းရှိပါ၏။

ဣသရေလသည် ဘုရားသခင်၏သစ္စာရှိတော်မူခြင်းကို သိမှတ်ခဲ့ပါသည်။ ယောရှုသည် ထွက်ခွါတော့မည် ဖြစ်သောကြောင့်၊ သူ၏အမှာစကားတို့သည် ဣသရေလအတွက် အလွန်အရေးကြီးလှပါသည်။ ဘုရားသခင်၏သစ္စာရှိတော်မူခြင်းအကြောင်းကို ပြန်လည်ပြောကြားခဲ့ပြီး၊ ဘုရားသခင်သည် သူတို့၏အစဉ် မျှော်လင့်ရာဖြစ်မည်အကြောင်း မိန့်တော်မူခဲ့ပါသည်။ ဘုရားသခင်အပေါ် ထားရှိသော သူတို့၏အကျင့် အပေါ်၌ မူတည်၍ ဘုရားသခင်သည် သူတို့အတွက် အမှုပြုတော်မူလိမ့်မည်။ အခြားသောဘုရားများကို မကိုးကွယ်ဖို့ရန် တင်းကြပ်စွာ တားမြစ်ခဲ့ပြီး၊ နာခံမှုမရှိလျှင် သူတို့အပေါ် ဘုရားသခင် အမျက်ထွက်တော်မူလိမ့်မည်ဖြစ်ပါသည်။ ဣသရေလနှင့် ခါနန်လူများ၏ ခြားနားမှုသည် သူတို့၏ယုံကြည်ခြင်းနှင့်ကိုးကွယ်ခြင်း ပင်ဖြစ်ပါသည်။ ခါနန်လူတို့သည် ရုပ်တုဆင်းတု ကိုးကွယ်ကြ၏။ ဣသရေလသည် စစ်မှန်သော၊ ဖန်ဆင်းရှင်ဘုရားသခင်ကို သိခဲ့ကြ၏။ ထိုဘုရားသခင်ကိုသာ ကိုးကွယ်ရမည်ဖြစ်ပါသည်။

ယောရှုသည် ဣသရေလအား ဘုရားသခင်အကြောင်းကို မမေ့ဖို့ရန် သတိပေးခဲ့ပါသည်။ သန့်ရှင်းခြင်းသည် ဘုရားသခင်၏သားသမီးအပေါင်းအတွက် အရေးကြီးဆုံးဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘုရားသခင်သည် သန့်ရှင်းတော်မူသည် ဖြစ်သောကြောင့်၊ ကျွန်တော်တို့လည်း သန့်ရှင်းကြရပါမည်။

ထို့ကြောင့်၊ ယနေ့အသင်းတော်သည် ဘုရားသခင်၏နှုတ်ကပတ်တော် အတွက် ရပ်တည်ရပါမည်။ အသင်းတော်သည် ဤလောကီအမှုနှင့် ကင်းကင်းရှင်းရှင်း နေရပါမည်။ မှားယွင်းသော သွန်သင်ခြင်းများကို စွဲကိုင်သော အဖွဲ့အစည်း၊ အသင်းတော်များနှင့် မရောနှောသင့်ပါ။ စည်းလုံးခြင်းအတွက် သမ္မာတရားကို ငြင်းပယ်လျက်၊ ကယ်တင်ခြင်းသတင်းကောင်း၏ မူလဂုဏ်သတ္တိကို မဆွဲချပါနှင့်။

**ဆင်ခြင်ရန်** - သမ္မာတရား၏သွန်သင်ချက်တို့သည် ယုံကြည်ခြင်း အုတ်မြစ်များ ဖြစ်ကြပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏ယုံကြည်ခြင်း သွန်သင်ချက်တို့၌ ကျွန်တော် အစဉ်သစ္စာရှိလိုပါသည်။

*"သင်တို့၏ ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့၍ . . . ပညတ်တရားတော်ရှိသမျှတို့ကို တသက်လုံး စောင့်ရှောက်မည်အကြောင်း . . ."*

# ယောရှု ပြုသော နောက်ဆုံးလူထုအစည်းအဝေး

ပဋိညာဉ်သည် ဘုရားသခင်အား သက်သေအဖြစ်ထားလျက် ပြုသော သဘောတူညီမှု ဖြစ်ပါသည်။ ပါဝင်သောသူတိုင်းသည် ဘုရားသခင်ထံ တာဝန်ရှိကြပါသည်။ မိမိထွက်ခွါမည့်အချိန် နီးလာပြီဖြစ်သောကြောင့်၊ ယောရှုသည် ဣသရေလနှင့်ဘုရားသခင် အကြား၌ရှိသော ပဋိညာဉ်ကို ပြန်လည် ဖော်ထုတ်ခဲ့ပါသည်။ လူထုအား ရှေခင်မြို့၌ စုဝေးစေလျက် ဘုရားသခင်အပေါ် သစ္စာရှိကြရမည်အကြောင်း အထူးသတိပေး၍ မှာထားတော်မူခဲ့ပါသည်။ ထိုအမှာစကားများကို ဘုရားသခင်၏ပညတ္တိကျမ်းထဲ၌ ရေးမှတ်ထားခဲ့၏။ ထို့ပြင် သက်သေအဖြစ် ကြီးမားသောကျောက်ကြီးကို ထောင်ထားခဲ့ပါသည်။

ရှေခင်မြို့ကို ယောရှု ရွေးခဲ့ရခြင်းသည် သူခံရသောအမွေနှင့် အနီးဆုံးဖြစ်သောကြောင့် ဖြစ်နိုင်ပါသည်။ သူသည် အသက်ကြီးပြီဖြစ်သောကြောင့် လူထုထံ မိမိသွားခြင်းထက်၊ သူတို့ မိမိထံ လာရောက်ခြင်းသည် ပို၍သင့်တော်ပါသည်။ လူထုနှင့်ဆက်ဆံခြင်းသည် သူ့အတွက် ထူးဆန်းသော အရာ မဟုတ်ပါ။ အချိန်ကြာမြင့်စွာ သူတို့ကို ဦးဆောင်လျက်၊ သူတို့နှင့်ဆက်ဆံ ခဲ့ပြီဖြစ်ပါသည်။ သူတို့ထံ အရေးကြီးသော အမှာစကားပြောကြားဖို့ရန် စိတ်အားထက်သန်ခဲ့ပါသည်။ မိမိ၏အမှာစကားကို "ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသည်ကား . . ." (ယောရှု ၂၄း၂) ဟု စတင်ခဲ့ပါသည်။ ဤနောက်ဆုံးအမှာစကား မိန့်တော်မူသောအချိန်၌ သူသည် ဘုရားသခင်ထံမှ တန်ခိုးအာဏာတော်ဖြင့် မိန့်ဆိုခဲ့ပါသည်။ အာဗြဟံ ခေတ်မှစ၍ ယနေ့တိုင်အောင် သူတို့ကို ဘုရားသခင် လမ်းပြပို့ဆောင်တော်မူကြောင်းကို ပြန်လည်ဖော်ပြခဲ့ပါသည်။ လမ်းခရီး တလျှောက် ကြုံတွေ့ခဲ့သော ပြဿနာများနှင့် ထိုအမှုများ၌ ဘုရားသခင် မစတော်မူခဲ့ကြောင်းကိုလည်း ပြန်လည်ဖော်ပြခဲ့ပါသည်။

ဘုရားသခင်သည် ယောရှုအားဖြင့် ဣသရေလအမျိုးထံ စကားပြောတော်မူခဲ့ပါသည်။ မောဘဘုရှင် ဗာလက်က ဣသရေလလူတို့အား ကျိန်ဆဲဖို့ရန် ဗာလမ်ကို ငှားရမ်းခဲ့သော်လည်း၊ ဘုရားသခင်က အခွင့် ပေးတော်မမူခဲ့ကြောင်း ပြန်ဖော်ပြခဲ့ပါသည်။ ယေရိခေါ သိမ်းပိုက်ခဲ့ပုံနှင့် အမောရိဘုရင်များအား လေးနှင့်ထား အသုံး အပြုဘဲ၊ ပျားများဖြင့် နှင်ထုတ်ခဲ့ကြောင်းကို ဖော်ပြခဲ့ပါသည်။ သူတို့ မတည်သောမြို့များ၊ သူတို့ မစိုက်ပျိုးသော စပျစ်ဥယျာဉ်များကို ပေးတော်မူခဲ့ပါသည်။ ခါနန်လူတို့ကို မောင်းနှင် တိုက်ထုတ် သောအချိန်မှ နယ်မြေခွဲဝေပြီးစီးသည်အထိ ခန့်မှန်းခြေအားဖြင့်၊ ခုနစ်နှစ်လောက် ကြာခဲ့ပါသည်။ ထို့သို့ကြာခဲ့ရခြင်းမှာ နယ်မြေစိုးမိုးရေးနှင့် အထွေထွေ အုပ်ချုပ်ရေးပိုင်းများ နိုင်နင်းဖို့ရန် ရည်ရွယ်သောကြောင့်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သင့်ဘဝ၌ ဘုရားသခင် ပြုတော်မူသော ကြီးသော အမှုတို့ကို သင် သက်သေခံပါလော့။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်အတွက် ကိုယ်တော် ပြုတော်မူသော အမှုတို့ကို အစဉ်အောက်မေ့သတိရ လိုပါသည်။

သောကြာ၊ ဒီဇင်ဘာ (၂၉)

**ယောရှု ၂၄**

တရား ၆း၄-၁၄

*"သင်တို့၏ ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့၍ . . . ပညတ်တရားတော်ရှိသမျှတို့ကို တသက်လုံး စောင့်ရှောက်မည်အကြောင်း . . . "*

# ယောရှု ပြုသော နောက်ဆုံးလူထုအစည်းအဝေး

ပဋိညာဉ်သည် ဘုရားသခင်အား သက်သေအဖြစ်ထားလျက် ပြုသော သဘောတူညီမှု ဖြစ်ပါသည်။ ပါဝင်သောသူတိုင်းသည် ဘုရားသခင်ထံ တာဝန်ရှိကြပါသည်။ မိမိထွက်ခွါမည့်အချိန် နီးလာပြီဖြစ်သောကြောင့်၊ ယောရှုသည် ဣသရေလနှင့်ဘုရားသခင် အကြား၌ရှိသော ပဋိညာဉ်ကို ပြန်လည် ဖော်ထုတ်ခဲ့ပါသည်။ လူထုအား ရှေခင်မြို့၌ စုဝေးစေလျက် ဘုရားသခင်အပေါ် သစ္စာရှိကြရမည်အကြောင်း အထူးသတိပေး၍ မှာထားတော်မူခဲ့ပါသည်။ ထိုအမှာစကားများကို ဘုရားသခင်၏ပညတ္တိကျမ်းထဲ၌ ရေးမှတ်ထားခဲ့၏။ ထို့ပြင် သက်သေအဖြစ် ကြီးမားသောကျောက်ကြီးကို ထောင်ထားခဲ့ပါသည်။

ရှေခင်မြို့ကို ယောရှု ရွေးခဲ့ရခြင်းသည် သူခံရသောအမွေနှင့် အနီးဆုံးဖြစ်သောကြောင့် ဖြစ်နိုင်ပါသည်။ သူသည် အသက်ကြီးပြီဖြစ်သောကြောင့် လူထုထံ မိမိသွားခြင်းထက်၊ သူတို့ မိမိထံ လာရောက်ခြင်းသည် ပို၍သင့်တော်ပါသည်။ လူထုနှင့်ဆက်ဆံခြင်းသည် သူ့အတွက် ထူးဆန်းသော အရာ မဟုတ်ပါ။ အချိန်ကြာမြင့်စွာ သူတို့ကို ဦးဆောင်လျက်၊ သူတို့နှင့်ဆက်ဆံ ခဲ့ပြီဖြစ်ပါသည်။ သူတို့ထံ အရေးကြီးသော အမှာစကားပြောကြားဖို့ရန် စိတ်အားထက်သန်ခဲ့ပါသည်။ မိမိ၏အမှာစကားကို "ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသည်ကား . . . " (ယောရှု ၂၄း၂) ဟု စတင်ခဲ့ပါသည်။ ဤနောက်ဆုံးအမှာစကား မိန့်တော်မူသောအချိန်၌ သူသည် ဘုရားသခင်ထံမှ တန်ခိုးအာဏာတော်ဖြင့် မိန့်ဆိုခဲ့ပါသည်။ အာဗြဟံ ခေတ်မှစ၍ ယနေ့တိုင်အောင် သူတို့ကို ဘုရားသခင် လမ်းပြပို့ဆောင်တော်မူကြောင်းကို ပြန်လည်ဖော်ပြခဲ့ပါသည်။ လမ်းခရီး တလျှောက် ကြုံတွေ့ခဲ့သော ပြဿနာများနှင့် ထိုအမှုများ၌ ဘုရားသခင် မစတော်မူခဲ့ကြောင်းကိုလည်း ပြန်လည်ဖော်ပြခဲ့ပါသည်။

ဘုရားသခင်သည် ယောရှုအားဖြင့် ဣသရေလအမျိုးထံ စကားပြောတော်မူခဲ့ပါသည်။ မောဘဘုရင် ဗာလက်က ဣသရေလလူတို့အား ကျိန်ဆဲဖို့ရန် ဗာလမ်ကို ငှားရမ်းခဲ့သော်လည်း၊ ဘုရားသခင်က အခွင့် ပေးတော်မမူခဲ့ကြောင်း ပြန်ဖော်ပြခဲ့ပါသည်။ ယေရိခေါ သိမ်းပိုက်ခဲ့ပုံနှင့် အမောရိဘုရင်များအား လေးနှင့်ထား အသုံး အပြုဘဲ၊ ပျားများဖြင့် နှင်ထုတ်ခဲ့ကြောင်းကို ဖော်ပြခဲ့ပါသည်။ သူတို့ မတည်သောမြို့များ၊ သူတို့ မစိုက်ပျိုးသော စပျစ်ဥယျာဉ်များကို ပေးတော်မူခဲ့ပါသည်။ ခါနန်လူတို့ကို မောင်းနှင် တိုက်ထုတ် သောအချိန်မှ နယ်မြေခွဲဝေပြီးစီးသည်အထိ ခန့်မှန်းခြေအားဖြင့်၊ ခုနစ်နှစ်လောက် ကြာခဲ့ပါသည်။ ထို့သို့ကြာခဲ့ရခြင်းမှာ နယ်မြေစိုးမိုးရေးနှင့် အထွေထွေ အုပ်ချုပ်ရေးပိုင်းများ နိုင်နင်းဖို့ရန် ရည်ရွယ်သောကြောင့်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သင့်ဘဝ၌ ဘုရားသခင် ပြုတော်မူသော ကြီးသော အမှုတို့ကို သင် သက်သေခံပါလော့။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်အတွက် ကိုယ်တော် ပြုတော်မူသော အမှုတို့ကို အစဉ်အောက်မေ့သတိရ လိုပါသည်။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၃၁)
**ယောရှု ၂၄**
တရား ၆း၄-၁၄

*"ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့၍ . . . ပညတ်တရားတော်ရှိသမျှတို့ကို တသက်လုံး စောင့်ရှောက်မည်အကြောင်း . . . "*

# ကွဲသရေလအတွက် ယောရှု၏နောက်ဆုံး သတိပေးစကား

သူတို့ပတ်ဝန်းကျင်၌ သူတို့ကို မှားယွင်းစေနိုင်သောလူများနှင့်သွေးဆောင်မှုများ ရှိသည်ဖြစ်သောကြောင့် ယောရှု၏သတိပေးစကားမိန့်ဆိုခြင်းသည် အလွန်သင့်တော်ပါ၏။ ဘုရားသခင်၏ သန့်ရှင်းတော်မူခြင်းနှင့် သူတို့၏မှားယွင်းလွယ်မှုကို အထူးဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် သန့်ရှင်းတော်မူ၍ သဝန်တိုတတ်သောသူဖြစ်သောကြောင့်၊ သူတို့သည် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက် နိုင်မည် အဟုတ်ဟု ဆိုခဲ့ပါသည်။ ထို့ပြင်၊ ဘုရားသခင်ကို စွန့်ခဲ့ကြလျှင် သူတို့သည် ဖျက်ဆီးခြင်း ခံရကြမည်အကြောင်း မိန့်ဆိုခဲ့ပါသည်။

ဤသတိပေးခြင်းတွင်၊ ယောရှုသည် ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်း၌၊ သူတို့ အသင့်ရှိမရှိကို စမ်းသပ်ခဲ့သည်ဟု ထင်ရပါသည်။ သူတို့က ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်မည်ဟု ထပ်၍ ဂတိပေးခဲ့ကြပါသည်။ သူတို့သည် သစ္စာရှိကြမည်အကြောင်း ယောရှုက အထူးတိုက်တွန်းခဲ့ပါသည်။ သို့ဆိုလျှင်၊ ဘုရားသခင်သည် မိမိ၏ဂတိတော်များကို စုံလင်စေတော်မူလိမ့်မည်ဖြစ်ပါသည်။ ထို့နောက်၊ သူတို့၌ရှိသော အခြားဘုရားများကို စွန့်ပစ်ကြဖို့ရန် အမိန့်ပေးခဲ့ပါသည်။ အချို့လူတို့၌ အခြားဘုရားများရှိကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ဤအမှု၌ သန့်ရှင်းခြင်းရှိဖို့ရန် တိုက်တွန်း သတိပေးခြင်းဖြစ်ပါသည်။ လူထုက ဘုရားသခင်၏စကားကိုသာ နာခံလျက်၊ ထိုဘုရားသခင်၏အမှုတော်ကိုသာ ဆောင်ရွက်ကြမည် ဟု အထပ်ထပ် ဂတိပေးခဲ့ကြပါသည်။ ရှေခင်မြို့၌ ပဋိညာဉ် ပြုခဲ့ကြပါသည်။ ဤမြို့သည် အာဗြဟံအား ဘုရားသခင် တွေ့ဆုံသောမြို့ဖြစ်၍ သူသည် ယဇ်ပလ္လင်ကို တည်ခဲ့ဖူးပါသည်။ ယောသပ်၏အရိုးများ မြှုပ်နှံသောမြို့လည်း ဖြစ်ပါသည်။ ဤရှေခင်၌ ယာကုပ်သည် ရေတွင်းတူးခဲ့ပြီး၊ ထိုရေတွင်းကို ကာကုပ်၏ရေတွင်းဟု နာမည်တွင်ခဲ့ပါသည်။ ထိုရေတွင်း၌ ရှမာရိမိန်းမကို ယေရှုတွေ့လျက် ကယ်တင်ခြင်း သတင်းကောင်း ဟောပြောတော်မူခဲ့၏ (ယောဟန် ၄း၁၂)။

ယောရှုသည် နောင်လာနောက်သားများအတွက် ထိုပဋိညာဉ်စကားများကို ပညတ္တိကျမ်းထဲ၌ရေးမှတ်ထားခဲ့ပါသည်။ ထို့နောက် ယောရှုသည် အစည်းအဝေးကို ရပ်နားခဲ့ပါသည်။ ဤအမှုသည် သူ၏နောက်ဆုံး လူထုစည်းဝေးပွဲဖြစ်၍ အလွန်အရေးပါလှပါသည်။ ထိုအမှုကို ရေးမှတ်ထား ခဲ့ပါ၏။ ထိုဘုရားသခင်၏စကားများကို နောက်မျိုးဆက်သစ်များက အမှတ်ရစေ ဖို့ရန်အတွက် သက်သေအဖြစ် ကြီးမားသော ကျောက်ကို ထောင်ခဲ့ပါသည်။ လူထုသည် ယောရှု၏ စကားများကို ကြားနာခဲ့ပြီးမှ ထွက်သွားခဲ့ကြ၏။ ယောရှုသည် အသက် တစ်ရာ့ တစ်ဆယ်၌ ကွယ်လွန်ခဲ့ပါသည်။ ယောရှုနောက်မှ လူကြီးတို့သည် သူတို့၏ဂတိစကားကို စောင့်ထိန်းလျက် ဘုရားသခင်၏ အမှုတော် ကို ဆောင်ရွက်ခဲ့ကြ၏။ ဤသို့ဖြင့် မှတ်သားလောက်သော ယောရှု၏ လက်ထက်သည် နိဂုံးချုပ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ယောရှု၏ဘဝအကြောင်း ရေးမှတ်ထားသောအချက်ကို ကြည့်လျှင်၊ သူ၏အသက်တာ၌ အပြစ်တင်စရာ မတွေ့ရပါ။

**ဆုတောင်းချက်**- အဖဘုရား၊ ယောရှု ကဲ့သို့ ကိုယ်တော်၏အမှုတော်ကို ကျွန်တော် ဆောင်ရွက်မည် အကြောင်း မစတော်မူပါ။